www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မြစ်ရပ်မှန် စုံထောက် မဂ္ဂဇင်း

NO.135 JANUARY 2014

တာဝန်ခံအယ်ဒီတာ
**မောင်သစ်နွယ်**
အယ်ဒီတာ
**စုံထောက်မောင်ရေခဲ**
**စေးနေ**
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထက်နိုင်**
**ဝင်းထွန်း**

## စုံထောက်ကဗျာ

ဇော်နောင်၊ မောင်မိုးလှိုင်(သစ္စာမြေ)၊
မောင်နွယ်အောင်(မြေပြန့်)၊ မောင်လွမ်းရည်(ရွှေတောင်)

## စုံထောက်ရင်ခုန်သံ

မောင်နီချို၊ မောင်နန်းကျော်(သံတွဲ)၊
အရင်လူ(တွံတေး)၊ ရဲရင့်သွေး၊ ရွှေကျွန်းခိုင်သစ်၊
ရဲထက်ဇော်၊ မြစိုးလွင်၊ အထွန်း(တမာမြေ)

## စုံထောက်ပွင့်သစ်

လင်းနိုင်၊ မှိုင်းရင့်ဝေ(အဖျောက်)၊
ချစ်ယဉ်လှိုင်၊ ဖူးပြည့်စုံ(ဥပဒေ)

## ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊ အောင်အောင်ထွေး၊
မောင်တင်ယု၊ မြေရှိုင်း၊ သူရိန်၊ ရွှေကိုဦး၊ ကိုငယ်၊

## အတိုဆုံးစုံထောက်ဝတ္ထု

ဆုမွန်ဦး(ဟသ်ာတ)၊ မျိုးမျိုး(ဂါးထာ)၊
ခက်လှိုင်းကျော်၊ ဘုန်းမြင့်ချို(သာယာဝတီ)၊
မောင်လွမ်းဝေ(အင်ပူ–ညောင်ပင်ရွာ)၊ ထီလာကျော်

## နိုင်ငံတကာစုံထောက်

၂၇။ မောင်ကောင်းယဉ်
နိုင်ငံတကာစုံထောက်

## စုံထောက်သုတ

၃၀။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်
၃၂။ ထွန်းအောင်လှိုင်
ဥပဒေဗဟုသုတပျိုးခင်း
၄၅။ မောင်သစ်နွယ်
ယမ်းငွေ့များလွင့်ပြယ်သွားလျှင်
၄၈။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ
၁၂၃။ မောင်ညာဏ်စိန်
တရားခံအပေါ်အသုံးပြုနိုင်သော
ရဲထံထွက်ဆိုချက်များ

## စုံထောက်ဒိုင်ယာရီ

၁၆၉။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ

## စုံထောက်ဟာသ

၁၁၀။ ပီဝေ
သက်ရှည်ကျန်းမာရယ်စရာ










www.burmeseclassic.com

www.burmeseclassic.com



## Cover Story


၁၂၅။ စုံထောက်မောင်ရေခဲ
စုံထောက်စံထူးနှင့်
ရှမ္မက်ဘီလူးများ၏ မရဏတမန်


### စုံထောက်အလှအပ


၆၀။ ငြိမ်းချမ်းအောင်
နန်းမြတ်ဖြိုးသင်းနဲ့ခဏတာ
၆၃။ စုဝေနှင်း
မျက်ဝန်းပုံစံအလိုက်မျက်ဝန်းခြယ်သနည်း


### စုံထောက်ဝတ္ထုရှည်


၃၄။ မင်းမဟာကျော်ခေါင်
ချစ်သောပန်ထွာ


### စုံထောက်အနုပညာ


၁၃၉။ စန္ဒီမြင့်မိုရ်
ဒါရိုက်တာကြည်ဖြူသျှင်နှင့် ခဏတာ


BURMESE CLASSIC .com

### ကံကြမ္မာစုံထောက်


၁၇၉။ ဇင်ယော်နီ
တစ်လတာကံကြမ္မာ


### ရသဝတ္ထု


၃၂။ စိုးတြအောင်
ယုံစားမိမှား
၆၈။ အုန်းကျော်သန်း(ခင်ဦး)
ပိုင်ရှင်မဲ့အိုးလေး
၇၃။ မြမြလှိုင်
ချစ်ခွင့်မကြုံ မဆုံသော်လည်း
၈၀။ စိုးဝင်း(ဆသရ)
သူ့နေရာမှာ
၈၅။ နေစိုးသော်
လိုတရသဒ္ဒိဝင်အဆောင်(ဇာတ်သိမ်း)
၉၄။ မင်းဏီလူ
သစ်တက်ဝံသည်းခြေ
၁၀၁။ စိုးဝေ
ကံတရား၏ စေရာ
၁၁၁။ မောင်လွင်ပြင်
အဘ အသက်ကြီးပြီနော် လျှော့သောက်
၁၄၃။ မောင်သာမန်(ဇီးကုန်း)
ကြွေလွင့်ဖူးငုံ
၁၅၄။ မောင်မြင့်မား(ပိုလ်ကလေး)
ဘဝပြောင်းသွားသော ပိန္နဲသီး
၁၆၁။ မသက်နှံ(ပေါက်)
အဖြူလေးတို့ပုန်းတဲ့နေရာ


www.burmeseclassic.com

www.burmeseclassic.com

# 2013 JANUARY



**မျက်နှာဖုံးပန်းချီ**
မင်းထက်နိုင်

**အတွင်းပန်းချီသရုပ်ဖော်**
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်




**ထုတ်ဝေသူ**
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းဌေး(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၇၉၅၂၈

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်–၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးကျင်ရင်(မြ–၀၅၄၁၇)၊
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း – ၂၂၉၅၆၁







**အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com



## ပြောစကားဟာ သဘောထားဖြစ်တယ်

သူ့ သဘောထား
သူ့ စကားတည့်။

ငါ့ သဘောထား
ငါ့ စကားတည့်။

မင်း သဘောထား
မင်း စကားတည့်။

စကားနောက်မှာ
တရားပါ၏
ဘွာခတ်မရ ကားလိပ်ချ။ ။



ဇော်နောင်

www.burmeseclassic.com

www.burmeseclassic.com



# ကဗျာရဲ့အခင်းအကျင်း



ကျွန်တော်ရေးတဲ့ ကဗျာမှာ
ဒီထက်ပိုပြီး ပြောစရာမရှိဘူး။

တင်ပြပုံညံ့တယ်ဆိုရင်
(ခင်ဗျားနဲ့မဆိုင်ဘူး)
ကျွန်တော်နဲ့ပဲဆိုင်တယ်။

နက်ရှိုင်းမှုအတိုင်းအတာ(ဟုတ်စ)
ပြော် ..(ဒါလား)
ခင်ဗျားလည်း မိုးကောင်းကင်မဟုတ်သလို
ကျွန်တော်လည်း သမုဒ္ဒရာကြမ်းပြင်မဟုတ်ဘူး
နှလုံးသားမှာ ကြိုးတစ်ခွေတော့ရှိတယ်။

ကဗျာရဲ့ ထုထည်ပမာဏ(ဟုတ်စ)
ဘာတွေလာပြီး မေးနေတာလဲဗျာ
သူငယ်တန်းကလေးတောင်သိတယ်
စက္ကူတစ်ရွက်လို ပါးလွှာပြီး
ဘောပင်တစ်ချောင်းလိုထူတယ်။

ကျွန်တော်ရေးတဲ့ ကဗျာထဲမှာ
ခင်ဗျားဖတ်တဲ့ ကဗျာထဲမှာ
ဘာသာစကား အစုအဝေးပါမယ်
အတ္တနည်းနည်းအခြေခံတဲ့
ပရမတ္တဗျူတွေ များများပါမယ်
တွယ်ငြိခံစားမှုရှိရင်
(ဖုန်)တစ်ခုလို သတ်မှတ်ခံစားပါ
မရှိဘူးကွာဆိုရင်
(ရုံ)တစ်ခုလို ပမာထားပြီး
အချိန်မရွေးပြန်ထွက်သွားပါ
(ကဗျာဆိုတာ) ခင်ဗျားဘက်ကကြည့်ရင်
(ရဲတိုက်ကြီး)တစ်ခုပေါ့
ကျွန်တော့်ဘက်ကတော့ (ခံတပ်ကြီး)တစ်ခုလေ
ဒီလိုမျိုး ဆုံးဖြတ်သတ်မှတ်ချက်ကို
တန်ဖိုးညှိဖို့လိုသေးလား။ ။

မောင်မိုးလှိုင်(သစ္စာမြေ)

www.burmeseclassic.com

www.burmeseclassic.com


## အားလုံးကောင်းတဲ့ ဆောင်း

ဒီဇင်ဘာ ဆောင်းနှင်းအရိုင်းတို့ ယစ်မူးရာ
သံစဉ်တဖြောက်ဖြောက် ဆီးနှင်းပေါက်တွေရဲ့
ညကြီးသန်းခေါင် အချမ်းလွန်ကဲမှု
ရာဇဝင်ထဲက မဲဇာတောင်ခြေမှာ
လက်ဝဲသုန္ဒရအမတ်ရဲ့ နေ့စဉ်မှတ်တမ်းက
'နေခြည်ဖြာမှ နွေးသောကြောင့်' တဲ့။

BURMESE CLASSIC .com

ကျွန်ုပ်တော်တို့ခေတ် ၂၁ ရာစုဆောင်း
စောင်းကြိုးတွေ ရှုပ်ရှုပ်ထွေးထွေးတပ်ဆင်
မိုးစင်စင်လင်းထိ အအေးဓာတ်ကို အရှိန်မြှင့်
စည်းလွတ်ဝါးလွတ် ရာသီဥတုဖောက်ပြန်မှုကြောင့်
ချမ်းမြမြဆောင်းဟာ ပဋိသန္ဓေအရင့်အမာကြီးနဲ့
ခုတော့ နေ့မစေ့ဘဲ နှင်းဥလေးတွေမွေးဖွား
ပဋိဇီဝဆေးတွေ စားသုံးနေရ။



ဆေးစီရင်ခြင်းခံရတဲ့ ဆောင်းမှာ
မွေးဖွားခွင့် သေဆုံးခွင့် အသက်ရှင်သန်ခွင့်
ကျင့်စဉ်တရားတွေပျက်
ခေတ်အဆက်ဆက် ဂန္ထဝင်မြောက်ခဲ့တဲ့ဆောင်း
ဘယ်သူမကောင်းဘူး ပြောတာလဲ။

မောင်နွယ်အောင်(မြေပြန့်)

www.burmeseclassic.com

www.burmeseclassic.com


# ပါရမီဖြည့်ဖက်



အမရာ, ကိန္နရီ
မဒ္ဒီ, သမ္ဘူလ
တော်လေးဝစာရင်း
တင်သွင်းခြင်းမခံရလို့
ဝမ်းနည်းပက်လက်
စိတ်ပျက်မနေပါနဲ့ကွယ်။

တဲသာသာ အိမ်ကလေးထဲ
အနေအစားဆင်းရဲ
ကိုယ်ရောင်ကိုယ်ဝါ ခပ်မွဲမွဲ
ပစ္စည်းမဲ့လူတန်းစား
လင်သားကဗျာဆရာရဲ့
ဘဝအဆက်ဆက် ပါရမီဖြည့်ဖက်
လောကဓံရဲ့ ရိုက်ချက်ကို ခါးစည်းခံ
အေးအတူပူအမျှစံစား
မယားဝတ္တရားကျေပွန်လွန်းရဲ့
ဘုံဘဝမှာ ကြုံလာသမျှအတွက်
မညည်းညူ အပြုံးမပျက်
မျက်ရည်တစ်စက်လေးတောင်မကျတာ
ဟိမဝန္တာကတောင် ချီးမွမ်းလောက်ရဲ့
တစ်ကမ္ဘာလုံးမှာ
အတော်ဆုံးလို့ သတ်မှတ်ထားကြတဲ့
အော်စကာဆု, ဂရမ်မီဆု, နိုဘယ်လ်ဆု, ရွှေကမ္ဘာလုံးဆု
အဲဒီဆုရှင်တွေထက် ကြီးကျယ်မြင့်မြတ်တဲ့
ဒီဘဒ္ဒကမ္ဘာမှာ
ကဗျာဆရာကတော်ဖြစ်လာရတာ
ဝမ်းမြောက်ဝမ်းသာ
ဂုဏ်ယူလိုက်စမ်းပါ ရှင်မရယ်။ ။

မောင်လွမ်းညော်(ရွှေတောင်)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အမှန် အမှားများအကြောင်း

ကလေးအရွယ်
လူမမယ် ကျောင်းသားဘဝ
စတင်ရင်းနှီး
ကကြီးရေးက
ခခွေးရေးခ
စာမျက်နှာ အစမှာ။

အဲဒီကာစ
တွက်သင်္ချာ ပုစ္ဆာ
သင်္ချာ စာလုံးပေါင်း
အပေါင်း အနုတ်
အမြှောက် အစား
အမှား အမှန် သင်္ကေတ
အရည်အချင်းကို ဖော်ပြတယ်။

ဘဝမြစ်ကြီးထဲ
ဝဲလည် စုန်ဆန်
အပြန်၊ အသွား
အမှန်၊ အမှား
သင်္ကေတများစွာ
ရင်ဘတ်မှာ ကျောမှာ
ခြေရာများကျန်
တစ်ခါတစ်ရံလည်း မှန်ခဲ့ရ
တစ်ခါတစ်ရံလည်း မှားခဲ့ရ
ဘဝဒိုင်ယာရီ
မည်သူမဆို ရေးခဲ့ရ။

တစ်ခါတစ်ရံ
ကိုယ်မှန်နေလျက် အမှားခြစ်
ပေ, ဖြစ်တဲ့အခါ ဖြစ်တယ်။

တစ်ခါတစ်ရံကျ
ကိုယ်ကမှားလျက် အမှန်ခြစ်
မသိမသာ ရယ်ဖြစ်ရဲ့။

သံသရာရထား
ဘီးလိမ့်သွားစဉ်
အမှားနဲ့အမှန်
အလံနှစ်ခုဝှေ့ရမ်း
ဘဝဆိုတဲ့ သံလမ်းပေါ်
ကံ မတော်ရင်
ဘီးချော်တတ်တယ် သူငယ်ချင်း။

မောင်နီချို





www.burmeseclassic.com

www.burmeseclassic.com



## ကျားဆရာကြောင်

ကျားဆရာကြောင်က
သားကောင်ကို ဘယ်လိုဖမ်း
ဘယ်လမ်းက ဘယ်လိုစောင့်
ဘယ်ထောင့်က ဘယ်လိုနေ
ဘယ်အခြေအနေ ဘယ်လိုသုံး
အကုန်လုံး နိုသျှ သိပ္ပအထွေထွေ
တပည့်ကျားတွေကို သင်ပေးခဲ့သတဲ့။

တော်သေးတာပေါ့ ဆရာကြောင်ရယ်
ဒါတောင်ခင်ဗျားက ဆရာစား သုံးကွက်
သင့်အတွက် ချန်ထားလို့ပေါ့။



အတက်ကိုသင် အဆင်းမသင်တဲ့နည်းတစ်ကွက်
လက်သည်းဝှက်တဲ့ နည်းတစ်ကွက်
အမြီးကုပ်တဲ့ နည်းတစ်ကွက်
ဝှက်ဖဲသုံးချပ် သင်တတ်လို့ပေါ့။

အကယ်၍များ တပည့်ကျားတွေသာ
ဝှက်ထားတဲ့ဖဲသုံးချပ် တတ်များတတ်ခဲ့ရင်တော့
သခင်ကြောင်ရယ် သင်တောင်မှလေ
ဘယ်သျှောင်ထုံးက အတောင်ပေါက်ပြီး
ဘယ်တောင်ကုန်းမှာ အယောင်ဖျောက်နိုင်မှာလဲ
ကဲ .. စဉ်းစားကြည့် ဆရာကြောင်၊ 'ညောင်'တောင်မြည်နိုင်မှာမဟုတ်ဘူးနော်။ ။

**မောင်နန်းကျော်(သံတွဲ)**



www.burmeseclassic.com

www.burmeseclassic.com




## ဒီနေ့ရုပ်ဝန်း

သူငယ်ချင်း ...
ယနေ့ကမ္ဘာမှာ
အမှန်တရားတွေ ရှားနေကြပြီတဲ့
ဒီနေ့ရုပ်ဝန်းက ပိုဆိုးတယ် ..။

အတုအစစ်ခွဲခြားဖို့ ခက်လို့
ဆန်းသစ်မှုတွေနောက်မှာ အယူအဆတွေများ
ပကာသနတွေက ဖြားယောင်းနေကြ
ဖြစ်ချင်ရာဖြစ် 'စပွန်ဆာ' ခေတ်တဲ့လေ ..။

ကံ .. ကံ၏ အကျိုးတွေသာ
မည်သူ့ကိုမှ မပုတ်ခတ်လိုပါ
လက်ရှိဘဝက အမှန်တရားဆိုရင်
အရှုမတောင့်မှ သီလစောင့်နိုင်မယ်တဲ့လေ ..။ ။

**အရင်လူ(တွံတေး)**





www.burmeseclassic.com

www.burmeseclassic.com



## ဘဝဟာ ပုံပြင်မဟုတ်ဘူး


ပုံပြင်တွေ
နားထောင်ဖူးကြလိမ့်မယ်။

ပုံပြင်တွေရဲ့ အဆုံးသတ်
မြင့်မြတ်သူ
ရိုးသားသူ
သစ္စာရှိသူ
မှန်ကန်သူ
ရဲရင့်သူ
ချစ်တတ်သူ ‥ တို့ဟာ
နောက်ဆုံးမှာ
အောင်ပွဲခံ နိုင်ခဲ့တာချည်းပဲ။

ဒါပေမဲ့
တကယ့်ဘဝထဲမှာတော့
အလျှော့အတင်း
အငြင်းပွားဖွယ်
အမှားရှေ့ရောက်
အမှန်ပျောက်ခဲ့ သာဓကတွေ
ညာမရတာတော့ အမှန်ပဲ။

လူမသိ သူမသိ
လူမရောက် သူမရောက်
ကြွေပျောက်သွားတဲ့ ကြယ်တွေ
ဘယ်လောက်တောင် များခဲ့ပြီလဲ။

ခေတ်ရဲ့အဆို
အလိုမလိုက်ခဲ့တဲ့
ခေတ်နဲ့အညီ
အမီမလိုက်ခဲ့တဲ့
ကိုယ်ကျင့်တရားတွေကိုပဲ
ငါ့မှာ
အားနာနေမိတော့တယ်။ ။



ရဲရင့်သွေး


www.burmeseclassic.com

www.burmeseclassic.com



## ကိုင်ထား

လမ်းကျဉ်း လမ်းကြမ်း
ဟိုအတိတ်စခန်းမှာ
လူးလာခေါက်တုံ့ ခရီးသည်
နားဝယ်ကြားသိ မှတ်မိနေတယ်
''ကွေ့မယ် ‥ ကိုင်ထား''။

လမ်းကျယ်လမ်းသစ်
အခုခေတ်ခါ ယာဉ်များစွာ
တန်းစီပြေးလွှား ခရီးသွား
(ထိ ‧ သိ ‧ သတိ)ထား တရားမှတ်
''လိုအပ်ရင် ဘရိတ်အုပ်မယ် ကိုင်ထား''

ကဲ ‥‥ မှားခဲ့ပြီလား မှန်ပြီလား ‥။
  စိတ်ချပြီလား စိတ်မချဘူးလား ‥။
  ယုံပြီလား မယုံသေးဘူးလား ‥။
  ပြီးခဲ့ပြီလား မပြီးသေးဘူးလား ‥။
  ရှေ့ကိုလား နောက်ကိုလား ‥။
  သတိကြပ်ကြပ်ထား
  ''ကိုင်ထား''။

**ရွှေကျွန်းခိုင်သစ်**


www.burmeseclassic.com

www.burmeseclassic.com




## ကိုယ်တိုင်ရေးမယ့် စာမျက်နှာ

မင်းရော ငါပါ
လူ့ဘဝ
ခဏလာကြတဲ့ အခိုက်
တိုက်သင့်လို့ တိုက်ခဲ့ရတဲ့
တိုက်ပွဲတွေကိုလည်း နွှဲရ
အခိုက်မသင့်လို့ မိုက်ခဲ့ရတဲ့
မိုက်ပွဲတွေကလည်း မနည်းကြနဲ့
တကယ်တော့ ဘဝဆိုတာ
အမြဲတမ်းချိုမြိန်နေတဲ့အရာ မဟုတ်ဘူးလေ။

လူတိုင်း လူတိုင်း
ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးကြရတဲ့
ဘဝရဲ့ စာမျက်နှာတွေကို
တစ်ကနေစပြီး ရေတွက်ကတည်းက
အလှပဆုံးဖြစ်စေဖို့
စိန်တွေနဲ့ စီခဲ့ကြချင်မှာလည်းအမှန်။

ကိုယ်ကိုယ်တိုင်လည်း
ကိုယ်ပိုင်ချေမှုန်းခွင့်ရတဲ့
ကိုယ့်ဘဝရဲ့ စာမျက်နှာတွေကို
ငိုချင်းတွေနဲ့ သီကုံးချင်ကုံးမယ်
လွမ်းချင်းတွေနဲ့ ထုံးဖွဲ့ချင်ဖွဲ့မယ်
ဒါပေမဲ့ ‥ ဘယ်တော့မှ
အကုသိုလ်အစွန်းအထင်းတွေ
အပေမခံသလို
ဒဏ်ရာအနာတရတွေနဲ့
မကျန်ခဲ့စေရဘူး။

တစ်ကနေစပြီး
လှပအောင် မရေတွက်နိုင်တော့သလို
ဘယ်ရွေ့ဘယ်မျှ ဘယ်ကာလအထိ
ရေးနေရဦးမယ်ဆိုတာ မသိတဲ့
ကိုယ့်ဘဝရဲ့ စာမျက်နှာအဆုံးမှာ
ကဗျာဆန်ဆန် နိဂုံးချုပ်လို့
အဖုံးလှလှလေး အုပ်နိုင်အောင် ကြိုးစား
ကိုယ့်ရဲ့ ရိုးသားမှုတွေကိုပဲ
နှောင်းလူတွေ ခံစားဖြစ်စေဖို့
ချန်ထားရစ်မယ် သူငယ်ချင်း။ ။



**ရဲထက်ဇော်**


www.burmeseclassic.com

www.burmeseclassic.com

## သက်မဲ့ဒြပ်



ကံကြမ္မာက
သံသရာတို့မဆိုင်းဘဲ
လေညင်းဆန် နုလိုနု
သူပြုသမျှဘုံမှာ .
သုခဆိုတာလည်း ဆုံလို့ဆုံ။

ဘာလိုသေးလဲ
မွေးဖွားလာကတည်းက
လောကဓံဆိုတဲ့ အမှတ်တံဆိပ်နဲ့
ဘဝကိုခပ်နှိပ်ပေးလာတော့
စိတ်ဓာတ်ကို ကာလာဆိုး
သွေးထိုးတတ်တဲ့ အကျင့်တွေ
ငွေရှိမှ လူရာဝင်
ငွေမရှိလျှင် လူတွေကျဉ်။

လူ့နှလုံးသားကို ဗဟိုပြု
သက်မဲ့ဒြပ်တု ငွေတွေနဲ့
အတ္တဝေ မီးတောင်ပေါက်ကွဲပြီး
မာနချောရည်တွေအောက်မှာ
ဘဝကို တန်ဖိုးဖြတ်
ခနကို အရောင်ဟပ်ပြီး
ဂုဏ်ဒြပ်တွေ ဘယ်လိုထုတ်ထုတ်
ခဏတစ်ဖြုတ်နဲ့
ဘဝသရုပ်ချယ်လှယ်တဲ့ ငွေ။

နောက်ဆုံး
ငွေမရှိတဲ့လူ
ငွေရှိတဲ့လူ
မီးခိုးတွေ တလူလူနဲ့
ပြာပူကျတဲ့ ဘဝထဲ
ဘယ်မှာလဲ
ဘယ်မှာလဲ ‥ ငွေ။ ။

မြစိုးလွင်


www.burmeseclassic.com

www.burmeseclassic.com



## ဘဝကဗျာ



နေခြည်နုနုလေးတွေနဲ့အတူ
အလိုက်တသိနိုးထတတ်တဲ့
စာကလေးတွေ တေးချင်းဆို
သံပတ်ပေးထားတဲ့ နိုးစက်တစ်ခုလို
တစ်နေ့စာအတွက်
လောကကြီးက ကြည်ဖြူစွာ
တစ်ရက်မွေးဖွားပေးခဲ့။

စာကလေးတွေက
ပျော်ကြမြူးကြ အစာရှာ
နေမင်းလေးက တဒင်္ဂအတွင်း
ကြီးထွားလာလိုက်တာ
တစ်လောကလုံး ဖြာလင်းလျှက်
ငါ့မှာ ..
တာဝန်အခက်အခဲတွေနဲ့
လုံးထွေးရင်း
အောင်မြင်မှုအတွက်
ငါ့အသက်နဲ့ ပေါ်ပေါ်သုံးခဲ့တယ်။

ပျော်ရွှင်အောင်မြင်မှုဆိုတာ
တဒင်္ဂလေး ပိုင်ဆိုင်ခဲ့တယ်။

ငါ .. တစ်နေ့တာအတွက်
အိပ်စက်အနားယူခဲ့ပြီ
မနက်ဖြန်အတွက်
နေခြည်နုနုလေးတွေရဲ့
နွေးထွေးတဲ့ အနမ်းတွေနဲ့အတူ
အောင်မြင်မှုအတွက်
ငါ့အသက်ကို
ပေးဆပ်ရဦးမယ်။

အချိန်တိုင်းဟာ ငွေတဲ့
ငါ့အသက်နဲ့
တစ်ဘဝလုံး လဲခဲ့ပြီ။


ဒါပေမဲ့
ငါအမြတ်ရလိုက်တယ်
ငွေနဲ့ဝယ်လို့မရတဲ့
အဖြူစင်ဆုံး
ကိုယ်ကျင့်တရားက
ငါ့ဘဝအတွက် လုံခြုံမှုတွေ ပေးထားခဲ့တယ်။

**အထွန်း(တမာမြေ)**



www.burmeseclassic.com

www.burmeseclassic.com




# စုံထောက်မောင်ရေချဲ

စုစည်းတင်ဆက်မှု

## စုံထောက်စံထူးနှင့် စီအိုင်ဒီမှအောင်မြင်ခဲ့သော ဂန္ထဝင်မှုခင်းများ




စုံထောက်မောင်ရေချဲ၏ ၈ အုပ်မြောက် ဖြစ်ရပ်မှန်မှုခင်းများကို စုစည်းတင်ဆက်ထားသောစာအုပ်ဖြစ်သည်။ စုစုပေါင်း ၆ ပုဒ်ပါရှိသည်။ စီအိုင်ဒီမှ ကျားကုပ်ကျားခဲ ဖော်ထုတ်ခဲ့ရသည့် ဂန္ထဝင်မြောက်မှုခင်းကြီးများဖြစ်သည်။


တရားခံကို တရုတ်နိုင်ငံထဲထိ လိုက်လံဖမ်းဆီးခဲ့သော အမှုနှင့် တရုတ်နိုင်ငံသားတစ်ယောက်အား ပြန်ပေးဆွဲ၍ လက်သန်းတစ်ချောင်းကိုဖြတ်ပြီး ပေါင်မုန့်ထဲထည့်ပေး၍ ခြိမ်းခြောက်ငွေတောင်းသည့် အမှုအပါအဝင်ဖြစ်သည်။

ဥဒါန်းသစ်စာပေမှ ဖြန့်ချိသည်။

---

# အောင်ကြည်ညွန့် (တက္ကသိုလ်)

## ပုလဲရတနာ(ဘာသာပြန် သုတဆောင်းပါးများ)




ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)၏ ပုလဲရတနာသုတဆောင်းပါးများ အများစုမှာ လူတိုင်းဖတ်သင့် ဆောင်ထားသင့်သော ကျန်းမာရေးပညာပေးဆောင်းပါးများဖြစ်သည်။ ဆရာ့ဆောင်းပါးများထဲတွင် ဆေးဝါးအတုများ၏ အန္တရာယ်၊ သင့်လက်ဆေးကြောခြင်းဖြင့် ကျန်းမာစွာနေပါ။ ရယ်ခြင်းသည် နှလုံးကျန်းမာခြင်းလော၊ ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ ဆီးချိုမတက်ရန်ဆောင်ရွက်ခြင်း စသည်တို့အပြင် အခြား ဗဟုသုတဖြစ်ဖွယ် ကမ္ဘာ့ထူးခြားပုဂ္ဂိုလ်ကြီးများနှင့် ထူးခြားဖြစ်စဉ်များကို လေ့လာတင်ပြထားခြင်းဖြစ်သည်။

မြစုရတနာစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

# ရွှေဘိုသီရိမာလာ





## တိုးတက်ခေတ်မီသော ဒူဘိုင်း

ဆရာမကြီး ရွှေဘို သီရိမာလာရေးသားထုတ်ဝေခဲ့သည့် ကျွန်မ၏ အမေ့ရိကန် ခရီး ဆောင်းပါးများစာအုပ်မှာ အထိုက်အလျောက်အောင်မြင်ခဲ့ပါသည်။ ထိုဆောင်းပါးများမှာ သုတစွယ်စုံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ယခု တိုးတက်ခေတ်မီသော ဒူဘိုင်းစာအုပ်ပါ ခရီးသွားဆောင်းပါးများမှာလည်း သုတစွယ်စုံနှင့် အေပရယ်စတားခရီးသွားမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ ဒူဘိုင်းနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် မြန်မာအလုပ်သမားများ များစွာအလုပ်လုပ်ကိုင်နေကြပါသည်။ နောက်ထပ်သွားရောက်မည့်သူများလည်း ရှိနိုင်သည့်အတွက် ဗဟုသုတဖြစ်စေရန် ဆရာမကြီး၏စာအုပ်ကို ဖတ်ခြင်း၊ ဆောင်ထားခြင်းပြုသင့်ပါသည်။ အောင်ဇေယျစာပေမှ ထုတ်ဝေဖြန့်ချိပါသည်။

---

# ငွေးမောင် စုစည်းတင်ပြသည်




## ဒီမိုကရေစီဆိုသည်မှာနှင့် မင်းနှင့်ပြည်သူကြည်ဖြူစဥ်မြဲ ရွှေလက်တွဲလျက်


ဒီမိုကရေစီဆိုသည်မှာနှင့် မင်းနှင့်ပြည်သူ ကြည်ဖြူစဉ်မြဲ ရွှေလက်တွဲလျက် စာအုပ်ငယ်ကို ဝါရင့်စာရေးဆရာကြီး ဆရာဦးငွေးမောင်က စုစည်းတင်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းနှင့်ပတ်သက်၍ ဘကြီးတော်မင်းတရားလက်ထက်အခါက အမတ်ကြီး[illegible]ဦးလျှောက်တင်ချက်မှအစ မြန်မာ့လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဝိဇ္ဇာရသခင်ချစ်မောင်၊ ဗိုလ်ချုပ်ကြီးနေဝင်းတို့နှင့် ကမ္ဘာ့တွေးခေါ်[illegible]ကြီးများဖြစ်သော ပလေတိုသောမတ်၊ အက္ဂီနတ်၊ အီဗရာဟင်လင်ကွန်းစသည့် ကမ္ဘာ့ထိပ်တန်းခေါ်[illegible]ကြီးများ၏ ဒီမိုကရေစီရေးအမြင်များပါဝင်သည်။ ရန်အောင်စာပေမှ ဖြန့်ချိသည်။

www.burmeseclassic.com


မောင်ကောင်းယဉ်

# နိုင်ငံတကာစုံထောက်

## အာဖရိကဆင်စွယ်တွေ အများအပြားဖမ်းဆီးရမိ



မကြာမီက ကင်ညာနိုင်ငံ၊ မွန် ဘာဆာဆိပ်ကမ်းတွင် ယူဂန္ဓာနိုင်ငံမှ မှောင်ခိုတင်သွင်းလာသော ဆင်စွယ် ၆၀၀ ကျော် တန်ချိန်အားဖြင့် လေး တန်ခန့်၊ ကီလိုဂရမ် ၁၉၀၀ ခန့် မ်းဆီးရမိရာ ထိတ်လန့်ဖွယ်ဖြစ်ရ သည်။ ဆင်ရာပေါင်းများစွာ သေဆုံး ရပြီး တောရိုင်းတိရစ္ဆာန်များ ပျက်စီး ဆုံးရှုံးရပေသည်။

အာရှတိုက်နိုင်ငံများတွင် ဆင် စွယ်ကို လက်ဝတ်ရတနာနှင့် တိုင်းရင်း ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုပေ ရာ အာရှအာဖရိကဈေးကွက်ရှိပေသည်။ ယခု ဆင်စွယ်များကို တူရကီနိုင်ငံသို့ တင်ပို့ရန်ရှိပြီး သဘော်ာနှစီး၌ ကွန်တိန် နာများအတွင်းသို့ သိုဝှက်သယ်ဆောင် လာခြင်းဖြစ်သည်။ တရားမဝင်တော ရိုင်းတိရစ္ဆာန်မှောင်ခိုမှုဖြစ်သည်။

Ref: The Star 10-9-13



www.burmeseclassic.com

# မူးယစ်ဆေးဝါး တန်ဖိုးများများ ဖမ်းဆီးမိမှု

မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး အရှိန်မြှင့်ထားပေရာ မကြာခဏဖမ်းဆီးရမိသည်။ ယင်းသို့မှုခင်းများတွင် နိုင်ငံခြားသားများပါဝင်လျက်ရှိသည်။ မကြာမီက ကလန်းမြို့အတွင်း သတင်းအရ ရှာဖွေဖမ်းဆီးမှုတွင် မူးယစ်ဆေးဝါးအန္တယ်ဝင် ဆီဘူးဆေးပြားထုတ်လုပ်သည့် ခိုးတက်ခွဲလုပ်ငန်းကိုသိမ်းဆည်းနိုင်ခဲ့ကြောင်း တန်ဖိုးအားဖြင့် ရင်းဂစ် ၁၇.၈ သန်းဖြစ်ကြောင်း သိရသည်။




တရားခံသုံးဦးဖြစ်ပြီး ယင်းတို့တွင် အီရန်လူမျိုးနှစ်ဦးပါဝင်သည်။ ၎င်းအဖွဲ့နှင့်ဆက်စပ်မှုများ စုံစမ်းလျက်ရှိရာ အသက် ၂၃ နှစ်မှ ၃၄ နှစ်အကြား လူငယ်လေးဦးလွတ်မြောက်ဆဲဖြစ်သဖြင့် ရှာဖွေလျက်ရှိသည်။ သိမ်းဆည်းရမိသောပစ္စည်းများကို တွေ့ရပြီး အရာရှိများ၏ ကြိုးပမ်းမှုဖြစ်ပေသည်

Ref: The Star 23-9-1

# အရိုးကုဆေးရုံမီးလောင် ၁၀ ဦးသေဆုံး

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်၏ ဖူကူအာကိုမြို့အနောက်တောင်ဘက်ရှိ အရိုးကုဆေးရုံဒုတိယထပ် ညပိုင်းမီးလောင်ခဲ့ရာ လူနာရှစ်ဦးနှင့် ဆေးရုံဒါရိုက်တာဟောင်းနှင့် ဇနီးတို့အပါအဝင် အားလုံးဆယ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။ လူနာ ၁၉ ဦး၊ ခုတင် ၁၉ ခုံရှိသည့် ဆေးရုံကို ၁၉၇၈ ခုနှစ်က ထူထောင်ခဲ့သည်။



ဆေးရုံတွင် အရိုးအထူးကုပညာ၊ ဒူလာနှင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်သည်။ မီးလောင်မှုအချိန်က အိပ်ပျော်ချိန်ဖြစ်ပြီး သက်ကြီးရွယ်အိုများ မီးခိုးမွန်းကျပ်မှုကြောင့် သေဆုံးခဲ့ရသည်။ ဗီဒီယိုမှတ်တမ်းအရ မီးလောင်မှုကြီးမားပြီး မီးသတ်သမားများ ခက်ခက်ခဲခဲဆောင်ရွက်ကြရပေသည်။ မီးလောင်မှုကို စစ်ဆေးဆဲဖြစ်ပြီး လုပ်ငန်းခွင်မှ အသက်စည်းစိမ်ဆုံးရှုံးမှုဖြစ်ရသည်

Ref: N.S.T 10-9-1



www.burmeseclassic.com

www.burmeseclassic.com


# ကြောက်မက်ဖွယ် ဩစတြေးလျတောမီး



ဩစတြေးလျနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသော တောမီးပျံ့နှံ့မှုကများပြားပြီး ခြိမ်းခြောက်မှု ကြီးမားပေသည်။ ဆစ်ဒနီမြို့၏ အနောက်ဘက် ၇၅ ကီလိုမီတာ၌ ဖြစ်ပွားပြီး အိမ်အချို့ မီးထဲပါသွားသည့်မြင်ကွင်းကို တွေ့ရသည်။ အိမ် ၂၀၀ မီးလောင်ပြီး အခြား အိမ် ၁၂၀ ခန့် ပျက်စီးခဲ့သည်။ နယူးဆောဝေးပြည်နယ်၌ ကြုံရပြီး ရာသီဉတုဆိုးရွားမှုကြောင့် ပိုမိုဆိုးရွားပေသည်။

မီးခိုးလုံးများ ကောင်းကင်၌ပျံ့နှံ့ကြောင်း မြင်ကွင်းဆိုးရွားကြောင်း ရှုမြင်ရသည်။ လူတစ်ဦး သူ၏ပစ္စည်းများ သယ်ယူရင်း သေဆုံးရပေသည်။ အဆိုပါဝန်းကျင်တွင် လူ ၇၆၀၀၀ ခန့်နေထိုင်ပေရာ ဖယ်ရှားလျက်ရှိသည်။ တောမီးလောင်သဖြင့် ရထားတွဲပါ လောင်ကျွမ်းမှုကို တွေ့ရသည်။

Ref: N.S.T22-9-13



မောင်ကောင်းယဉ်


www.burmeseclassic.com




ဆရာရှင့်

"မမှတာနဲ့ ဆန့်ကျင်တဲ့ပြစ်မှု" ဆိုတာ ဘယ်လိုပြစ်မှုမျိုးကို ခေါ်သလဲဆိုတာ သိချင်ပါတယ် ဆရာ။ ခုခေတ်မှာ လိင်တူဆက်ဆံတာတို့ လိင်တူထိမ်းမြားလက်ထပ်တာတို့တောင် ကြားနေရတော့ မမှတာနဲ့ဆန့်ကျင်တဲ့ပြစ်မှုဆိုတာမျိုး ရှိ/မရှိ သိချင်ပါတယ် ဆရာ။

MSM ပြဿနာကို စိတ်ဝင်စားသူတစ်ဦး
ကျောက်တံတားမြို့နယ်။

---

MSM ပြဿနာကို စိတ်ဝင်စားသူတစ်ဦး

---

MSMဆိုတာ ဘာလဲဆိုတာ တူမောင်က သိပြီးသားဖြစ်ပေမယ့် သာမန်စာဖတ်ပရိသတ်ကတော့ သိချင်မှသိမယ်။ MSM ဆိုတာ မိန်းမလျာတွေ၊ အခြောက်တွေကိုခေါ်တဲ့ ခေတ်သစ်ဝေါဟာရတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အခြောက်တွေ၊ မိန်းမလျာတွေကို အကာအကွယ်ပြုထားတဲ့ သီးခြားဥပဒေပြဋ္ဌာန်းချက်မရှိသေးဘူးလို့ ဆရာတော့ နားလည်ထားတယ်။ အခြောက်နှင့် အခြောက် (သို့မဟုတ်) အခြောက်နှင့် ယောကျ်ားတို့ လိင်တူဆက်ဆံရင် ဆက်ဆံသူအချင်းချင်း ကျေနပ်ပါက ပြဿနာမရှိနိုင်ပေမယ့် ကျေနပ်မှုမရှိရင်တော့ လိင်ဆက်ဆံခြင်းခံရသူက တိုင်ကြားနိုင်ပါတယ်။ အဲဒီလို တိုင်ကြားလာခဲ့ရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇ အရ အရေးယူတာမျိုးကို ခံရနိုင်ပါတယ်။

တူမောင်မေးတဲ့ မမှတာနဲ့ဆန့်ကျင်တဲ့ ပြစ်မှုဆိုတာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၇၇)တွင် ဖော်ပြထားပါတယ်။ အောက်မှာ မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။

"ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ၊ မည်သူမဆို မိမိအလိုအလျောက် မမှတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှုကိုပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ တစ်ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"

ကဲ ‥ ရှင်းပြီမဟုတ်လား။ မမှတာနှင့်ဆန့်ကျင်တဲ့ ပြစ်မှုဆိုတာ တစ်သက်တစ်ကျွန်းဒဏ်အထိ ပြစ်မှုကြီးတယ်။ လူတွေက မျက်ကန်းတစ္ဆေမကြောက်ဖြစ်နေကြတာ။ ဒီဥပဒေဟာ တည်ဆဲဥပဒေဖြစ်တယ်။ အကျင့်ခံရသူက အလိုတူနေလို့ ပြဿနာမဖြစ်ကြတာ။ အမှန်ကတော့ အကျင့်ခံရသူက အလိုတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ပြစ်မှုမြောက်တယ်။

ဒီပုဒ်မအရ ပြစ်မှုကိုယောကျ်ားသာမက မိန်းမလည်း ကျူးလွန်နိုင်တယ်။ မိန်းမက တိရစ္ဆာန်နှင့် ကာမစပ်ယှက်လျှင် ဤပုဒ်မအရ ပြစ်မှုမြောက်တယ်။ မိန်းမက


www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်နှင့် ကာမစပ်ယှက်သည့်ကိစ္စမှာ ကျင်ကြီးသွားရာလမ်းကြောင်းလည်းဖြစ်နိုင်တယ်။ မိန်းမအင်္ဂါဇာတ်နှင့်လည်းဖြစ်နိုင်တယ်။ ပြစ်မှုဆိုင်ရာဥပဒေရဲ့ ဖွင့်ဆိုချက်မှာပါတဲ့အတိုင်း ရေးပြလိုက်ရခြင်းဖြစ်ပါတယ်။

"မမြင်ရာသည် ဆေးသမား၊ မကြားဝံ့ရာသည် ရှေ့နေ" ဆိုတဲ့ စကားအတိုင်း ရေးပြလိုက်ရခြင်းဖြစ်ပါတယ်။

---

ဆရာခင်ဗျား

တောအရပ်ဒေသမှာရော မြို့အရပ်ဒေသမှာပါ အမျိုးသမီးနှင့် အမျိုးသားတွေအကြား ဖြစ်လေ့ရှိတဲ့ အမှုတွေထဲမှာ ပုဒ်မ ၃၆၃၊ ၃၆၆၊ ၃၇၆ တို့ကို မကြာခဏကြားရတတ်ပါတယ်။ အဲဒီပုဒ်မ ၃ ခုဟာ ဘယ်လိုအဓိပ္ပာယ်ရှိတယ်။ ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာ သိချင်ပါတယ်ဆရာ။ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

မှုခင်းသတင်းများကို စိတ်ဝင်စားသူတစ်ဦး
မွန်ပြည်နယ်

---

## မှုခင်းသတင်းများကို စိတ်ဝင်စားသူတစ်ဦးသို့

တူမောင်မေးတာလည်း မေးသင့်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ရှေ့ခေတ်ကရော၊ ယခုခေတ်မှာပါ သမီးရည်းစားခိုးပြေးတဲ့အမှုတွေ ရှိတတ်တယ်။ မိဘသဘောတူတာလည်းရှိသလို မိဘသဘောမတူတာတွေလည်း ရှိတတ်တယ်။ မိဘက သဘောမတူတဲ့အခါကျတော့ ရဲစခန်းမှာ အမှုဖွင့်တိုင်တန်းတဲ့အဆင့်ကိုရောက်သွားတတ်တယ်။ အဲဒီမိန်းကလေးရဲ့ အသက်ပြဿနာ၊ လူခိုးမှုမြောက်တယ်၊ မမြောက်ဘူးဆိုတဲ့ ပြဿနာတွေ ပေါ်လာတတ်တယ်။ မွေးစာရင်းတို့၊ ကျောင်းဝင်စာရင်းတို့၊ ကျောင်းထွက်လက်မှတ်တို့ ၁၀ တန်းအောင်လက်မှတ်တို့ဟာ အရေးကြီးတဲ့သက်သေခံအထောက်အထားတွေ ဖြစ်လာတတ်တယ်။

သမီးရည်းစား ခိုးရာလိုက်ပြေးကြတာလည်း အမျိုးမျိုးပေါ့။ တောအရပ်ဒေသတွေမှာတော့ လှည်းနဲ့တင်ပြီးခိုးပြေးတာတို့၊ လှေနဲ့တင်ပြီး ခိုးပြေးတာတို့ စသဖြင့် ရှိတတ်တယ်။ ခုခေတ်မှာတော့ တောရောမြို့ပါ လှည်းတွေလှေတွေ မသုံးကြတော့သလောက်ပဲ။ လှည်းတွေ လှေတွေအစား မော်တော်ဆိုင်ကယ်ပေါ်တင်ပြီး ခိုးပြေးတာတို့၊ ကားနဲ့တင်ပြီးခိုးပြေးတာတို့ ဖြစ်နေပါပြီ။

အသက်(၁၄)နှစ်အောက် ယောက်ျားကလေး (သို့မဟုတ်) အသက်(၁၆)နှစ်အောက် မိန်းကလေးကို အုပ်ထိန်းသူက သဘောမတူဘဲ ခေါ်ယူသွားလျှင်၊ ဖြားယောင်းပြီးထွက်သွားစေလျှင် ဥပဒေနဲ့အညီ အုပ်ထိန်းသူထံမှ ခိုးယူတယ်လို့ခေါ်ပါတယ်။ စိတ်ပေါ့သွပ်သူကို အုပ်ထိန်းသူသဘောမတူဘဲ ခေါ်ယူသွားလျှင်လည်း၊ ဖြားယောင်းသွေးဆောင်သွားလျှင်လည်း လူခိုးမှုမြောက်ပါတယ်။ အဲဒါမျိုးကျတော့ အသက်အကန့်အသတ်တောင်မရှိဘူးပေါ့။ လူခိုးမှုမြောက်တယ်ဆိုရင် တရားရုံးက ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်နိုင်ပါတယ်။ အနည်းဆုံးပြစ်ဒဏ်တော့သတ်မှတ်မထားပါဘူး။

အတင်းအဓမ္မ ထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို ခိုးယူတာတို့၊ သွေးဆောင်ဆွဲခေါ်မှု၊ သို့တည်းမဟုတ် သွေးဆောင်မှုကျူးလွန်တာတို့ကိုတော့ ပုဒ်မ ၃၆၆ နဲ့ အရေးယူပါတယ်။ အဲဒါမျိုးကျတော့ အသက်အကန့်အသတ်မရှိပါဘူး။ သာမန်လူခိုးမှု၊ သွေးဆောင်ခေါ်ယူမှုတို့ထက် အပြစ်ကြီးပါတယ်။ (၁၀)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးကို ချမှတ်နိုင်ပါတယ်။ ဒီလို ပုဒ်မမျိုးကျတော့ အတင်းအဓမ္မထိမ်းမြားပေးစားရန်အကြံ (သို့မဟုတ်) မတရားကာမစပ်ယှက်စေရန် အကြံပါ/မပါ ဆိုတာ အရေးကြီးပါတယ်။

ပုဒ်မ ၃၇၆ ကတော့ လူသိများတဲ့ ပုဒ်မဖြစ်ပါတယ်။ မုဒိမ်းမှုအတွက် ပြစ်ဒဏ်ပေးတဲ့ပုဒ်မဖြစ်ပါတယ်။ ပုဒ်မ ၃၇၆ အရ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ အဲဒီမှာ သတိထားစရာတစ်ခုရှိတယ်။ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ကာမစပ်ယှက်ခံရတဲ့ မိန်းကလေးဟာ အသက်(၁၄)နှစ်အောက်အရွယ်ဖြစ်နေလျှင် ကျူးလွန်တဲ့ယောက်ျားဟာ မုဒိမ်းမှုကို ကျူးလွန်ရာရောက်ပါတယ်။ အဲဒါကိုတော့ အထူးသတိထားဖို့လိုပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com





# ကွန်းဒေါင်ရှိုင်း
# ဥပဒေဗဟုသုတပျိုးခင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ် ကြသည်။ သို့ဖြစ်၍ နိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက် တောင်သူများ ဖြစ်ကြပါသည်။ စာရေးသူ တာဝန်ကျခဲ့သည့် မြို့နယ်များတွင် စစ်ဆေးစီရင်ခဲ့ရသည့် အမှုများအနက် လယ်ယာမြေ၊ တောင်ယာနှင့်ပတ်သက်သည့် အမှုများလည်း ပါဝင်ပါသည်။ လက်ရှိဖြစ်သော တောင်ယာကို သူတစ်ပါးက ကျော်နင်းမှု၊ အကျိုးဖျက်ဆီးမှု စသည့် မှုခင်းများဖြစ်ကြပေသည်။ ယခုလောလောဆယ် မြန်မာပြည်တစ်ဝန်း လယ်သိမ်း၊ ယာသိမ်းဖြစ်စဥ်များ မကြာခဏ ဖတ်ရှုမှတ်သားရပါသည်။ လယ်သမားများပိုင်လယ်မြေကေများကို ကုမ္ပဏီများ၊ နိုင်ငံတော်ကသိမ်းယူသည်ဆိုကာ ဆန္ဒပြပွဲများ ပေါ်ပေါက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**မြေလွတ်မြေရိုင်းများမှ ထွက်ခွာပေးရန် အကြောင်းကြားထားပါလျက် ပျက်ကွက်ပါက မြေလွတ်မြေရိုင်းဥပဒေအရ အရေးယူခံရနိုင်ပါသည်။ ဤဥပဒေသည် ကျေးလက်နေပြည်သူများအတွက် မှတ်သားသင့်သည့် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။**

ဥပဒေအမြင်အရကြည့်ပါက နိုင်ငံတော်မှ မြေယာအားလုံးကို ပိုင်ဆိုင်ပါသည်။ ထိုသို့ဆိုပါက ဂရန်ပိုင်ထားသည့် မြေများကိုကော မည်သူကပိုင်သနည်းဟု မေးခွန်းထုတ်လာပါလိမ့်မည်။ အိုးအိမ်ပိုင်ဆိုင်သည့် ဂရန်စာချုပ်တွင် နှစ် ၃၀ မြေငှားဂရန်စာချုပ်ဟု ဖော်ပြထားပါသည်။ ဤသို့ဆိုပါက နိုင်ငံတော်မှ မြေယာများကို ပြည်သူများကို ရောင်းချခြင်းမဟုတ်ပါ။ ငှားရမ်းခြင်းသာဖြစ်ပါသည်။ မြေယာအားလုံး၏ ပိုင်ရှင်မှာ နိုင်ငံတော်သာဖြစ်သည်မှာ ထင်ရှားလှပါသည်။ "ရေမြေသခင့် အရှင်မင်းမြတ်" ဟု ရှေးယခင်က ဘုရင်မင်းမြတ်များကိုတင်စားခေါ်ဝေါ်ခဲ့ကြခြင်းသာ ဖြစ်ပေမည်။ နိုင်ငံတော်က ၎င်းပိုင်သည့်မြေကို အသုံးချချင်သလို အသုံးချနိုင်ပါသည်။

ဒီမိုကရေစီထွန်းကားသော နိုင်ငံများတွင် ပြည်သူအားလုံးသည် သက်ဆိုင်ရာအစိုးရက ပြဋ္ဌာန်းသည့်ဥပဒေကို လိုက်နာကြရပါသည်။ ဒီမိုကရေစီစနစ်သည် စည်းကမ်းပြည့်စေခြင်း၊ ဥပဒေကို လိုက်နာခြင်းဟူသော အနှစ်သာရများရှိပါသည်။

ယခုတင်ပြမည့်ဥပဒေကို မပြောခင် ရှေးယခင်က ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုတင်ပြပါမည်။ ယခင်အစိုးရလက်ထက်က မြေလွတ်မြေရိုင်းမကျန် စိုက်ပျိုးခွင့်ပြုပါသည်။ လယ်ယာမဲ့ပြည်သူများ၊ စားဝတ်နေရေးအတွက် ခုန်းကန်နေရသော ရွာသားများအတွက် စိုက်ပျိုးထွန်ယက်ရန် ရွာဘုံပိုင်မြေအပါအဝင် စားကျက်မြေများကို အသုံးပြုခွင့်ပေးခဲ့ပါသည်။ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် မူဝါဒများပြောင်းလဲလာခဲ့ပါသည်။


၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ "မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတွင် အခန်း ၁၀ ခန်း၊ ပုဒ်မပေါင်း ၃၄ ခုရှိပါသည်။ ယင်းဥပဒေ၏ အခန်း(၁) ပုဒ်မ ၂(င)တွင် "မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကို ဆိုသည်"။

ယင်းဥပဒေအရဆိုပါက ယခင် သီးစားခံယူလုပ်ကိုင်လာခဲ့စေကာမူ သီးစားစွန့်လွှတ်ခြင်းဟူသည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ယခင်က သီးစားချထားသည့်မြေအား နိုင်ငံတော်က သီးသန့်လျာထားသည့်မြေအား ဝင်ရောက်ထွန်ယက်စိုက်ပျိုးခွင့်မရှိပါ။ ဆိုလိုသည်မှာ ယခင်လုပ်ပိုင်ခွင့်ချထားပြီး စိုက်ပျိုးခွင့်ပြုထားသည့်မြေအား ပြန်လည်ရုပ်သိမ်းထားပါက ထွက်ခွာဖယ်ရှားပေးရန် တာဝန်ရှိပါသည်။ အကယ်၍ ဖယ်ရှားပေးရန် ပျက်ကွက်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၉ အရ (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ပါသည်။

အထက်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေအရဆိုပါက သက်ဆိုင်ရာက မြေလွတ်မြေရိုင်းများမှ ထွက်ခွာပေးရန် အကြောင်းကြားထားပါလျက် ပျက်ကွက်ပါက မြေလွတ်မြေရိုင်းဥပဒေအရ အရေးယူခံရနိုင်ပါသည်။ ဤဥပဒေသည် ကျေးလက်နေပြည်သူများအတွက် မှတ်သားသင့်သည့် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဥပဒေကို မသိနားမလည်ရုံမျှဖြင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရမည်မဟုတ်ပါ။ ပြည်သူများက ဥပဒေကို လေးစားလိုက်နာပါမှ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းတိုးတက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ထွန်းအောင်ပိုင်

www.burmeseclassic.com



# ပင်းမဟာကျော်ခေါင်

သံမဏိဂဠုန်



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

အောင်မှတ်

နေညိုချိန် ..

ရန်ကုန်-ပြည် အဆန်ရထားကြီးသည် သာယာဝတီဘူတာအတွင်းသို့ ဝင်ရောက်လာလေ၏။ သာယာဝတီမြို့သည် ဗြိတိသျှအုပ်ချုပ်ရေးယန္တရား၏ ခရိုင်ရုံးများ ရုံးစိုက်ရာ ဒိစတြိတ်မြို့ကြီးဖြစ်၏။ သာယာဝတီမြို့တွင် တာဝန်နှင့်ရောက်ရှိနေသည့် ဗြိတိသျှမျက်နှာဖြူအရာရှိကြီးများနှင့် မိသားစုများ၊ အိန္ဒိယတိုင်းရင်းသားများ စီးပွားရှာဖွေရန် အခြေချနေထိုင်သော တရုတ်လူမျိုးများလည်း ရှိလေသည်။

ဘူတာ့ပလက်ဖောင်းစင်္ကြံတွင် ရထားကြီးနှင့်ပါလာမည့် ခရီးသည်များကို ကြိုဆိုမည့်သူများနှင့် ရထားကြီးကို လိုက်ပါစီးနင်းမည့် ခရီးသွားများသည် ရထားကြီး ဘူတာတွင်းဝင်ရောက်လာပြီဖြစ်သဖြင့် လှုပ်လှုပ်ရွရွဖြစ်သွား၏။

ရထားကြီးက ငြိမ့်ခနဲရပ်သွားသည်။ လမ်းတလျှောက်ရှိ ကြားဘူတာလေးများထက်ပို၍ အချိန်ကြာကြာရပ်ပေးထားမည်ဖြစ်၏။ တွဲများပေါ်မှ ခရီးသည်များ တိုးတိုးဝှေ့ဝှေ့ဆင်းလာကြ၏။ ရထားပေါ်မှ ဆင်းလာသူများထဲတွင် မျက်နှာဖြူအရာရှိတစ်ယောက်လည်းပါ၏။ ဇနီးဖြစ်သူနှင့် သားသမီးလည်းပါသည်။

ထူးခြားသည်မှာ အထူးတွဲပေါ်မှ ဆင်းလာသည့် အချုပ်သားများနှင့် ပုလိပ်များဖြစ်၏။ ပုလိပ်များက ရိုင်ဖယ်သေနတ်များနှင့်ချိန်၍ ဝိုင်းရံဆွဲခေါ်လာသည့် အချုပ်သားများကို တိရစ္ဆာန်များကဲ့သို့ လက်များကို ကြိုးနှင့်ပူးချည်ပြီးလျှင် ကြိုးကို ပုလိပ်တစ်ယောက်က ကိုင်၍ဆွဲခေါ်လာ၏။

အချုပ်သားများ ဘူတာပလက်ဖောင်းပေါ်အရောက် လူများက ဝိုင်းကြည့်ကြသည်။ တချို့က တီးတိုးထင်မြင်ချက်ပေး၏။ ဘာမှုတွေနဲ့များအဖမ်းခံလာကြသလဲမသိဘူးနော်ဟု ဆိုသူကဆို၏။ လူတစ်ဖက်သား ဒုက္ခရောက်သည်ကို မကြည့်ရက်သည့် ကြင်နာတတ်သူများကလည်း သနားပါတယ်ဟု ပြောသူပြော၏။ စုပ်သပ်သူသပ်၏။ ပလက်ဖောင်းပေါ်မှ ဝိုင်းကြည့်နေသူများထဲတွင် အောင်မှတ်လည်းပါသည်။

အောင်မှတ်ဆိုသူမှာ မြစ်ဝကျွန်းပေါ်ဒေသ ဒေးဒရဲမြို့သား၊ ပုဆိုးတိုတိုဝတ်၍ လွယ်အိတ်တစ်လုံးလွယ်ထားသည်။ သူလည်း သည်ရထားကြီးကို စီး၍ ရန်ကုန်မှ လိုက်လာခဲ့သူပင်။

ပုလိပ်များက သူ့ရှေ့မှဖြတ်၍ အချုပ်သားများကို ဘူတာအပြင်သို့ ဆွဲခေါ်သွားသည်။ ဘူတာရှေ့လမ်းပေါ်ရောက်သွား၏။ ဘူတာရှေ့လမ်းပေါ်တွင် မြင်းလှည်းမောင်းသူများ၊ လံချားဆွဲသူကုလားများ၊ ဈေးရောင်းသူများနှင့် ရှုပ်ယှက်ခတ်လျက်ရှိ၏။ ဘူတာအရှေ့လမ်းတစ်နေရာတွင် သာယာဝတီထောင်ကြီးမှ အချုပ်သားများကို လာကြိုသည့် လော်လီကားတစ်စင်းရပ်ထား၏။

အောင်မှတ်က အချုပ်သားများနှင့်မလှမ်းမကမ်းမှ လိုက်လာသည်။ အသိမိတ်ဆွေထဲကပါသလားဟူ၍လည်း တစ်ယောက်ချင်းကို စိစိကြည့်သည်။

**တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုပြီး**
**နယ်ချဲ့ဗြိတိသျှကို စိန်ခေါ်တိုက်မယ်ဆိုတာ**
**သာယာဝတီက လယ်သမားတွေချည်းမဖြစ်ဘူးလေ။**
**လက်သည်းဆိတ်ရင် လက်ထိပ်နာမယ်၊**
**တစ်နိုင်ငံလုံးကလယ်သမားတွေပါမှ**
**တော်လှန်ရေးတစ်ရပ်ဖြစ်မှာပေါ့ဗျာ . . .**



www.burmeseclassic.com

ထိုစဉ် ..

ဘယ်အချိန်က ကြိုးကိုကြိတ်၍ ဖြတ်လာခဲ့သည်မသိ။ ကြိုးပြေသွားသည်နှင့် အချုပ်သားတစ်ယောက်က–

"ပြေးကြဟေ့ .. ပြေး .. ပြေး"

အချုပ်သားများက ပုလိပ်များကိုတွန်းတိုက်၍ ခြေဦးတည့်ရာ ပြေးကြသည်။ ရပ်ကြည့်နေသူများမှာလည်း အထိတ်တလန့်ဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွား၏။ ပုလိပ်များမှာ အံ့အားသင့်ကာ ကြောင်ကြည့်နေရာမှ သတိရသွားလျက် ..

"ဟေ့ .. တရားခံတွေကို ပစ်ဖမ်းဟေ့ .. ပစ် .. ပစ်"

ပုလိပ်သားများက ရိုင်ဖယ်သေနတ်များကို တဖြောင်းဖြောင်း မောင်းတင်သံထွက်လာရာမှ ပြေးနေသူများကို ထိုးချိန်လိုက်ကြသည်။

ငေးကြည့်နေမိသော အောင်မှတ် စိတ်ပူသွားသည်။ ကြည့်မနေရက်တော့။ သေနတ်နှင့် အသေအချာချိန်သည့် ပုလိပ်တစ်ယောက်ကို ပြေး၍ ဆောင့်တွန်းလိုက်၏။

ဒိုင်း ..

ဒိုင်း ..

သေနတ်သံတွေ ဆူညံပေါက်ကွဲသွား၏။ ပစ်ရန်ချိန်ထားသည့် ပုလိပ်ကို နောက်မှ ဆောင့်တွန်းလိုက်သဖြင့် ကျည်ဆန်က လိုရာမရောက် မိုးပေါ်ထောင်ထွက်သွား၏။

အချုပ်သားများ မျက်စိအောက်က ပျောက်သွားသည်။

ပုလိပ်များ၏ ဒေါသက မဆိုင်ဘဲ ဝင်ရှုပ်သည့် အောင်မှတ်ထံရောက်လာ၏။

"အဲဒီကောင်ကိုဖမ်းဟေ့ .. ဝတ္တရားနှောင့်ယှက်တဲ့ကောင်ကွ"

အောင်မှတ်အဖမ်းခံ၍မဖြစ်။ ရပ်နေရာမှ ခုန်ထွက်၍ ခြေဦးတည့်ရာ ပြေးရတော့၏။

ဒိုင်း .. ဒိုင်း

နောက်မှသေနတ်သံတွေနှင့်အတူ ကျည်ဖူးတွေက ပိတုန်းကောင်တွေလို တဝီဝီမြည်၍ အောင်မှတ်ခန္ဓာကိုယ်အနီးမှ ဖြတ်သန်းသွားကြသည်။

အောင်မှတ် အပြေးကိုမရပ်ရဲ။ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ခြေဦးတည့်ရာ အသက်လု၍ပြေးသည်။ သာယာဝတီမြို့ကို သူတစ်ခါမှမရောက်ဖူး။ ဘယ်သွားလို့ ဘယ်လာရမှန်းလည်း သူမသိ။ လမ်းပေါ်မှာ ဆက်ပြေးနေလျှင် ပုလိပ်တွေမြင်၍ လိုက်လာနိုင်သည်ကို သတိရလျက် ရပ်ကွက်တွေအတွင်း ဝင်ပြေးခဲ့သည်။

နေဝင်သွားပြီဖြစ်၏။

အမှောင်က ချဉ်းနင်းဝင်ရောက်စပြုပြီ ..

အိမ်တစ်အိမ်ရှေ့သို့အရောက် ..

"ဟေ့လူ .. ဒီကိုလာ .."

လူတစ်ယောက်က အောင်မှတ်လက်ကို ရုတ်တရက် ဖမ်းဆွဲ၍ ခြံထဲကို ဝင်ခိုင်းလိုက်သည်။ အောင်မှတ်ခြံထဲအရောက် ခြံတံခါးကို ပိတ်လိုက်၏။

"ခြံနောက်ဖေးမှာ ပုန်းစရာနေရာရှိတယ် .. မြန်မြန်သွား"

အောင်မှတ် တုံ့ဆိုင်းမနေ။ ခြံကြီး၏ နောက်ဖေးမှောင်ရိပ်ကျရာဆီ ပြေးခဲ့သည်။ သက်ကယ်မိုး ဝါးထရံကာ အဆောက်အဦးလေးနား ရောက်လာ၏။ အတွင်းမှ ..

"လာဗျို့ .. ဒီကို .."

ဝမ်းစာစပါးသိုလှောင်သည့် စပါးကျီကလေးထဲမှ လူတစ်ယောက်က လှမ်းခေါ်သဖြင့် စေ့ထားသည့်တံခါးကို တွန်းဖွင့်၍ အတွင်းသို့အောင်မှတ်ဝင်လိုက်သည်။

အိမ်ရှေ့ခြံဝိုင်းတံခါးဆီမှ စစ်ဖိနပ် သံများနှင့် စကားပြောသံတွေကြားရ သည်။ စပါးကျီထဲမှ အောင်မှတ်တို့ တုပ်တုပ်မျှပင် မလှုပ်ရဲ။ ငြိမ်သက်စွာ နားစွင့်၍ အခြေအနေကို စောင့်ကြည့် ၏။

ခြံဝမှ စစ်ဖိနပ်သံတွေ ထွက်ခွာ သွားဟန်[illegible] တစစဝေးသွားသည်။ ဝန်းကျင်က ပြန်လည်တိတ်ဆိတ်သွား ၏။ စပါးကျီကလေးထဲမှာ အောင်မှတ် နှင့်အတူ ရှိနေသူထံမှ အသက်ရှူသံ ပြင်းပြင်းကို အတိုင်းသားကြားနေရ၏။

"ပုလိပ်တွေ ကျုပ်တို့နောက်ကို မလိုက်နိုင်အောင် နောက်ကခံချပေး ထားတာ ခင်ဗျားမဟုတ်လား မိတ်ဆွေ ကျေးဇူးတင်လိုက်တာဗျာ"

"ခင်ဗျားကကော ထွက်ပြေးသွား တဲ့ အချုပ်သားတွေထဲက တစ်ယောက် လား"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်နာမည် က သာအေးတဲ့ဗျ"

"ဘာအမှုနဲ့ အဖမ်းခံလာရတာ လဲ ကိုသာအေးရဲ့"

သာအေးဆိုသူထံမှ သက်မေ ရှိုက်သံပြင်းပြင်း ကြားရ၏။ အောင် မှတ်က တုံ့ပြန်လာမည့် သာအေးထံမှ စကားသံကို နားစွင့်ထားသည်။

"အင်း .. လူခွန်နဲ့ သ[illegible] အခွန်တွေမဆောင်နိုင်ဘူးဆို လို



www.burmeseclassic.com

www.burmeseclassic.com



အာဏာဖီဆန်မှုနဲ့ အဖမ်းခံလာရတာ ပေါ့ဗျာ''

''ဟာ ‥ ဒါဆိုရင်တော့ လူခွန်နဲ့ သဿမေဒအခွန်မဆောင်တဲ့အမှုထက် ပုလိပ်လက်က ထွက်ပြေးတဲ့ တရားခံ ပြေးအမှုက ပိုဆိုးလိမ့်မယ်ထင်တယ် ဗျ''

''မတတ်နိုင်ဘူးဗျာ၊ ခင်းတို့ အနိုင်ကျင့်တာ မခံနိုင်လို့ လုပ်မိလုပ် ရာလုပ်လိုက်တာပဲ။ ဖြစ်ချင်ရာ ဖြစ်ပေ့ စေဗျာ။ ဒါနဲ့ ခင်ဗျားက ဘယ်ရွာက လဲ။ နာမည်လေးဘာလေး ပြောစမ်းပါ ဦး မိတ်ဆွေရာ''

''ကျွန်တော်ကလည်း သာယာ ဝတီသားမဟုတ်ဘူးဗျ။ ညောင်သည် ‥။ ဒေးဒရဲကလာတာ နာမည်က အောင် မှတ်''



''ဩော် ‥ အင်း ‥ အင်း ရေစက်ရှိလို့ ကြုံကြုံဖန်ဖန်ဆုံကြတာပဲ နေမှာပေါ့ဗျာ။ ကိုအောင်မှတ် ဘယ်ရွာ ကိုသွားမှာလဲ''

''အင်းရွာနားက မကျည်းကုန်း ဘုန်းကြီးကျောင်းကို သွားမလို့ပါ''

''ဗျာ''

သာအေးထံမှ အာမေဋိတ်သံနှင့် အတူ မျက်လုံးတွေအရောင်တောက် သွား၏။

''မကျည်းကုန်းဘုန်းကြီးကျောင်း က ဘယ်သူ့ဆီသွားမှာလဲ ကိုအောင် မှတ်''

''ဗျာ ‥ အဲ ‥ ဟိုလေ ‥ ဟို ‥ ဟို''

အောင်မှတ် အပြောရခက်သွား သည်ကို သာအေးနားလည်လိုက်ဟန် တူ၏။ သူ၏ အင်္ကျီလက်မောင်းရင်းကို လှန်၍ လရောင်တစ်စွန်းတစ်စတိုးဝင် ဖြာကျနေသည့် အလင်းရောင်မှိန်မှိန် တွင် အောင်မှတ်မြင်အောင်ပြရင်း ‥

''ဒီမှာကြည့်စမ်းပါ ကိုအောင် မှတ်၊ ဒါမျိုး ခင်ဗျားမြင်ဖူးလား''

သာအေး၏ လက်မောင်းရင်းမှ ဂဠုန်ရုပ်ကို ရုတ်တရက်မြင်လိုက်သဖြင့် အောင်မှတ်မျက်နှာ ဝင်းပသွားသည်။ သူ့နှုတ်ခမ်းမှာလည်း အပြုံးတွေတွဲခို လာရာမှ ‥‥

''မြင်ဖူးပြီလား ကိုသာအေးရယ်၊ ဒီမှာ ဒါမျိုးပဲမဟုတ်လားဗျ''

အောင်မှတ်ကလည်း အားကျမခံ သူ့လက်မောင်းရင်းမှ ဆေးမင်ထိုးထား သည့် ဂဠုန်ရုပ်ကိုပြသည်။ သည်တစ်ခါ အံ့ဩရသူက သာအေး။ သူထင်သည့် ဂဠုန်ရုပ်မျိုး ထိုးထားသူအဖွဲ့ဝင်များမှာ သာယာဝတီနယ်တွင်သာရှိသည်။ အခြားဒေသများတွင် မရှိနိုင်ဟု ထင် ထားခြင်းဖြစ်သည်။ သူက ‥

''ဟင် ‥ ခင်ဗျားက ဒေးဒရဲနယ် ကလည်းဆိုသေးရဲ့၊ ကျုပ်တို့ သာယာ ဝတီနယ်က အရေးတော်ပုံဂဠုန်တပ် သား ဘာဖြစ်လို့ ဖြစ်နေတာလဲ''

ဆရာကြီး(ဆရာစံ)ဟာ အင်္ဂလိပ် အစိုးရရဲ့ မတရားတဲ့ အာဏာကို ဖီ ဆန်ဖို့အတွက် ဝံသာနုအသင်းတွေ ဖွဲ့ စည်းဖို့ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့ကို ရောက် လာတုန်းက ကျုပ်ဘကြီးဦးအောင်လှနဲ့ ရင်းနှီးသွားကြတယ်။ ကျုပ်ဘကြီးဦး အောင်လှ(မှတ်ချက်–ဦးအောင်လှဆို သည်မှာ နောက်ပိုင်းတွင်ဗြိတိသျှအစိုးရ အား လက်နက်စွဲကိုင်တော်လှန်ပုန်ကန် ရန်ကြံစည်မှုကြောင့် ရွှေဘိုနယ်တွင်



www.burmeseclassic.com

> နယ်ချဲ့ကိုတိုက်ပြီး သူ့ကျွန်ဘဝက လွတ်မြောက်အောင် ကြံစည်တဲ့လူတွေကို အားပေးကူညီတာဟာ အမျိုးသားရေး တာဝန်တစ်ခုပါပဲ။ ကျုပ်တို့ မြန်မာတစ်မျိုးသားလုံးမှာ တာဝန်ရှိပါတယ်။ ကျုပ်ဟာ ဂျွန်တပ်သား မဟုတ်ပေမယ့်...

ကြိုးပေးခံရသူ မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဖြစ်၏) ကျုပ်တို့မြို့နယ် ဝံသာနုအသင်းကြီးရဲ့ဥက္ကဋ္ဌဗျ။ အတွင်းရေးမှူးကတော့ ဦးဖိုးကျားဆိုတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ဗျာ"

"ဩော် .. အင်း .. အင်း ဆရာကြီး(ဆရာစံ)ဟာ အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးပဲဗျနော်။ ကျုပ်အထင်က အရေးတော်ပုံအတွက် ကျုပ်တို့သာယာဝတီတစ်နယ်ပဲ တိုက်ပွဲဝင်မှာလို့ ထင်နေတာဗျ ကိုအောင်မှတ်ရဲ့"

စပါးကျီကလေးထဲမှာနှစ်ယောက်သား တီးတိုးဆွေးနွေးပွဲကလေးက တဖြည်းဖြည်းအရှိန်မြင့်လာ၏။ အောင်မှတ် ဆက်ပြောသည်။

"ကျုပ်တို့နိုင်ငံရဲ့ တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုပြီး နယ်ချဲ့ဗြိတိသျှကို စိန်ခေါ်တိုက်မယ်ဆိုတာ သာယာဝတီက လယ်သမားတွေချည်းမဖြစ်ဘူးလေ။ လက်သည်းဆိတ်ရင် လက်ထိပ်နာမယ်၊ တစ်နိုင်ငံလုံးက လယ်သမားတွေပါမှ တော်လှန်ရေးတစ်ရပ်ဖြစ်မှာပေါ့ဗျာ"

"ဟုတ်တယ်ဗျို့ .. ကိုအောင်မှတ်"

"ဒါကြောင့် .. ဆရာကြီးဆရာစံဟာ ကျုပ်တို့ဖျာပုံခရိုင် ဒေးဒရဲမရမ်းတိုက်နယ် ထန်းတောကျေးရွာကိုရောက်တော့ ကျုပ်ဘကြီးဦးအောင်လှနဲ့နယ်ချဲ့ကိုလိုနီဘဝက လွတ်မြောက်အောင် ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်ဖို့ အရေးကိစ္စတွေကိုဆွေးနွေးတိုင်ပင်သွားခဲ့တယ်"

"ဟုတ်ကဲ့"

သာအေးက အောင်မှတ်ပြောသည့် စကားတွေကို ကြားရသည်တွင် အားရကျေနပ်နေသဖြင့် ပြောအားရှိစေရန် ဝင်ထောက်ပေး၏။ အောင်မှတ်လည်း ဆက်ပြောသည်။

ဆရာကြီးဆရာစံလည်းပြန်သွားရော ကျုပ်ဘကြီးဦးအောင်လှက ဂဠုန်အသင်းသားတွေအဖြစ် စည်းရုံးဖွဲ့စည်းတော့ တပ်သားတစ်ထောင်ကျော်စုဆောင်းရရှိတယ်ဗျ။ အားလုံးကိုလည်း တိုက်ပွဲဝင်ဂဠုန်အမှတ်အသားတွေ ဆေးမှင်ထိုးပေးထားတယ်လေ။ အခု ကျုပ် ဒီကိုလာတာ။ အရေးဆိုရင် ချဖို့အသင့်ပဲဆိုတာ အကြောင်းကြားသတင်းပေးလို့လာတာဗျ"

"ခင်ဗျားဘကြီးက ခင်ဗျားကို ဆတ်သားလွှတ်တာပေါ့နော်"

"ဟုတ်တယ်ဗျ၊ ဒါကြောင့် ကျုပ်က ဆရာကြီးရှိတဲ့ မကျည်းကုန်းဘုန်းတော်ကြီးကျောင်းကိုသွားမှာ"

သာအေးက အောင်မှတ်ပခုံးကို တရင်းတနှီးဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"ဝမ်းသာတယ်ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် ဂဠုန်တပ်သားအချင်းချင်း ရဲဘော်ရဲဘက်ချင်း ခုလို မမျှော်လင့်ဘဲ ဆုံမိတာဟာ အတိတ်ကောင်းနိမိတ်ကောင်းလို့တောင် ဆိုရမယ်ထင်တယ်ဗျ"

"ဒါပေါ့ဗျာ .. ချိန်းထားရင် လွဲချင်လွဲနေဦးမယ်"

နှစ်ယောက်သား စကားကောင်းနေစဉ်မှာပင် ခပ်အုပ်အုပ်တံခါးခေါက်သံထွက်ပေါ်လာ၏။ အတွင်းမှ သာအေးနှင့်အောင်မှတ်က အသံမပြုရဲ။ ငြိမ်သက်စွာဖြင့် အသင့်ပြင်ထားကြရ၏။ အပြင်မှအသံက ညင်သာတိုးသဲ့စွာ

www.burmeseclassic.com





ဝင်လာ၏။

"ကိုသာအေး ‥ ကျုပ်ပါဗျ၊ ဦးသန်းအောင်ပါ"

"ဪ ‥ ဟုတ်ကဲ့ ဆရာ"

သာအေးက တံခါးကို အသာတွန်းဖွင့်လိုက်၏။ တံခါးက ကျိုးကျိုးကျဲကျဲမြည်လျက် ပွင့်သွား၏။ တံခါးဝမှာ ရပ်နေသူက စပါးကျီအတွင်းဘက် မှောင်ရိပ်ကို သေချာကြည့်သည်။ သာအေးက–

"ကျွန်တော်တို့နှစ်ယောက်စလုံး ရှိပါတယ် ဆရာ"

"ထွက်ခဲ့တော့ဗျို့၊ ပုလိပ်တွေကို ကျုပ် တစ်ပတ်ရိုက်ပစ်လိုက်တယ်ဗျ"

သာအေးနှင့်အောင်မှတ်က စပါးကျီထဲမှ ထွက်ခဲ့ကြ၏။ ဆရာဦးသန်းအောင်ရှေ့မှာ ရပ်လိုက်သည်။

"ကျုပ်ကို ပုလိပ်ကလာမေးတော့ ကိုဘက်ပြေးတာ မြင်လိုက်တယ်ဆိုလို့ ဒီနဲ့တွေ အူယားဖားယားပြေးလိုက်သွားကြတယ်။ ဒါမျိုးကိုပြောတာထင်ပါရဲ့ဗျာ၊ ယုန်တောင်ပြေးခွေးမြောက်လိုက်ဆိုတာ ဟဲ ‥ ဟဲ ‥ ဟဲ"

ဆရာဦးသန်းအောင်က အပူအပင်ကင်းစွာရယ်သွမ်းသွေးသည်။ သာအေးက အောင်မှတ်နှင့် ဆရာဦးသန်းအောင်ကို မိတ်ဆက်ပေးသဖြင့် လက်ဆွဲနှုတ်ဆက်ကြသည်။ ဆရာဦးသန်းအောင်က တရင်းတနှီးကြည့်ရင်းမှ ...

"ကဲ ‥ လာကြဗျာ၊ အိမ်ထဲဝင်ပြီး ရေနွေးကြမ်းလေးဘာလေးသောက်အောင်၊ ခင်ဗျားတို့ ထမင်းလည်းမစားကြရသေးဘူးထင်တယ်။ ကျုပ်အိမ်မှာရှိတာနဲ့ကျွေးပါ့မယ်ဗျာ။ ခင်ဗျားတို့ ခရီးဆက်ဖို့ကတော့ အချိန်စောသေးတယ်ဗျ။ ပုလိပ်တွေ တစ်မြို့လုံးကို ပိုက်စိပ်တိုက်ပြီး ရှာနေကြလိမ့်မယ်လာကြ"

ဆရာဦးသန်းအောင်က ရှေ့မှဦးဆောင်၍ သူ့အိမ်ကလေးပေါ်တက်သဖြင့် သာအေးနှင့် အောင်မှတ်လည်း နောက်မှလိုက်ခဲ့ကြသည်။

ညှော်ခန်းတွင် ဆရာဦးသန်းအောင်က ဖျာခင်းပေးသဖြင့် သာအေးနှင့်အောင်မှတ် ထိုင်ကြသည်။ အသင့်တွေ့သည့် ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းနှစ်ခွက် သာအေးက ငှဲ့၍ သူကတစ်ခွက်သောက်သည်။ အောင်မှတ်ကို တစ်ခွက်ကမ်းပေး၏။ ဆရာဦးသန်းအောင်က ထမင်းကျွေးရန် မီးဖိုချောင်ဆီသို့ ဝင်သွား၏။

"ဆရာဦးသန်းအောင်က ကျုပ်တို့လို တောင်သူလယ်သမားလည်း မဟုတ်ဘူး။ ဂျွန်တပ်သားလည်း မဟုတ်ဘူး။ သူက ကျောင်းဆရာပါ"

"ဪ ‥ ဟုတ်ကဲ့"

"ဒါပေမဲ့ နယ်ချဲ့ကို ဆန့်ကျင်မယ့် ကျုပ်တို့ ဂျွန်တပ်ကို အားပေးထောက်ခံတဲ့ မျိုးချစ်တစ်ဦးဆိုပါတော့ဗျာ။ အခု ကျုပ် ပုလိပ်လက်က ထွက်ပြေးခဲ့တော့ သူ့ကိုသတိရတာနဲ့ ဒီအိမ်ကို တန်းပြေးခဲ့တာဗျ။ သူနဲ့ကျုပ်နဲ့က မိတ်ဆွေဟောင်းဆိုပါတော့ဗျာ"

"အင်း ‥ ခင်ဗျား ဒီအိမ်ကို တန်းပြေးခဲ့လို့လည်း ကျုပ်နဲ့ အခုလို ဆုံဖြစ်သွားတာပေါ့"

ဆရာဦးသန်းအောင်နဲ့ဇနီးဖြစ်သူက ထမင်းပွဲပြင်ပေးသည်။ သာအေးနှင့်အောင်မှတ် ဟန်မဆောင်နိုင်အောင် ပါပင်။

## အခန်း(၇)

## မျိုးစေ့ချပေးခဲ့သူ

ညက တိတ်ဆိတ်သွား၏။

ဆရာဦးသန်းအောင်၏ အိမ်နံရံမှ တိုင်ကပ်နာရီကြီး၏ ချိန်သီးလှုပ်ရမ်းရာမှ ထွက်ပေါ်လာသံသည်သာ မှန်မှန်ထွက်ပေါ်နေ၏။

ဒင် ‥ ဒင် ‥ ဒင်

ည ၉ နာရီရှိပြီဖြစ်ကြောင်း နာရီကြီးဆီမှ အသံထွက်ပေါ်လာသည်။ သာအေးနှင့်အောင်မှတ်က ရေချွေးကြမ်း တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ထွက်ခွာရမည့်အချိန်ကို စောင့်နေ၏။

အောင်မှတ်က မီးရောင်မှိန်မှိန်အောက်တွင်ထိုင်နေသည့် ဆရာဦးသန်းအောင်ကို တလေးတစားကြည့်လျက် ...

"ခုလိုကူညီခဲ့တာကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ နယ်ချဲ့ကိုတိုက်ပြီး သူ့ကျွန်ဘဝက လွတ်မြောက်အောင် ကြံစည်တဲ့လူတွေကို အားပေးကူညီတာဟာ အမျိုးသားရေးတာဝန်တစ်ခုပါပဲ။ ကျုပ်တို့မြန်မာတစ်မျိုးသားလုံးမှာ တာဝန်ရှိပါတယ်။ ကျုပ်ဟာ ဂျွန်တပ်သားမဟုတ်ပေမယ့် ဝံသာနုအသင်းသားပါဗျာ"

"ခင်ဗျားတို့ခေါင်းဆောင်ဆရာစံကို ကျုပ် ဝံသာနုအသင်း အစည်းအဝေးတွေမှာ တစ်ခါနှစ်ခါတော့ မြင်ဖူးပါတယ်။ ဒီပုဂ္ဂိုလ်ကြီးရဲ့ ဇာတိက ကျုပ်တို့သာယာဝတီနယ်သားအစစ်မဟုတ်ဘူးထင်တယ်ဗျ .. နော်"

ဆရာဦးသန်းအောင်၏ အမေးစကားဖြစ်၏။

အောင်မှတ်က ဖျတ်ခနဲသာအေးကိုကြည့်လိုက်သည်။

"ဟော့လူ ကိုသာအေး၊ ခင်ဗျားက ဆရာကြီးဆရာစံရဲ့ အနီးကပ်လူထဲကဆိုတော့ ဆရာကြီးရဲ့နောက်ကြောင်းရာဇဝင်ကို ဒီမှာပေါ့ဗျာ"

"သိသင့်သလောက်တော့ သိပါတယ် ကိုအောင်မှတ်ရယ်"

"ဒါဆိုရင်တော့ ခင်ဗျားက ရှင်းပြဗျာ။ ကျုပ်လည်း သိရတာပေါ့"

"ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော် သိသလောက် ပြောပြပါ့မယ်"

အောင်မှတ်နှင့် ဆရာဦးသန်းအောင်က ငြိမ်သက်စွာနားစွင့်နေကြ၏။ သာအေးက အမှောင်ကိုထွင်းဖောက်လျက် လရောင်များယှက်ဖြာကျဆင်းနေသည့် လဝန်းကြီးကိုပြတင်းပေါက်မှကျော်၍ မော့ကြည့်လိုက်သည်။

ထို့နောက် ..

"ဒီလိုပါဗျာ .."


+++

ဆရာစံသည် အလောင်းဘုရား ဦးအောင်ဇေယျပေါ်ထွန်းခဲ့သော ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာဇာတိ တောင်သူလယ်သမားကြီး ဦးကျေးဒေါ်ဖက်တို့မှ မွေးဖွာ[...] သော မွေးချင်းငါးယောက်အနက်[...] အထွေးဆုံးသားဖြစ်၏။

ဦးကျေးမှာ သရက်ကန်အရှေ့ရွာ[...] ဇာတိဖြစ်၍ ဒေါ်ဖက်မှာ အရာတော်[...] မြို့နယ် ကန်ဖြူဇာတိဖြစ်သည်။

ထိုစဉ်က အရာတော်မြို့နယ်တွင်[...] မိုးခေါင်ရေရှားသဖြင့် လယ်ယာလုပ်[...] ငန်းများ ပျက်ပြားသောကြောင့် ဒေါ်[...] ဖက်၏ မိဘများသည် သရက်ကန်[...] ကျေးရွာသို့ ပြောင်းရွှေ့ရာတွင် ဦးကျေး[...] နှင့်ဒေါ်ဖက်တွေ့ရှိရာမှ အကြောင်းပါ[...] ခြင်းဖြစ်၏။

ဦးကျေး၊ ဒေါ်ဖက်တို့၏ သာ[...] သမီးငါးယောက်မှာ ဦးရာကြူး၊ ဦးရ[...] ဒန်၊ ဒေါ်အေးမြင့်၊ ဒေါ်အေးဆင့်နှင့် ဦးရာကျော်(ခေါ်)ဆရာစံဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



ဦးရာကြူးသည် ဆရာစံ၏အကြီးဆုံး အစ်ကိုကြီးဖြစ်၏။ မျိုးချစ်စိတ်နှင့် သူ့ကျွန်မခံလိုသော တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးသွားခဲ့၏။ ထိုစိတ်ဓာတ်သည်ပင် ဆရာစံအား တောင်သူလယ်သမား အရေးတော်ပုံကြီးကို ဦးဆောင်ဆင်နွှဲရန် မျိုးစေ့ချပေးခဲ့ခြင်း ဖြစ်ပေသည်တကား ...

အကြီးဆုံးဦးရာကြူးသည် မြန်မာဘုရင်၏တပ်ဗိုလ် ဗိုလ်လှဦး၏တပ်တွင် ရဲထွက်ရဲခုတ်တပ်သားအဖြစ် သတ္တိပြောင်မြောက်စွာ အမှုတော်ထမ်းခဲ့သူဖြစ်၏။

ရဲထွက်ရဲခုတ်ဆိုသည်မှာ ရန်သူအင်္ဂလိပ် မျက်နှာဖြူများကို သူ့ကျွန်မခံလိုသောစိတ်ဓာတ်ဖြင့် ရဲရဲရင်ဆိုင်၍ သတ္တိဗျတ္တိပြည့်စုံစွာ ထိုးခုတ်တိုက်ခိုက်ဝံ့သူများရှိလျှင် ထွက်ကြဟု ရွာစဉ်လှည့်၍ ကြွေးကြော်စုဆောင်းရာတွင် ပြောင်မြောက်ဝံ့ရဲသောသတ္တိဗျတ္တိဖြင့် မိမိဆန္ဒအရ လိုက်ပါတာဝန်ထမ်းဆောင်သူဖြစ်သည်။

ဦးရာကြူးသည် မျိုးချစ်စိတ်ပြင်းထန်သူဖြစ်၏။ ရဲထွက်ရဲခုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်နေစဉ် နယ်ချဲ့သမားကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ တိုက်ပွဲဝင်၏။ ကိုယ့်အရှင်ကိုယ့်သခင်နှင့်ကိုယ့်အမိမြေအတွက်အသက်ပေးရလျှင်လည်း ဂုဏ်ယူစွာပေးအပ်မည်ဟု အဓိဋ္ဌာန်ပြုထားသူဖြစ်၏။

တိုက်ပွဲတိုင်းတွင် လက်စွဲတော်လှံကို ကျွမ်းကျင်လိမ္မာစွာအသုံးပြု၍ ရှေ့တန်းမှတိုက်ပွဲဝင်၏။

သို့နှင့် ‥ တစ်နေ့တွင် ‥

မုံရွာခရိုင် အရာတော်မြို့နယ်၊ ဝါးတောမကျောင်းတိုက် ဇရပ်ပေါ်တွင် နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်လာသော မျက်နှာဖြူတပ်သားများနှင့် ကုလားစစ်ဗာရီများ စခန်းချနေကြသည်ဟူသော သတင်းကို ဦးရာကြူးတို့ ရဲထွက်ရဲခုတ်တပ်ဖွဲ့ဝင်များသတင်းရသည်။

ရရှိသတင်းအတည်ပြုရန်နှင့် အကယ်၍ အတည်ပြုနိုင်လျှင် စီးနင်းတိုက်ခိုက်ရန် ရဲထွက်ရဲခုတ်တပ်ဖွဲ့ဝင်များ စီစဉ်ကြ၏။

"သူတို့မှာ သေနတ်တွေပါတယ်။ တို့မှာက ဓားတွေလှံတွေပဲရှိတာဆိုတော့ ရန်သူကိုတွေ့ရင် အနီးကပ်နိုင်သမျှကပ်ပြီး အတင်းဝင် အတင်းလုံးထွေးတိုက်ခိုက်ရမယ်။ ရန်သူကို သတ်နိုင်မျှသတ်ပြီးရင် အလျင်အမြန်ပြန်လည်ဆုတ်ခွာရမယ်။ ငါပြောတာသဘောပေါက်ကြရဲ့လား"

"သဘောပေါက်ပါတယ် ‥ ဗိုလ်မင်း"

"အေး ‥ ဒါဆိုရင် ‥ ရာကြူးမင်းက အထောက်တော်ရှေ့ပြေးတပ်သားအဖြစ် ရှေ့ကတက်"

"ကောင်းပါပြီ ဗိုလ်မင်း"

ရဲခုတ်တပ်သား ရာကြူးသည် ဝါးတောမကျောင်းတိုက်အနီးသို့ ခြေသံလုံလုံထား၍ ချဉ်းကပ်ခဲ့သည်။ စခန်းချ၍ အနားယူနေသော နယ်ချဲ့မျက်နှာဖြူများနှင့် ကုလားစစ်ဗာရီများကို တွေ့ရ၏။ သတင်းအတည်ပြုနိုင်ပြီဖြစ်ကြောင်း နောက်မှလိုက်ပါလာသော တပ်ဖွဲ့ကို ရာကြူးက သတင်းပို့လိုက်သည်။

ရဲခုတ်တပ်သားများ စုစည်းပြီးနောက် တိုက်မိန့်ပေးလိုက်သည်နှင့် ရာကြူးသည် ရှေ့ဆုံးမှလှံကိုဝင့်၍ ဇရပ်ပေါ်ပြေးတက်သွား၏။

ရာကြူးက သျှောင်တစ်စောင်းထုံး၍ အပေါ်ပိုင်းဗလာကျင်းထားသဖြင့် ခန္ဓာကိုယ်ကြီးကကြွက်သားအဖုအထစ်များ အပြိုင်းပြိုင်းထနေ၏။ ခါးတောင်းကြိုက်ထားသဖြင့်လည်း ထိုးကွင်းမင်ကြောင်များဖြင့် ပေါင်လုံးကြီးများမှာ



www.burmeseclassic.com

တုတ်ခိုင်နေ၏။ လက်မှာ လှံတစ်ချောင်းကိုင်၍ အံတင်းတင်းကြိတ်ထားသော ဘီလူးသဘက်ပမာ တင်းမာခက်ထန်နေသည့် မြန်မာကြီးကို မြင်လိုက်ရသဖြင့် မျက်နှာဖြူကင်းတပ်သား မင်တက်နေချိန်မှာပင် ရာကြူးလက်ထဲမှလှံက ရင်ဝကို ထိုးသွင်းခြင်းခံလိုက်ရ၏။

"အား .."

မျက်နှာဖြူတပ်သား၏ ငယ်သံပါအောင် ဟစ်အော်လိုက်သံအဆုံး ..

ရန်သူဟေ့ .. ရန်သူ

ပစ် .. ပစ်

ဒိုင်း .. ဒိုင်း

ရွှမ်း ..

အား .. အ .. အ

သေနတ်သံများ ဓားသံများနှင့် နာကျင်စွာအော်ဟစ်သံများဖြင့် ရှုတ်ရှုတ်သဲသဲဖြစ်နေသော ပြင်းထန်သည့် အနီးကပ်တိုက်ပွဲဖြစ်၏။

ရာကြူးတစ်ယောက် ရှေ့မှာမဲ၍ တိုက်နေစဉ် ရန်သူ့ကျည်က သူ၏ ဒူးကောက်ကွေးကို ထိမှန်ခံလိုက်ရ၏။ ဒူးတွေညွတ်ကွေးကျသွားသည်။ ရဲဘော်ရဲဘက်တစ်ယောက်က ပြေးပွေ့ယူလိုက်သဖြင့်သာ လဲကျမသွားခဲ့ခြင်းဖြစ်၏။ သူ့ရဲဘော်က သူ့ကိုထမ်း၍ တိုက်ပွဲအတွင်းမှ ဆုတ်ခွာခဲ့သည်။

သရက်ကုန်းအရှေ့ရွာသို့ရောက်သောအခါ ရာကြူးရရှိထားသော သေနတ်ဒဏ်ရာမှ သွေးလွန်နေပြီဖြစ်၏။ အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးနှစ်နှင့်သုံးဆယ်ကြားသာရှိသေးသော မြန်မာအညတရသူရဲကောင်းတစ်ဦးသည် အမိမြေနှင့်အမျိုးဘာသာသာသနာအတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားခဲ့ရှာလေသည်။

ဦးရာကြူးသည်ဆရာစံ၏အကြီးဆုံးအစ်ကိုကြီးဖြစ်၏။ မျိုးချစ်စိတ်နှင့် သူ့ကျွန်မခံလိုသော တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးသွားခဲ့၏။

ထိုစိတ်ဓာတ်သည်ပင် ဆရာစံအား တောင်သူလယ်သမားအရေးတော်ပုံကြီးကိုဦးဆောင်ဆင်နွှဲရန် မျိုးစေ့ချပေးခဲ့ခြင်းဖြစ်ပေသည်တကား ..။

## အခန်း(၈)

### သွေးစဉ်မျိုးဆက်

ဆရာစံ၏ ဒုတိယအစ်ကို ဦးရာဒန်သည် မစိုးရိမ်ရွာသူ ဒေါ်ရေချမ်းနှင့် အကြောင်းပါပြီး သားသမီးခြောက်ယောက်ထွန်းကားသည်။ တောင်သူအဖြစ် အသက်မွေးမှုပြုပြီး အသက်ငါးဆယ်အရွယ်တွင် သရက်ကန်ကျေးရွာ၌သေဆုံးသည်။ ဆရာစံ၏ တတိယအစ်မဖြစ်သူမှာ ဒေါ်အေးမြင့်ဖြစ်၏။ အဆိုပါ ဒေါ်အေးမြင့်မှာ ဦးဘိုးသန့်ဆိုသူနှင့်အကြောင်းပါ၍ အသက်ကိုးဆယ်ကျော်၌ အနိစ္စရောက်သည်။

စတုတ္ထအစ်မဖြစ်သူ ဒေါ်အေးဆင့်သည် မြင်းသူကြီးရွာသား ဦးစံပိတ်နှင့် အကြောင်းပါ၏။ အငယ်ဆုံးဖြစ်သော ဦးရာကျော်(ခေါ်)ဆရာစံသည် ငယ်စဉ်က ဦးသူရိယအုတ်ကျောင်းတွင် စာပေပညာသင်ကြားခဲ့ရာ ကဗျာလင်္ကာများကိုလည်း တတ်ကျွမ်းခဲ့သည်။

ထို့နောက် တစ်ဖန် မြင်းသူကြီးရွာ ဘိုးမှူးကျောင်းတွင် ဆက်လက်ပညာသင်ကြားပြီး အသက်ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ခန့်တွင် ကျောင်းမှထွက် သည်။

ထိုစဉ်အခါက ယင်းဒေသတွင် မြ ချောင်းကြီးမပေါ်ပေါက်သေးသဖြင့် မိုး ခေါင်ရေရှားသဖြင့် တောင်သူလယ် သမားတို့ အလွန်အမင်းဆင်းရဲပင်ပန် စွာ လုပ်ကိုင်စားကြရ၏။ ဒေသဖွံ့ဖြိုး မှုလည်း လွန်စွာအားနည်းသည်။

ဦးရာကျော်(ခေါ်)ဆရာစံသည် နှီးချောဖျာနှင့် ထန်းခေါက်တောင်းမျာ ရောင်းချ၍အသက်မွေးရ၏။ ထို့ကြော အသက်(၂၁)နှစ်အရွယ်တွင် ရေကြည ရာ မြက်နုရာ ရှာဖွေလုပ်ကိုင်ရန် ရွ မှ ထွက်ခဲ့လေသည်။ ဆရာစံသည် ဖြူ မြို့နယ်၊ ငါးခေါင်းအင်းရွာသို့ ရောက် ခဲ့၏။

ထိုရွာတွင် ဆရာစံကဲ့သို့ပင် မို ခေါင်ရေရှား၍ ဒေသဖွံ့ဖြိုးမှုမရှိသော အညာဒေသမှ ပြောင်းရွှေ့အခြေချလ သော ယဉ်ခြင်းရွာမှ ငါးခေါင်းအင်းရွ သို့ ရောက်ရှိနေသော ဒေါ်ကေဆိုသ နှင့် လူငယ်တို့ဘာဝ မေတ္တာမျှ အကြောင်းပါခဲ့လေသည်။

ဆရာစံနှင့်ဒေါ်ကေသည် မစိ နှင့်မောင်ဘိုးသင်ဟူသော သားသမီ နှစ်ယောက်ထွန်းကား၏။ သူတို့မိသား သည် လယ်ယာလုပ်ငန်းကိုလုပ်ကို လျက် အသက်မွေးဝမ်းကြောင်းပြု ၏။

တစ်နေ့သ၌ ..

ဆရာစံသည် မော်လမြိုင်ဘက် ထွက်ခွာသွားခဲ့၏။ ဇနီးဖြစ်သူ ဒေါ်ေ သည် သားသမီးနှစ်ယောက်နှင့်အ ခေါင်းရွက်ဈေးသည်ဘဝဖြင့် ငါးခေါ် အင်းကျေးရွာတွင်လုပ်ကိုင်စားသော



www.burmeseclassic.com

ရင်း ကျွန်ရစ်ရှာ၏။ ဆရာစံအား တစ်နေ့ပြန်လာနိုးဖြင့် မျှော်လင့်စောင့်စားနေခဲ့၏။ တစ်နေ့တွင် ဆရာစံထံမှ ဒေါ်ကေထံသို့ စာတစ်စောင်ရောက်လာ၏။ စာထဲတွင် . .

*မကေ*

*ငါသည် ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ဓာတ်ဆွဲခြင်းစတဲ့လုပ်ငန်းများနဲ့ တစ်ရပ်တစ်ကျေးမှာ နေထိုင်တော့မှာဖြစ်တဲ့အတွက် ငါ့ကို စောင့်မျှော်မနေပါနဲ့။ မင်းအနေနဲ့ နောက်အိမ်ထောင်ပြုလိုက ပြုပါလေ။ ငါ ခွင့်လွှတ်ပါတယ်။ ကျန်းမာပါစေ။*

*ရာကျော်*

ဟူ၍ ပါရှိလေသည်။


ဒေါ်ကေသည် ငါးခေါင်းအင်းရွာမှာပင် သားသမီးများနှင့်အတူ လုပ်ကိုင်စားသောက်နေခဲ့၏။ သမီးဖြစ်သူ မစိန်အရွယ်ရောက်လာသောအခါ ခင်ဖြစ်သူ၏ ဇာတိရွာဖြစ်သော ယဉ်မြင်းရွာမှာပင် ပြောင်းရွှေ့အခြေချလာသော ဦးညွှာ+ဒေါ်ရွှေဝါတို့၏သား ကိုဆွေရှင်ဆိုသူနှင့်အကြောင်းပါလေသည်။

မစိန် သားသမီးသုံးယောက်ထွန်းကားပြီးနောက် ဖခင်ဖြစ်သူကို လွန်စွာတွေ့လိုသည့်ဆန္ဒများ ဖြစ်ပေါ်လာတော့သည်။ အဖေ့ကို တွေ့အောင်ရှာမည်ဟူ၍လည်း သံန္နိဋ္ဌာန်ချလိုက်သည်။ ထို့ကြောင့် ငါးခေါင်းအင်းရွာသူကြီး ဦးစံပေါ်အကူအညီဖြင့် ဖခင်ရှိရာ မော်လမြိုင်ခရိုင် ဘီလူးကျွန်းမြို့နယ်သို့ ကားတစ်တန်၊ ရထားတစ်တန် သင်္ဘောတစ်တန်ဖြင့် လိုက်ခဲ့ရာ ကမာမိုးရွာသို့ ရောက်ခဲ့သည်။

မစိန်သည် ဘခင်ကြီးကို တွေ့ရတော့မည်မို့ ရင်တွေခုန်နေ၏။ အဖေ အခု ဘာလုပ်နေပါလိမ့်။ အဖေ ပိန်နေလား၊ ဝနေလား၊ စီးပွားရေးအဆင်ပြေရဲ့လား။ ကျန်းကျန်းမာမာကော ရှိရဲ့လားဟူသော အတွေးများဖြင့် စိတ်လှုပ်ရှားနေသဖြင့် မနည်းပင် ဣန္ဒြေဆောင်နေရလေသည်။

ကမာမိုးရွာအတွင်းသို့ ကျီးကန်းတောင်းမှောက်မျက်လုံးများ၊ တုန်ရီနေသော ခြေလှမ်းများဖြင့် လှမ်းဝင်လိုက်စဉ် အိမ်တစ်အိမ်ဆောက်လုပ်နေသည့် သံရိုက်သံ၊ တူထုသံ၊ လွှဖြတ်သံတွေကြားရာဆီ မစိန်အကြည့်ရောက်သွားစဉ် သူအလွန်တွေ့ချင်သော ဖခင်ကြီးဦးရာကျော်မှာ လက်သမားဆရာအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရလေသည်။

ရုတ်တရက် ခြေလှမ်းတွေရပ်တန့်လိုက်သည်။ အဖေ့ကို စူးစူးစိုက်စိုက်ကြည့်နေလိုက်မိ၏။ အဖေ့ငယ်ရုပ်သွင်ကို မစိန် ဖမ်းယူလိုက်နိုင်သည်။ အဖေသည် သျှောင်တစ်စောင်းထုံး၍ ပုဝါအနွမ်းလေးကို ကပိုကရိုပေါင်းထားသည်။ နှုတ်ခမ်းမွေးနှင့် မြန်မာပီသသည့် မြန်မာတစ်ယောက်မှန်း မြင်ရုံဖြင့် သိနိုင်သည်။ အလုပ်ကြမ်းသမားနှယ် ပုဆိုးကို တိုတိုဝတ်ထားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့၍ တလက်လက်တောက်နေသည့် မျက်လုံးအစုံ





www.burmeseclassic.com

www.burmeseclassic.com



**ဆယ်ခါပြန်သေလည်း သေရမှာကို မကြောက်နိုင်တော့ဘူး။**
**ဘဝအဆက်ဆက် နယ်ချဲ့သမားအုပ်စိုးခံရတဲ့ ကျွန်နိုင်ငံမှာ လူမဖြစ်ပါရစေနဲ့လို့ ဆုတောင်းပြီး**
**တိုက်ပွဲဝင်ရင်း အသေခံသွားတော့မယ်။ ဒါဟာ ကျုပ်တို့လယ်သမားအားလုံးရဲ့ ရင်ထဲက**
**တစ်ညီတစ်ညွတ်တည်းသော ဆန္ဒမွန်ပဲ ...**

တွင် အားမာန်အပြည့်ရှိနေ၏။ ဘာပဲ လုပ်လုပ် နိုင်မာပြတ်သားစွာဆုံးဖြတ်ပြီးလျှင် ဖြစ်အောင်လုပ်မည့် ဖွဲလုံ့လဝီရိယရှိသူတစ်ယောက်၏ သံမဏိစိတ်ဓာတ်အခံရှိသူဖြစ်ကြောင်း မစိန်ကောင်းကောင်းသိသည်။

မစိန် ရပ်၍ တွေတွေဝေဝေ ငေးကြည့်နေရာမှ လှမ်းထွက်လျှက် နှုတ်မှလည်း ..

"အဖေ .."

သူ့ဖခင် ဦးရာကျော်သည် ရပ်နေရာမှ ချာခနဲလှည့်၍ မစိန်ကိုကြည့်လိုက်၏။ ရုတ်တရက် ကြောင်ငေးငေးဖြစ်သွားရာမှ မှတ်မိသွားဟန်ဖြင့် တင်းစေ့ထားသည့်နှုတ်ခမ်းမှာ ပြုံးယောင်သမ်းလာလျက် ..

"ဟင် .. သမီးကြီးပါလား"

အနှစ်နှစ်အလလက ကြားချင်နေသည့် ဖခင်ဖြစ်သူအသံကို ကြားလိုက်ရသဖြင့် မစိန် ချက်ချင်းမတုံ့ပြန်မိ။ ခြေစုံရပ်နေရာမှ မျက်ရည် [illegible] ပိုးပေါက်ပေါက် လိမ့်ဆင်း[illegible]သည်။

"မငိုပါနဲ့တော့ သမီးရယ်၊ တိတ်တော[illegible]"

[illegible]အဖေက ပခုံးကို ညင်သာစွာဆုပ်[illegible]စ်သိမ့်၏။ ဖွဲကြွာနေသော အဖေနှင့်သမီး ပြန်လည်တွေ့ဆုံပုံက သည်တဒင်္ဂလေးမှာ ဝမ်းနည်းကြေကွဲမှုများဖြင့် ယက်ရှယ်နေသော်လည်း မာကျောသည့် နှလုံးသားပိုင်ရှင်များပီပီ ဖြေသိမ့်လိုက်နိုင်၏။ မစိန်သည် ဖခင်ကြီးနှင့်အတူ ဆယ့်ငါးရက်ခန့် အတူနေထိုင်သည်။ မစိန်ပြန်မည့်နေ့တွင် ဖခင်ဖြစ်သူက သူ့ကို ငွေတစ်ရာကျပ်ပေးပြီးနောက် ..

"သုံးလေးရက်ကြာရင် အဖေ ဖြူးကို ရောက်မယ် သမီး၊ အဖေ့ကို တွေ့ချင်ရင် ဘူတာက လာစောင့်နော်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ အဖေ"

မစိန်က ဖခင်ကြီးကို ရှိသေစွာ ထိုင်၍ ကန်တော့သည်။

ဖခင်ဦးရာကျော်က သမီးဖြစ်သူ၏ ခေါင်းကိုကိုင်၍ ရှည်လျားစွာသော ဆုပေးသံများကို မစိန်၏ ရှိုက်သံနှ[illegible] ရောနေသဖြင့် မကြားတစ်ချက်၊ ကြားတစ်ချက်။ ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု၍ ဆုတောင်းလျက်မှ သူ ဖခင်ကြီးကို ကျောခိုင်းခဲ့ရသည်။

## အခန်း(၉)

နောက်လေးရက်အကြာတွင် ..

မစိန်သည် ဖြူးမြို့ဘူတာမှ သွားရောက်စောင့်ဆိုင်းနေရာ ဖခင်ဖြစ်သူသည် ရပ်တန့်လာသည့် ရထားပေါ်[illegible] ဆင်းလာသည်ကို မြင်ရလေသည်။

သည်တစ်ခါမြင်ရသည့် သူ့မ[illegible] ဖခင်သည် မော်လမြိုင်တွင် တွေ့ခဲ့[illegible] သည့် လက်သမားဆရာပုံစံမျိုးမဟုတ်[illegible] တော့။ ပိ[illegible]ကို သေသပ်စွာပေါင်းထ[illegible] သည်။ တိုက်ပုံအကျီပင်နီရောင်န[illegible] ယောလုံချည်ကို ဝတ်ဆင်ထား၏။ တု[illegible] ကောက်တစ်ချောင်းကို လက်ကကို[illegible] ထားသေးသည်။ ကြိုဆိုသူများက [illegible] ရာကျော်ဟူ၍ မည်သူမျှမခေါ်။ ဆရာ[illegible] ဟု တရင်းတနှီးခေါ်၍ တရိုတသေဆ[illegible] ဆံကြသည်ကို မြင်ရလေသည်။

ဘူတာတွင် သားအဖနှစ်ယော[illegible] ရပ်စကားပြောနေသည်ကို ကြိုဆို[illegible] များက တွေ့သဖြင့် ဆရာစံသမီး[illegible] ခေါ်ခဲ့ပါဆိုကြ၏။ မစိန်ဖခင်ကြီးနှ[illegible] [illegible] ဦးပြည်မောင်မေ[illegible] [illegible] တိုက်ကြီး[illegible]ပါသွားခဲ့ရာ [illegible] အဖေနှင့် [illegible]ရင်းနှီးသော ဦး[illegible] ယာဝတီမောင်မောင်ဆိုသော ပုဂ္ဂိ[illegible] ကြီးကိုလည်း တွေ့ရလေသည်။

ထိုညတွင် ..

မင်းမဟာကျော်[illegible]
ဆက်လက်ဖော်ပြပါ[illegible]

www.burmeseclassic.com






# မောင်သစ်နွယ်

## ယမ်းငွေ့များလွင့်ပြယ်သွားလျှင် ....

ယခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရခဲ့သည်မှာ ၆၆ နှစ်ရှိခဲ့ပြီ။ မြန်မာတို့၏ အချုပ်အခြာအာဏာကိုလုယူ၍ ကျွန်ပြုခံခဲ့ရသည့်နှစ်ပေါင်းမှာ ၁၀၀ ကျော်သည်။

ထိုသို့သော နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မြန်မာတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အသက်၊ သွေးချွေးပေါင်းများစွာကိုစတေး၍ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ရင်ဆိုင်တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသော မြန်မာတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများမှာ စစ်၏သဘောအရ ရန်သူနှင့်တိုက်ပွဲဝင်ရင်း သူရဲကောင်းပီပီကျဆုံးရခြင်းဖြစ်သဖြင့် ဖြေသာနိုင်ပေသည်။

သို့ရာတွင် လွတ်လပ်ရေးရလုရခါနီးကာလကျမှ နယ်ချဲ့ထံမှ လွတ်လပ်ရေးရရှိရန်ကြိုးပမ်းနေသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးရခြင်းမှာ လွန်စွာမှပင် ဝမ်းနည်းကြေကွဲစရာကောင်းသည့်ပြင် ရှုပ်ထွေးအကျည်းတန်သော ဖျက်မရ၊ ပြင်မရသော သမိုင်းတွင် စွန်းထင်သွားသည့် အမည်းစက်ကြီး ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအား လုပ်ကြံသတ်ဖြတ်သူများမှာလည်း မြန်မာများပင် ဖြစ်သဖြင့် ပို၍ပင်ဝမ်းနည်းစရာကောင်းလှပေသည်။

မြန်မာတို့သည် လူနှစ်ယောက်ရှိလျှင် သုံးဖွဲ့ကွဲသည်ဆိုသော စကားကဲ့သို့ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုနည်းကြသည်။ တစ်ဦးကကောင်းတာလုပ်လျှင် ကျန်တစ်ဦးက အကောင်းမမြင်ရန် ခက်ခဲသည်။ ထို့ကြောင့်ပင် သမိုင်းတွင် ဖျောက်ဖျက်မရသော ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ဟူသော ကြေကွဲဝမ်းနည်းစရာနေ့တစ်နေ့ မြန်မာ့သမိုင်းတွင် အမည်းဆိုးနှင့် မော်ကွန်းတင်ရစ်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့နှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအား လုပ်ကြံသတ်ဖြတ်သူများအား ထိုစဉ်ကအုပ်စိုးနေသော ဗြိတိသျှအစိုးရက ရုံးတင်စစ်ဆေး၍ အပြစ်ပေးခဲ့ပုံကို တင်ပြရမည်ဆိုလျှင် ...။

**ရန်ကုန်မြို့၊ အထူးရာဇဝတ်ခုံရုံး။**
**၁၉၄၇ ခုနှစ်၊ ရာဇဝတ်မှု**
**အမှတ်(၁)**
**အင်းစိန်မြို့တွင်ရုံးထိုင်သည်။**

ဘုရင်နှင့် (၁)ဦးစော၊ (၂)မောင်စိုး၊ (၃)သက်နှင်း၊ (၄)မောင်စိန်(ခ)စိန်ကြီး(ခ)လှအောင်၊ (၅)ရန်ကြီးအောင်(ခ)လှထွန်း၊ (၆)သုခ၊ (၇)ခင်မောင်ရင်၊ (၈)မောင်နီ(ခ)ဘိုနီ(ခ)ဂနီ၊ (၉)မှုကြီး(ခ)မောင်မှုန် ...။

**စီရင်ချက်**

ဤအထူးရာဇဝတ်ခုံရုံးသို့ မြန်မာနိုင်ငံနန်းရင်းဝန်ဟောင်းဦးစောနှင့်တကွ ၎င်းနှင့်နေထိုင်သော တပည့်များအနက်

www.burmeseclassic.com

၉ ယောက်ဖြစ်ကြသည့် သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မေင်နီ၊ မှုံကြီးနှင့် ဘညွန့်တို့ကို လွှန်ခဲ့သော ဇူလိုင်လက အတွင်းဝန်များရုံးလုပ်ကြံမှုကို ကျူးလွန်ရန်အတွက် ရာဇဝတ်မကင်းသည့် ပူးပေါင်းကြံစည်မှုတွင် ပါဝင်သူများအဖြစ် တရားစွဲဆို တင်ပို့သည်။

မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် ရန်ကြီးအောင်တို့သည် ကာယကံမြောက် လုပ်ကြံသတ်ဖြတ်သူများဖြစ်ကြောင်း အဆိုပြုထားသည်။ ပထမတရားခံ ဦးစောအပါအဝင် အခြားတရားခံများသည် ပြစ်မှုကျူးလွန်ရန်အားပေးကူညီသူများဖြစ်ကြကြောင်းအဆိုပြုထားသည်။ ဘညွန့်ကိုမူ စည်းကမ်းချက်များဖြင့် လွတ်ငြိမ်းခွင့်ပေးပြီး အစိုးရသက်သေ(ဖော်ကောင်)အဖြစ် ဆောင်ရွက်ရန် တာဝန်ချထားပြီးဖြစ်သည်။

လွန်ခဲ့သော ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်လောက်မှာ အတွင်းဝန်များရုံး အဆောက်အဦအနောက်ဘက်ဆောင်တွင်ရှိသည့် ဦးအောင်ဆန်း(ကွယ်လွန်သူ)၏ ရုံးခန်းအတွင်း၌ ဦးအောင်ဆန်းက သဘာပတိအဖြစ်ဆောင်ရွက်၍ ဘုရင်ခံ၏ အမှုဆောင်ကောင်စီအစည်းအဝေးပြုလုပ်သည်။ ထိုအစည်းအဝေး၌ အမှုဆောင်ကောင်စီလူကြီးများဖြစ်ကြသော သခင်မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မစ္စတာရာဇတ်၊ မန်းဘခိုင်၊ ဦးမြ(ပျော်ဘွယ်)၊ ဦးအောင်ဇံဝေ(တရားလိုပြသက်သေ)နှင့် ဦးဘဂျမ်း(တရားလိုပြသက်သေ ၃)နှင့် စော်ဘွားကြီးစောစံထွန်းတို့ တက်ရောက်ကြသည်။ ထိုရုံးခန်းအတွင်း တောင်ဖက်စွန်း၌ ကောင်စီအစည်းအဝေး စားပွဲခုံရှိသည်။

ဦးအောင်ဆန်း၏ လက်ဝဲဘက်၌ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ဦးမြနှင့် ဦးစောစံထွန်းတို့က ထရံကိုကျောပေး၍ ထိုင်ကြသည်။ ဦးအောင်ဆန်း၏ လက်ယာဘက်၌ သခင်မြ၊ မစ္စတာရာဇတ်၊ ဦးဘဝင်း၊ ဦးဘချိုနှင့်မန်းဘခိုင်တို့က ထရံကို ကျောပေးပြီးထိုင်ကြသည်။ စားပွဲခုံထိပ်တွင် ဦးအောင်ဆန်းက အလယ်တွင်ထိုင်၍ ဦးအောင်ဆန်း၏ လက်ဝဲဘက်၌ အမှုဆောင်ကောင်စီ အတွင်းဝန် ဦးရွှေဘော်ကထိုင်သည်။ ဦးအောင်ဆန်း၏ လက်ယာဘက်၌ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနမှ ဒုတိယအတွင်းဝန် ဦးအုန်းမောင်ကထိုင်သည်။

နံနက် ၁၀ နာရီခွဲအချိန်လောက်တွင် ကောင်စီအစည်းအဝေးထိုင်နေကြစဉ် အစိမ်းရင့်ရောင် ယူနီဖောင်းများ ဝတ်ဆင်ထား၍ ပခုံးပေါ်တွင် အမှတ်(၁၂)စစ်တပ်တံဆိပ် တပ်ဆင်ထားကြသော လူလေးယောက်သည် မောင်းပြန်သေနတ်များကိုင်ဆောင်လျက် ကောင်စီရုံးအခန်းထဲသို့ အတင်းအဓမ္မဝင်ရောက်ကြပြီးလျှင် ကောင်စီစားပွဲတွင်ရှိကြသောလူများကို သေနတ်ဖြင့် ပစ်ခတ်ကြသည်။

စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ရာ အလွန့်အလွန်ဆိုးရွားသည့် ဤပြစ်မှုကြီးကို ကျူးလွန်ကြပြီးနောက် ထိုလူသတ်သမားလေးယောက်သည် အခန်းထဲမှ ထွက်ခွာပြီး ဗဟိုမုခ်ပေါက်သို့ဆင်းသည့်လှေခါးမကြီးဆီသို့ အလျှင်တဆောအသွားတွင် မစ္စတာရာဇတ်၏ သက်တော်စောင့်မောင်ထွေးကို ယင်း၏ အခန်းအပြင်ဘက်တွင် တွေ့ရာ ခုံလိမ့်မည်အထင်နှင့် ထိုလူလေးယောက်အနက်မှ တစ်ယောက်သောလူက သေနတ်ဖြင့်ပစ်ချလိုက်သည်။ ထို့နောက် ထိုလူများသည် လှေခါးအတိုင်း အပြေးဆင်းကြသည်။

အစိမ်းရောင် ယူနီဖောင်းဝတ်ဆင်ထားသူမောင်း၍ လှေကားရင်းမှာ စောင့်နေသောဂျစ်ကားက ထိုလူလေးယောက်ကို တင်ဆောင်ပြီး အတွင်းဝန်များရုံးအတွင်းမှ စပတ်လမ်းဘက်သို့ အထွက်ဂိတ်ပေါက်မှ ထွက်သွားသည်။

ဤသည်မှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများကို ရက်စက်ယုတ်မာစွာ လုပ်ကြံသူတရားခံများအား နိုင်ငံတော်လုပ်ကြံမှုကြီးအဖြစ် အထူးရာဇဝတ်ခုံရုံးတင် တရားစွဲဆိုရာတွင် တရားလိုတရားခံ နှစ်ဖက်လျှောက်လဲချက်များအပြီး ရုံးတော်မှ စီရင်ချက်ချရာတွင် ဖော်ပြထားသော ပထမစာပိုဒ်ဖြစ်သည်။ စီရင်ချက်၏ အဆုံးပိုဒ်တွင် ..

ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုံကြီးတို့အပေါ်ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့်ယှဉ်တွဲဖက်ရသော ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)အရ ရာဇဝတ်ပြစ်မှုများကျူးလွန်ရန် အားပေးကူညီမှုအတွက် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ပြီးလျှင် တစ်ဦးစီအပေါ် သေဒဏ်ချမှတ်လိုက်သည်။

၁၉၄၇ ခု၊ မြန်မာနိုင်ငံလွတ်လပ်ရေးရအုံဆဲဆဲတွင် လွတ်လပ်ရေးဗိသု



www.burmeseclassic.com

www.burmeseclassic.com



ာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းတို့ အာဇာနည်ခေါင်းဆောင်ကြီးများ ကျ ဆုံးရခြင်းသည် တစ်မျိုးသားလုံး၏ ဆုံး ရှုံးမှုကြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ သမိုင်းစာမျက်နှာအား သွေးစွန်း စေခဲ့သော လူမသမာတို့၏ မိုက်ပြစ်ကို သည်း တရားမျှတစွာစစ်ဆေး၍ ဥပဒေ အရ အပြစ်ရှိကြောင်းတွေ့ရှိသဖြင့် အပြစ်ပေးခြင်းကိုလည်း ကျူးလွန်သူ တို့ခံစားခဲ့ကြရသည်ပင် မဟုတ်ပါလား။

၁၉၄၈ ခု၊ မေလ ၈ ရက်နေ့ နံနက် အရဏ်တက် နီကျင်သည့် အရုဏ်ဦးရောင်ခြည်သည် တောင်နံရံ ကြီးများကို ကာရံထားသည့် တံတိုင်း ကြီးများကိုကျော်၍ ထောင်အတွင်း ဝင် လာသည်။

ဦးစောသည် သူ့အားပေးထား သော နံနက်စာ လက်ဖက်ရည်ကို မ သောက်ဘဲ ဘုရားရှင်အားရည်စူး၍ ယောင်းတိုင်သုံးတိုင်ထွန်းညှိလျက် အရုဏ်ဆွမ်းကပ်သည်။ မကြာခင် အချိန်အတွင်းမှာ သူသေရတော့မည် ဖြစ်သည်။ သူ ဘာတွေဆုတောင်းခဲ့ သည်ကိုမူ သူကိုယ်တိုင်မှတစ်ပါး မည် သူမျှသိနိုင်မည်မဟုတ်။ ဖြစ်နိုင်သည် မှာ ဘဝဆက်တိုင်း ဤကဲ့သို့သော အဖြစ်ဆိုးမျိုးနှင့် မကြုံတွေ့ရပါစေ ကြောင်း ဆုတောင်းပတ္ထနာပြုမည် ထင်ပါ၏။

ထို့နောက် ကြိုးတိုက်ခန်းထဲမှ ည်ငြိမ်အေးချမ်းစွာ ထွက်ခဲ့သည်။ ပြင်တွင်စောင့်နေသော အကျဉ်းသား ထမ်းများအား ပြုံးရွှင်စွာနှုတ်ဆက် သည်။ ကြိုးစင်ရှိရာ ထွက်ခွာလာရာ လမ်းတစ်လျှောက် ဗုဒ္ဓရုပ်ပွားတော်တစ် ဆူကို လွန်လာရာမှ ပြန်လှည့်၍ ဖူး တုပ်ရှိခိုး၏။ ကြိုးစင်ရှိရာသို့ ဆက်လက် ထွက်ခွာလာရာ မြင်ရာလူကို နှုတ်ဆက် ၏။ မမြင်ရသူကို မေးသည်။ နှုတ်ဆက် သွားကြောင်းမှာ၏။

မေလ နံနက်ခင်း လေပြည်သည် နွေအပူကို အေးမြစေသလောက်ရှိ သော်လည်း ဦးစော၏ရင်ကိုမူ အေးမြ နိုင်မည်မဟုတ်ပါ။ ကျူးလွန်ခဲ့သော အကုသိုလ်သည် ယခုဘဝတွင်ပင် တူ သောအကျိုးကို ပေးပေတော့မည်။ ထို့အပြင် တမလွန်ဘဝတွင်လည်း ဤ အကုသိုလ်သည်ကောင်းကျိုးအထောက် အပံ့ကောင်းဖြစ်နိုင်မည်မဟုတ်ကြောင်း သိလိုက်သည်။

ဦးစော၏မျက်နှာတွင် သူရသတ္တိ ပြည့်စုံစွာဖြင့် ဟန်ဆောင်ထားစေကာ မူ သူ့ရင်ထဲမှာ လောင်မြိုက်နေသော နောင်တ တရားကို ထွေးပွေ့တည် ဆောက်၍ ကြိုးစင်ပေါ်တက်သွားခဲ့ရ ၏။

စင်စစ် ဦးစောသည် မြန်မာဖြစ် ၏။ သူလုပ်ကြံခဲ့သော ဗိုလ်ချုပ်အောင် ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီး များမှာလည်း မြန်မာများပင်ဖြစ်၏။ မြန်မာကို မြန်မာကသတ်ခြင်းဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာ မည်မဟုတ်။

ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်း ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံးသည်လည်း တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည်ဖြင့် ကိုယ့်မြေကိုယ့်ရေ ကိုယ့်အမျိုးဘာသာသာသနာကို ကာ ကွယ်ရန် တာဝန်ရှိ၏။

မြန်မာနိုင်ငံသည် တိုင်းရင်းသား အားလုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်၏။ မြန်မာနိုင်ငံကို တိုင်းတစ်ပါးက ကျူး ကျော်စော်ကားမှုမရှိစေရန် ကာကွယ် ကြရမည်ဖြစ်သကဲ့သို့ ကိုယ့်အချင်းချင်း စစ်ပွဲတွေ ခင်းကျင်းနေခြင်းကိုလည်း ရပ်တန့်ကြရမည်သာဖြစ်၏။

ပြည်တွင်းစစ်ရပ်စဲ၍ မြန်မာ့ ကောင်းကင်ယံတွင် ယမ်းငွေ့များ လွင့် ပြယ်ကြည်လင်သွားခဲ့လျှင် နိုင်ငံသား အားလုံး ငြိမ်းချမ်းရေးအသီးအပွင့်ကို ခံစားကြရမည်ဖြစ်၏။

မြန်မာနိုင်ငံသည် အင်အားကြီး နိုင်ငံကြီးများနှင့် နယ်နိမိတ်ချင်းထိစပ် နေသဖြင့် ထိလွယ်ရှလွယ်သည့် ကျွတ် ဆတ်သောအနေအထားတွင်ရှိနေ ကြောင်း အားလုံးအသိဖြစ်၏။ တိုင်း ရင်းသားအားလုံး စည်းလုံးညီညွတ်မှု ရှိမှသာ မြန်မာနိုင်ငံအား နယ်နိမိတ် ချင်းထိစပ်နေသည့် နိုင်ငံကြီးများနှင့် ဒေသတွင်းနိုင်ငံများကပါ ခန့်ငြားကြ ပေလိမ့်မည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသားလူမျိုးစု အားလုံး မေတ္တာတရားခိုင်မာစွာဖြင့် တစ်ဦးကိုတစ်ဦး သံသယကင်း၍ စည်း လုံးညီညွတ်မှသာ မြန်မာနိုင်ငံသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံတော် ဖြစ်လာပေ မည်။

ထို့ကြောင့် ထိုနေ့ကဲ့သို့ သွေးစွန်း သည့်နေ့အား သမိုင်းသင်ခန်းစာယူ၍ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ် ကြရန် တင်ပြလိုက်ရပေသည်။

မောင်သစ်နွယ်




www.burmeseclassic.com

www.burmeseclassic.com


# လှမိုး (ပညာရေး)

## နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ




www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ အီတလီနိုင်ငံ၊ ရောမမြို့မှ ထုတ်ဝေသော သံတော်ဆင့်သတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ကြရသော နိုင်ငံတကာမှ သတင်းစာဖတ်ပရိသတ်မှာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရ၏။ သံတော်ဆင့်သတင်းစာကြီးမှာ အီတလီနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာများတွင် စောင်ရေအများဆုံးထုတ်ဝေရသည့် သတင်းစာကြီးတစ်စောင် ဖြစ်သည့်သာမက အီတလီနိုင်ငံတွင် ဩဇာတိက္ကမအကြီးမားဆုံးသတင်းစာကြီးတစ်စောင်ဖြစ်ပါသည်။

"ဗြိတိသျှအမျိုးသားနာမည်ကျော် စာရေးဆရာ မွန်ဂိုမာရီဟိုက် အား အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည် ဆိုခြင်း"

ရောမ

*၁၉၆၄၊ ဒီဇင်ဘာလ ၂၀ ရက်။*

ကျွန်တော်များ၏ သတင်းစာ၊ ဗဟိုတရားရုံးမှုခင်းသတင်းထောက်၏ သတင်းပေးပို့ချက်အရ အထက်ဖော်ပြပါ ဗြိတိသျှအမျိုးသားစာရေးဆရာ မွန်ဂိုမာရီဟိုက်အား ကွယ်လွန်သူ အီတလီရေတပ်မတော်မှ ဗိုလ်ချုပ်ကြီး အယ်(လ်)ဘာတိုလေယက်(စ်)၏ သားဖြစ်သူနှင့် တူဖြစ်သူတို့က ရေကြောင်းဗိုလ်ချုပ်ကြီး အယ်(လ်)ဘာတိုလေယက်(စ်)အား စာရေးဆရာ မွန်ဂိုမာရီဟိုက် ရေးသားပြုစုခဲ့သော The Quiet Canadian) (ရေငုံ နှုတ်ပိတ်နေသော ကနေဒါအမျိုးသား)ဟူသော အရောင်းရအသွက်ဆုံးစာအုပ်တွင် ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်ခဲ့သည့်သာမက ၁၉၄၁ ခု မတ်လ (ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန်)တွင် အီတလီနိုင်ငံ၊ မတ်ဗင်အငူရေကြောင်းတိုက်ပွဲတွင် အီတလီရေတပ်မတော်ကြီးမှ လေယာဉ်သင်္ဘောကြီးများ၊ တိုက်သင်္ဘောများ၊ ဖျက်သင်္ဘောများ နစ်မြုပ်ရခြင်းတွင် တာဝန်ရှိသူဖြစ်ကြောင်း၊ ရေကြောင်းဗိုလ်ချုပ်ကြီးအယ်(လ်)ဘာတိုလေယက်(စ်)သည် မဟာမိတ်သူလျှိုမ'စင်သီယာ'၏ညွှတ်ကွင်းသက်ဆင်းခဲ့ရပြီး အီတလီရေတပ်မတော်၏ လျှို့ဝှက်သတင်းပေးပို့ချက်စနစ်အား ထိုသူလျှိုမလက်သို့ ပေးအပ်ခဲ့သဖြင့် ဤရေကြောင်းတိုက်ပွဲ ရှုံးနိမ့်ခဲ့ရသည်ဟုရေးသားဖော်ပြခဲ့သည်။

ဤသို့ ရေးသားဖော်ပြချက်သည် ဗိုလ်ချုပ် အယ်(လ်)ဘာတိုလေယက်(စ်)၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်သည်ဟူ၍ တရားစွဲဆိုခဲ့ရာ အီတလီနိုင်ငံ၊ မီလန်မြို့အထူးတရားရုံးတော်က ယင်းအမှုကို စစ်ဆေးမည်ဟု သတင်းရရှိသည်။

ယင်းသတင်းကို အီတလီနိုင်ငံမှ ထုတ်ဝေသော အခြားသတင်းစာကြီးများကလည်း စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားပြီး အသံလွှင့်အစီအစဉ်များက ထုတ်လွှင့်ပေးခဲ့သည်။ ဘီဘီစီအသံလွှင့်အစီအစဉ်နှင့် ကနေဒါနိုင်ငံအသံလွှင့်ဌာနမှလည်း အထက်ဖော်ပြပါ မှုခင်းနှင့်ပတ်သက်၍ ထုတ်လွှင့်သွားခဲ့သဖြင့် နိုင်ငံတကာမှ လူထုစိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့သည်။ ကမ္ဘာ့သတင်းမီဒီယာလောကနှင့် စာရေးဆရာများ အသိုင်းအဝန်းတွင်လည်း ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သော မှုခင်းဖြစ်လာသည်။

စာရေးဆရာ မွန်ဂိုမာရီဟိုက်ကမူ သူ ဤစာအုပ်ကို ရေးသားပြုစုရာတွင် သာမန် သူပြောကိုယ်ပြော ပါးစပ်ဂေဇက်သတင်းများကို အထောက်အထားပြု၍ ရေးသားခြင်းမဟုတ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးကာလ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ကော် အီတလီသံရုံးတွင် အမှုထမ်းခဲ့ကြသော အီတလီနိုင်ငံခြားရေးဌာနမှဝန်ထမ်းများ၊ ထိုစဉ်က ယင်းသံရုံးတွင် အလုပ်သမားများ၊ ဒမ်တော်ကားသမားများ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ အမေရိကန်ပြည်ထောင်စု အက်



www.burmeseclassic.com

(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ အငြိမ်းစား စုံထောက်အရာရှိများနှင့် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၏ မှတ်တမ်းများ၊ ဗြိတိသျှဘုရင်မကြီးရေတပ်မတော် ထောက်လှမ်းရေးဌာနနှင့် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့အမှတ်(၅)မှ အငြိမ်းစားအရာရှိများနှင့် ယင်းဌာနတို့မှ ကာလစည်းကမ်းသတ်မှတ်ချက် ကျော်လွန်သည့်မှတ်တမ်းများကို စနစ်တကျ သုတေသနပြုပြီးမှ အထက်ဖော်ပြပါစာအုပ်ကို ရေးသားခဲ့ခြင်းဖြစ်သည်ဟု သတင်းမီဒီယာများအား ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သိရ၏။

စာရေးဆရာ မောင်ဂိုမာရီဟိုက်၏ ဥပဒေအကျိုးဆောင်ဖြစ်သူကလည်း စာရေးဆရာ မောင်ဂိုမာရီဟိုက်အဖို့ အထက်ဖော်ပြပါမှုခင်းနှင့်ပတ်သက်၍ အီတလီနိုင်ငံ၊ မီလန်မြို့၊ အထူးတရားရုံးသို့ တင်ပြနိုင်ရန် ခိုင်မာသော အထောက်အထားအချက်အလက်များ ရှိခဲ့ကြောင်း၊ ထိုအထောက်အထားအချက်အလက်များကို မီလန်တရားရုံးတော်သို့ တင်ပြနိုင်ရန် စီစဉ်ထားပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဤစာအုပ်ကိုထုတ်ဝေသည့် စာပေတိုက်အဖို့ ဤအမှုအခင်းဖြစ်လာခဲ့သဖြင့် ထိုစာအုပ်မှာ ထိပ်တန်းအရောင်းရစာရင်းဝင်စာအုပ်ဖြစ်ခဲ့ပြီး အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသော စာအုပ်ဖြစ်၏။ ကနေဒါနိုင်ငံ၊ နိုင်ငံခြားရေးဌာနနှင့် ဗြိတိသျှဘုရင်မကြီး၏ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကမူ ဤအမှုနှင့်ပတ်သက်၍ အီတလီနိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်ဟူသော သတင်းများလည်း ထွက်လာခဲ့၏။ အီတလီနိုင်ငံမှ သတင်းစာကြီးအားလုံးကမူ စာရေးဆရာ မွန်ဂိုမာရီဟိုက်သည် သူပြောကိုယ်ပြော အတင်းအဖျင်းသတင်းများ အခြေပြု၍ ရေးသားခဲ့ခြင်းဖြစ်ရာ အီတလီအမျိုးသားရေတပ်မတော်ကြီး၏ ဂုဏ်သိက္ခာနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး အယ်(လ်)ဘာတိုလေယက်(စ်)နှင့် မိသားစုကိုပါ ထိခိုက်စေသည်ဟု ပြင်းပြင်းထန်ထန်ဝေဖန်ရေးသားခဲ့သဖြင့် ဤအမှုကြီးအား စစ်ဆေးမည့်တရားသူကြီးနှင့် ဥပဒေအကျိုးဆောင်များအဖို့ အထူးသတိထား၍ စစ်ဆေးကြရမည်ဖြစ်သည်။

မှတ်တမ်းများအရမူ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ တစ်နှစ်ခန့်ကမူ ရေကြောင်းဗိုလ်ချုပ်ကြီး အယ်(လ်)ဘာတိုလေယက်(စ်)သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ အီတလီအစိုးရသံရုံးတွင် ရေကြောင်းစစ်သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က နာဇီဂျာမနီနိုင်ငံနှင့် ဖက်စစ်အီတလီနိုင်ငံတို့သည် မဟာမိတ်အဖြစ်ဖွဲ့စည်းခဲ့ကြရာ ထိုစဉ်က ရောမဘာလင်ဝင်ရိုးတန်းနိုင်ငံ မဟာမိတ်များဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့ကြသည်။ (ဖက်ဆစ်ဂျပန်နိုင်ငံသည် နောင်အခါ ထိုမဟာမိတ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့၏)နာဇီဂျာမနီနိုင်ငံသည် ၁၉၃၃ ခုနှစ်ကပင်စတင်၍ ရေတပ်ကြည်းတပ်နှင့် လေတပ်မတော်တို့အား တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ ထိုစဉ်က ဂျာမနီနိုင်ငံတော်၏ နိုင်ငံရေးအာဏာရရှိလာသော နာဇီပါတီထိပ်သီးခေါင်းဆောင်များသည်

ထိုစက်ဖြင့်
ပေးပို့သည့်သတင်းများအား
မည်သည့်နိုင်ငံမှ
ထုတ်ဖော်နိုင်ခြင်းမရှိဟူ၍လည်း
မှတ်တမ်းများအရသိရသည်။
ဤတွင်
အမေရိကန်ပြည်ထောင်စုမှ
ထိပ်သီးအာဏာပိုင်များ၊
အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့မှ
တာဝန်ရှိသူများ၊
ဖက်ဆစ်ထောက်လှမ်းရေးအဖွဲ့မှ
တာဝန်ရှိသူများကလည်း
နာဇီဂျာမန်တို့၏
Enigma စက်နှင့်
သတင်းပေးပို့သည့်
နည်းစနစ်ကိုရရှိအောင်
ကြိုးစားခဲ့ကြသည်



www.burmeseclassic.com

ဗြိတိသျှနှင့်မဟာမိတ်ဖြစ်သောပြင်သစ်နိုင်ငံတို့အားယှဉ်ပြိုင်နိုင်ရန် စစ်အင်အားတိုးချဲ့ရမည်ဟုယုံကြည်ထားသည်။ အထူးသဖြင့် ရေတပ်မတော်အား အစဉ်အလာကြီးမားသော ဗြိတိသျှတို့၏ ဘုရင့်ရေတပ်မတော်ကြီးနှင့်ယှဉ်နိုင်ရန် စီစဉ်လာခဲ့ကြသည်။ ကြီးမားသော ရေတပ်မတော်၊ တိုက်သင်္ဘောကြီးများ၊ လေယာဉ်တင်သင်္ဘောကြီးများ တည်ဆောက်လာခဲ့သည်သာမက ယူဘုတ် (U.Boat) ခေါ် ရေငုပ်သင်္ဘောများ အမြောက်အမြားတည်ဆောက်ခဲ့သည်။


ဖက်ဆစ်အီတလီနိုင်ငံကလည်း မြေထဲပင်လယ်ကို စိုးမိုးနိုင်ရန် အီတလီရေတပ်မတော်ကြီးကို တိုးချဲ့ရန်စီမံခဲ့သည်။ ဖက်ဆစ်အီတလီခေါင်းဆောင် မူဆိုလီနီသည် သမိုင်းအစဉ်အလာကြီးမားခဲ့သော ရောမနိုင်ငံတော်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ရန် ခြေလှမ်းပြင်လာသည်။ နေမဝင်သော ဗြိတိသျှအင်ပါယာကြီးကို ပြောင်ပြောင်တင်းတင်းအံတုနိုင်ရန် စီမံသည်။ နာဇီဂျာမန်ခေါင်းဆောင်ဟစ်တလာ၏ အကူအညီ၊ နာဇီဂျာမန်တပ်မတော် ထိပ်သီးခေါင်းဆောင်များ၏ အကူအညီကို အများဆုံးယူခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

ထိုစဉ်က နာဇီတပ်မတော် ဆောက်လုပ်ရေးတပ်မှ ပညာရှင်များသည် သမိုင်းတွင် မည်သည့်နိုင်ငံမှ တစ်ကြိမ်တစ်ခါမျှ တီထွင်နိုင်ခဲ့ခြင်းမရှိသော လျှို့ဝှက်သတင်းပေးပို့သည့် Enigma ခေါ် ဝိုင်ယာလက်စက်နှင့် လျှို့ဝှက်သတင်းပေးပို့သည့် သင်္ကေတစနစ်ကို တည်ထွင်နိုင်ခဲ့သည်။ ဤစက်နှင့် သတင်းပေးပို့သည့်သင်္ကေတစနစ်ကို ထိပ်တန်းလျှို့ဝှက်အဖြစ် ထားရှိခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့ကလည်း ထိုစက်နှင့်လျှို့ဝှက်သတင်းပေးပို့သည့် စနစ်ကို ရယူနိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြ၏။ ထိပ်တန်းသူလျှိုများစေလွှတ်၍လည်း အထက်ဖော်ပြပါ Enigma လျှို့ဝှက်သတင်းပေးပို့စက်နှင့် သတင်းပေးပို့သည့် လျှို့ဝှက်သင်္ကေတစနစ်ကို ရရှိစေရန် စီမံခဲ့ကြသည်။

ပြင်သစ်အစိုးရ အထူးထောက်လှမ်းရေးအဖွဲ့အမှတ်(၂) (Deuxieme Bureau) ကလည်း ထိုစက်ကို ရရှိရေးကြိုးပမ်းခဲ့ကြ၏။

ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများ၏ အဓိကတာဝန်ယူရသော နာဇီဂျာမနီနိုင်ငံသည် အထက်ဖော်ပြပါ Enigma သတင်းပေးပို့သည့်စက်နှင့် သတင်းပေးပို့သည့် လျှို့ဝှက်သင်္ကေတနည်းစနစ်များကို သူ့မဟာမိတ်နိုင်ငံများဖြစ်သော ဖက်ဆစ်အီတလီနိုင်ငံနှင့် ဖက်ဆစ်ဂျပန်နိုင်ငံတို့သို့ ထိပ်တန်းလျှို့ဝှက်အဆင့်အနေဖြင့် အထက်ဖော်ပြပါစက်နှင့် သတင်းပေးပို့သည့် သင်္ကေတနည်းစနစ်ကို ပေးခဲ့သည်ဟု ဆိုသည်။

စာမျက်နှာ ၁၇၇ သို့






www.burmeseclassic.com

www.burmeseclassic.com



# မိစ္ဆာ

ယုံစားမိမှား





www.burmeseclassic.com

www.burmeseclassic.com



အယူခံ မောင်ကျော်တံဆိုသူသည် အကျဉ်းထောင်အတွင်းမှ အယူခံမှုများကို ဆောင်ရွက်ပေးနေရသော ထောင်ကျအကျဉ်းသားတစ်ဦး ဖြစ်ပါသည်။ အပြင်လောကတွင် ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရာမှ စားသောက်ဆိုင်တစ်ဆိုင်တွင် အရက် သောက်စားနေကြသူများအချင်းချင်း စကားများခိုက်ရန်ဖြစ်ပွားခဲ့ကြရာမှ လူသေမှုဖြင့် ထောင်ဒဏ်(၅)နှစ် ကျခံနေရသူဖြစ်သည်။

ဒါကြောင့် အကျဉ်းထောင်သို့ ထောင်ကျလာသောအခါ ထောင်ပိုင်ကြီးမှ ထောင်ကျရုံးတွင် အယူခံမှုများ ရေးသားဆောင်ရွက်နိုင်ရန် လေဘာ(အလုပ်)ချထားခြင်း ခံရသူဖြစ်သည်။ မောင်ကျော်တံသည် ထောင်ကျလာသော ရိုးရိုးအကျဉ်းသားများ၊ သေဒဏ်ကျခံရသော ကြိုးသမားများဘက်မှ အယူခံမှုကို ကြိုးပမ်းဆောင်ရွက်ပေးရလေသည်။

ထောင်တွင်းအယူခံ ဝင်ရောက်လိုသော အကျဉ်းသားများသည် ပြင်ပမှ ရှေ့နေများ ငှားရမ်းသလို အခကြေးငွေတစ်ပြားတစ်ချပ်မှမကုန်ဘဲ ဥပဒေပညာကို နားလည်တတ်ကျွမ်းသော မောင်ကျော်တံ၏ အတွေ့အကြုံများဖြင့် ခုခံလျှောက်လဲပေးသည့် အယူခံလွှာများကို အထက်ရုံးတော်ဆီ တင်သွင်းကြရလေသည်။

များသောအားဖြင့် အယူခံမှုများကို တင်သွင်းသည့်အခါ ပလပ်ခံရသည်များရှိသလို နိုင်သွားသောအမှုများလည်း ရှိလေသည်။ ရှုံးသွားရသည့်အမှုများမှာ အယူခံတရားလိုဘက်မှ ပြစ်မှုကို ကျူးလွန်ခဲ့ရာတွင် ရက်စက်ရမ်းကားမှုများရှိခြင်း၊ လူသားချင်း စာနာထောက်ထားသနားညှာတာမှုမရှိဘဲ နိုင့်ထက်စီးနင်း ပြုကျင့်ခဲ့ကြသောကြောင့်လည်း အမှုသွားအမှုလာမှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှား ဖြစ်နေကြောင်း ပေါ်လွင်နေသော ကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် တရားခံများသည် အမှုတစ်ခုကို လက်လွတ်စပယ် ပြုကျင့်ခဲ့ကြသည်က များလေသည်။ တချို့က လောဘ၊ ဒေါသ၊ မောဟ နောက်ကွယ်မှာ ငြိစွန်းလာသောအခါ လူသတ်ရန် ဝန်မလေးကြတော့ပေ။ တချို့ကလည်း ပင်ကိုယ်စရိုက်မှန်ကိုက ရာဇဝတ်မှုတစ်ခုကို ထမင်းစားရေသောက်သလို လွယ်လွယ်ကျူးလွန်လာလေ့ရှိကြသည်။

မည်သို့ပင်ဆိုစေ အယူခံမောင်ကျော်တံသည် မိမိတာဝန်ယူရေးသားပေးရသော အယူခံမှုများတွင် ဥပဒေစီရင်ထုံးများကို ကိုးကားပြီး အမှုမှလွတ်ရန် ဆင်ဝှေ့ရန်ရှောင် ရေးသားတင်ပြနေရသည်။ တရားခံများဘက်မှလည်း အမှုကို ကျူးလွန်စဉ်က သာမန်သဘောလုပ်ဆောင်လာခဲ့ကြသော်လည်း ထောင် ဒဏ်ကျခံလာရသောအခါ ကြောက်ရွံ့ပူပန်စိတ်ဖြင့် အယူခံမောင်ကျော်တံ့ထံ ချဉ်းကပ်အကူအညီတောင်းခံလာကြခြင်း ဖြစ်ပါသည်။

ယခုလည်း အယူခံ မောင်ကျော်တံသည် သေဒဏ်ကျခံနေရသော ကြိုးသမားတစ်ဦး၏အယူခံလွှာကို ပါယ်ချခြင်းခံရသဖြင့် အမှုစီရင်ချက်ပါ အကြောင်းအရာအပေါ် အနုလုံပဋိလုံ ပြန်လှန်ဖတ်ရှုစဉ်းစားဆင်ခြင်နေမိသည်။

"မောင်ကျော်တံ ... ကြိုးသမားမြတ်လှရဲ့ ... အယူခံမှုကို အထက်ရုံးက ပယ်ချလိုက်ပြီဗျ၊ ဒီကောင်ကလည်း ... တော်တော် ရက်စက်ခဲ့ပုံရတယ်"

"ဟုတ်တယ်ဆရာ . . ကျွန်တော်လည်း ဒီအမှုဖြစ်စဉ်ကို ကြိုးသမားထဲမှာ စမေးခဲ့စဉ်ကတည်းက . . . လွယ့်တော့မလွယ်လောက်ဘူးလို့ . . . ထင်ထားတာ"

"ပြစ်မ်းပါဦး . . . သူ့အမှုဖြစ်စဉ်က . . ဘယ်လောက်တောင် ရမ်းကားမိုက်မဲခဲ့လို့လဲ၊ သေဒဏ်ကျခံရသည်ထိဖြစ်လာတာ"

"ဟောဒီမှာပါ ဆရာ . . . ဒါကသူ့အမှုတွဲဖိုင်ပါ"

ကျွန်ုပ်သည် မိမိလက်အောက်တွင် တာဝန်ထမ်းဆောင်နေသောအယူခံဌာနမှ အယူခံမောင်ကျော်တံ၏ အယူခံလွှာတင်သွင်းခဲ့သော ကြိုးသမားမြတ်လှ၏အမှုဖြစ်စဉ် အကျဉ်းရေးသားထားသောဖိုင်ကို တောင်းယူကြည့်နေသည်။

တကယ်တော့ လူတစ်ယောက်အမှုအခင်းဖြစ်ပြီး၊ သေဒဏ်ပေးခံရသည်မှာ ကြီးလေးသောအမှုကြီးတစ်ခုကို ရက်ရက်စက်စက် ပြုကျင့်လာခဲ့ခြင်းကြောင့်သာ ကြိုးပေးစီရင်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

"ဆရာ . . . သူ့အမှုကို စုံညီခုံရုံးကို ဆက်တင်ရင်တော့ . . . သက်ညှာစွာ စဉ်းစားပေးလိမ့်မယ် ထင်တယ်"

"ဒါကလည်း . . . မလွယ်ပါဘူးဗျာ၊ ဒီကောင်တွေက . . . အမှုတစ်ခုကိုစဉ်းစားဆင်ခြင်တုံတရား နည်းခဲ့ကြလို့လုပ်ရဲကိုင်ရဲ . . . ဇကလေးရှိတော့ . . . လွယ်လွယ်ကျူးလွန်သွားခဲ့ကြတာပဲ"

ကျွန်ုပ်သည် အယူခံ မောင်ကျော်တံ၏စာဒကမှု တင်သွင်းသည် [illegible] ပေါ် အခြေအနေမဟန်နိုင်ကြောင်း ရှင်းပြလိုက်သည်။ ကြိုးသမားဆိုတာမျိုးကလည်း သေဒဏ်စီရင်ချက်ချမှတ်ခံရပြီဆိုသည်နှင့် ကြောက်ရွံ့ထိတ်လန့်ကာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခံစားလာရလေသည်။

ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော သက်တမ်းတစ်လျှောက် သေဒဏ်ကျခံနေရသော ကြိုးသမားများအယူခံနိုင်သွားသည်ဆိုသည်မှာ ခပ်ရှားရှားပင်။ များသောအားဖြင့် အထက်ရုံးအဆင့်ဆင့်မှာပင် အယူခံရှုံးနိမ့်သွားကြသူများက ဒုနှင့်ဒေး။

ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ် သေဒဏ်ချမှတ်ခြင်းခံထားရသော ကြိုးသမားမြတ်လှ၏ အယူခံတင်သွင်းလာသော အမှုဖြစ်စဉ်လေးကိုစိတ်ပါဝင်စားစွာဖြင့် လှန်လှောဖတ်ကြည့်နေမိသည်။

+ + +

ကျွန်တော်သည် အဖဦးအောင်မြတ်၊ အမိ ဒေါ်ထွေးမှဖွားမြင်သောသားသမီးသုံးဦးအနက် ဒုတိယမြောက်သားတစ်ဦးဖြစ်သည်။ ကျွန်တော့်ကိုမင်းဘူးခရိုင်အတွင်းရှိ မြို့လေးတစ်မြို့တွင် မွေးဖွားခဲ့သည်။

ကျွန်တော်သည် အတန်းပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ဘဲ ခုနစ်တန်းနှင့် ကျောင်းမှထွက်လာခဲ့သည်။ အဖေနှင့်အတူ လယ်ယာကိုင်းကျွန်းအလုပ်များကို ပိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ပေးနေသည်။

ကျွန်တော် အသက်နှစ်ဆယ်ခန့်တွင် တစ်ရွာထဲမှ လယ်ပိုင်ရှင် ဦးမြဘူးသမီး မထွေးလှနှင့် အိမ်ထောင်ရက်သားကျသွားသည်။ ကျွန်တော်သည်

လူသူလေးပါး
ကင်းရှင်းနေသော
တောကြိုအုံကြားဝယ်
သွေးသားမည်မျှပင်
တော်စပ်နေပါစေ။
လူ့စိတ်ဆိုသည်မှာ
ဖောက်ပြန်ချင်စိတ်များ
တဖွားဖွား
ပေါ်ပေါက်လာနေသည်။
မိမိအသက်အရွယ်
အသိစိတ်ဓာတ်
အတွေ့အကြုံများက
ရှိနေခဲ့သော်လည်း
. . .



www.burmeseclassic.com

www.burmeseclassic.com



း‌နှင့်အတူ ယောက္ခမအိမ်မှာ လိုက် နေထိုင်ခဲ့ပါသည်။ ယောက္ခမ၏လုပ်ငန်း များတွင် ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေး နေရသည်။

ကျွန်တော် ယခုလို အိမ်အလုပ် ဟီရကိစ္စများကို ပံ့ပိုးကူညီလုပ်ကိုင် ပေးခြင်းကြောင့် ယောက္ခမကြီးများက သည်း ကျွန်တော့်အပေါ် ချစ်ခင်ကြည် ဖြာ ရှိလေသည်။ အိမ်မှာ ယောက္ခမ ကြီး လင်မယားနှင့်အတူ ကျွန်တော်၊ နီးနှင့် သားလေးတစ်ဦးတို့ အတူတ တူ နေထိုင်လျက်ရှိကြသည်။

တစ်နေ့တွင် ခယ်မဖြစ်သူ မ အေးမြသည် မြို့ပေါ်မှာ နေထိုင်သော ကျောင်းသားများထံမှ ရွာကိုပြန်လာကာ မိ ဘများနှင့် အစ်မဖြစ်သူတို့နှင့်အတူတူ နေနေလာသည်။ ထိုအခါ အိမ်တွင် ယောက္ခမမိသားစုသုံးယောက်နှင့် ကျွန် တော်တို့မိသားစုသုံးယောက် ပေါင်းပြီး အတူတကွ နေထိုင်ခဲ့ကြသည်။

ကျွန်တော့်ခယ်မလေး အေးမြ သည် မြို့ပေါ်မှာ ပညာသင်ကြားလျက် နေရာမှ ပညာရေးအပေါ် စိတ်မဝင်စား တော့ဘဲ မိဘများနှင့်အတူ ဒိုးတူပေါင် ဖက် လုပ်ကိုင်စားသောက်ရန် ပြန်လာ နေထိုင်ခြင်းဖြစ်သည်။ သူမ၏အသက် မှာ ဆယ့်ငါး၊ ဆယ့်ခြောက်ဝန်းကျင် အပျိုပေါက်အရွယ်လေး ဖြစ်သည်။

စောစောပိုင်းကာလတွင် ယောက္ခ မကြီးနှင့် ကျွန်တော်သည် လယ် ၁၀ ကေပေါ်တွင် တက်ညီလက်ညီ ထွန် ယက်စိုက်ပျိုး လုပ်ကိုင်လျက်ရှိကြသည်။ လယ်ထဲသို့ ကျွန်တော့်ဇနီးမှ နေ့စဉ် ထမင်းလာပို့ပေးလေ့ရှိသည်။

ကျွန်တော့်ခယ်မ အေးမြလေးမှာ အိမ်တွင် မိခင်ကြီးနှင့်အတူ အိမ်အလုပ် များကို ဝိုင်းဝန်းကူညီပေးနေသည်။ အားလပ်သည့်အခါ အိမ်မှနွားများကို စားကျက်မှာ လွှတ်ကြောင်းပေးရင်း နွားကျောင်းသည့်အလုပ်ကို တာဝန်ယူ လုပ်ကိုင်နေသည်။ သူမသည် ကလေး စိတ်မကုန်သေးသော အပျိုပေါက်အ ရွယ်လေးဖြစ်သဖြင့် နွားကျောင်းသွား ရင်း ဆော့ကစားနေလေ့ရှိသည်။

ကျွန်တော်သည် အိမ်ထောင်ကျ ပြီးသွားသူဖြစ်၍ ဇနီးသားမယားနှင့်အ တူ ယောက္ခမအိမ်မှာ လယ်လုပ်ငန်း များကို ဦးဆောင်လုပ်ကိုင်ပေးနေသည်။ ကျွန်တော့်သားလေးမှာလည်း ရွာထဲမှ မူလတန်းကျောင်းမှာ ပညာသင်ကြား လျက်ရှိသည်။ ဇနီးသည်မှာ ကျွန်တော် တို့နှင့်အတူ လယ်ကွင်းထဲမှာ ဝိုင်းဝန်း လာရောက်လုပ်ဆောင်ပေးသည်။

ကျွန်တော်၏ လုပ်ရည်ကိုင်ရည် ကြောင့် နှစ်စဉ် စပါးအထွက်တိုးပြီး ငွေကြေးအကျိုးအမြတ်များ ရရှိလာ သောကြောင့် ယောက္ခမများ ကိုယ်တိုင် အားကိုးအားထားနေရသည်။ ကျွန် တော်ကလည်း အလုပ်ကို ကြိုးကြိုးစား စား လုပ်ကိုင်ဆောင်ရွက်လျက် ရှိလေ သည်။

လယ်လုပ်ငန်းများ နားထားရ သည့်အချိန်တွင် အိမ်အတွက် လိုအပ် သောထင်းများ စုဆောင်းရန် တော တက်ပြီး ထင်းရှာခုတ် စုဆောင်းထားရ





www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်မိုးတွင်းလုံးသုံးနိုင်ရန် ထင်းများကို အလုံအလောက် ရှာဖွေခုတ်လှဲပြီး တောင်ပေါ်မှာ စုပုံထားခဲ့သည်။

ကျွန်တော်နှင့်အတူ မြင့်ဆွေလည်း ကူညီကာ လုပ်ကိုင်ပေးခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်မှာ သူငယ်ချင်းများဖြစ်၍ လုပ်ငန်းတူလုပ်ကိုင်နေကြသူများ ဖြစ်သည်။ တောထဲတွင် ခုတ်လှဲစုပုံထားသော သစ်ဝါးများကို သယ်ဆောင်ရန် အိမ်ပြန်ပြီး နွားလှည်းဖြင့်သယ်ရန် စီစဉ်ခဲ့ကြသည်။

သူငယ်ချင်းဖြစ်သူ မြင့်ဆွေကလည်း သူ့အိမ်မှ လှည်းမောင်းကာ တောင်ပေါ်မှထင်းများကို သယ်ယူရန် စီစဉ်ခဲ့သလို ကျွန်တော်လည်း အိမ်မှ လှည်းကို မောင်းယူပြီး ထင်းတိုက်ရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ်–

"ကိုကြီးမြတ် . . . အေးမြလည်း တောင်ပေါ် ထင်းကူသယ်ဖို့လိုက်မယ်"

"ဟာ . . အလကားရှုပ်ပါတယ်၊ မလိုက်နဲ့ . . . ငါတို့ သူငယ်ချင်းနှစ်ယောက် အတူတူဝိုင်းသယ်လို့ရတယ်"

"လုပ်ပါ . . . ကိုကြီးမြတ်ရယ် . . ကျွန်မ တောင်ပေါ်က မှျစ်တွေချိုးရင်း တောပန်းလှလှလေးတွေလည်း ခူးချင်လို့ပါ"

"တော်တော်ရှုပ်တဲ့ ဟာမလေးပဲ . . ကဲ . . . ကဲ . . . နင့်အဖေနဲ့နင့်အစ်မကို . . . သေသေချာချာ . . အကျိုးအကြောင်းပြောပြ . . . ပြီးကလွှတ်ရင်လိုက်ခဲ့"

အေးမြမှာ ကလေးပီပီ မိမိခဲအိုဖြစ်သူတို့ တောင်ပေါ်ထင်းသယ်တုန်း မရောက်ဘူးသော ဒေသဖြစ်၍ အလေ့ကျပေါက်နေသော မှျစ်များ၊ မှိုများကို ရှာဖွေနေရင်း တောင်ပေါ်မှ ပန်းမာလ်များကိုလည်း ခူးချင်စိတ်ပေါက်နေသည်။ ဒါကြောင့် မိဘများကို ကိုယ့်သွေးသားရင်း ခဲအိုတစ်ယောက်လုံးပါနေသဖြင့် ထင်းများ ကူသယ်ပေးရန် လိုက်မည်ဟု ချွဲနွဲ့ပူဆာပြောဆိုနေ၍ လိုက်ပါ ခွင့်ပြုပေးလိုက်ကြသည်။

ကျွန်တော်နှင့် မြင့်ဆွေတို့နှစ်ယောက်သည် လှည်းတစ်ယောက်တစ်စီးစီဖြင့် ရှေ့နောက် မောင်းနှင်ကာ တောတက်သွားခဲ့ကြသည်။ မြင့်ဆွေမှာ လှည်းပေါ်တွင် တစ်ယောက်တည်းထိုင်ကာ နွားများကိုနှင်တံနှင့်တို့၍ ခပ်သွက်သွက်မောင်းနှင်နေသည်။ ကျွန်တော့်လှည်းပေါ်တွင် အေးမြက လှည်းနောက်ပိုင်းတွင် ခြေတွဲလောင်းချထားလျက် ပျော်ရွှင်မြူးတူးစွာဖြင့် လိုက်ပါလာသည်။

တောင်ခြေသို့ရောက်သောအခါ လှည်းများကိုဖြုတ်ပြီး နွားများကို သစ်ပင်ကောင်းကောင်းတွင် ကြိုးချည်ထားလိုက်သည်။ ပြီးမှ နှစ်ယောက်သား တောင်ပေါ်သို့တက်လာကာ ယမန်နေ့က ခုတ်ထားခဲ့သော သစ်ဝါးများ စုပုံထားရာသို့ ရောက်ရှိလာသည်။ ပြီးမှ တောင်ပေါ်တွင် ခုတ်ပိုင်းထားခဲ့သော ထင်းပုံမှ ခပ်ကြီးကြီးထင်းချောင်းကြီးများကို တောင်အောက်သို့ သယ်ချနေကြသည်။ အေးမြကလည်း သူ့အရွယ်နှင့် သယ်နိုင်သလောက် သစ်ဝါးများကို ရွက်လျက် ကူသယ်ပေးနေသည်။

သို့သော်လည်း နွားမီးထည့်ရန် ရည်ရွယ်ပြီးခုတ်လှဲထားသော သစ်ကြီး၊ ဝါးကြီးများဖြစ်နေသောကြောင့် မနိုင်သဖြင့် အတိုအထွာလေးများသာ ကူသယ်ပေးနေခြင်း ဖြစ်သည်။ ထိုအခ

သူမသည် ခဲအိုတို့ သစ်ကြီးဝါးကြီးမျာ

ကို ထမ်းပိုးသယ်ယူနေစဉ် အချိန်ရနေ

သဖြင့် တောကြီးထဲရှိ ဝါးရုံအုပ်မျာ

ကြား၊ သစ်ပင်ကြီးများအောက်မှ

လှည့်လည်သွားလာပြီး မှျစ်နှင့်မှိုကို ရှ

ဖွေလျက် ရှိနေသည်။

အချိန်မှာလည်း ညနေစောင်းနေ

ပြီမို့ တောင်ခြေကို သစ်ဝါးသယ်ယူနေ

သူများမှာလည်း လှည်းတစ်စီးတိုက်ခ

ပြည့်မောက်အောင် ရရှိနေလေသည်

"မြတ်လှရေ . . . ဒီလောက်ဆ

တော်လောက်ပြီဟေ့ . . . လှည်းလည်

မဆန့်တော့ဘူး"

"အေးကွာ . . . ဒီထင်းတွေနဲ့

တစ်မိုးတွင်းစာလောက် . . ဖူလုံပါတယ

တောက် . . . ဟိုကောင်မလေး ဘယ

လျှောက်သွားနေလည်း မသိဘူး၊ ပြန်

အချိန်တန်နေပြီ"

"ဟေ့ကောင် . . မင်းခယ်မလေ

ကို မြန်မြန်လိုက်ရှာကွာ၊ တော်ကြ

မှောင်လာရင် ပြန်ရပြုရမလွယ်ဘူး

"ဟုတ်တယ်ကွာ . . . မင်း ခဏ

စောင့်နေ၊ ငါ . . . တောင်ပေါ်တက်

လိုက်မယ်"

ပြောပြောဆိုဆိုနှင့် မြတ်လှတ

ယောက် တောင်ပေါ်ကို ကတိုက်ကမျ

ပြန်ပြေးတက်သွားသည်။ စောစော

ထင်းတွေကို သယ်ချနေရသဖြင့်

ပန်းရသည့်အထဲ နောက်တစ်ခေါက်

တက်ရသဖြင့် မောဟိုက်နေသည်။

စောက ထင်းများ စုပုံထားသောနေ

တွင် အေးမြကို ရှာမတွေ့သဖြင့် တော

ထဲ ဘယ်ဆီများ လျှောက်လည်သွား

လည်းဆိုပြီး အပြေးအလွှား ရှာဖွေ



www.burmeseclassic.com

ခဲ့လေသည်။ ထိုစဉ်–

"ဟဲ့ . . . အေးမြ၊ နင် . . . ဘယ်လျှောက်သွားနေတာလဲ၊ တို့တောင်ဆင်းတိုက်ပြီးလို့ ပြန်မလို့လုပ်နေတာ"

"အေးမြ . . . ဝါးရုံတွေကြားထဲမှာ မျှစ်လိုက်ချိုးရင်း တောထဲက ရေကန်လေးမှာ ရေဆင်းချိုးပြီး တောပန်းလေးတွေလှလို့ . . ခူးလာပြီး ပန်ထားတာလေ . . မလှဘူးလား ကိုကြီးမြတ်"

သည်တော့မှ သူမကို သတိထားကြည့်မိသွားတော့သည်။ သူမခေါင်းပေါ်မှာ တောထဲတွင် အလေ့ကျပေါက်နေသော ဖြူနီပြာဝါပန်းရောင်စုံကို တစ်ခေါင်းလုံး ဝေနေအောင် ပန်ဆင်ထားလေသည်။ သူမ၏ တစ်ကိုယ်လုံးမှာလည်း ရေတွေ ရွှဲရွှဲစိုနေသည်မှာ သူမဝတ်ဆင်ထားသော ဂါဝန်ဖြူအဆင်းလေးမှာ ရွှဲနစ်နေသည်။

သူမ၏ခန္ဓာကိုယ်ပေါ်မှာ တည်ဆောက်ထားသော အဖုအထစ်၊ အမို့အမောက်များက ဂါဝန်အောက်မှာ အထင်းသားပေါ်လွင်နေသည်။ သူမ၏လက်ထဲမှာလည်း မျှစ်စို့ပေါက်များနှင့် တောပန်းအချို့ကို ကိုင်ဆောင်ထားလေသည်။

လူသူလေးပါး ကင်းရှင်းနေသော တောကြိုအုံကြားဝယ် သွေးသားမည်မျှပင် တော်စပ်နေပါစေ။ လူ့စိတ်ဆိုသည်မှာ ဖောက်ပြန်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာနေသည်။ မိမိအသက်အရွယ် အသိစိတ်ဓာတ် အတွေ့အကြုံများက ရှိနေခဲ့သော်လည်း တဒင်္ဂ အချိန်တိုအတွင်း လော်လီဖောက်ပြန်ချင်စိတ်များက ထိန်းမနိုင်သိမ်းမရ ဖြစ်ပေါ်လာလျက် ရှိနေသည်။ ဒါကြောင့်လည်း–

"အို . . . ကိုကြီးမြတ် . . ဘယ်လိုဖြစ်တာလဲ၊ ဘာလုပ်တာလဲ . . လွှတ်လွှတ်"

"ဟင့်အင်း . . . ငါ့စိတ်တွေကို ဘယ်လိုမှ ထိန်းမရတော့ဘူး . . . အေးမြရယ်"

ကျွန်တော့်စိတ်တွေဟာ ရေစိုအဝတ်အစားတွေနှင့် အေးမြကို မြင်လိုက်ရစဉ်မှာပဲ ဘယ်လိုမှ ချိုးနှိမ်မရအောင် ဖောက်ပြန်ချင်စိတ်တွေ ကြီးစိုးလာနေလေသည်။ အေးမြခန္ဓာကိုယ်လေးကို အတင်းဖက်ပြီး နမ်းရှုံ့နေရင်း အဆုံးစွန်အခြေအနေထိရောက်အောင် စွမ်းဆောင် ကြိုးပမ်းနေမိသည်။

"အီး . . . ဟီး . . ကိုကြီးမြတ် မကောင်းဘူး၊ အဖေအမေနဲ့ ပြန်တိုင်မယ်၊ ကျွန်မကို . . . သက်သက်မဲ့ လာစော်ကားသွားတယ်"

"မတိုင်ပါနဲ့ . . . အေးမြရယ် . . ကိုကြီး တောင်းပန်ပါတယ်"

"အို . . . မလိုချင်ဘူး၊ ကျွန်မကတော့ . . ကိုယ့်ခဲအိုဆိုပြီး . . ယုံကြည်စိတ်ချလို့ တောထဲ ထင်းသယ်လိုက်ခဲ့တာ . . . ခုတော့ . . . ကြောင်သူတော်ကြွက်သူခိုးလို . . လူမရှိသူမရှိ တောထဲမှာ . . . မတရားအနိုင်ကျင့် စော်ကားတယ်၊ ရဲစခန်းမှာတိုင်ပြီး . . . အမှုဖွင့်နိုင်းမယ်"

"တာ . . . မလုပ်ပါနဲ့ အေးမြရယ် . . . ကိုကြီး တကယ် တောင်းပန်ပါတယ်"

"ဟင့်အင်း . . . ကျွန်မကတော့ လုံးဝမကျေနပ်ဘူး၊ မမထွေးလှကိုပြောပြီး . . . ရဲတိုင်ဖမ်းခိုင်းမှ ကျေနပ်မယ်"

ကျွန်တော်လည်း ထူထူပူပူ ဖြစ်သွားတာကြောင့် ဒီကောင်မလေး ရဲသွားတိုင်ရင်တော့ အဖမ်းခံရပြီး ထောင်ကျတော့မယ်။ ငါ့ကို တစ်သက်လုံး ကြည်ညိုလေးစားလာတဲ့ လူကြီး

"ဒီအမှုရဲ့တရားခံဇစ်မြစ်ကတော့ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုကြောင့် စိတ်ကိုဖောက်ပြန်ပြောင်းလဲစေခဲ့တာပဲ၊ သူတို့ရဲ့ အတင့်ရဲလွန်းတဲ့ ဝတ်စားဆင်ယင်မှုဟာ ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်တရားအကြောက်တရားကင်းကြတော့ ဝတ်ပုံစားပုံတွေက ယိုသူမရှက်၊ မြင်သူရှက် ဖြစ်ကုန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com




တွေလည်း အကြည်ညိုပျက်ကုန်တော့မယ်။ ပေါက်သည့်နဖူး မထူးပါဘူး ဆိုပြီး အေးမြလည်ပင်းကို လက်နှစ်ဖက်နဲ့ စုံကိုင်ဖျစ်ညှစ်လိုက်လေသည်။

"အို ... ကိုကြီးမြ၊ ကျွန်မကို သတ်မလို့လား ... ကြောက်ပါတယ် ကျွန်မ ... ရဲကိုလည်း မတိုင်တော့ပါဘူး ... လွှတ် .. လွှတ်ပါ အီး အင့်"

ဆိုသည့် အော်ဟစ်ရုန်းကန်နေရင်း ငြိမ်သက်သွားသည်။ သည်တော့မှ ကျွန်တော်လည်း စိတ်ဂဏှာမငြိမ်ဖြစ်ပြီး လုပ်မိလုပ်ရာ လုပ်လိုက်မိသည်ကို သတိရလာလို့ လက်ကိုလွှတ်လိုက်စဉ်မှာ အေးမြခန္ဓာကိုယ်လေးဟာ အရုပ်ကြိုးပြတ်သလို ပုံလဲကျသွားသည်။

ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်စိတ် ဖြစ်ပေါ်လာကာ တောင်အောက်ပြေးဆင်းသွားပြီး မြင့်ဆွေကို အကျိုးအကြောင်း ပြောပြနေသည်။

"မြင့်ဆွေ ... အေးမြကို တောင်ပေါ်မှာ ဘယ်သူက သတ်သွားလဲ မသိဘူး။ ငါလိုက်ရှာရင်း ... သစ်ပင်ချုံစပ်မှာ တွေ့တယ်"

"ဟာ ... မဖြစ်ဘူး၊ ဒါဆို ရွာပြန်ပြီး ... လူကြီးတွေကို အကြောင်းစုံပြောပြပြီး ရဲတိုင်မှဖြစ်မယ်ကွ"

ကျွန်တော်နှင့် မြင့်ဆွေတို့နှ
ယောက် လှည်းကို ဒုန်းစိုင်းမောင်းလာ
ပြီး အိမ်ရောက်သောအခါ ဖြစ်ပျက်
အကြောင်းစုံကို ရှင်းပြ ပြောဆို
သည်။ နောက် ကျေးရွာလူကြီးမှ တ
ဆင့် ရဲတပ်ဖွဲ့စခန်းကို အကြောင်းကြ
ခဲ့လေသည်။

ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြ
ပွားရာနေရာဆီသို့ သွားရောက်စစ်ဆေ
ကြည့်ရှုခဲ့ကြသည်။ မြေပုံကြမ်းရေး
ခြင်း၊ သဲလွန်စရှာဖွေခြင်း၊ ဓာတ်ပုံရိုက်
ခြင်း စသည့် ရဲလုပ်ငန်းကုန်စင်အော
ဆောင်ရွက်ပြီး အမှုကို စစ်ဆေးခဲ့လေ
သည်။

နောက်ဆုံးမှာတော့ အေးမြလက်
ထဲမှာ တွန်းထိုးရုန်းကန်စဉ်က ကျွ
တော်ဝတ်ထားတဲ့အင်္ကျီပေါ်က ကြယ်
သီးလေးတစ်လုံးပြုတ်ပြီး လက်ထဲမှ
ဆုပ်ကိုင်လျက် တွေ့မြင်ခဲ့တာကြော
ယင်း သက်သေခံပစ္စည်းမှတစ်ဆင့်
ကျွန်တော်မှန်း ဖော်ထုတ်နိုင်သွားသည်

ဒါကြောင့် မြို့နယ်တရားရုံးက
ကျွန်တော့်အပေါ် ပုဒ်မ-၃၀၂(၁)(က)အ
ရ သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်

+ + +

"အေးကွာ ... သူ့မှုခင်းဖြစ်စ
လေးကို ဖတ်ကြည့်တော့လည်း ..
ဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်သွားရတဲ့ အ
မှုပဲကွ၊ ဒီအမှုရဲ့တရားခံဖစ်မြစ်ကတော
မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်
ကြောင့် ... စိတ်ကို ဖောက်ပြန်ပြော
လဲစေခဲ့တာပဲ၊ သူတို့ရဲ့ ... အတင့်
လွန်းတဲ့ ဝတ်စားဆင်ယင်မှုဟာ
ဟီရိသြတ္တပ္ပဆိုတဲ့ အရှက်တရား အ
ကြောက်တရားကင်းကြတော့ ... ဝ


www.burmeseclassic.com

www.burmeseclassic.com



ပုံစားပုံတွေက . . . ယိုသူမရှက်၊ မြင်သူရှက် ဖြစ်ကုန်တာပေါ့"

"ဟုတ်ပါတယ်ဆရာ . . ခုခေတ် မိန်းကလေးတွေဟာ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားထဲက ရုပ်ရှင်မင်းသမီး၊ သရုပ်ဆောင်များ Celebrites ရဲ့ ဝတ်စားဆင်ယင်ပြမှုကို နေ့ချင်းညချင်း အတုခိုးလာခဲ့ကြတော့ . . . ဒီလို . . . လျှပ်ပေါ်လော်လီတဲ့ . . . ဝတ်စားမှုကြောင့် . . ရာဇဝတ်ပြစ်မှုများ ကျူးလွန်နိုင်ရန် ဖိတ်ခေါ်နေသလို . . . မြှူဆွယ်နေသလို ဖြစ်နေတာပေါ့"

"အမှန်စော့ . . တိတ်ဆိတ်ငြိမ်သက်ပြီး လူသူလေးပါးကင်းရှင်းနေတဲ့ ဆိတ်ကွယ်ရာနေရာမျိုးမှာ ခုလို မလုံမလဲ ဝတ်စားထားကြတဲ့အထဲ တစ်ကိုယ်လုံးရေစိုနေတော့ . . မမြင်သင့် မမြင်အပ်တာတွေကိုမြင်ပြီး ရှေ့နောက်ဘာညာ စဉ်းစားဆင်ခြင်မှု ကင်းလွတ်သွားပြီး ဖောက်ပြန်လာတဲ့စိတ်ကြောင့် ပြစ်မှုကို ကျူးလွန်မိသွားတာပေါ့ကွာ"

ကျွန်ုပ်သည် အထက်တရားရုံးမှ အယူခံလွှာကို ပယ်ချခြင်းခံခဲ့ရသော သေဒဏ်ကျခံခဲ့ရသည့် ကြိုးသမားမြတ်လှ၏ မှုခင်းဖြစ်စဉ်ကို ဖတ်ကြည့်ခဲ့ရာမှ ဆရာနှင့်တပည့် ဝေဖန်ဆွေးနွေးနေခဲ့ကြခြင်း ဖြစ်ပါသည်။

သို့သော်လည်း ကံကြမ္မာဆိုတာမျိုးကလည်း ဆန်းကြယ်လွန်းသည်။ ကံထမ်းလာသည်ကို မမြင်ရ၊ လုံထမ်းလာသည်ကိုသာ မြင်ရသည်ဆိုသည့် စကားဥပမာအတိုင်း လူတစ်ယောက်၏အသက်ဇီဝိန်ခြွေနိုင်မှုသည် ကံနှင့်သာလျှင် ဆိုင်ပေသည်။

အဘယ့်ကြောင့်ဆိုသော် သေဒဏ်အမိန့် ချမှတ်ထားခြင်း ခံနေရသော ကြိုးသမားမြတ်လှတစ်ယောက် မိမိအမှတ်မထင် ကျူးလွန်မိခဲ့သော ရာဇဝတ်ပြစ်မှုအပေါ် အကြီးအကျယ် နောင်တရနေသည်။ ဒီကြားထဲ အထက်ရုံးတော်အဆင့်ဆင့်မှာ အယူခံကလည်း ရှုံးနေပြီဆိုတော့ မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေရှာသည်။

သို့သော်လည်း ကံကြမ္မာက ဖေးကူလာခဲ့သည်ထင့်။ အများတကာ မျှော်လင့်တောင့်တနေသော နိုင်ငံတော်သမ္မတကြီး၏စေတနာမှန်ဖြင့် အကျဉ်းထောင်အတွင်း အပြစ်ဒဏ်ကျခံနေရသူများကို ကျင့်(၄၀၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးလာသည်။

ထိုအခါ ပြစ်ဒဏ်ခံနေရသော ထောင်ကျ အကျဉ်းသားများ အပါအဝင် ကြိုးတိုက်ခန်းထဲမှာ သေဒဏ်စီရင်ခြင်းခံထားရသော ကြိုးသမားများအားလုံး ယင်းလွတ်ငြိမ်းခွင့်နှင့် အကျုံးဝင်ကာ အသက်ဘေးမှ သီသီလေး လွတ်မြောက်သွားကြတော့သည်။

စိုးတြာအောင်

ကံကြမ္မာဆိုတာမျိုးကလည်း ဆန်းကြယ်လွန်းသည်။ ကံထမ်းလာသည်ကို မမြင်ရ၊ လုံထမ်းလာသည်ကိုသာ မြင်ရသည်ဆိုသည့် စကားဥပမာအတိုင်း လူတစ်ယောက်၏ အသက်ဇီဝိန်ခြွေနိုင်မှုသည် ကံနှင့်သာလျှင် ဆိုင်ပေသည် . . .



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ဘက်ကို
ပထမဆုံးခြေချလာပြီး ဂီတဘက်ကိုလည်း
ခြေလှမ်းဖြစ်လာတဲ့
သရုပ်ဆောင်နန်းမြတ်ဖြိုးသင်းက
ဆရာဝန်အလုပ်ကိုလည်း
မစွန့်လွှတ်နိုင်သလို
အနုပညာဘက်ကိုလည်း ဝါသနာပါသူမို့
အကောင်းဆုံးကြိုးစားဆောင်ရွက်နေတာ
တွေ့ရပါတယ်။
အောက်တိုဘာ ၆ ရက်နေ့ကတော့
နန်းမြတ်ဖြိုးသင်းနဲ့ နန်းသူဇာတို့
သီဆိုထားတဲ့
Friend တေးစီးရီးထွက်ရှိလို့လာပြီဖြစ်တယ်။
သရုပ်ဆောင်တစ်ယောက်အနေနဲ့
ရပ်တည်လာတဲ့
နန်းမြတ်ဖြိုးသင်းကို ဂီတဘက်
ခြေလှမ်းလာတဲ့အခါ
သူ့ရဲ့ကြိုးစားမှု၊ သူ့ရဲ့အမြင်များကို
သူချစ်တဲ့ ပရိသတ်တွေကို အခုလိုပဲ
ဖွင့်ဟပြောဆိုလာပါတယ် ...

# ဆရာဝန်အလုပ်ကို
# မစွန့်လွှတ်သလို
# အနုပညာကိုလည်း
# ဆက်လက်
# ကြိုးစားမယ်ဆိုသူ

# နန်းမြတ်ဖြိုးသင်း

www.burmeseclassic.com

www.burmeseclassic.com



**■ နန်းမြတ်အနေနဲ့ သရုပ်ဆောင်လုပ်နေရာက အခုဆို Friend တေးစီးရီးထွက်ရှိလာပြီဆိုတော့ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဂီတဘက်ကို ခြေချလာတဲ့အခါ အခက်အခဲရှိစေသလား။**

အခက်အခဲဆိုတာကတော့ ရှိတာပေါ့နော်။ သမီးတို့ သရုပ်ဆောင်စလုပ်စဉ်ကလည်း နန်းမြတ်မှာ အခက်အခဲလေးတွေ ကြုံခဲ့ရပါတယ်။ အခု နန်းမြတ် အဆိုတော်စလုပ်တဲ့အခါမှာလည်း ကိုယ့်အနေနဲ့ အရမ်းကြီးသိကျွမ်းနားလည်တဲ့ နယ်ပယ်မဟုတ်တဲ့အတွက်ကြောင့် သင်ယူမှုတွေ လေ့လာမှုတွေကိုတော့ ပြုလုပ်ရပါတယ်။

**■ အခက်အခဲတွေကြားထဲက အကောင်းဆုံးဘယ်လိုကြိုးစားဆောင်ရွက်ခဲ့ရသလဲ။ ဂီတဘက်ကိုပေါ့နော်။**

ဂီတနဲ့ပတ်သက်ရင်တော့ အကောင်းဆုံးဖြစ်အောင်လို့ နန်းမြတ်က အဆိုပညာအတွက်ကို ဆရာတွေဆီမှာ သင်ယူတယ်။ အခုထွက်ရှိခဲ့တဲ့ Friend တေးစီးရီးမှာလည်း အဆိုတော်တွေ သူငယ်ချင်းတွေကို ဝိုင်းဝန်းအကူအညီတောင်းပြီး နားထောင်ခိုင်းတာတွေလည်း ရှိပါတယ်။ ပြီးတော့ နန်းမြတ်ရဲ့ စီးရီးကို ကိုသားသားက နန်းမြတ်ဆိုထားတဲ့ သီချင်းတွေကို Management လုပ်ပေးပါတယ်။

**■ သရုပ်ဆောင်တွေကလည်း ဂီတဘက်ကို ဆောင်ရွက်လာသလို အဆိုတော်တွေကလည်း သရုပ်ဆောင်လုပ်လာကြတာ များတယ်နော်။ နန်းမြတ်အနေနဲ့ ဘယ်လိုသုံးသပ်ချင်သလဲ။**

နန်းမြတ်က အမှန်အတိုင်းပြောရမယ်ဆိုရင် စွယ်စုံရတဲ့ အနုပညာရှင်တွေကို အရမ်းအားကျသလို အရမ်းလည်း လေးစားမိပါတယ်။ နန်းမြတ် နဂိုကလည်း ဂီတဘက်ကို ဝါသနာပါလို့လည်း အခုလို စီးရီးဆောင်ရွက်ဖြစ်တာပါ။ နန်းမြတ်က ပထမဆုံးသရုပ်ဆောင်ဘက်ကို ခြေချတယ်။ သရုပ်ဆောင်လုပ်တယ်။ ဒါကတော့ ဘယ်လိုပြောမလဲ ကံပါတဲ့အတိုင်းပဲလို့ ပြောရမှာပေါ့နော်။

**■ ကိုယ်က သရုပ်ဆောင်တစ်ယောက်အနေနဲ့ ပရိသတ်တွေက လက်ခံပြီးသားလေ။ အခု စီးရီးဘက်ကို ခြေချလာတဲ့အခါ သရုပ်ဆောင်ပိုင်းမှာ လစ်ဟင်းလာမှာကို စိုးရိမ်မှုတွေရှိသလား။**

နန်းမြတ်က အခုအချိန်မှာတော့ နန်းမြတ်ရလာသမျှအချိန် ရလာတဲ့အခွင့်အရေးတွေအပေါ်မှာ အကောင်းဆုံးတော့ကြိုးစားပြီးဆောင်ရွက်ပါတယ်။ ရိုက်ကူးရေးရှိတဲ့ ရက်





www.burmeseclassic.com

တွေမှာတော့ သီချင်းမဆိုဘူးပေါ့နော်။ သီချင်းဆိုရတဲ့ ရက်တွေမှာလည်း ရိုက်ကူးရေးတွေကိုနားပြီး သီချင်းဘက်ကို စီစဉ်ဆောင်ရွက်ဖြစ်နေပါတယ်။

**■ ကိုယ်က ဆရာဝန်တစ်ယောက်ဆိုပေမယ့် အခု အနုပညာဘက်ကိုသာ ဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် ဆရာဝန်အလုပ်ကိုတော့ စွန့်လွှတ်လိုက်ပြီလား။**

ဆရာဝန်အလုပ်ကို စွန့်လွှတ်လိုက်တာတော့ မဟုတ်ပါဘူး။ လက်ရှိအခြေအနေအရမှာတော့ သရုပ်ဆောင်ဘက်နဲ့ အဆိုဂီတဘက်ကို ဦးစားပေးတယ်။ သေချာအချိန်ပေးပြီး လုပ်ဖြစ်နေပါတယ်။ ဘယ်အလုပ်ကိုမဆို နန်းမြတ်ကတော့ အကောင်းဆုံး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပါတယ်။

**■ နန်းမြတ်ရဲ့ အနုပညာအလုပ်တွေအကြောင်းကော ပရိသတ်တွေသိအောင် ပြောပြပါလား။**

နန်းမြတ် အခု နန်းသူဇာနဲ့ Friend တေးစီးရီးထွက်ရှိထားပေမယ့်လည်း အနုပညာနဲ့ပတ်သက်လို့ နန်းမြတ်ဗီဒီယိုဇာတ်ကားတွေလည်း ရိုက်ကူးနေပါတယ်။ ကြော်ငြာတွေလည်း တော်တော်များများ လက်ခံရိုက်ကူးဖြစ်နေပါတယ်။

**■ ထွက်ရှိထားတဲ့ Friend တေးစီးရီးမှာ နန်းမြတ်သီဆိုထားတာ ဘယ်နှပုဒ်လောက်ပါသလဲ။**

နန်းမြတ်နဲ့ နန်းသူဇာနဲ့က အရင်ကတည်းကလည်း ရင်းနှီးတဲ့အတွက် နှစ်ယောက်တွဲပြီး စီစဉ်ဖြစ်ခဲ့တာပါ။ နှစ်ယောက်သီဆိုထားတယ်ဆိုပေမယ့် ဒီခွေမှာ နန်းမြတ်တစ်ယောက်တည်းဆိုတာကော နန်းမြတ်တို့နှစ်ယောက်ဆိုထားတာကော နောက်ပြီး ယောကျ်ားလေးတွေနဲ့ Featuring ဆိုထားတာတွေလည်းပါတယ်။

**■ နန်းမြတ်ရဲ့ ပရိသတ်တွေကိုလည်း အမှတ်တရ စကားလေးပြောပါဦး။**

နန်းမြတ် ရှေ့ဆက်မယ့်အနုပညာအတွက် အားပေးကြပါလို့။ နန်းမြတ်ကိုလည်း ဒီ့ထက်မက ချစ်ခင်အားပေးပါ။





ပရိသတ်ကိုလည်း နန်းမြတ်အထူးကျေးဇူးတင်နေမှာပါ အကောင်းဆုံးလည်း ကြိုးစားဆောင်ရွက်သွားမယ်။ ပရိ သတ်များအားလုံး လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေလို့ နန်းမြတ် ဆုတောင်းပေးလိုက်ပါတယ်။

ငြိမ်းချမ်းအော

Photo: Aung Kyaw Moe (New Image


www.burmeseclassic.com





**စုဝေနှင်း**

# မျက်ဝန်းပုံစံအလိုက် မျက်ဝန်းခြယ်သနည်း



သင်၏မျက်ဝန်းအစုံမှာ သူတစ်ပါး၏စိတ်ကို ထိုးဖောက်ဝင်ရောက်နိုင်သော အရာ ဖြစ်သကဲ့သို့ သင်၏ စိတ်ခံစားချက်များ၏ စိုးမိုးရာလည်းဖြစ်ပါသည်။ သင့်ကို သူတစ်ပါးနှင့်မတူဘဲမှတ်မိလွယ်စေသည့်အရာမှာလည်း ဤမျက်ဝန်းတို့ပင်ဖြစ်ပါသည်။ ရွှန်းစိုလှပသည့် မျက်ဝန်းတို့ကြောင့် သမင်လည်ပြန် ငေးမောကြည့်ခံရနိုင်ပါသည်။ လှသထက်လှ၍ သမင်မျက်လုံးကဲ့သို့သော လူအများအားကျလောက်သည့် မျက်ဝန်းအလှကို မပြုပြင်မခွဲစိတ်ဘဲ၊ အချိန်အနည်းငယ်ပေးကာ ပြုပြင်ခြယ်သပေးနိုင်သော နည်းလမ်းများကို စုစည်းဖော်ပြလိုက်ပါသည်။ မိမိ၏ပင်ကိုယ်မျက်ဝန်းအမျိုးအစားအလိုက် လိမ်းခြယ်ပြုပြင်နည်းများကို လေ့လာကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



### (၁) ဗာဒံစေ့ပုံမျက်ဝန်း
**(Almond Eyes)**

ဤမျက်ဝန်းပိုင်ရှင်တို့မှာ အလွန်ပင် ကံကောင်းသူများ ဖြစ်ကြပါသည်။ ပုံစံ အကျဆုံးဖြစ်၍ မည်သည့်ပြုပြင်မှုမှ မလိုအပ်ဘဲ မိမိ နှစ်သက်ရာ အရောင်နှင့်ပြင်ဆင်မှုကို ပြုလုပ်နိုင်ပါသည်။

### (၂) မျက်ပေါက်ကျဉ်းသောမျက်ဝန်း
**(Close Set Eyes)**

သင်၏မျက်ဝန်းများမှာ တစ်ဖက်နှင့်တစ်ဖက် နီးကပ်လွန်းနေပါက (မျက်ဝန်းနှစ်ခုကြား အကွာအဝေး ကျဉ်းမြောင်းလွန်းပါက) မျက်ဝန်းအတွင်းဘက်များကို အရောင်ဖျော့ရှဲဒိုးများကို လိမ်းခြယ်ပေးသင့်ပြီး၊ အပြင်ဘက်ဆီသို့ ပိုရင့်သောအရောင်ကို သုံးစွဲပေးသင့်သည်။ ထို့ပြင် မျက်ဝန်းအပြင်ဘေးထောင့်ကိုသာ လိုင်နာဆွဲပေး၍ မာစကာရာ (မျက်တောင်ကော့ဆေး) အသုံးပြုရာတွင်လည်း အပြင်ထောင့်ကို အသားပေး လိမ်းခြယ်ပေးသင့်ပါသည်။ သို့မှသာ မိမိမျက်ဝန်း၏ အားနည်းချက်ကို ပြုပြင်ပြီးဖြစ်ကာ ပိုမိုလှပလာပါလိမ့်မည်။

### (၃) ညိုးငယ်နေသောမျက်ဝန်း
**(Down Funned Eyes)**

ဤမျက်ဝန်းပိုင်ရှင်တို့၏ မျက်ဝန်းမှာ ဘေးဘက်တွင် အောက်သို့ ပိုကျနေပြီး၊ ညိုးငယ်ဝမ်းနည်းသော အသွင် ဖြစ်နေပါသည်။ ယင်းကို မသိသာစေရန်အတွက် အိုင်းရှဲဒိုးနှင့် လိုင်နာလိမ်းခြယ်ရာတွင် ဘေးအပြင်ထောင့်ကို ပိုမိုဂရုစိုက်ကာ ဖြည့်ဆွဲပေးရပါမည်။ အပေါ်ဘက်မျက်ရစ်နှင့် နီးနိုင်သမျှနီးအောင် လိုင်နာဆွဲပါ။ ပြီးလျှင် မိမိအသားအရောင်နှင့် မကွာလွန်းသော ရှဲဒိုးရောင် (ဥပမာ–ညိုဖျော့၊ ညိုရင့်)ကို မျက်ဝန်းအပြင်ဘက် သုံးပုံနှစ်ပုံတွင် ခြယ်သပေးရပါမည်။ မျက်တောင်ကို စက်နှင့်ကော့ပြီး၊ မျက်တောင်ကော့ဆေး အသုံးပြုပေးခြင်းဖြင့်လည်း အောက်ကျနေသောမျက်ဝန်း အပြင်ထောင့်များကို ဖုံးကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

### (၄) အတွင်းနက်ဝင်နေသော မျက်ဝန်း (Deep Set Eyes)

ဤမျက်ဝန်းပိုင်ရှင်တို့၏ မျက်လုံးမှာ အတွင်းဘက်သို့ နစ်ဝင်နေ၍ မျက်ခွံလည်း သေးငယ်တတ်ပါသည်။ ဤမျက်ဝန်းပိုင်ရှင်တို့သည် မျက်ဝန်းနက်မှန်း မသိသာစေရန် မျက်ခွံတစ်ခုလုံးကို ဖျော့သောရှဲဒိုးအသုံးပြုကာ ပြင်ဆင်ပေးရပါမည်။ ထို့နောက် မိမိ၏ မျက်ခွံရိုးတစ်လျှောက်တွင်မှ ပို၍ရင့်သောရှဲဒိုးကို ထည့်ပေးသင့်ပါသည်။ လိမ်းခြယ်ရာတွင်လည်း အပေါ်အပြင်ဘက်ဆီသို့ ဦးတည်ကာ ခြယ်သရပါမည်။

### (၅) ပြူးသောမျက်ဝန်း
**(Protruding Eyes)**

ပုံမှန်ထက် ပိုမိုပြူးထွက်နေသော မျက်ဝန်းပိုင်ရှင်တို့ ပိုမိုလှပစေရန်မှာမူ အညို (သို့မဟုတ်) အနက်ရောင်လိုင်နာဖြင့် အပေါ်မျက်ရစ်တစ်လျှောက် ဆွဲပေး၍ အပေါ်ဘက်မျက်ခွံနှင့် မျက်ခုံးရိုးတလျှောက်ကိုမူ အရောင်ရင့် သော အိုင်းရှဲဒိုးကို ခြယ်မှုန်းပေးရပ မည်။ ထိုသို့ ခြယ်မှုန်းခြင်းဖြင့် မိမိ မျက်ဝန်း၏ အားနည်းချက်များကို မသိ သာအောင် ဖုံးဖိနိုင်မည် ဖြစ်ပါသည် အဆုံးသတ်အနေဖြင့်အပေါ်နှင့်အောက် မျက်တောင်များကို ကော့ဆေးဖြင့် ကော့ပေးရပါမည်။

### (၆) မျက်ခွံတွဲကျနေသောမျက်ဝန်း
**(Hooded Eyes)**

ဤမျက်ဝန်းများမှာမူ တွေ့ရခဲ သည်။ အချို့အသက်ကြီးလာ၍ ဤသ မျက်ခွံတွဲကျသည်များရှိသော်လည်း မွေးရာပါတည်ဆောက်ပုံအရ မျက် တွဲကျနေသူများမှာမူ အနည်းငယ် ရှ ပါးပါသည်။ သို့သော် သင့်မျက်ဝန်းမှ ထိုသို့ဖြစ်နေပါက အညိုရင့်ရောင် အိုင်း ရှဲဒိုးကို မျက်ခွံတွင် လိမ်းခြယ်ပေးပ အခြားမည်သည့် လိမ်းခြယ်မှုမျှ မလု ဘဲ မျက်ခုံးမွေးကိုမူ မထင်ရှားလွ ထင်ရှားအောင် ဖြည့်ဆွဲပေးနိုင် သည်။ ဤမျက်ဝန်းပိုင်ရှင်တို့သည် တတ်နိုင်သမျှ ပြင်ဆင်ခြယ်သမှု အရိုးရှင်းဆုံး ပြုလုပ်ပေးသင့်ပါသည်

စာဖတ်သူတို့လည်း မိမိ၏ ကိုယ်မျက်ဝန်းပုံစံကို မခွဲခြားတတ်ဘဲ၊ အ ကုန်တို့နှင့် အရောင်တို့ဖြင့် ပြင်ဆ ခြယ်သနည်းကို သိရှိလောက်ပြီဖြစ် မိမိ၏ နဂိုရှိရင်းစွဲပုံစံကို ပိုမိုလှပအော ခြယ်မှုန်းနိုင်ကြပါစေ။

*Ref:Inte*

စုဝေ

www.burmeseclassic.com



# ကိုကိုအင်တာနက်
## ဆိုက်ဘာမုဆိုး
## ဆိုက်ဘာသားကောင်



ခေတ်မီတိုးတက်သည့်နိုင်ငံတိုင်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ ပါတီအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ လွှင့်တင်အသုံးပြုတတ်ကြတယ်ဆိုတာ သိတဲ့အတိုင်းပါပဲ။

မသမာသူများဟာ အဲဒီဝက်ဘ်ဆိုက်များအတွင်းကျူးကျော်ဝင်ရောက်ပြီး လျှို့ဝှက်အချက်လက်များကို ခိုးယူတတ်တဲ့အပြင် တိုက်ခိုက်မှုတွေလည်း အငြိုးအတေးတွေနဲ့ အမျိုးမျိုးပြုလုပ်တတ်ကြပြန်တယ်။

ကမ္ဘာတစ်ဝှမ်းမှာ မသမာသူတွေရဲ့လုပ်ရပ်တွေကြောင့် ကာယကံရှင်တွေစိတ်နာနေကြရပေမယ့် လွန်စွာအဆင့်မြင့်တဲ့ နည်းပညာများကို အသုံးပြုပြီးဖြစ်မှုကျူးလွန်တတ်ကြတဲ့အတွက် ဖမ်းဆီးရမိဖို့ မလွယ်ကူတဲ့အနေအထားမှာရှိနေတယ်။ မသမာသူ ဟက်ကာရဲ့ ပြစ်မှုကျူးလွန်ထားတဲ့ နည်းပညာလျှို့ဝှက်ချက်တွေကို ရအောင်ဖော်နိုင်မှသာ သူဘယ်သူလဲ၊ ဘယ်နေရာက ဘယ်လိုစက်အမျိုးအစားတွေကို အသုံးပြုပြီးပြစ်မှုကျူးလွန်တယ်ဆိုတာ ဖော်ထုတ်နိုင်မှာ ဖြစ်သတဲ့ဗျာ။

အဲဒီလို မသမာစိတ်နဲ့ ဆိုက်ဘာရာဇဝတ်မှုတွေကျူးလွန်သူတွေဟာ သာမန်လူတွေမဟုတ်ကြဘူး။ ဆိုက်ဘာနည်းပညာအရာမှာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူဖြစ်နိုင်တယ်။ ဒါပေမဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ရာမှာတော့ ပညာတတ်တွေဖြစ်ပေမယ့် သာမန်သူခိုးဓားပြတွေရဲ့စိတ်ဓာတ်အတိုင်းပဲ အောက်တန်းကျတဲ့သူတွေဖြစ်တယ်ဆိုတာကတော့ သေချာပါတယ်။ လူ့အခွင့်အရေးဆိုတာတွေကို နားလည်ပုံမရဘူး။ (နားလည်တယ်ဆိုရင်လည်း ဂရုမစိုက်တာ ဖြစ်နိုင်တယ်) သူတို့စိတ်မထင်ရင်ဘာကိုမှမစောင့်စည်းဘူး။ ပြည့်တန်ဆာမကအစ နိုင်ငံတော်သမ္မတအထိ သိက္ခာ မကျကျအောင်၊ မဟုတ်တာကို အဟုတ်ထင်အောင်၊ အတွင်းကျကျသိတဲ့လူက ဖော်ကောင်လုပ်သလိုပုံသဏ္ဍာန်မျိုးနဲ့ ထင်ယောင်ထင်မှားဖြစ်အောင် ချဲ့ထွင်ပြီး ရေးသားဖော်ပြတတ်ကြတယ်။ ကာယကံရှင်များအဖို့ အမှောင်ထဲမှ လက်သီးပုန်းအထိုးခံရတဲ့အတွက် အခံရခက်တဲ့အပြင် ဂုဏ်သိက္ခာထိပါးခံရတယ်။ အရှက်တကွဲအကျိုးနည်းလည်း ဖြစ်ကြရတယ်တဲ့။ ဒါကြောင့် အချိန်မီ ပြန်လည် ရှင်းလင်းကြရတယ်။ ငြင်းဆိုကြရတယ်။ အစွန်းအကွက်လေးတစ်ခု ဖြစ်သွားတယ်ဆိုရင် စင်းလုံးချောပျောက်အောင် ဖွတ်လျှော်ဖို့ဆိုတာ အချိန်ယူရတတ်တာမို့ ကာယကံရှင်တွေအတွက် နစ်နာဆုံးရှုံးမှုကြီးဖြစ်တတ်ပါတယ်။ အဲဒါကြောင့်လည်း သူတို့တိုက်ခိုက်လိုတဲ့ သားကောင်ရဲ့ ဂုဏ်သိက္ခာထိခိုက်မှုဟာ အဓိကပစ်မှတ်ဖြစ်တဲ့အတွက် သူတို့ကြားတဲ့ အမနာပသတင်းကို အတည်ပြုနိုင်ခြင်း ရှိ/မရှိ စိစစ်ဝေဖန်ခြင်းမပြုဘဲ လူတစ်ယောက်နစ်နာသွားရင် သူတို့အောင်မြင်ပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆိုက်ဘာရာဇဝတ်မှုတွေ ကျူးလွန်ကြတာဖြစ်တယ်။

AFP သတင်းတစ်ပုဒ်မှာ စင်ကာပူသမ္မတနဲ့ဝန်ကြီးချုပ်တို့ရဲ့ ဝက်ဘ်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးဖောက်ဝင်ရောက်ပြီးတိုက်ခိုက်တယ်လို့ သံသယရှိတဲ့ အသက် ၁၇ နှစ်နဲ့ ၄၅ နှစ်ကြားဒေသခံငါးယောက်ကို စစ်ဆေးမေးမြန်းနေကြောင်း စင်ကာပူရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၂ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။

နိုဝင်ဘာ ၈ ရက်နေ့မှာ ဝန်ကြီးချုပ် လီရှန်လွန်းရဲ့ ဝက်ဘ်ဆိုက်ဝင်ရောက်ထိုးဖောက်ခံရပြီး အပြည်ပြည်ဆိုင်ရာဟက်ကာအဖွဲ့ Anonymous ရဲ့ မက်ဆေ့ချ်များချန်ထားခဲ့တယ်။ နောက်တစ်နာရီလောက်အကြာမှာလည်း သမ္မတတိုနီတန်ရဲ့ ဝက်ဘ်ဆိုက်လည်း ဝင်ရောက်ထိုးဖောက်တိုက်ခိုက်ခံရတယ်ဆိုတဲ့အကြောင်း သိရပြန်သတဲ့။

တခြားအမှုတစ်ခုမှာလည်း အသက် ၃၅ နှစ်ရှိ စင်ကာပူနိုင်ငံသားဂျိမ်းရက်ဟာ Ang Mo Kio မြို့ကောင်စီဝက်ဘ်ဆိုက်ကို အောက်တိုဘာ ၂၈ ရက်က ထိုးဖောက်ဝင်ရောက်ခဲ့ပြီး Anonymous အဖွဲ့ရဲ့ အပြည်ပြည်ဆိုင်ရာသင်္ကေတ Guy Fawkes မျက်နှာဖုံးကို တင်ထားခဲ့မှုအတွက် နိုဝင်ဘာ ၁၁ ရက်နေ့မှာ ရုံးတင်စစ်ဆေးခံခဲ့ရတယ်လို့ သတင်းကဆိုပါတယ်။

မူးယစ်ဆေးဝါးစွဲချက်နဲ့ပါ ရင်ဆိုင်နေရတဲ့ အဲဒီဂျိမ်းရက်က ဒီဟိုက်ခိုက်မှုကို အိမ်နီးချင်း မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမှာရှိတဲ့ တိုက်ခန်းတစ်ခန်းကပြုလုပ်ခဲ့ခြင်းဖြစ်တယ်လို့ အစစ်ခံခဲ့တယ်။ ဂျိမ်းရက်ဟာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရရင် ငွေဒဏ် စင်ကာပူဒေါ်လာ ၁၀၀၀၀ ဒါမှမဟုတ် ထောင်ဒဏ်(၃)နှစ်၊ အဲဒါမှမဟုတ်ရင် ဒဏ်နှစ်ရပ်စလုံးချမှတ်ခံရနိုင်တယ်လို့ ဆိုပါတယ်။

ထိုနည်းလည်းကောင်းပဲ ဆိုက်ဘာ လုံခြုံရေးကို ဂရုမစိုက်တဲ့အတွက် ကမ္ဘာအရပ်ရပ်မှာ ရာဇဝတ်မှုကျူးလွန်လာတဲ့လူတွေများသည်ထက်များလာတယ်။ သာဓကအနေနဲ့ Kdoy's STORY နဲ့ Michelle's STORY ဆိုတဲ့သတင်းနှစ်ပုဒ်ကို တင်ပြရမယ်ဆိုရင် ...

**Kobe ၏ ဇာတ်လမ်း**

တချို့ငါးစာချပြီး ငါးမျှားတဲ့နည်းလမ်းတွေက နည်းနည်းတော့ ရှုပ်ထွေးပါတယ်။ အလယ်တန်းနည်းပြဆရာတစ်ဦးဖြစ်သူ Koby ဟာ မကြာခင်က အဲဒီပုံစံမျိုးရဲ့ သားကောင်ဘဝရောက်ခဲ့ရပါတယ်။ Koby က သူ့ကားတစ်စီးကိုရောင်းပြီး eBay ကို အသုံးပြုခဲ့ရာက ရက်အနည်းငယ်အကြာမှာ ဝယ်သူတစ်ယောက်နဲ့ တွေ့ခဲ့ရပါတယ်။ ဝယ်သူကငွေပေးချေတဲ့အတွက် Koby လည်း eBay မှာ ရောင်းမယ့်ပစ္စည်းစာရင်းက ပယ်ဖျက်လိုက်ပါတယ်။

သူ့ရဲ့ eBay စာရင်းကို ဖွင့်ကြည့်လိုက်မိရာက ခေါင်းရှုပ်အံ့ဩသွားရတယ်။ အဲဒီစာရင်းမှာ သူက ရောင်းစရာပစ္စည်းရှိနေတယ်လို့ သတင်းပေးထားဆဲကိုး။ စာမျက်နှာကိုကြည့်လိုက်တော့ သိပ်သေချာသွားတယ်။ သူရောင်းထားတဲ့ကားကိုပဲ ရောင်းမယ်လို့ ကြော်ငြာထားတာတွေ့ရတယ်။ တစ်ခုခုတော့မှားနေပြီ။ အရမ်းကိုမှားနေပြီဆိုတာ သတိထားလိုက်မိတယ်။

အီးမေးလ်လိပ်စာကတော့ သူ့ လိပ်စာမဟုတ်ဘူး။ တော်တော်လေး တော့ ဆင်တူတယ်။ ဒီတော့ လူများစု က သတိပြုမိမှာသံသယဝင်မှာမဟုတ် ပါဘူး။ ဒါပေမဲ့ Koby က တစ်ခုခုမမှန် တာကို သိနေတယ်။

သူက ရောင်းသူကို အီးမေးလ် ပို့လိုက်ပြီး အဲဒီကားကို ဝယ်ဖို့ကမ်း လှမ်းလိုက်သလို ငွေချေပေးဖို့လည်း အစီအစဉ်တွေ လုပ်လိုက်တယ်။ သူ ဖော်ထုတ်လိုက်မှုနဲ့ ရောင်းသူဟာ ခ ကာဂိုမှာနေတာကို သိလိုက်ရတယ်။

Koby က ဒီသတင်းကို FBI စုံထောက်အဖွဲ့ကို ပေးလိုက်တဲ့နောက် သူတို့က အကြံသမားလူလိမ်ကို ခြေရာ ခံကြပါတယ်။ Koby ဖွင့်ထားတဲ့ပစ္စည်း စာရင်းကို ဒီလူဘယ်လိုရသွားတာလဲ ငါးစာချပြီး ဖော်ပြလာတဲ့ အီးမေးလ်ကို သူ့အကောင့်နဲ့ အပေးအယူလုပ်ပြီး မေးလိုက်ရာက စာရင်းထဲဝင်ဖို့ URL ကို နှိပ်ခိုင်းပါတယ်။ သူက ကလစ်လုပ် လိုက်တဲ့နောက် eBay စာမျက်နှာထဲ ဝင်ကြည့်ခဲ့သလို သူ့စာရင်းက သတင်း အချက်အလက်တွေ ရသွားတာပါပဲ ဒုစရိုက်သမားက ဒီသတင်းနဲ့ သူ့ရဲ့ တရားဝင်အကောင့်ထဲ ဝင်လုပ်ရှား ပြီး ဆက်သွယ်ရေးဖုန်းနံပါတ်က ပြောင်းခဲ့တာ ဖြစ်ပါတယ်။

**မီရှဲလ်၏ ဇာတ်လမ်း**

ကင်ဆက်(စ်)မှ အလှအပကြိုက် သူ မီရှဲလ်ဟာ လွန်ခဲ့တဲ့ ၃ နှစ် ပထမဆုံးကွန်ပျူတာကို ရရှိခဲ့ပြီး ကော လိပ်ကျောင်းနေဘက်သူငယ်ချင်းတွေ အီးမေးလ်တွေ လက်ခံနိုင်ခဲ့လို့ ပျေ

www.burmeseclassic.com



နေပါတယ်။ ထို့အတူ သူဟာ အွန်လိုင်းပေါ်က နောက်ဆုံးပေါ်အလှကုန်ပစ္စည်းတွေကြည့်ရတာလည်း မဝယ်ပေမယ့် နှစ်သက်ခဲ့ပါတယ်။

သူဟာ ခင်ပွန်းမရှိတော့တဲ့ သားနှစ်ယောက်အမေဖြစ်သလို ကွန်ပျူတာအသုံးပြုတာကို ကလေးတွေရဲ့ကျောင်းစီမံကိန်းသတင်းတွေ ဖတ်ရှုဖို့ အဓိကထားပါတယ်။

ဒီလိုနဲ့ လွန်ခဲ့တဲ့ ၁ နှစ်ကျော်ကတော့ သူ့ကွန်ပျူတာက တဖြည်းဖြည်းနှေးနှေးလာတယ်လို့ ထင်ရပါတယ်။ အမှန်တော့ ကျွန်တော်တို့ သူ့ကို သွားအင်တာဗျူးချိန်မှာ သားနှစ်ယောက်အဖို့လည်း ကွန်ပျူတာက သုံးမရအောင်လေးနေတဲ့အတွက် အသုံးရပ်ထားပါပြီ။

ခရစ္စမတ်ချိန်မှာ လုပ်ဖော်ကိုင်ဖက်တချို့ကို တိုလီမုတ်စလက်ဆောင်လေးတွေ သူဝယ်ပေးချင်ခဲ့ပါတယ်။ အတိအကျပြောရရင် အလုပ်ထဲက ကောင်မလေးတစ်ယောက်ကိုပေးဖို့ ပိုးကောင်ရုပ် ရင်ထိုးလေးတွေအကြောင်း စုံစမ်းချင်တာပါပဲ။

အိမ်မှာသုံးစရာကွန်ပျူတာမရှိတဲ့ မိရှဲလ်ဟာ သူ့အဘွားရဲ့ ကွန်ပျူတာကိုငှားပြီး ရင်ထိုးလေးဝယ်ဖို့ စုံစမ်းခဲ့ပါတယ်၊ ခဏအတွင်းမှာပဲ သူ့အဘွားကွန်ပျူတာကလည်း သိသိသာသာနှေးနေတာတွေ့ရပြီး ကွန်ပျူတာတွေဟာ သူနဲ့မတည့်ဘူးလို့ ဆုံးဖြတ်မိပါတယ်။

သူ့ရဲ့ ယောက်ျားလေးမိတ်ဆွေတစ်က ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာကျောင်းသားဖြစ်ပါတယ်။ သူက သူတို့ကွန်ပျူတာနှေးနေတဲ့အကြောင်းပြောတော့ မိတ်ဆွေလေးက ပြဿနာကို ခုလိုခန့်မှန်းပါတယ်။

သူက Spyware ဆိုတဲ့ ပရိုဂရမ်တစ်ခုကို ဒေါင်းလော့စ်လုပ်ပြီး ဆွဲချခဲ့ရာက သူ့မှန်းဆချက်မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ သူ့အဖို့ ဒီအရှုပ်ထုပ်ကြီးကိုရှင်းဖို့ ရက်တွေအကြာပြီးယူခဲ့ရာက Spyware ကို ဖယ်ပစ်လိုက်တဲ့နောက် ကွန်ပျူတာတွေ ပုံမှန်ပြန်ဖြစ်လာပါတယ်။

ဗိုင်းရပ်စ်သတ်တဲ့ ဆော့ဖ်ဝဲလ်နဲ့ လုံခြုံရေးဆော့ဖ်ဝဲလ်တွေကို ထည့်ပေးလိုက်ရာက မိရှဲလ်နဲ့ သူ့အဘွားနှစ်ယောက်စလုံးအွန်လိုင်းပေါ် ပြန်ရောက်ခဲ့ပါတယ်။

ဒါပေမဲ့ ဇာတ်လမ်းက ဒီနေရာမှာ မပြီးသေးပါဘူး။

မိရှဲလ် သူ့အဘွားကွန်ပျူတာသုံးနေတုန်းမှာ ဖျတ်ခနဲပေါ်လာတာက သူ ဒေါ်လာ ၅၀၀ ဆု ပေါက်တဲ့ကြော်ငြာကိုတွေ့လိုက်ရတာပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ မေးခွန်းနည်းနည်းဖြေပြီးတာနဲ့ သူတို့မြို့က ကုန်ပဒေသာစတိုးမှာ ဒေါ်လာ ၅၀၀ ဖိုးရမယ်လို့ ဆိုပါတယ်။

မိရှဲလ်က မေးခွန်းတွေ ဖြေလိုက်တယ်။ ဒီနောက် သူ့လက်ဆောင်လက်မှတ်မရခင် ပစ္စည်းအသေးစား ၂ မျိုး ဝယ်ဖို့လိုတယ်လို့ ဖြစ်လာပြန်ပါတယ်။ သူက လက်ဆောင်စာရင်းက ဈေးအပေါဆုံးပစ္စည်းနှစ်ခုမှာလိုက်တဲ့အခါ သူ့အကြွေးဝယ်ခွင့်ကတ်ကအချက်တွေ ပေးဖို့ တောင်းဆိုပါတယ်။ သူလည်း ဒေါ်လာ ၅၀၀ ဖိုး လက်ဆောင်တွေရဖို့ လက်ကျန်သတင်းတွေ ထည့်ပေးဖို့ ကြိုးစားလိုက်ပါတယ်။

ဒါပေမဲ့ ဝက်ဘ်ဆိုက်က သူပေးတဲ့သတင်းကို လက်မခံပါဘူး။ အကြိမ်ကြိမ်ကြိုးပမ်းလို့မရတဲ့အဆုံး လက်လျှော့လိုက်ရာက ဝက်ဘ်ဆိုက်ပိုင်ရှင်ဆီကို အီးမေးလ်ပို့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့က သူရမယ့်ပစ္စည်းတွေရွေးရာမှာ ကူညီနိုင်မယ်လို့ မျှော်လင့်မိတာကြောင့်ပါပဲ။

သူတို့ဆီကို စာနှစ်ကြိမ်ရေးခဲ့ပေမယ့် ပြန်စာလုံးဝမရခဲ့ပါဘူး။ သူ့ခရက်ဒစ်ကတ်ထဲမှာသာ ဝယ်ဖို့သဘောတူတဲ့ ပစ္စည်းနှစ်မျိုးအတွက် ပိုက်ဆံနှုတ်ယူလိုက်တာခံရပါတယ်။ ဒေါ်လာ ၅၀၀ ဖိုး လက်ဆောင်လက်မှတ်တော့ ဘယ်တော့မှ မမြင်ရတော့ပါဘူး။

အဲဒါတွေဟာ သာဓကအနေနဲ့ ဥပမာတင်ပြခြင်းဖြစ်ပါတယ်။ ဆိုခဲ့တဲ့အတိုင်း ကမ္ဘာအရပ်ရပ်မှာ အလားတူ မသမာသူတွေက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဝက်ဘ်ဆိုက်တွေအသုံးပြုပြီးနည်းပညာအဆင့်မြင့်မားစွာနဲ့ ရာဇဝတ်မှုတွေ ကျူးလွန်နေတယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။

တချို့ နိုင်ငံတော်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်တွေ၊ အထက်တန်းစား သူဌေးသူကြွယ်တွေရဲ့ ဘဏ်ငွေစာရင်းအကောင့်တွေထဲဝင်ပြီး ခိုးယူသွားတာတွေလည်းရှိတဲ့အတွက် ဆိုက်ဘာလုံခြုံရေးကို ဂရုစိုက်ဖို့နဲ့ မသမာသူတွေရဲ့ သားကောင်ဘဝ မရောက်ရှိရေး သတိပြုနိုင်ကြစေရန် တင်ပြရခြင်းဖြစ်ပါတယ်ဗျာ။

ကိုကိုအင်တာနက်



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အိုးလေးလုပ်ပါဦး ‥ လှုပ်နေတဲ့ အိုးလေးကို အပိုင်ထွေးပိုက်၊ ချစ်မိ ထိုက်တဲ့ အချစ်လူမိုက် ရင်တွင်းခိုက် အောင် မျက်ရည်လှိုင်းထ ပူဆွေး သောကတွေ ပင်လယ်ဝေအောင်ခံစား နေရတဲ့ လူငယ်လေးတစ်ယောက်နဲ့ ဆင်ဖြူတော်ငါးထောင်တန် ရွက်သုံး ဆယ် လက်ဝယ်ပိုက်မိမလားဆိုပြီး နွား ပျောက်ရှာခဲ့ရာက နွားမတွေ့ဘဲ အချစ် နဲ့ ခန္ဓာကိုယ်ငိုယိုကာ အသက်ပေး လိုက်ရတဲ့ တောသူမ တစ်ခုလပ်မလေး တစ်ဦး။ သူတို့နှစ်ဦးရဲ့ ရင်နင့်စရာ ဝမ်း နည်းကြေကွဲဖွယ်ရာ အဖြစ်မှန်အချစ် ဇာတ်လမ်းလေးတစ်ခုက ဒီလိုပါ ‥

✦ ✦ ✦

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦး မြို့နယ်အတွင်းမှ အိမ်ခြေပေါင်း(၂၀၀) ခန့်ရှိတဲ့ ရှင်ရှားကျေးရွာလေးတစ်ခုမှာ ပေါ့။ ဒေသခံတောင်သူလယ်သမား မိသားစုအများအပြားနေထိုင်ကြတဲ့ အထဲမှာ လက်လုပ်လက်စားတောင်သူ များလည်း ရှိနေပါသည်။ ထိုထဲမှာမှ စိုက်ပျိုးစရာ မြေကွက်ဆိုလို့ အပ်တစ် စိုက်မျှမရှိရှာတဲ့ ကျဘမ်းအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုနေရရှာတဲ့ သူမမယ်ကလေးသုံးယောက်မိခင်ဖြစ် တဲ့ တစ်ခုလပ်မလေး နှင်းမာတစ် ယောက်အပါအဝင်။

နှင်းမာက တစ်ခုလပ်မလေးဆို ပေမယ့် သူ့ဘဝကို သတ္တိရှိရှိ၊ ဖွဲရှိရှိနဲ့ ရင်ဆိုင်သည်။ သူမကလှသည်။ ယဉ် သည်၊ ချောသည်။ ပို၍ချစ်စရာကောင်း သည်က နှလုံးသားက ဖြူစင်သည်။ မာကြောခက်ထန်သည်။ သမ္မာအာဇီဝ အလုပ်ဆိုလျှင် ဘယ်အလုပ်မျိုးကိုမဆို နှင်းမာက လုပ်ရဲကိုင်ရဲသူ။

ကျော်သူဝင်းမိဘတွေက ရွာမှာ တော့ တောင်သူကြီး။ စပါးကျည်တွေ မှာ စပါးအပြည့်။ ချမ်းသာသည့် တော သူဌေးစာရင်းဝင်တစ်ဦးဆိုတော့ အသက် နှစ်ဆဲယ်ကျော်သာရှိသေးတဲ့ တစ်ဦး တည်းသောသားငှလေးကို အချစ်သွေး တွေ ပိုကဲလွန်းလို့ အရိပ်တကြည့်ကြည့် ညအိပ်ချိန်ထိ အိမ်ပြန်မလာရင် လယ်တောတွင်ခိုင်းဖို့ ခေါ်ထားတဲ့ သာဝကို ရွာထဲလှည့်အရှာခိုင်းခဲ့ရတဲ့ ရက်တွေကလည်း မနည်းတော့။

သည်ကလေးကို ခြေငြိမ်သွား အောင် အိမ်ထောင်ချထားပေးလိုက် ချင်သည်။ သူပြောငါပြော ပြောနေကြ သည်ကို စိတ်မသက်မသာ ကြားနေရ သည့်သတင်းက သတင်းဆိုး။

သားက တစ်ခုလပ်၊ ကလေးနှစ် ယောက်အမေ နှင်းမာကို စိတ်ဝင်စား နေသတဲ့။ ရွာထဲက သူတို့အကျိုးကို လိုလားသူများက သတင်းပေးကြသည်။

မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူက သားလို လူပျိုနုနုထွတ်ထွတ်ကလေး နှင့် တစ်ခုလပ်မနှင်းမာကို မည်သို့မျှ သဘောမတူကြောင်း ရိပ်ဖမ်းသံဖမ်း ပြောသည်။ သားက ခေါင်းမာသူ၊ ပြန် မပြောနားမထောင်။

သည်တော့ တည့်တည့်ပြော သည်။ အဲဒီဟာမနဲ့မင်း ဖြစ်သွားလို့ ကတော့ တို့ဆီက ဘာအမွေမှ ရမှာ မဟုတ်ဘူး။ အိမ်ပေါ်က နှင်ချမယ်။ မင်း ခွက်ဆွဲတောင်းစားရတဲ့ဘဝ ရောက်ပြီလို့သာမှတ်လို့ ရာဇသံပေး တော့လည်း သားကမတုန်လှုပ်။

သည်အတိုင်းကြည့်နေလို့တော့ မဖြစ်တော့။ ရွာတောင်ပိုင်းက ကိုယ်နှင့် ဂုဏ်ရည်တူ လယ်ပိုင်ယာပိုင်၊ ထွန် စက်တွေ၊ ဆီစက်တွေပိုင်တဲ့ မိလှသမီး ခင်တုပ်မနဲ့ ပေးစားမှဖြစ်တော့မယ်။ ကလေးမလေးက စာတတ်ပေတတ် ပညာတတ်၊ ဘွဲ့တောင်ရပြီးနေပြီဆို

---

**တိတ်ဆိတ်ငြိမ်သက်လွန်းသည့်**
**ခင်တန်းလှိုမြောင်အတွင်းမှ**
**အိပ်တန်းတက်တော့မည့်ငှက်များ လန့်ပျံပြေးကြသည်။**
**သည်တဒင်္ဂမှာပင် နှင်းမာ၏ဘဝမှာ**
**ကျော်သူဝင်း၏ အစိပ်စိပ်အမွှာမွှာ နှင်းခြေဖျက်ဆီးခြင်းကို**
**ခံလိုက်ရပြီဖြစ်ပါ၏။**



www.burmeseclassic.com

တော့ နေနဲ့လ ရွှေနဲ့မြဖြစ်မှာမလွဲဘူး။

လူကြီးချင်း ညှိနှိုင်းကြည့်သည်။ အချိုပေါ်သကာဆင့်မည့်ကိစ္စမို့ မိန်းကလေးအမေ မိလှကလည်း မငြင်း။ သူတို့ချင်း နေ့ကောင်းရက်သာရွေးဖို့ပဲ လိုတော့သည်။

ခက်သည်က သားဖြစ်သူ ကျော်သူဝင်း၊ မိလှသမီးလေး ခင်တုတ်မ အကြောင်း စလိုက်သည်နှင့် စကားကိုပင် ဆုံးအောင် နားမယောင်ပဲ ရှောင်ထွက်သွားသည်သာ။ တစ်ခုပဲရှိတော့သည်။ အတင်းအဓမ္မစီစဉ်ရန်ပင်။

+++

ကျော်သူဝင်းဆို သူကလည်း ခေတ်လူငယ်ပဲလေ။ ပါးနပ်တာပေါ့။ သူ့မိဘများ၏ခြေလှမ်းကို ကောင်းကောင်း ခြေရာကောက်နိုင်သည်။ သည်အတိုင်း ငြိမ်နေလျှင် သူချစ်တဲ့ မမနှင်းမာနှင့် မလွဲမသွေကွဲရတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်။ သူ့မှာ မျိုသိပ်ရ လွန်းသဖြင့် ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်တော့မည့်ကဲ့သို့ ဖြစ်နေရသည်။ မမနှင်းမာကို ချစ်ခွင့်ပန်သည်။ မမ အေးအေးဆေးဆေးနေပါရစေ မောင်လေးရယ်ဟူသော အဖြေသာ အပ်ကြောင်းထပ်နေသည့်ဓာတ်ပြားဟောင်းကြီးတစ်ချပ်လို မြည်နေ၏။

သည်တော့ ကိုယ်လိုချင်သည်ကို ရအောင်ယူမှ ဖြစ်တော့မည်မို့ ကလိန်စေ့ကို ငြိမ်းဆင်ရတော့မည်။ အဲသည့်နေ့က မှတ်မှတ်ရရ ၂၄-၆-၂၀၁၃ ရက်နေ့။

ကျော်သူဝင်း ..နှင်းမာအိမ်ကို စောစောစီးစီးရောက်လာ၏။

"အစ်မ ဂွင်ကောင်းတစ်ခုတွေ့ထားတယ်"

"ဟဲ့ .. ဘာလဲ .. ဘာဂွင်လဲ မောင်လေး"

"ဟိုလေ .. ဟိုဘက်ရွာက နွားကူးတဲ့လူတွေရဲ့ နွားကြီးတစ်ကောင် ပျောက်သွားလို့တဲ့။ အဲဒီနွားကြီးက ၁၀ သိန်းလောက်တန်သတဲ့။ နွားကို ရှာပေးနိုင်တဲ့လူကို နွားတန်ဖိုးတစ်ဝက် တိတိ ပေးမယ်လို့ ကြေငြာတယ်ဟ .. စိတ်မဝင်စားဘူးလား"

နှင်းမာ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ရင်တွေပန်းတွေတုန်လို့ပေါ့။

"ဟဲ့ ၁၀ သိန်းတန်နွားရဲ့ တစ်ဝက်ပေးမယ်ဆိုတော့ ၅ သိန်းပေးမှာပေါ့ ..ဟုတ်လား"

"ဟုတ်တယ်လေ ..၅ သိန်း ပေးမယ်တဲ့။ အဲဒါ တို့နှစ်ယောက်ရှာကြမလား"

နှင်းမာ တွေဝေစဉ်းစားမနေတော့။ ဤဒေသတစ်ဝိုက် သူ မရောက်ဖူးသည့်နေရာမရှိ။ သူ ခြေရာမချဖူးသောမြေ မရှိသလောက်အောင်ပင်။ သူက နယ်မြေကျွမ်းကျင်သူမို့ နွားပျောက်ရှာမှုတွင် သူ့အဖို့ အခက်အခဲမရှိနိုင်ဟု ယုံကြည်သည်။ သူ့လို တစ်နေ့လုပ်မှ တစ်နေ့စားရသူတစ်ယောက်အဖို့ အကယ်၍များ ကံကောင်းထောက်မပြီး နွားပျောက်ကိုရှာတွေ့ခဲ့လျှင် ရမည့် ဆုကြေး ၅ သိန်းအနက် ကျော်သူဝင်းနှင့် သူ တစ်ယောက်တစ်ဝက်ခွဲယူလျှင်ပင် ၂ သိန်းခွဲစီလောက်ရနိုင်မည်မဟုတ်ပါလား။ ထို့ကြောင့် ..

+++

အချိန်မှာ နွေအကုန်မိုးကူးစ။ မိုးအုံ့သည့်အခါအုံ့၍ တိမ်နှင့်လွတ်လျှင် ခြစ်ခြစ်တောက်အောင် ပူလွန်းသည်။

နှင်းမာက ပုဆိုးဟောင်းကလေး တစ်ထည် ပခုံးပေါ်တင်လာ၏။ မကြာခဏ စို့ထွက်လာသည့် ချွေးစက်တို့ကို ပုဆိုးဟောင်းနှင့် တို့သုတ်၏။

နှင်းမာဘေးမှာ အရိပ်လိုလိုက်၍ နှင်းမာ၏ ပုံရိပ်ကို ချစ်ရည်လူးသည့် မျက်လုံးတွေနှင့် ခိုးခိုးကြည့်နေသည့် ကျော်သူဝင်းကမူ ကြည့်မဝနိုင်အောင်ပင် ဖြစ်နေ၏။

သည်တစ်ကွင်းလုံး ခြေရာချင်းထပ်အောင် သူတို့ရှာခဲ့ပြီးပြီ။ တောင်ပူစာတွေ၊ ဆင်ခြေလျှောတွေ၊ လျှိုမြောင်ကြီးတွေ၊ နွားကြီးခိုအောင်းနိုင်သော အစာရေစာပေါ၍ အရိပ်ကောင်းသော နေရာမှန်သမျှ တစ်လက်မမျှပင်မကျန်တော့ဘူးထင်၏။

နေစောင်းချိန်တွင် နှစ်ယောက်စလုံး ခြေကုန်လက်ပန်းကျသည်ထိပင်။ နှစ်ယောက်သား မန်ကျည်းပင်ညိုညိုကြီးအောက်မှာ ထိုင်ချလိုက်သည်။ တော်သေးသည် ကျော်သူဝင်းစီစဉ်လာသည့် ကောက်ညှင်းထုပ်နှစ်ထုပ်ကို တစ်ယောက်တစ်ထုပ် စားထားသဖြင့် ဗိုက်ကတောင့်နေ၏။

ကျော်သူဝင်းက သူ့ကျောပိုးအိတ်ထဲက ရေသန့်ဘူးလက်ကျန်ကို ထုတ်လျက် ..

"ရော့ ..အစ်မ အမောပြေအောင်သောက်လိုက်"

"ဟင် ..မင်းရေက နည်းနည်းပဲ ရှိတော့တာ။ မင်းသောက်ပါကွယ်။ အစ်မက ရပါတယ်"

"ဟာ ..အစ်မကလည်း အစ်မ

www.burmeseclassic.com





က မိန်းကလေးလေ၊ ကျွန်တော်က ယောကျ်ားပါ။ အစ်မကို ဦးစားပေးရမှာပေါ့။ ရော့ .. သောက်စမ်းပါဗျာ။ အစ်မကျန်တာ ကျွန်တော်သောက်မယ်"

ကျော်သူဝင်းက နှင်းမာလက်ကို ဆတ်ခနဲဆွဲ၍ ရေသန့်ဘူးကိုပေးသည်။ နှင်းမာတစ်ယောက် ရုတ်တရက် ကြောင်သွားသေးသည်။ နောက်မှ ကျော်သူဝင်း၏ စေတနာကို နားလည်သွားလျက် ရေဘူးကိုယူ၍ မော့သောက်လိုက်သည်။ ကျော်သူဝင်းတစ်ယောက် နှင်းမာ၏ အလှကို ငေးကြည့်ရင်း မရိုးနိုင်ဖြစ်လာလျက် ..

"ဒါ ခွေးကျင့် ခွေးကြံ ကြံတာဟဲ့။ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ဒီလို အကြမ်းဖက်တဲ့နည်းနဲ့ အရယူလိုက်ရင် ပြီးပြီလို့ နင်ထင်တယ်ပေါ့ ဟုတ်လား"

"အ .. အ .. အစ်မကို ကျွန်တော် ချစ်တယ်ဗျာ။ ကျွန်တော် ဘယ်လိုမှ မနေနိုင်တော့ဘူး"

"ဟဲ့ .. ဟဲ့ .. ကောင်လေး၊ နင် .. နင်"

နှင်းမာအသံက သည်မျှသာဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်လွန်းသည့် ခင်တန်းလျှိုမြောင်အတွင်းမှ အိပ်တန်းတက်တော့မည့်ငှက်များ လန့်ပျံပြေးကြသည်။ သည်တဒင်္ဂမှာပင် နှင်းမာ၏ ဘဝမှာ ကျော်သူဝင်း၏ အစိပ်စိပ်အမွှာမွှာ နှင်းခြေဖျက်ဆီးခြင်းကို ခံလိုက်ရပြီဖြစ်ပါ၏။

နှင်းမာထံမှ ရှိုက်သံက တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းလိုက်သည်။

"နင် .. နင်မကောင်းဘူး ကျော်သူဝင်း။ ဒါ ခွေးကျင့်ခွေးကြံ ကြံတာဟဲ့။ မိန်းမတစ်ယောက်ရဲ့အချစ်ကို ဒီလို အကြမ်းဖက်တဲ့နည်းနဲ့ အရယူလိုက်ရင် ပြီးပြီလို့ နင်ထင်တယ်ပေါ့ ဟုတ်လား"

"ခွင့်လွှတ်ပါ အစ်မရယ်၊ ကျွန်တော် အစ်မကို ချစ်လွန်းလို့ပါ"

"နင်နဲ့ငါ့ရဲ့ဘဝ ပေါင်းစပ်လို့မရနိုင်တာကို နင်ရောငါရော နှစ်ယောက်စလုံးသိရက်သားနဲ့ နင်ဒီလိုလုပ်ရက်တာ .. ငါ ဝမ်းနည်းတယ် ကျော်သူဝင်း၊ နင့်ကို ငါ တစ်စက်ကလေးမှ ချစ်လို့မရတော့ဘူး။ ဒီကိစ္စကို ငါ လူကြီးတွေကို တိုင်မယ်"

"မလုပ်ပါနဲ့ အစ်မရယ်၊ အဲဒီလို ကျော်မကောင်းကြားမကောင်းဖြစ်အောင် မလုပ်ပါနဲ့။ အစ်မလည်း အရှက်ကွဲ၊ ကျွန်တော်နဲ့ကျွန်တော့်မိဘတွေလည်း သိက္ခာကျ .."



www.burmeseclassic.com



"ဟင် ‥ နင့်မှာ ဘာသိက္ခာရှိလို့ ဘာသိက္ခာတွေကျမှာလဲ။ ခွေးတစ်ကောင်လောက်တောင် နင်က သစ္စာရှိတဲ့ကောင်မဟုတ်ဘူး။ ငါ သွားမယ်"

နှင်းမာက ဖိုးဖိုးဖပ်ဖပ်ထသွားသည်။ ကျော်သူဝင်းက နောက်မှ အတင်းလိုက်၍ သိုင်းဖက်လိုက်သည်။

"လွှတ် ‥ လွှတ် ငါ့ကိုလွှတ်"

"မလွှတ်ဘူးဗျာ ‥ မလွှတ်ဘူး"

ကျော်သူဝင်း အတင်းလည်ပင်းမှသိုင်းဖက်မိလျက်သားဖြစ်သွား၏။ သူ့လက်ကို ဖြေလျှော့လိုက်သောအချိန်တွင် ‥။

+ + +

အချိန်တန်လို့ အိမ်ပြန်မရောက်တဲ့ နှင်းမာကို မိဘ၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း၊ အိမ်နားနီးချင်း အသိုင်းအဝိုင်းတွေက ရွာပြင်ထွက်၍ တောနင်းရှာခဲ့ကြသည်။

မိုးမှောင်ကျလို့ ညဥ့်နက်တဲ့ည တစ်ညဆိုတော့ ဓာတ်မီးကိုယ်စီနှင့် လူစုခွဲလို့ ရှာခဲ့ကြသည်။ လယ်ကသင်းကျော်၍ ရိုးဖြတ်ခင်းဖြတ်ကာ လျှိုမြောင်ချိုင့်ဝှမ်း၊ ခင်တန်းချုံပုတ်၊ သစ်ပင်အုပ်အုပ် ငုတ်တုတ်လေးများထိုင်နေသလား။ အိပ်များနေသလား ဝေဝါးဝါးနဲ့ တွေ့သူကအော် တရှိုရှိုနဲ့ လက်ခေါက်မှုတ်၍ ခေါ်သူကခေါ်ရင်း ရှာဖွေခဲ့ကြသည်။

နှင်းမာအစ်ကို မောင်ပိုက မကျည်းပင်အောက်မှာ လဲကျနေတဲ့ သူတစ်ယောက်ကိုကြည့်ပြီး တွေ့ပြီတွေ့ပြီဟု အော်လိုက်ရာ လူအုပ်ကြီးဝိုင်းလာကာကြည့်လိုက်တော့ နှင်းမာကို ထမိန်တိုလေး ခြေသလုံးပေါ်လို့ အထက်ဆင်က ဗိုက်ပေါ်တင်လျက်သား အထင်းသားမြင်လိုက်ကြရသည်။

အစ်ကိုကြီးဖြစ်သူ ပေါက်စက နှင်းမာရဲ့လက်မောင်းကိုဆုပ်ကိုင်ကာ လှုပ်နှိုးရင်းကြည့်လိုက်တဲ့အခါမှာတော့ နှင်းမာတစ်ယောက် အသက်မရှိတော့ပေ။ အားလုံး ဟာခနဲဟင်ခနဲဖြစ်သွားကြကာ ဝမ်းနည်းမျက်ရည်တွေနဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြတုန်း အစ်ကိုလတ်ဖြစ်သူ မောင်ပိုက နှမဖြစ်သူကို ပခုံးပေါ်ထမ်းတင်လိုက်ပြီး ခပ်ပြင်းပြင်းခြေလှမ်းတွေနဲ့ ရွာဘက်ကို လှမ်းခဲ့ကြတော့သည်။

နှင်းမာကို ထမ်းပြေးသွားတဲ့ မောင်ပိုနောက်ကို လူအုပ်ကြီးကအပြေးအလွှားလိုက်ခဲ့ကြတော့သည်။

သေသောသူသည် သုသာန်သို့သွားသည်ဆိုပေမယ့် နောက်ကြောင်းကိုတော့ ကောက်ကြောင်းလိုက်ရဦးမည်ဆိုကာ အစ်ကိုကြီးဖြစ်သူ ပေါက်စက အုပ်ချုပ်ရေးမှူးရွာလူကြီးကို သွားရောက်အကြောင်းကြားခဲ့သည်။

ချက်ချင်းပင် စခန်းမှူး ဒုရဲမှူးဘိုဘိုထွဋ်နှင့်အဖွဲ့ရောက်လာကာ ဖြစ်စဉ်ကို မေးမြန်းစုံစမ်းခဲ့ကြသည်။

ၐ ၐ ၐ

ကျော်သူဝင်းတစ်ယောက် အိမ်မှထွက်ပြေးရန် ကြံစည်နေစဉ် ရဲတပ်ဖွဲ့ဝင်များ ရုတ်တရက် ရောက်လာပြီး ကျော်သူဝင်းကို လက်ထိတ်ခတ်လိုက်ကြတော့သည်။

ဇာတ်လမ်းအဆုံးမှာတော့ ကျော်သူဝင်းတစ်ယောက် မြွေပါလည်းဆုံး သားလည်းဆုံး ဆိုတာလို သူအင်မတန်ချစ်လှပါသည်ဆိုသော ချစ်သူလည်းဆုံး ဘဝလည်းရှုံးကာ တရားဥပဒေ၏ အဆုံးအမကို ခံယူရန် ဥပဒေဘက်တော်သားများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့ရလေတော့သည်။

အုန်းကျော်(ခင်ဦး



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

**ကျုပ်က ရှေ့နေ။**

မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီးတဲ့။ မှန်လိုက်တဲ့စကား။ ကျုပ်တို့လို အမှုလိုက်ရှေ့နေအတွက် လွန်စွာမှ မှန်ကန်တဲ့အရာပေါ့။ အမှုလိုက်ရှေ့နေဆိုတာ တရားလိုဘက်ကပဲလိုက်လိုက်၊ တရားခံဘက်ကပဲလိုက်လိုက် အမှုသွားအမှုလာအကြောင်းအရာကို သေသေချာချာမေးမြန်းပြီး စုံစမ်းလေ့လာရတယ်၊ ကိုယ်လိုချင်တဲ့အမှုနဲ့ ပတ်သက်တဲ့အကြောင်းအရာ အချက်အလက်ကို မရမချင်း စိတ်ရှည်ရှည်ထားပြီး သည်းခံနားထောင်ရတယ်။ အခုလည်း အမှုကိစ္စတစ်ခုအတွက် ကျုပ် တရားရုံးနဲ့ မိတ်ဆွေလာဖွဲ့ရပြီ။ အမှုက ရာဇဝတ်မှု၊ ပြောရလျှင် လူသတ်မှုပေါ့။ သဲလွန်စတွေ ရှာပြီး လူသတ်တရားခံကို သဲသဲမဲမဲရှာစရာ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူသတ်တရားခံကိုယ်၌က သူကိုယ်တိုင်သတ်တာပါလို့ပြောပြီး လာအဖမ်းခံတာ။

လူသတ်တရားခံလို့သာ သတ်မှတ်ရတာ၊ တကယ်တော့ သူဟာ လူရိုးလူကောင်းတစ်ဦးပါ။ သူ့ရဲ့အမူအရာ ဟန်ပန်တွေကြည့်ရင် တကယ်ရိုးသားပြီး အေးအေးဆေးဆေးနေတတ်သူ၊ စကားကို လေလုံးကွဲအောင်တောင် ပြောတတ်တဲ့သူမဟုတ်ဘူး။ သူ့ကို မြိုင်ရိပ်သာ မြို့ရဲ့တရားရုံးမှာ တွေ့တာ၊ ကျုပ်က သူ့ကို မိန်းကလေးတစ်ယောက်ကိုသတ်မှုနဲ့ တရားလိုပြုပြီး တရားစွဲရတယ်။ မြိုင်ရိပ်သာမြို့လေးကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရောက်လာခဲ့တဲ့ မိန်းကလေးပေါ့။ လူသတ်တရားခံနဲ့ အဲဒီမိန်းကလေးက မြိုင်ရိပ်သာမြို့လေးကို မရောက်ခင် မြို့သာဆိုတဲ့ ရွာလေးမှာ နေခဲ့ကြတဲ့ တစ်ရပ်ထဲသားတွေပေါ့။

လူသတ်တရားခံရဲ့ အမည်က အေးမြင့်မောင်တဲ့။ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်က ပေါ်တယ်။ အသက်က သုံးဆယ်ကျော်လေးဆယ်ဝန်းကျင်မှာ ရှိမယ်။ မျက်နှာထားက တည်ကြည်ကျခြေရှိရှိနဲ့။ သူ့မျက်လုံးအစုံဟာ ခံစားမှုကင်းမဲ့စွာနဲ့ အဝေးကို ငေးကြည့်နေတယ်။

ကျုပ်လည်း သူ့အကြောင်းကို ရသမျှ ရဲတွေဆီကနေ စုံစမ်းရတယ်။ သူ့ဘဝ၊ သူ့အကြောင်းကို သူနေခဲ့တဲ့ ပတ်ဝန်းကျင်မှာသွားပြီး လေ့လာရတယ်။ အေးမြင့်မောင်ဆိုတဲ့လူဟာ မိန်းကလေးတစ်ယောက်အပေါ်မှာ မချစ်ဖူးတဲ့အချစ်နဲ့ ရူးရူးမူးမူးကိုချစ်ခဲ့တဲ့သူ။ အချစ်နဲ့ပတ်သက်လာရင် အစွဲအလမ်းကြီးတဲ့သူ။ ဒီလိုလူစားမျိုးက ချစ်မိပြီဆို၊ ကမ်းကုန်အောင်ကို ချစ်တတ်သူဖြစ်တယ်။ ချစ်ရတဲ့မိန်းကလေးကို သူ့အနားမှာ အမြဲရှိနေစေချင်တယ်။ ချစ်သူရဲ့အနားမှာနေပြီး ချစ်ရတဲ့သူရဲ့ မျက်နှာကို တစိမ့်စိမ့်ကြည့်နေရတာကိုက သူ့ဘဝရဲ့အေးရိပ်ဆာယာလို့ ထင်တာ။

ဒီလိုချစ်တတ်တဲ့သူက သူ့ချစ်သူကို သတ်ပစ်လောက်အောင် ဖြစ်လာရတဲ့ဒေါသကို ကျုပ်ဖြင့် စဉ်းစားလို့မရဘူး။ ရဲဘက်ကတော့ လှေကားပေါ်ကနေ လိမ့်ကျပြီး သေတာမဟုတ်ဘဲ လည်ပင်းညစ်ခံရတာလို့ ပြောကြတယ်။ သူ့ချစ်သူမိန်းကလေးကတော့ ဆေးရုံရောက်မှ သေဆုံးပေမဲ့ စကားတစ်ခွန်းမှမဟာခဲ့ဘူးတဲ့။ သေဆုံးကာနီး ဆေးရုံကုတင်ပေါ်မှာ မျက်လုံးဖွင့်ပြီး အေးမြင့်မောင်ကို စူးစူးစိုက်စိုက်ကြည့်ပြီး အသက်ထွက်သွားတယ်လို့ ဆိုကြတယ်။ ဒီမိန်းကလေးရဲ့အကြည့်ကို ဘယ်သူမှ အဓိပ္ပာယ်ဖော်လို့ မရကြဘူး။ တရားခံခမျာ ဝမ်းနည်းကြေကွဲစိတ်နဲ့ နာကျင်စွာခံစားရရှာတယ်။ ဒီလောက် ချစ်လျက်သားနဲ့ ဘာကြောင့်သတ်ရသလဲ ဆိုတဲ့အဖြေကို ကျုပ်သိချင်တယ်။

ကျုပ်က သူ့ကို တရားလိုလုပ်ပြီး တရားစွဲရပေမဲ့ ကျုပ်ကို သူ နားလည်ပါတယ်တဲ့။ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပါလို့ သူကပြောတယ်။ မတတ်သာပေမဲ့ အချက်အလက်တွေရှာပြီး သူ့အမှုကို ဆောင်ရွက်ရတော့တယ်။ တရားခံတစ်ယောက်အနေနဲ့ အပြစ်ရှိကြောင်းကို ဖော်ထုတ်ရမှာက ကျုပ်ရဲ့ တာဝန်လေ။ တရားခံတစ်ယောက်အနေနဲ့ ရှေ့နေငှားပြီး ချွင်းချက်ထုတ်နိုင်တဲ့အခွင့်အရေးရှိပေမယ့်

www.burmeseclassic.com

သူက မငြင်းဘူး။ ဝန်ခံနေတယ်

\+ + +

အေးမြင့်မောင်ဆိုတာ–

ဟုတ်တယ်။ အဲဒါ ကျုပ်ရဲ့နာမည် ပဲ။ အရင်တုန်းက မြို့သာဆိုတဲ့ရွာလေးမှာ နေခဲ့တယ်။ အဲဒီအချိန်တုန်းက ကျုပ်ရဲ့အသက်က ဆယ်ကျော်သက်ပဲ ရှိသေးတယ်။ အထက်တန်းကျောင်းသားဘဝမှာ ပထမဆုံး မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်။ ယဉ်စစနဲ့ ရိုးရိုးရှင်းရှင်းလှတဲ့ မိန်းကလေးပေါ့။ ကျုပ်နဲ့အသက်အရွယ် မတိမ်းမယိမ်းဘဲ ရှိမယ်။ မြို့သာဈေးရဲ့ဈေးနေ့တစ်နေ့မှာ တွေ့ခဲ့ရတာ။ ဒါပေမဲ့ တစ်ခါပဲ တွေ့လိုက်ရတယ်။ ကျုပ်ရင်ထဲမှာတော့ တစ်သက်တာ ထာဝရကို စွဲလာခဲ့ရတယ်။ နေ့စဉ်ရက်ဆက် သူ့ကို တွေ့လေမလားရယ်လို့ သူ့ကိုတွေ့နိုင်တဲ့နေရာတွေလိုက်ရှာပေမဲ့ ချစ်ရတဲ့သူကလေးရဲ့အရိပ်အယောင်ကို ရှာလို့တောင် မတွေ့ခဲ့ရဘူး။

ကျုပ်က ဆွေမရှိ၊ မျိုးမရှိ မိဘမဲ့ တစ်ကောင်ကြွက်ဘဝ ဖြစ်လာတော့ ကျုပ်ဘဝကို ကျုပ် ဖန်တီးရတော့မယ်။ ဒါကြောင့် လုပ်ငန်းကိုင်ငန်းပေါတဲ့ မြိုင်ရိပ်သာမြို့လေးဆီကို ရောက်လာခဲ့တယ်။ ကျုပ်က အထက်တန်းကျောင်းအထိ ပညာသင်ဖူးတော့ ပွဲရုံတစ်ခုမှာ အလုပ်ရတယ်။ ရောင်းတာဝယ်တာ စာရင်းအင်းကအစ ကျုပ်က လုပ်တတ်ကိုင်တတ်တော့ ပွဲရုံပိုင်ရှင်က ကျုပ်ကို အားလည်းကိုး၊ ယုံလည်း ယုံကြည်တယ်။ ကျုပ်ကလည်း ကျုပ်ရဲ့အထီးကျန်ဆန်တဲ့ဘဝတစ်ခုလုံးကို အလုပ်ထဲမှာပဲ ကိုယ်ရောစိတ်ပါ နှစ်ထားလိုက်တယ်။ ဒါပေမဲ့ အင်း ဒါပေမဲ့ဆိုတာ ကျုပ်ရဲ့ဘဝကို အကြီးမားဆုံးပြောင်းလဲစေမယ့် အကြောင်းအရာတစ်ခုက ပေါ်လာပြီ။ ပထမဆုံး ကျုပ်ရဲ့ဘဝမှာ အမှတ်မထင်တွေ့ရပြီး ထာဝရ ရင်မှာ ဆယ်ကျော်သက်ထဲက စွဲလမ်းခဲ့ရတဲ့ မိန်းကလေး။ ဆယ်စုနှစ်ကျော်ကျော် မတွေ့ဆုံခဲ့ဘဲ အခုမှ ပြန်တွေ့ရတယ်။ မြို့သာမြို့ဈေးထဲမှာ တွေ့ခဲ့တဲ့သူ။ အသက်အရွယ်အရ ပြောင်းလဲခဲ့ပေမဲ့ ကျုပ်က သူ့ကို အမြဲတမ်းသတိရနေတော့ တွေ့တာနဲ့ မှတ်မိလိုက်တယ်။

"ကျွန်မနာမည်က . . မြယွန်းခင်ပါ၊ ဒီမှာ . . . ဝန်ထမ်းအမျိုးသမီးတစ်ယောက် လိုတယ်ကြားလို့ အလုပ်လာလျှောက်တာပါ"

ကဲ တိုက်ဆိုင်မှုက တော်တော်လေး အံ့ဩဖို့ကောင်းတယ်။ မမျှော်လင့်ဘဲ သူက ကျုပ်ဘဝထဲကို ရောက်လာတယ်။

ကျုပ်ရဲ့ ဝမ်းသာမှုက ဘယ်လောက်အထိ အထွတ်အထိပ်ကို ရောက်သလဲဆိုတာ ပြောပြဖို့တောင် မတတ်ဘူး။ အသက်အရွယ်ကြောင့် ပိုပြီး ယဉ်စစနဲ့လှလာတယ်။ ကျုပ် အလုပ်လုပ်တဲ့ပွဲရုံမှာ သူအလုပ်ရတာနဲ့ ကျုပ်လည်း သူ့အနားက ကိုယ်ရံတော်တပ်မှူးဘဝကို ဘယ်သူမှ ခန့်အပ်ခြင်းမရှိဘဲနဲ့ ကျုပ်ကိုယ်တိုင် ကျေကျေနပ်နပ် ခံယူလိုက်တယ်။ အလုပ်သွား အလုပ်ပြန်။ သူနေတဲ့ရပ်ကွက်က မိန်းကလေးတွေစုငှားတဲ့အိမ်ကို အကြိုအပို့ လုပ်ရတာကိုက ကျုပ်အတွက် ကျေနပ်ပီတိဖြစ်ရတယ်။ အလုပ်ထဲမှာ အေးအေးဆေးဆေး မပြောရတဲ့အကြောင်းမှန်သမျှကို အလုပ်လာ၊ အလုပ်ပြန်တဲ့အချိန်မှာ နှစ်ယောက်သား စကားတွေပြောရင်း လာခဲ့ကြ သွားခဲ့ကြတယ်။

တဖြည်းဖြည်း ရက်လေးတွေ ကြာလာတော့ နှစ်ယောက်သားရဲ့ ရင်ထဲမှာ သံယောဇဉ်နိမိတ်လေးတွေကို မြင်ရတယ်။ ကျုပ်ကတော့ တွယ်လာခဲ့ရတဲ့နှောင်ကြိုးက ပိုပြီး ခိုင်မာလာတယ်။ အချစ်ကိုဖွင့်ဆိုပြတဲ့နေ့က သူက ကျုပ်ကို အဓိပ္ပာယ်များစွာရှိနေတဲ့ မျက်ဝန်းအစုံနဲ့ ကြည့်တယ်။

"စဉ်းစားပါရစေဦး ရှင့်"

ဆိုတဲ့ သူ့စကားအတိုင်း ကျုပ် သူ့အပေါ်မှာ အများကြီး မျှော်လင့်ထားလိုက်တယ်။ ဒီအတောအတွင်းမှာ ကျုပ်က သူ့အပေါ်ယုယမှုကြင်နာမှုတွေကိုပြတယ်၊ သူကလည်း လက်ခံတယ်။

"ကျွန်မ . . . ရှင့်ကို အားကိုးချင်ပါတယ်"

တစ်ဆင့်ထက်တစ်ဆင့် ပိုပြီး ရင်းနှီး ခိုင်မာလာတယ်။ သူကလည်း ကျုပ်ရဲ့မေတ္တာကို ယုံကြည်လာတယ်။ ချစ်သူတို့ဘဝ လျှောက်လှမ်းတဲ့ ခရီးလမ်းလေးက သာယာဖြောင့်ဖြူးလှပနေတယ်။

"အစ်ကိုတို့နှစ်ယောက်ရဲ့ ဘဝလေးကို အတူတူတည်ဆောက်ချင်ပြီ"

"အချိန်နည်းနည်းလောက်တော့ စောင့်ပါဦး"

သူ့စကားအတိုင်း ကျုပ် စိတ်ချလက်ချ သဘောတူညီစွာနဲ့ နေတယ်။ နှစ်ယောက်သား စားကြ၊ သွားကြ၊ စကားလက်ဆုံ ပြောမကုန်နဲ့ပေါ့။ ဘဝမှာ ပျော်စရာတွေနဲ့ ဖာတ်သိမ်းရမယ်လို့ ထင်ခဲ့တာ။



www.burmeseclassic.com

"ကျွန်မတို့ . . . လက်ထပ်လို့ မဖြစ်ဘူး"

တစ်နေ့ သူက စကားစလာတယ်။ သူ့မျက်နှာလေးက ညှိုးနွမ်းနေတယ်။ သူ့စကားကို ကြားရတော့ ကျွန်တော့်ရဲ့ရင်ထဲမှာ တစ်စုံတစ်ခုကို ဆုံးရှုံးသွားရသလို ခံစားလိုက်ရတယ်။ ကြားရတဲ့စကားကို အမှန်မဖြစ်ပါစေနဲ့လို့ ဆုတောင်းမိတယ်။

"ဘာဖြစ်လို့လဲ မြယွန်းခင်ရယ်"

"ကျွန်မ . . . ရှင်နဲ့လက်ထပ်လို့ မဖြစ်တဲ့အကြောင်းက ရှိလို့ပါ"

နောက်ပိုင်း သူဟာ ကျုပ်နဲ့တွေ့တိုင်း အဲဒီလိုစကားကို ဆိုလာတယ်။ မေးတော့လည်း သေသေချာချာ မပြောဘူး။ တစ်ခါ တစ်ခါ ငိုတော့မယ့်မျက်နှာလို ညှိုးလာတယ်။ မျက်လုံးအစုံမှာလည်း မျက်ရည်ပြည့် ဝေ့နေတယ်။

"အစ်ကို့ကိုတော့ . . . အကြောင်းစုံ ပြောပြစေချင်တယ်"

ဘယ်လိုပဲပြောပြော သူကတော့ ဘာတစ်ခွန်းမှမပြောဘဲနေတယ်။ ကျုပ်က သူ့ကို သိပ်ချစ်နေတဲ့သူ၊ တစ်နှစ်နီးပါး သွားအတူ လာအတူ စားအတူ နေလာခဲ့တယ်။ ပတ်ဝန်းကျင်ကလည်း ကျုပ်တို့နှစ်ယောက်ဟာ မကြာခင် လက်ထပ်တော့မယ့် သိပ်ချစ်ကြတဲ့ ချစ်သူတွေ သစ္စာရှိကြတဲ့မောင်နှံတွေလို့ သတ်မှတ်ထားကြတာ။ ဒီလိုအဖြစ်လေးကို ကျုပ် အပျက်အစီးမခံနိုင်ဘူး။

"ကျွန်မ . . . မြို့သာမြို့လေးကို ပြန်မှဖြစ်မယ်"

"မပြန်ရဘူး . . . မြယွန်းခင်၊ မြို့သာကို ဘယ်နည်းနဲ့မှမပြန်ရဘူး၊ အစ်ကို . . . မြယွန်းခင်ကို အဆုံးရှုံးမခံပါရစေနဲ့၊ ကျုပ်ရင်ထဲမှာ မြယွန်းခင်အပေါ် ချစ်တာ တကယ်ကို နက်နက်ရှိုင်းရှိုင်း၊ နှစ်နှစ်ကာကာ ချစ်မိတာပါ၊ အစ်ကို့အပေါ် နားလည်ပေးပါ"

"ကျွန်မ . . . ဘယ်လိုနည်းနဲ့မှ မပြန်လို့ မဖြစ်တော့လို့ပါ၊ ကျွန်မကိုသာ ခွင့်လွှတ်ပါ၊ ပြန်ပါရစေ"

အထပ်ထပ်အခါခါ ပြန်ဖို့ချည်း ပြောနေတဲ့သူ့ကို ကျုပ် စိတ်မရှည်ချင်တော့ဘူး။ ဒီတော့ ကျုပ်ရင်ထဲမှာ သူ့ကို ကျုပ်ရဲ့အနားကနေ ဘယ်လိုမှ ခွာမသွားစေချင်ဘူး။ မရ,ရတဲ့နည်းနဲ့ တားဖို့ကို ဆုံးဖြတ်လိုက်တယ်။ ကျုပ် သူ့ကို သိပ်ချစ်မှန်းလည်း သူသိတယ်။ သိရဲ့သားနဲ့ ဘာကြောင့် ကျုပ်နဲ့လက်မထပ်နိုင်တာလဲလို့ မေးပြန်တော့ ဘာမှ ရေရေရာရာ၊ သေသေချာချာ အဖြေကို မပေးလာဘူး။

"ဟောဒီ . . . အိမ်အပေါ်ထပ်ကို အစ်ကိုပြန်ဝယ်ထားမယ်၊ ဒီအိမ်မှာ အစ်ကိုနဲ့ မြယွန်းခင်နဲ့နေကြမယ်၊ အစ်ကို့ရဲ့အပျော်ကမ္ဘာလေးကို မဖျက်ဆီးပါနဲ့ မြယွန်းခင်ရယ်"

ကျုပ်ဝယ်ထားတဲ့ အိမ်အပေါ်ထပ်ကအခန်းကို လိုက်ကြည့်ဖို့ မနည်းခေါ်ခဲ့ရတယ်။ ဖြစ်နိုင်ရင် အဲဒီနေ့မှာပဲ ကျုပ်ရဲ့ရင်ခွင်ထဲမှာ သူ့ကို အပိုင်သိမ်းဖို့ စဉ်းစားထားတယ်။ ချစ်ရတဲ့သူကို လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး။ ဒါကြောင့် မိုက်မဲတဲ့အကြံအစည်ကို ဖွတ်နှစ်ပြီး ကြံရတော့တယ်။

"ကျွန်မအပေါ်မှာ . . . ဘာမှ မမျှော်လင့်ပါနဲ့တော့၊ ကျွန်မ . . . ဘယ်နည်းနဲ့မှ အစ်ကိုနဲ့ လက်ထပ်လို့မဖြစ်နိုင်ပါဘူး"

နှစ်ယောက်သား အေးအေးဆေးဆေး ပြောရာကနေ စကားပြောရင်းက အချေအတင်ဖြစ်လာတယ်။ ကျုပ်လည်း ချစ်စိတ်နဲ့ဒေါသမွှန်နေတော့ သူ့ကို လှမ်းပြီး ပုခုံးနှစ်ဘက်ကို ကိုင်လိုက်တော့ သူက ကျုပ်ကို ရုန်းလိုက်တယ်။ အဲဒီမှာတင် သူ့လည်ပင်းကို အားရပါးရ အားစိုက်ပြီး ဒေါသနဲ့ ညှစ်လိုက်မိတယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေပြီး အပေါ်ထပ်ကနေတစ်ဆင့် လှေကားထစ်က လိမ့်ကျသွားတယ်။ ကျုပ်လည်း သူ့လှေခါးပေါ်ကနေကျပြီး သေတာနဲ့ ရဲစခန်းကို အကြောင်းကြားပြီး ခုလို အဖမ်းခံလိုက်တာပဲ။ ကျုပ်မှာ အပြစ်ရှိပါတယ်။ ကျုပ် လူသတ်မိတာပါ။ မြယွန်းခင်ကို ကျုပ်သတ်ပါတယ်။ ကျုပ်ကို အပြစ်ပေးပါ။ ကျုပ် သေပါရစေ။ အချုပ်ခန်းထဲကနေ ကျုပ် အော်နေတာ။ ခင်ဗျားတို့ကို နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး၊ ကျုပ် သိပ်ချစ်တဲ့သူကို ကျုပ် လက်နဲ့သတ်မိတဲ့အတွက် ကျုပ်လည်း မနေချင်တော့ဘူး။

ကျုပ်အတွက် ခုံကာကွယ်ဖို့ ရှေ့နေတွေလည်း မငှားတော့ပါဘူး။ ကျုပ်ဘဝနဲ့ ကျုပ်ရှိပါစေ။ အပြစ်ရှိတဲ့အတွက် ကျုပ် သေဒဏ်ခံရလည်း ဝမ်းမနည်းတော့ဘူး။ အချစ်အတွက် ပေးဆပ်ရတဲ့ အကြွေးလို့ပဲ သတ်မှတ်လိုက်တယ်။

\+ + +

ကျုပ်က ရှေ့နေလေ။

အခု အေးမြင့်မောင်ကို နှစ်ရက်တိတိ နှစ်သိမ့်ဖျောင်းဖျပြီးမှ တရားသူကြီးထံမှာ လျှောက်လဲချက်ပေးဖို့ သူဆုံးဖြတ်လိုက်တယ်။ တကယ်တော့ မြယွန်းခင်ကို သူချစ်ခဲ့တဲ့အချစ် သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့မေတ္တာနဲ့ ချစ်ခဲ့တာ။ မြယွန်းခင်က သည်း သူ့အပေါ်မှာ သံယောဇဉ်ရှိပါတယ်။ အစပထမတော့ နှစ်ယောက်သား လက်ထပ်ပြီး ဘဝတစ်ခုကို ထူထောင်ဖို့ စဉ်းစားခဲ့တယ်။ သို့သော် မြယွန်းခင်အတွက် အခက်ကြုံရတော့တယ်။ မြယွန်းခင်တွင် အိမ်ထောင်ရှိခဲ့သည်။ ထိုပထမအိမ်ထောင်သည် မြယွင်းခင်၏အလှကိုသာ ရမ္မက်တဏှာနှင့် ဆက်နွယ်ပြီး လက်ထပ်ပေါင်းသင်းခဲ့တယ်။ တစ်နှစ်မျှပေါင်းသင်းလာပြီးနောက် မြယွန်းခင်၏ယောက်ျား ကိုလေးဦးက ဖောက်ပြန်လာတယ်။ မြယွန်းခင်ကိုလည်း နှိပ်စက်တယ်။ ထို့အပြင် မနေနိုင်အောင် အိမ်ပေါ်မှနှင်ချ၍ လင်သားနှင့်ကွဲကာ တစ်နှစ်ကျော်မှ သူ့အပေါ် တကယ်ချစ်သည့် အေးမြင့်မောင်ကို တွေ့ရခြင်းဖြစ်တယ်။ သူ့ဘဝ၏ အိုအေစစ်အဖြစ် သတ်မှတ်ပြီးတဲ့နောက် သူ့အချစ်ကို လက်ခံကာ အတူသွားလာ လည်ပတ်ခဲ့ခြင်းပါ။ အန်တကယ် လက်ထပ်မည်ဟု စဉ်းစားကြသည်တွင် မြယွန်းခင်အတွက် ငယ်ထိပ်ကို မြွေပေါက်ကိန်း ဆိုက်တော့တယ်။

"မြယွန်းခင် . . . မင်းနဲ့ငါဟာ တရားဝင်လက်ထပ်ထားတဲ့ လင်မယားဆိုတာ . . . လူတိုင်းသိတယ်၊ မင်း . . ဒီအိမ်ပေါ်က ဆင်းသွားလို့ . . . ဘယ်လောက်ပဲကြာကြာ မင်းနဲ့ငါ . . . တရားဝင်မကွာရှင်းသရွေ့ ငါဟာ . . . မင်းရဲ့ယောက်ျားပဲ၊ မင်းကိုလည်း . . . ဘယ်တော့မှ ကွာရှင်းပေးမှာ မဟုတ်ဘူး"

ထိုစာသည် မြယွန်းခင်အဖို့ အေးမြင့်မောင်အပေါ် လက်ထပ်ချင်းကို မပြုနိုင်သောအခက်ပါပဲ။ မြယွန်းခင်၏ စိတ်တွင် ကိုလေးဦးနှင့် ကွဲကွာခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်၍ အရပ်စကားအရ လင်ခန်း၊ မယားခန်း(၃)နှစ်ကျော်၍မှ အဆက်အဆံ ထောက်ပံ့မှုမရှိလျှင် အလိုလို ပြတ်ဆဲသည်ဟု ထင်မိတယ်။ အေးမြင့်မောင်ကိုလည်း အိမ်ထောင်ရှိပါသည်ဟူ၍ သူမပြောခဲ့။

ယခုတော့ သူ့ကြောင့် အေးမြင့်မောင် မယားခိုးအဖြစ် တရားရင်ဆိုင်ရမည်ကို စိုးရိမ်သဖြင့် အတန်တန်ငြင်းဆန်ခဲ့သည်မှာ အသက်ပင် ပေးလိုက်ရသည်ထိပေါ့။ ဒါတွေအားလုံး ကိုကျုပ် စုံစမ်းခဲ့သမျှ သိခဲ့ရတာတွေ ဖြစ်တယ်။ အေးမြင့်မောင်ကလည်း သူ့အပြစ်ကို သူ ရဲရဲကြီး ခံယူဖို့အတွက် တရားသူကြီးရဲ့ သေဒဏ်စီရင်ချက်ချတာကို တည်တည်ငြိမ်ငြိမ်နဲ့ပေါ့။ ကြိုးဒဏ်ခံယူရမယ့် အကျဉ်းထောင်ကိုသွားတဲ့အခါမှာ ကျုပ်ကိုတောင် ပြုံးပြုံးလေး နှုတ်ဆက်သွားတယ်"

"ရှေ့နေမောင်ရင် . . ကျုပ် . . . မောင်ရင့်အပေါ်မှာ နားလည်ပါတယ်၊ တရားခံတစ်ယောက်အနေနဲ့ အပြစ်ရှိလို့သေဒဏ်ခံယူခဲ့ရတာကို ဝမ်းမနည်းပါဘူး၊ တမလွန်မှာ . . . ကျုပ်ရဲ့ချစ်သူနဲ့ ကျုပ် တွေ့ရမှာပါ"

ခိုင်မာသော ယုံကြည်ချက်နဲ့ပြောသွားတဲ့ သူ့စကားတွေ ကျုပ်နားထဲမှာ စိမ့်ဝင်သွားတယ်။ သူ့ရဲ့အမှုကိစ္စတွေ ပြီးတာနဲ့ ကျုပ်လည်း တခြားအမှုတွေဘက် လှည့်လည်အမှုလိုက်ခဲ့တာ။ အိမ်မှာ ထမင်းချက်၊ ဝေယျာဝစ္စအားလုံး လုပ်ဖို့အတွက် တပည့်လေးတစ်ယောက်ကို ခေါ်ထားတယ်။ မိသားစုမရှိတဲ့အတွက် စာအုပ်ကိုသာ အားလပ်ချိန်မှာ အဖော်ပြုရတယ်။ ဒီနေ့ကတော့ တပည့်ဖြစ်သူ မောင်ပုတစ်ယောက် သူ့အမေရှိရာကို ခဏပြန်ပါရစေလို့ဆိုတာနဲ့ သုံးလေးရက်လောက် ပြန်ခွင့်ပြုလိုက်တယ်။

အားတဲ့အချိန်မှာ အမှုဟောင်းတွဲဖိုင်ကိုပြန်ပြီး ကြည့်လိုက်တယ်။ အေးမြင့်မောင်ရဲ့ အမှုတွဲကိုတွေ့တယ်။ အင်းဘာလိုလိုနဲ့ သုံးနှစ်တောင်ရှိပြီ။ သေဒဏ်ကြိုးမိန့်ကျတဲ့တရားခံကို ချက်ချင်းအပြစ်ဒဏ်မချသေးဘဲ စီရင်ချက်ချပြီး တစ်ပတ်အတွင်းမှာ အယူခံဝင်ခွင့်ရှိတယ်။ နောက်ဆုံး သမ္မတကြီးအထိ အယူခံဝင်နိုင်ခွင့်ရှိတယ်။ သမ္မတမှ အယူခံကို ပယ်လိုက်မှသာလျှင် ထို ကြိုးဒဏ်ခံရ အကျဉ်းသားအတွက် ကြိုးဒဏ်စီရင်ဖို့ကို အဆင်သင့်ပြုလုပ်ရတော့တယ်။ ကျုပ်အတွေးထဲမှာ အေးမြင့်မောင်တစ်ယောက် အပြစ်သားအဖြစ်မှ မလွတ်ဘဲ ဘယ်နေ့ကများ ကြိုးဒဏ်ခံသွားရသလဲဆိုတာကို စဉ်းစားမိတယ်။

"ဟဲလို . . ဩော် . . . ဟုတ်ကဲ့၊ ကျွန်တော် . . ရှေ့နေအောင်ထွန်းသက်ပါ၊ ဘယ်လို (---)အကျဉ်းထောင်ကဟုတ်လား၊ ဘာကိစ္စများရှိလို့လဲ ခင်ဗျာ၊ ဗျာ . . . အေးမြင့်မောင် ဟုတ်လား၊ သိပါတယ်၊ လွန်ခဲ့တဲ့ (၃)နှစ်က . . . သူ့ကို ကျွန်တော်ကပဲ တရားလိုပြုပြီး တရားစွဲခဲ့တာပါ။ အော် . . . သူက ကျွန်တော့်ကို (-----)အကျဉ်းထောင်ကို လာခဲ့ပါ့မယ်"

နောက်တစ်နေ့ မိုးလင်းတာနဲ့ ကျုပ်လည်း ရင်းနှီးတဲ့ မိတ်ဆွေတစ်



www.burmeseclassic.com

ယောက်ရဲ့ကားကို အကူအညီတောင်းပြီး (---)အကျဉ်းထောင်ကို လာခဲ့တယ်။ ဝန်ထမ်းတစ်ဦးက ဝင်ခွင့်ရတာနဲ့ ကျုပ်ကို ကြိုးတိုက်ဆီကို ခေါ်လာတယ်။ ကြိုးတိုက်ဆိုတာ ကြိုးသမားတွေကိုထားတဲ့ အခန်းကိုခေါ်တာ။ ကြိုးတိုက်ခန်းမှာ တစ်ခန်းကိုတစ်ယောက်သာ ထားရတယ်။ ကြိုးသမားအချင်းချင်း အတူတူစုပေါင်းထားလို့မရဘူး။ ကြိုးသမားအများစုဟာ မျှော်လင့်ချက်မရှိတော့ဘဲ သေမိန့်ချပြီးသူတွေ ဖြစ်တယ်။ ကြိုးသမားအချင်းချင်းလည်း တစ်ယောက်နဲ့တစ်ယောက် တွေ့ရဖို့ဆိုတာ မလွယ်ကူဘူး''

ကြိုးတိုက်ခန်းကို တည်ဆောက်ထားပုံက တစ်ခန်းနဲ့တစ်ခန်း တစ်စောင်းလွဲဆောက်ထားတော့ တစ်ဦးကိုတစ်ဦးလှမ်းမမြင်နိုင်ဘဲ အသံကိုသာကြားရတယ်။ တိုက်ခန်းဝတံခါးထိပ်မှာ ကြိုးသမားနဲ့သက်ဆိုင်တဲ့ Cell Tickets ခေါ်တဲ့ တိုက်ခန်းရဲ့စာလွှာကို ချိတ်ဆွဲထားတယ်။ အဲဒီ Cell Tickets မှာ ကြိုးသမား၏အမည်၊ အဘအမည်၊ ပြစ်မှုအမျိုးအစား၊ ပြစ်ဒဏ်ကာလများကို ဖော်ပြထားတယ်၊ သောက်ရေအိုး တစ်လုံးချထားပေးတယ်၊ များသောအားဖြင့် ၂၄ နာရီလုံးလုံး တိုက်ခန်းထဲမှာပင်ထားပြီး သော့ခတ်ထားတယ်။

ကျုပ် ကြိုးသမား အေးမြင့်မောင်ရှိရာကို လာခဲ့တယ်။ ပိန်လှီဖျော့တော့တဲ့ အသားအရေ၊ ငွေမင်ရောင်ဖွေးဖွေးထနေတဲ့ဆံပင်၊ မျက်လုံးအစုံက မျက်တွင်းဟောက်ပက်နဲ့ ချိုင့်ခွက်ဖြစ်နေတယ်။

''ကျုပ်ကို ... မသေမချင်း ကြိုးပေးသတ်ဖို့ စီရင်ချက်က ကျသွားပြီ၊ ကျုပ်ပျော်ပါတယ်၊ မောင်ရင့်ရှေ့နေကို ကျုပ် ... အဆက်အသွယ်လုပ်ခိုင်းတာပါ၊ ကျုပ်ရင်ထဲမှာ ... ရှိသမျှကို ဖွင့်ဟပြီး ရှေ့နေမောင်ရင့်ကို အကူအညီတောင်းချင်လို့ပါ''

''ပြောပါ .. ကျုပ်ဘာအကူအညီ ပေးရမလဲ''

''ဒီလိုပါ ... ရှေ့နေလေး၊ အခု အကျဉ်းထောင်က တာဝန်ခံတွေက နောက်ဆုံးဆန္ဒကို မေးလာလို့ ကျုပ်က ရှေ့နေမောင်ရင်နဲ့ တွေ့ချင်ပါတယ်ဆိုလို့ .. ယခုလို ... ဆုံတွေ့ခွင့်ရတာပါ၊ တခြားတော့ မဟုတ်ပါဘူး၊ အခု ... တစ်ရက်နှစ်ရက်အတွင်းမှာ ကျုပ်ဘဝရဲ့ နောက်ဆုံးအချိန် ရောက်တော့မယ်၊ မြယွန်းခင် ... မြိုင်ရိပ်သာမြို့လေးကို စရောက်တဲ့နေ့မှာ မြို့ဦးစေတီမှာ ကျုပ်သူ့ကို စတွေ့တယ်၊ နောက် ... သူနဲ့ ခင်မင်ရင်းနှီးလာပြီး သံယောဇဉ်တွယ်တဲ့ကာလတွေမှာ အဲဒီ ... မြိုင်ရိပ်သာမြို့ဦးစေတီကို နှစ်ယောက်အတူ အားလပ်ရက် တနင်္ဂနွေနေ့တိုင်း သွားဖူးခဲ့ကြတယ်၊ ဘုရားမှာ ... ပန်းလှူပြီး ကျုပ်က ... ချစ်သူနဲ့မခွဲမခွာနေရပါစေလို့ အမြဲတမ်း ဆုတောင်းနေခဲ့တယ်၊ ကျုပ်ဆုတောင်း ... ပြည့်ချင်တယ် ရှေ့နေလေး၊ ဒါကြောင့် ... ကျုပ်အတွက် မဖြစ်မနေ တစ်ခုလောက်တော့ လုပ်ပေးပါလို့ တောင်းဆိုချင်တာပါ''

''ကျုပ် ... ကူညီနိုင်တဲ့ အကူအညီမျိုးဆိုရင် မဖြစ်မနေလုပ်ပေးမှာပါ၊ ပြောပါ၊ ကျုပ်က ... မောင်ရင့်အတွက် ဘယ်လိုလုပ်ပေးရမှာလဲ''

''နောက်နေ့ဆိုရင် ... တနင်္ဂနွေနေ့၊ ကျုပ်နဲ့ မြယွန်းခင်တို့က မနက်စောစောမှာ ... ဘုရားကိုသွားပြီး ဘုရားပန်းကပ် ဆုတောင်းကြတယ်၊ အခုလည်း ... ရှေ့နေလေးက တနင်္ဂနွေမနက်စောစောမှာ မြိုင်ရိပ်သာရဲ့မြို့ဦးစေတီကို သွားပြီး ... ထောင်မှူးကြီးဆီမှာ ... ကျုပ်အပ်ထားတဲ့လက်စွပ်တစ်ကွင်းကိုယူပြီး ကျုပ်နဲ့ မြယွန်းအတွက် ကုသိုလ်ကောင်းမှုပြုပေးပါ''

ကျုပ်လည်း သူနဲ့ အကျိုးအကြောင်းပြောပြီး ပြန်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံး အတွေးများစွာနဲ့ ပြန်လာခဲ့ပြီး ရင်ထဲမှာလည်း နာကျင်ကြေကွဲရတဲ့ဝေဒနာကို ခံစားလာခဲ့တယ်၊ အမှုလိုက်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးမှာ တရားလိုဘက်ကဖြစ်ဖြစ် တရားခံဘက်ကဖြစ်ဖြစ် ကိုယ့်အမှုသည်အတွက် နိုင်ပွဲရအောင် အကျေအလည်ကို လျှောက်လဲချက်တွေ အခါများစွာပေးခဲ့တယ်။ အမှန်တရားရဲ့ စီရင်ထုံးနဲ့ အပြစ်ဒဏ်ကျခံရသူတွေလည်း ရှိခဲ့တယ်။ ဒါပေမဲ့ ကျုပ် မခံစားခဲ့ရဘူး။ အခု အေးမြင့်မောင်ရဲ့အမှုနဲ့ကျမှ တရားလိုပြုပြီး ကျုပ် လျှောက်လဲချက်ပေးခဲ့ရပေမဲ့ ကျုပ်ရင်ထဲမှာ ဝေဒနာတွေက မွန်းကျပ်နေတယ်။

အခုလို သူ့ကို ကြိုးပေးခါနီး လာတွေ့ရတာရယ်၊ သူ့စိတ်ဆန္ဒတွေကို ပြောပြပြီး ကျုပ်ကို အကူအညီတောင်းခဲ့တဲ့အခါမှာ ကျုပ်ရင်ထဲမှာ နာကျင်တဲ့ဝေဒနာကို ခံစားရတယ်။ အိမ်ကို ပြန်လာတဲ့ လမ်းတစ်လျှောက်လုံးမှာ အေးမြင့်မောင်ရဲ့အကြောင်းကိုပဲ တွေးလာတယ်။ အိမ်ရောက်တော့ ကျုပ်တပည့် မောင်ပု ပြန်ရောက်နေတယ်။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ည်း ရေမိုးချိုး၊ အဝတ်အစားလဲပြီး ော အနားယူဖို့ အိပ်ရာပေါ်မှာ လှဲ နေလိုက်တယ်။ လှဲအိပ်နေရင်းလည်း အေးမြင့်မောင်အကြောင်းကိုပဲ တွေးမိ ယ်။ ထမင်းလည်း စားချင်စိတ်မရှိ ောတဲ့အတွက် စောစောပဲ အိပ်ဖို့ င်လိုက်တယ်။

ရုတ်တရက်မို့ မှောင်ကြီးကျလာ သလို ကျုပ် ခံစားလိုက်ရတယ်။ အိပ် ထဲကနေကြည့်ရင်း ပြတင်းပေါက် ပြင်ဘက်မှာ အလင်းရောင်မဲ့နေသ ို တွေ့ရတယ်။ တဖြည်းဖြည်း အ င်းရောင်လေး ခပ်ဝါးဝါး မြင်လာရ ယ်။ နောက် အရိပ်တစ်ခု မလှုပ်မ ားရပ်နေရာကနေ လှုပ်လှုပ်ရှားရှား စ်လာတယ်။

"ရွှေနေလေး ... ရွှေနေလေး"

ကျုပ်ကို ခေါ်သံကြားရတယ်။ အေးမြင့်မောင်အသံမှ အေးမြင့်မောင် သံ။

"ရွှေနေလေး .. ကျုပ်သွားတော့ ယ် အဲဒါ ... လာ .. နှုတ်ဆက်တာ ျုပ်မှာတာတွေကို မမေ့နဲ့နော်"

ကျောခိုင်းပြီး ထွက်သွားတဲ့သူ့ကို မ်းခေါ်ကာ အော်မိလိုက်တယ်။

"အေးမြင့်မောင် ... အေးမြင့် ောင်"

"ဆရာ .. ဆရာ .. ဆရာ"

ကျုပ်ရဲ့ပုခုံးနှစ်ဖက်ကို လူတစ် ယောက်က ကိုင်လှုပ်လိုက်တယ်။

"ဟင် ... မောင်ပု .. မင်း .. ာ .. ဘာလဲ"

"ဆရာ .. လူတစ်ယောက် နာ ည်ကိုခေါ်ပြီး ယောင်နေသံကြားလို့ ှန်တော် လာနှိုးတာ"

ဒီတော့မှ ကျုပ်အိပ်နေရင်း အိပ်မက်မက်တာကို သိရတယ်။

"ဘယ်နှနာရီထိုးပြီလဲ မောင်ပု"

"လေးနာရီထိုးဖို့ ... ဆယ်မိနစ်ပဲ၊ ပြန်အိပ်ချင်အိပ်လေ"

"ဟော့ ... အေး .. မအိပ်တော့ဘူး၊ ငါ ... မြို့ဦးစေတီဘက်ကို လမ်းလျှောက်ဦးမယ်၊ မနက်စောစော နှင်းတောထဲမှာ လမ်းလျှောက်ရတာ .. အာရုံက လန်းလန်းဆန်းဆန်း ရှိတယ်"

ပြန်ဆက်မအိပ်တော့ဘဲ ကျုပ်စေတီဘက်ကို လမ်းလျှောက်လာတယ်။ မနက်စောစောဆိုပေမဲ့ လမ်းလျှောက်သူတွေ တစ်ဦးနှစ်ဦးပဲ ရှိတယ်။ စေတီဘက်ကို လမ်းလျှောက်လာတဲ့အခါမှာ ကျုပ်နောက်က တစ်ဦးတစ်ယောက် လိုက်လာသလိုလို ခံစားရတယ်။ ဘုရားကို ရောက်တဲ့အခါမှာ အေးမြင့်မောင်ရဲ့ဆန္ဒအတိုင်း သူ့ဆီကရလာတဲ့ ရွှေလက်စွပ်လေးကို ဘုရားဌာပနာအတွက် ပြတိုက်က တာဝန်ရှိသူတွေလိုအပ်လိုက်ပြီး ပန်းကပ်ကာ၊ ဆုတောင်းအမျှဝေလိုက်တယ်။ ကျုပ်ရဲ့နှာခေါင်းမှာ နှင်းဆီရနံ့သင်းပျံ့ပျံ့ကို ခံစားလိုက်ရတယ်။ ကျုပ်မှာပါလာတဲ့ ဟန်းဖုန်းနဲ့ (---)ကို ဖုန်းဆက်ပြီး ,တာဝန်ရှိသူတွေကို မေးလိုက်တယ်။

"ဟုတ်တယ် ... ဦးအောင်ထွန်းသက်ရေ ... ဒီမနက် သုံးနာရီခွဲကပဲ တရားခံ အေးမြင့်မောင်ကို ကြိုးပေးလိုက်ပါတယ်"

မြမြလှိုင်





www.burmeseclassic.com

www.burmeseclassic.com



# မိုးဝင်း





www.burmeseclassic.com

မလုံး ထမင်းအိုးငှဲ့မယ်လုပ်တော့ အိပ်ရာထဲက အငယ်ကောင် ဟိုဘက်၊ ဒီဘက် လှိမ့်သလား၊ နိုးများနေသလား မသိဘူး။ "အင့် ..အင့်၊ အဲ့ ..အဲ့" အသံကြားလို့ ပါးစပ်ကနေ "ကျိုကျို၊ ကျက်ကျက်"အသံပေးရင်း ထမင်းအိုး ငှဲ့ပြီးတဲ့အထိ အသံဆက်မကြားရတော့မှ တော်ပါသေးရဲ့လို့ အောက်မေ့ရင်း က ဈေးကားမလာခင် လုပ်စရာရှိတာ တွေ အကုန်ပြီးအောင်လုပ်၊ ဈေးကား လာတော့ အိမ်ရှေ့တံခါးလေး အသာ ထိတ်ရင်း ထွက်ခဲ့ရတယ်။

ကြာပါပြီ။ တစ်ခါတလေ ပုံသေ နည်းဆန်ဆန် ရှာဖွေလုပ်ကိုင် စား သောက်နေရတာဆိုတော့ ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး ငြီးငွေ့တာတော့ အမှန်ပဲ။ အလုပ်ကပြန် ခြင်ထောင်ထဲဝင်၊ ခြင် ထောင်ထဲက ထွက်၊ အလုပ်ထဲသွားဆို တာလို လုပ်လိုက်၊ စားလိုက်၊ အိပ် လိုက်၊ ဆူဆူပူပူတွေဖြစ်လိုက်၊ အေး အေးချမ်းချမ်းတွေ ကြုံလိုက်နဲ့ ကိုယ့် ဘဝ ကိုယ့်မိသားစုနဲ့ပါလား ဆိုတဲ့ အ သိကြောင့်သာ အသက်ရှင်နေရတာကို နှစ်သက်သလို ဖြစ်ဖြစ်နေရတာ။

မိုးမလုံတာ၊ လေမလုံတာ အသာ ထားလို့ ကိုယ့်အိမ်ကိုယ်နေ၊ ကိုယ့်ထ မင်းကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်မိသားစုနဲ့ကိုယ် မရှိအတူ၊ ရှိအတူ နေရတာဆိုတော့ ဆင်းရဲတာခြင်းအတူ တူ သူများအိမ်၊ သူစိမ်းတစ်ရံဆံကြား မှာ ကျွန်သာသာနေရ၊ လုပ်ရတဲ့သူတွေ၊ လူတစ်ယောက် ဖြစ်ပါရဲ့နဲ့ လူသွေးလူ ရောင်ပျောက်အောင် လုပ်ကိုင်စား သောက်ရသူတွေနဲ့ စာပြန်တော့ မလုံး ကျေနပ်ပါတယ်။

အဖေကဆို မသေခင်က မကြာ မကြာ ဆုံးမတတ်တယ်။ မွဲတာ၊ ဆင်း ရဲတာခြင်းအတူတူ ရိုးရိုးသားသား၊ သန့်သန့်ရှင်းရှင်းစိတ်နဲ့ ဆင်းရဲရတာ ကောင်းတယ် သမီးရေ၊ မဟုတ်မတ ရားနဲ့ လော်မာဖောက်ပြန်တဲ့စိတ်တွေ၊ ကောက်ကျစ်သေးသိမ်တဲ့စိတ်တွေ၊ ဂုဏ်သိက္ခာနဲ့အရှက်ကို ထိခိုက်စေမယ့် စိတ်တွေ၊ အလုပ်တွေတော့ ဘယ်တော့ မှမလုပ်နဲ့၊ မကြံနဲ့ အားမကျစေနဲ့တဲ့။ အဖေ့ရဲ့ဆိုဆုံးမမှုတွေနဲ့ ကိုယ်တိုင် ရိုး သားခြင်းကိုမြတ်နိုးခဲ့လို့ ဘယ်သူတွေ တော့ ဘယ်လို ပွပေါက်ပွလမ်းတွေ့နေ တာ။ ဟိုတစ်ခါ ပြောသလိုသာလုပ်ရင် ညည်း အခုလို ဘယ်ပင်ပန်းတော့မှာ လဲ။ တစ်ခါတလေပဲ ဘယ်သူမှ မသိပါ ဘူး။ ဘယ်လိုလုပ်လိုက်ပါလား ဆိုတဲ့ စံရည်မပြည့် ပေတံဆို လုံးဝမသုံးဘဲ ရိုက်ချိုးခဲ့တာ အခုထိပါ။

ဒီနေ့မနက် ကလေးတွေအဖေ ခမျာ အလုပ်ပင်ပန်းလွန်းလို့ ကိုယ် တွေ၊ လက်တွေ မသယ်ချင်လောက် အောင် နေမကောင်းဘူးဆိုလို့ "၃၊ ၄ ရက်လောက်တော့ ... အိမ်မှာ ...

လျော့ရိလျော့ရဲ
စိတ်မပါသလို
သွားနေရင်းက
ပိုက်ဆံအိတ်
ကောက်ရတဲ့နေရာကိုပဲ
စိတ်ကပြန်သွားချင်နေတယ်။
အဲဒီနားမှာ ပိုင်ရှင်ခမျာ
မေးမြန်းများနေလေမလား။
ရှာဖွေပဲနေလေမလား။
ငိုလို့ပဲနေလေမလားလို့
စိတ်အတွေးနဲ့တင်
သနားလွန်းလို့
ပြန်ပေးချင်လှပြီ
...



www.burmeseclassic.com

နားချင်နားပါဦး၊ ကျုပ် . . . မနက်စောစော . . . ဈေးကားမှီအောင် ထမင်းထချက်ပြီး ဆန်ပြုတ်ကလေးပါ ကျိုခဲ့မယ်။ အမေရယ်၊ တော်ရယ်၊ ကလေးတွေရယ် . . . သင့်သလို စားကြပြီး နေရစ်ကြ၊ ဈေးကပြန်လာမှ . . . ဆေးလေးဘာလေးနဲ့ စားကောင်းမယ့် ဟာလေးလည်း ဝယ်ခဲ့မယ်’လို့ ပြောပြီး ထွက်ခဲ့တာ။

ရောင်းလို့များ ဆိုးချက်ကတော့ လွန်ရော။ ကုန်စိမ်းဆိုတာမျိုးက နေ့ချင်းပြတ်ရောင်းရမှ ကောင်းတာ။ ခုတော့ ဘယ့်နှယ်ဖြစ်တယ်မသိ။ နေ့တစ်ပိုင်းတောင်ကုန်လုပြီ။ တယ်ပြီး မဟန်ချင်ဘူး။ ရောင်းရတဲ့ငွေလေး ကျစ်ကျစ်ပါအောင်သိမ်းရင်း ရငွေနဲ့ကျန်ကုန် ချိန်ဆရင်းက ရောင်းကုန်တွေသိပ်မနွမ်းခင် ပုဆိုးလေးနဲ့ သိမ်းထုပ်ရင်း နောက်ရက်မှသင့်သလို စီစဉ်ရမှာပဲဆိုပြီး ပစ္စည်းလေးတွေ သိမ်း၊ သယ်စရာတွေပြင်ရင်း အိမ်ကိုပြန်မယ်လို့ ဆုံးဖြတ်ချက်နဲ့ ဈေးထဲကနေ ထွက်ခဲ့ပါတယ်။

ဈေးသာ ရောင်းမကောင်းတာ။ စည်ထားတာတော့ လွန်ရော။ မအုံးလုတို့နားဆို လူတောင်ညပ်နေသေးရဲ့။ ခက်တာက ဈေးသည်တွေကလည်း ဈေးဝယ်တွေ သွားလာနေကြတာကို ဘယ်လှည့်ကြည့်လိုက်၊ ညာလှည့်ကြည့်လိုက်။ ဈေးဝယ်တွေကလည်း ဘယ်ဘက်က ဈေးသည်တွေကြည့်ကြည့်၊ ညာဘက်က ဈေးသည်တွေ ကြည့်ကြည့်နဲ့ လည်ပင်းလေ့ကျင့်ခန်း လုပ်နေသလား ထင်ရရဲ့။

ထိုင်တွေးလည်း ကိုယ့်အတွေးနဲ့ကိုယ် ဖြတ်လာရင်းက ဟင် . . ရှေ့မှာ ပိုက်ဆံအိတ်လေးပါလား။ ဘယ်သူများ ကျခဲ့ပါလိမ့်။ လောလောဆယ် ကိုယ့်ခြေထောက်နားရောက်နေတာဆိုတော့ ကုန်းကောက်လိုက်တဲ့အထိ ဘယ်သူမှ ဘာမှ မထင်ကြတာရယ်၊ မသိလိုက်ကြတာရယ်ဆိုတော့ ကိုယ့်ပိုက်ဆံအိတ် ကိုယ်ပြန်ကောက်တယ်လို့လည်း ထင်ချင်ထင်ကြသလားတော့ မသိဘူး။

လက်နဲ့ ပိုက်ဆံအိတ်ကိုအထိမှာ အထဲက တင်းတင်းဖောင်းဖောင်း အထိအတွေ့ကြောင့် လူတစ်ကိုယ်လုံးဆိုတာ ဘယ်လိုဖြစ်တယ်ဆိုတာ တကတည်းမပြောတတ်တော့ဘူး။ ဘာမှလည်းမမြင်တော့ဘူး။ ခြေလှမ်းတွေက သွက်လာတာလား၊ လူကပဲ သွက်လာတာလား မသိဘူး။ အတော်မြန်မြန်သွားရင်းက လက်ထဲတင် ပိုက်ဆံအိတ်ရဲ့ဇစ်ကလေးကို အသာဆွဲဖွင့်ကြည့်လိုက်တော့ အို . . လူဟာလေ တုန်တုန်ယင်ယင်ကိုဖြစ်လာတယ်။ တစ်ထောင်တန်တွေ၊ ငါးရာတန်တွေ၊ တစ်သောင်းတန်တောင် မြင်လိုက်သေး။ ငါးထောင်တန်ကော နောက် သေးသေးအတန်တွေကော ဘယ်လောက်ရယ်လို့ အတိအကျသာ မရေတွက်မိတာ ပိုက်ဆံတွေ အတော်ပါတယ်လို့တော့ သိရဲ့။

အိမ်က လူက ဈေးထဲက စားကောင်းတာလေးတစ်ခုခုတော့ ဝယ်ရင် ဝယ်ခဲ့ကွာလို့ မှာတဲ့စကားရယ်၊ အမေ့အတွက် ပန်းနာပျောက်ဆေးရယ်၊ အငယ်ကောင်လေးအတွက် တစ်နေ့က တွေ့ထားတဲ့ အဝါရောင်ဝမ်းဆက်အင်္ကျီနဲ့ ဘောင်းဘီလေးရယ် ဝယ်ပြီး ကျန်တာလေးကို . . .

တွေးရင်း ပြေးနေသလိုများ
နေသလားလို့ စိတ်မှာ ထင်လာ
ကြောင့် ဖြည်းဖြည်းဆက်လျှောက်
ကပဲ အင်း . . ပိုက်ဆံအိတ်ပိုင်
ခင်ဗျာ၊ ဈေးထဲမှာ လူးလားတုံ့ခေါက်
လိုက်များရှာနေမလားမသိဘူး။ သိ
တွေ့ရင်ကတော့ ပြန်ထိုးပေးပစ်မှာရ
အဟုတ်။ ဒါမှမဟုတ် ကိုယ့်လို
သည်မပဲလား။ ပိုက်ဆံရှိတဲ့ ဈေးဝယ်
ကလားလို့ တော်င်ရောက်ရောက်
မြောက်ရောက်ရောက် စဉ်းစားရင်း
ပျာလောလောနဲ့ သွားနေသူ၊ ဟိုရှာ
ဒီရှာရှာ လုပ်နေသူတွေ့ရင် ပိုက်
အိတ်ပိုင်ရှင်များ ဖြစ်နေမလား
စောင့်ကိုကြည့်နေတာ။ ပြန်ပေးချင်တ
လေ။

လျှော့ရိုလျှော့ရဲ စိတ်မပါသ
သွားနေရင်းက ပိုက်ဆံအိတ်ကောက်
တဲ့နေရာကိုပဲ စိတ်က ပြန်သွားချင်
တယ်။ အဲဒီနားမှာ ပိုင်ရှင်ခများ
မြန်းများနေလေမလား။ ရှာဖွေပဲ
လေမလား။ ငိုလို့ပဲ နေလေမလား
စိတ်အတွေးနဲ့တင် သနားလွန်းလို့ ပြ
ပေးချင်လှပြီ။ အို . . . ခုချိန်ကျမှ
ပြန်သွားလည်း အပိုပဲနေမှာပါ။ အိ
တောင်အပြန်နောက်ကျတာပဲ အဖ
တင်မယ်။ ကိုယ်က မတွေ့ရင် သူများ
က တွေ့မှာပဲ။ သူများဆို ဒီလိုစိတ်
တောင် ဖြစ်ချင်မှဖြစ်မယ်။ တော်ပါပြီ
ကိုယ့်လမ်းကိုယ်သွားတာပဲ ကောင်းပါ
တယ်လို့ စိတ်ဖြစ်လိုက်၊ ပြန်လှည့်ချင်
တဲ့စိတ်ဖြစ်လိုက်နဲ့ ချီတုံချတုံနဲ့ တကယ်
ပါ။ ဘယ်လိုနားလည်အောင် ပြော
မယ်မသိဘူး။ တစ်မျိုးကြီးရယ်။

ခိုင်မာပြတ်သားတဲ့ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းပြန်မကြည့်တော့ဘူး တွေးရင်းကပဲ ဟိုဈေးသည်မလေး များ ဖြစ်နေမလား။ သူလို ကိုယ်လို သည်ထဲကဆိုရင်တော့ ကိုယ်ချင်း ပါတယ်။ ငါ ပြန်ပြီး စုံစမ်းဦးမယ်ဆို ပြန်သွားနေမိပြန်ရော။

လူတွေ၊ ဈေးသည်တွေကတော့ အတိုင်းပဲ။ အခုနကလည်း ဒီပုံပဲ။ လည်း ဒီအတိုင်းပဲ။ ပျောက်သူ ကောက်သူကိုယ်ရော ဘာမှ မ ခြားသလိုပဲ။ ထူးခြားနေတာက ယ်တိုင်ပါ။ ပိုက်ဆံအိတ်ကလေးကို ပ်မြင်အောင်ကိုင်ရင်း ကောက်ရတဲ့ ကို သွားနေမိပါတယ်။ သက်ဆိုင် ကိုယ့်ကိုတွေ့ပြီး ပြန်များတောင်း းလို့ပါ။ ဘယ်သူမှ ဘယ်လိုမှ ကို အသိအမှတ်မပြုကြ။ မမေး တဲ့ကြားကပဲ တွေးမိတဲ့အတွေးက ော် ့့ ဈေးသည်ဆိုတာ ရောင်းဝယ် တာဆိုတော့ ဘာမှသိမှာ မဟုတ် ဘူး။ ကိုယ့်ဖောနဲ့ကိုယ်လေ။ သူတို့ မှာ အခုထိ ပိုက်ဆံအိတ်ပျောက်တာ သိလို့နေရှာမှာပါဆိုပြီး ပိုက်ဆံ အိတ်ကလေးကို လက်နဲ့ထောင် ''ဟော့ ့့ ကောင်မတွေ းမှာ ပိုက်ဆံအိတ် ပျောက်တဲ့သူများ မရှိ းလား၊ ဒါလေးလေ ဒီထဲအမှာ ပိုက်ဆံ တွေလည်း ပါတယ် ၊ နေ့တော်ကြာမှ မသိ နေမှာစိုးလို့ လာပြော ''လို့ ပြောလိုက်တော့။

ဈေးသည်မ အတော် များ စိတ်ဝင်စားပြီး ကိုယ့်

**ကိုယ်သာ**
**သူ့နေရာမှာဆိုရင်လို့**
**တွေးနေတုန်းမှာ ကျွန်တော့်**
**လက်ကိုင်ဖုန်းမြည်သံ**
**ကြားရပါတယ်။**
**ဘယ်သူ့ဖုန်းဖြစ်ဖြစ်၊**
**ဘာကိစ္စဖြစ်ဖြစ်**
**မကိုင်ဘူးကွာလို့**
**ဆုံးဖြတ်ရင်းက**
**ဖုန်း Ringtone**
**မြည်သံဆုံးတဲ့အထိကို**
**ကျွန်တော် ဖုန်းနဲ့အပြိုင်လိုက်ပြီး**
**ဆိုနေမိပါတယ်**
**. . .**



အိတ်ကလေးတွေကို ဟိုစမ်း၊ ဒီစမ်း လုပ်သူလည်းလုပ်ရဲ့၊ ကိုယ့်လိုပဲ သူ များပစ္စည်း အချောင်မလိုချင်သူက တော့ ဆက်ပြီး သူ့ဈေးသူရောင်းနေ သလို တစ်ယောက်ကတော့ အမြန်ထ တဲ့ပြီး ''ဟုတ်တယ် . . . ငါ့အိတ်ပေး'' တဲ့ဆိုပြီး လက်ထဲကကို မပေးရသေး ဘဲ ဆွဲယူသွားလေရဲ့။ ပြီးတော့ သူ့ပုံစံ ကြည့်ရတာ မရိုးဘူးလို့တော့ စိတ်ထဲမှာ ထင်တယ်။ ကိုယ့်လက်ထဲက သူ့လက် ထဲ တကယ်ရောက်သွားပြီဆိုတော့ လည်း ဘာမှလည်း ဆက်မလုပ်တတ် တော့ဘူး။ ကဲ တော်ပါပြီ။ ကိုယ်မဟုတ် တာလုပ်တာမှမဟုတ်တာ။ သူမဟုတ် တာလုပ်ရင် သူခံပေါ့ဆိုပြီး အဲဒီနေရာ က ထွက်တော့လာတာပဲ။ ခက်တာက ''ကောင်မက ဘာတုန်းဟ၊ ဂေါက်တာ လား၊ ကြောင်တာလား၊ ကြောင်ရှေ့ လာပြီး ့့ ငါးကြော်လာကျွေးတာနေ မှာ''လို့ ပြောသံတွေကတော့ နောက်မှာ အချိန်အတော်ကြာပြောနေမှာ သေချာ ပါတယ်။


ပြန်ထွက်လာရင်းက အခုန ပြောသံတွေရယ်၊ ဒီကောင်မ ကြည့်ရတာ မယုံသလို ဖြစ်လာလို့ ငါ ဒီ အကြောင်းကို ဈေးရုံး ဝင်ပြောမယ်။ မဟုတ် ရင် မခိုင်လုံရင် ငါ ပြန်ယူမယ်။ ဈေးရုံး က လူကြီးတွေဆို တာ စစ်တတ်၊ ဆေး တတ်ရှိတယ်။ မှန်လည်း မှန်ကန်တတ်တယ်ပေါ့။ ဒါနဲ့ ဈေးရုံးထဲကို



www.burmeseclassic.com

အကျိုးအကြောင်းဝင်ပြောတော့ ချက်ချင်းပဲ လူကြီး ၂ ယောက်လောက် လိုက်ခဲ့ပါတယ်။ အခုန ကောင်မနား ရောက်တော့ 'သူပဲ'ဆိုပြီး လက်ညှိုး ထိုးပြ လိုက်တော့ လူကြီးက "ဟေ့ .. အခု နှ ပိုက်ဆံအိတ် ပြန်ပေးစမ်း'လို့ ဟောက်လိုက်တော့ အံမယ် ... သူက လည်း မခေဘူးရယ် "ဘာ ပိုက်ဆံ အိတ်လဲ၊ ဘာလို့ ပေးရမှာလဲ"တဲ့။ "အေး .. လာခဲ့၊ ဒါဆို ရုံးခန်းလိုက်ခဲ့၊ ဟိုမှာ ... ပိုက်ဆံအိတ်ပိုင်ရှင်ရှိတယ်၊ အဲဒီမှာ ... တွေ့လိမ့်မယ်၊ အဲဒီမှာ ရှင်း"လို့လည်းဆိုရော သူဟာမဟုတ်တာ၊ သူ သိတာဆိုတော့ "အို ... အလုပ်ကလည်း ရှုပ်လိုက်ကြတာ၊ အဖိုးမတန်တဲ့ပိုက်ဆံအိတ်ကိုများ အလုပ်၊ လုပ်လို့၊ ရော့ ... ရော့ လိုချင်တဲ့သူ ယူတော့ဆိုပြီး ပြန်ပေးလိုက်လေရဲ့။ ဒီတော့ ဈေးလူကြီးက ကိုယ့်ကို "ဒီ အိတ် ဟုတ်ရဲ့လားပေါ့၊ အိတ်ထဲမှာပါတဲ့ပိုက်ဆံကော ဟုတ်လားပေါ့"မေးပြီလေ။ ခက်တာက အိတ်ကတော့ ဟုတ်တယ်။ ဒါပေမဲ့ အိတ်ထဲက ပိုက်ဆံကတော့ အခုနလောက် မများတော့တာ အမှန်ပဲ။ ဘာ အရွက်ကြီးတွေမှ မရှိတော့ဘူး။ ကိုယ်ကလည်း အတိအကျ ရေတွက်မထားမိလေတော့ ချက်ကျကျ မပြောနိုင်ဘူး၊ ထားပါတော့လေ။ နောက်ဆုံးတော့ "ကဲ ... ရှင်းချင်တာ ရှိရင် ရုံးကို ဘယ်သူမဆို လိုက်ခဲ့ကြ" ဆိုပြီး ပွဲက ပြီးသွားပါပြီ။

မလုံးရဲ့ကိစ္စကို စိတ်ဝင်စားလို့ ဝင်ပြီး နားထောင်နေကြတဲ့ လူအုပ်ကြီးလည်း ရှင်းသွားပါပြီ။ လူအုပ်ထဲမှာ ရောက်နေတဲ့ "သုံးမျိုးနှစ်ရာ"သောင်းဌေးလည်း လူအုပ်နဲ့အတူ ပြန်လာရင်းက ကျွန်တော့်ဆီကိုလာပြီး ဖြစ်ကြောင်းရယ် ကုန်စင်ကို အားပါးတရ ပြန်ပြောပြရင်းကပဲ–



"ကိုစိုး .. စဉ်းစားကြည့်၊ ဒါ .. အမှန်တော့ မလုံး အတာဗျ။ ရိုးတာ မဟုတ်ဘူး။ ကျွန်တော်သာ ဆိုရင်ဗျာ"

"နေဦး ... သောင်းဌေး၊ နေဦး၊ မင်းက ... ဒါ မလုံးတစ်ယောက်ထဲ နေရာကတင် ဝင်ပြောနေတာ၊ တကယ် မလုံးနေရာရယ်၊ ကိုယ့်ဟာမဟုတ်ဘဲ ကိုယ့်ဟာလုပ်ပြီးယူတဲ့ ဈေးသည်မရယ်၊ ဈေးရုံးက လူကြီးနေရာရယ် အကုန်ဝင်နေရမှာကွ"

"ဟာ ... ဟုတ်တယ် ကိုစိုး၊ ကျွန်တော်က တစ်နေရာတည်း၊ တစ်ဦးတည်းနေရာကတင် ပြောနေတ
အမှန်ကတော့ နေရာစုံက နေရ
ကြိုက်တယ်ဗျာ .. ဒီကိစ္စ ညနေ
တစ်ခါထပ်ပြီး ဆွေးနွေးရအောင်၊ ကျ
တော် .. ဈေးထဲဝင်လိုက်ဦးမယ်"
ပြီး ထွက်သွားတဲ့ သောင်းဌေးကို ကြည့်ရင်း–

အင်း .. ကိုယ်သာဆိုရင်
ကိုယ်သာ ဘယ်နေရာမှာဆိုရင်၊ ကို
သာ သူ့နေရာမှာဆိုရင်လို့ တွေးနေ
မှာ ကျွန်တော့် 'လက်ကိုင်ဖုန်းမြည်
ကြားရပါတယ်။ ဘယ်သူ့ဖုန်းဖြစ်
ဘာကိစ္စဖြစ်ဖြစ် မကိုင်ဘူးကွာလို့
ဖြတ်ရင်းက ဖုန်း Ringtone မြည်
ဆုံးတဲ့အထိကို ကျွန်တော် ဖုန်းနဲ့အ
လိုက်ပြီး ဆိုနေမိပါတယ်။

"မေတ္တာနှလုံး ကိုယ်စီသုံး
ပြုံးကြပါစေ၊

မေတ္တာရန်သူ ဒေါသမှု အပူ
ပါစေ၊

မေတ္တာရေစမ်း ကိုယ်စီ
အေးချမ်းကြပါစေ၊

ခန္တီ၏ရန် ဒေါသမာန် တွန်း
နိုင်ပါစေ၊

ခန္တီနှလုံး အစဉ်သုံး ရှင်ပြ
ပါစေ၊


တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊
ချမ်းကြပါစေ၊

ကိုယ်စိတ်နှစ်ဖြာ ဘေးရန်
ချမ်းသာကြပါစေ။

စိုးဝင်း(ဘ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

(၈)

ထိုအဖြစ်အပျက်ကို အဖေသိသောအခါ ဦးဒေဝကို နားချဖျောင်းဖျနှစ်သိမ့်သည်။

''ဒေဝရာ .. မင်းလည်းအသက်ရလာပါပြီ။ လောဘသတ်လိုက်ပါတော့။ မင်းလိုက်နေတဲ့လမ်းဟာ ဘာသာရေးလမ်းမဟုတ်ဘူး။ ဓမ္မလမ်းမဟုတ်ဘူး။ ဒါကို မင်း သဘောပေါက်စေချင်တယ်။ မင်းဘိုးတော်ပြောတာ မှားတော့မမှားဘူးကွ။ တစ်ခုရဖို့ တစ်ခုပေးရတာအမှန်ပဲ။ ငါ့အမြင်ပြောရရင် မင်းလိုချင်တာရဖို့ မင်းပေးသင့်တာက မင်းတို့ချစ်တဲ့သားရဲ့အသက်မဟုတ်ဘူး။ မင်းတို့ရဲ့ စရဏာအားပဲ''

ဦးဒေဝက နားမလည်စွာ ပြန်ကြည့်နေ၏။

''သမ္မာဒိဋ္ဌိကျတဲ့အမြင်နဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ရင် မင်းလိုချင်တာ ရလာမှာ မလွဲကေန်ပဲ။ ဘာမှမလုပ်ဘဲ လိုချင်တာတွေများနေတာဟာ လောဘကွ။ ဘာမှအားမထုတ်ဘဲ 'ဆုထိုင်တောင်းနေရုံနဲ့ ဘာမှမရနိုင်ဘူး။ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် ဘယ်မှာ အနိစ္စရှိတော့မှာလဲ။ ဘယ်မှာ အနတ္တ ရှိတော့မှာလဲ''

ဦးဒေဝ ငြိမ်၍နေ၏။

''မင်းဘက်ကသာ လောဘကင်းကင်းနဲ့ တရားရအောင် ကျင့်ကြံအားထုတ်ပါ။ မင်းလိုချင်တာတွေ ရလာမှာပါ။ ဒါ .. ငါပြောတာမဟုတ်ဘူး။ ဘုရားရှင်က ဟောခဲ့တာ''

ဦးဒေဝ ဘာမှပြန်မပြော ..

ဦးဒေဝရင်ထဲတွင် အဖေ၏စကားများကို အပြည့်အဝသဘောပေါက်ကာ လက်ခံခြင်း ရှိ/မရှိ ကျွန်တော်မသိပါ။

သို့သော် ခါတိုင်းကဲ့သို့ ဦးဒေဝသည် အဖေ့ကို ပြန်လည်ငြင်းဆန်အတိုက်အခံပြောခြင်းမရှိသည်ကမူ ဦးဒေဝထံတွင် အတွေးမှန်တစ်ခု ရသွားဟန်ရှိသည်ဟု ကျွန်တော်ထင်ပါသည်။

ဦးဒေဝ ကျွန်တော်တို့အိမ်မှ ပြန်သွားသောအခါ ကျွန်တော်က စိတ်ထဲရှိရာကို ပြောမိ၏။

''ဦးဒေဝရဲ့ ဘိုးတော်ရုပ်တုက ကောင်းကျိုးမှမပေးတာ။ အဲဒါကို စွန့်ပစ်လိုက်ဖို့ကောင်းတယ်''

အဖေက ..

''သား .. အဲဒီလို ပစ်စလက်ခတ် မပြောရဘူး။ အကြောင်းနဲ့အကျိုး ဆိုတာရှိတယ်။ ရုပ်တုကို မစွဲနဲ့လေ။ လောဘအကြောင်းကြောင့် မကောင်း ဆိုးကျိုးပေါ်လာတာ။ အဖေကတော့ အဲဒီလိုမြင်တယ်''

**တစ်ခုလိုချင်ရင်**
**တစ်ခုပေးရတာတော့**
**မမေ့နဲ့။**
**ကိုယ်ချစ်တဲ့သူ**
**တစ်ယောက်လိုချင်ရင်**
**ကိုယ်ချစ်တဲ့သူတစ်ယောက်**
**ပေးရလိမ့်မယ်**
**အိပ်မက်ထဲက**
**ဘိုးတော်၏စကား**

...


www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော့်ကို ရှင်းပြသည်။

ကျွန်တော် သိပ်သဘောမပေါက်ပါ။

အဖေ့ကို ထပ်၍မေးမည်ကြံသော်လည်း ဦးဒေဝတို့အတွက် အဖေက စိတ်မကောင်းစွာဖြင့် သက်ပြင်းတချချ ဖြစ်နေသောကြောင့် ကျွန်တော်ထပ်မမေးဖြစ်တော့ပါ။

ကျွန်တော့်ခေါင်းထဲတွင်မူအတွေး တစ်ခုရှိနေ၏။

အဖေ၏ ဗုဒ္ဓါနုဿတိသည် အဖေဆန္ဒရှိနေသော ဆရာတော်ကျောင်းမှ သိမ်ဆောက်ရန်ကိစ္စကို ပြည့်စေမှာလား။

(၉)

ထိုညက ဦးဒေဝ အိပ်မက်မက်သည်ဟု ဆိုပါသည်။

ပထမအကြိမ်ကလိုပင် ဘိုးတော်ရှပ်၏သဏ္ဍာန် ဘိုးတော်ကြွလာကာ ဦးဒေဝရှေ့တွင် ရပ်သည်။

"လူကလေး ‥ ဘာစိတ်ညစ်နေလဲ"

မေးသည်။

"အဘ ‥ မတရားဘူး။ ကျွန်တော်တို့လိုချင်တဲ့ သိန်းငါးဆယ်တော့ ပေးပါရဲ့။ ကျွန်တော်တို့က ကျွန်တော်တို့ချစ်တဲ့သားကို ပြန်ပေးလိုက်ရတယ်"

ဦးဒေဝ မကျေနပ်ချက်ကိုပြောသည်။

ဘိုးတော်က ပြုံးသည်။

"ဒုက္ခ ‥ ဒုက္ခ ‥ ဒုက္ခ"

ဟူ၍လည်း ညည်းသည်။

"ကျွန်တော့်သားကို ပြန်ပေးပါ။ သားကို အသက်ပြန်ရှင်စေချင်တယ်"

ဦးဒေဝတောင်းဆိုချက်။

"အဲဒါဆို ဆုတောင်းလေ။ ဆုတောင်းပေါ့"

"ဆုတောင်းရင် ရမှာလား"

"ရမှာပေါ့၊ ဒါပေမဲ့ တစ်ခုလိုချင်ရင် တစ်ခုပေးရတာတော့ မမေ့နဲ့နော်"

"ခင်ဗျာ"

"ကိုယ်ချစ်တဲ့သူတစ်ယောက်လိုချင်ရင် ကိုယ်ချစ်တဲ့သူတစ်ယောက် ပေးရလိမ့်မယ်"

ဘိုးတော်က ပြောပြီး ပျောက်သွားသည်။

အိပ်မက်ထဲမှာ ဦးဒေဝမကျေမချမ်းဖြစ်၍ ကျန်ခဲ့သည်။

"ဆုတောင်းရင် ငါချစ်တဲ့သားလေး အသက်ပြန်ရှင်လာနိုင်တယ်တဲ့။ ဒါပေမဲ့ ကိုယ်ချစ်တဲ့သူတစ်ယောက်လိုချင်ရင် ကိုယ်ချစ်တဲ့သူတစ်ယောက် ပြန်ပေးရလိမ့်မယ်တဲ့။ ဒါ ဘာသဘောလဲ"

(၁၀)

"ကိုဒေဝ"

"ဟေ"

"ကျွန်မတော့ သားလေးကို အရမ်းသတိရတာပဲရှင်။ သားလေး ပြန်ရှင်လာရင် ကောင်းမှာပဲ"

"မဖြစ်နိုင်တာကွာ၊ တရားနဲ့ဖြေပါ"

"ဖြေဖို့ပြောတာက လွယ်တယ်။ တကယ်ဖြေဖို့က မလွယ်ဘူး"

အမှန်ပင်။

ဒေါ်ငွေမှုံတစ်ယောက် သားစိတ်ဖြင့် မအိပ်နိုင်မစားနိုင်ဖြစ်ရ၏။ လူသည်ပင် ပိန်ချုံးကျသွား၏။ ဇနီးသည်ကိုကြည့်၍ ဦးဒေဝစိတ်မကောင်း။

မိမိကိုယ်တိုင်လည်း သူမလိုပင် ခံစားနေရသည်။

"ကိုဒေဝ"

"ဘာလဲ ငွေမှုံ"

"ကျွန်မ တစ်ခုစဉ်းစားမိတယ်"

"ဘာ စဉ်းစားမိတာလဲ"

"ကျွန်မတို့ ဘိုးတော်ဆီမှာ ဆုတောင်းဖို့ နှစ်ခုကျန်သေးတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"ပထမတစ်ခါ ဆုတောင်းတုန်းက ဆုတောင်းတဲ့အတိုင်း သိန်းငါးဆယ်ရခဲ့တာမဟုတ်လား"

"အေးလေ ‥ အဲဒါ ငါသိသားပဲ"

"ဒါ ‥ ဆုတောင်းပြည့်တာပေါ့ရှင်။ ဒါကြောင့် ဆုထပ်တောင်းရအောင်"

"ဟေ"

"ဟုတ်တယ်လေ။ ဆုတောင်းဖို့ နှစ်ခုကျန်သေးတဲ့ဟာ။ သားလေး ပြန်ရှင်လာပါစေလို့ ဆုတောင်းမယ်။ သားလေးပြန်ရှင်လာရင် နောက်တစ်ဆု ကျွန်မတို့ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေရပါစေ ဆုတောင်းမယ်။ မကောင်းဘူးလား"

ဦးဒေဝ နှုတ်ဆိတ်သွားသည်။

အိပ်မက်ကို သတိရလိုက်၍ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


"တစ်ခုလိုချင်ရင် တစ်ခုပေးရတာတော့ မမေ့နဲ့။ ကိုယ်ချစ်တဲ့လူတစ်ယောက်လိုချင်ရင် ကိုယ်ချစ်တဲ့သူတစ်ယောက် ပေးရလိမ့်မယ်"

အိပ်မက်ထဲက ဘိုးတော်၏စကား။

"ကိုဒေဝ . . ဘယ်လိုလဲ . . ကျွန်မ . . ပြောတာ"

ဒေါ်ငွေမှုံက အားတက်သရောမေးသော်လည်း ဦးဒေဝက သက်ပြင်းရှည်ကြီးကိုချသည်။

"ဆုမတောင်းပါနဲ့တော့ကွာ"

"အို . . ရှင်ကလည်း သားလေးကို ရှင်က အသက်ပြန်ရှင်မလာစေချင်ဘူးလား"

"ရှင်တော့ ရှင်စေချင်တာပေါ့"

"အဲဒါဆို ဘာဖြစ်လို့ဆုမတောင်းနဲ့ ပြောရတာလဲ"

"မဖြစ်နိုင်ပါဘူးကွာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲရှင့်။ ဘိုးတော်ရုပ်က လိုတရသဒ္ဒိဝင်ရုပ်တုပဲဟာ"

"မဟုတ်သေးဘူး ငွေမှုံရဲ့"

"ဘာမဟုတ်တာလဲ ရှင်။ . . ရှင်ကလည်း ရှင်းရှင်းပြောပါ"

"ငါ ကြောက်နေတယ် ငွေမှုံ၊ အခု ပထမတစ်ခါမှာ ငါတို့လိုချင်တဲ့ သိန်းငါးဆယ်ကွက်တိရပါရဲ့။ ဒါပေမဲ့ သားလေးအသက် ဆုံးရှုံးခဲ့ရတယ်"

"ဒါက တိုက်ဆိုင်သွားတာလည်း နေမှာပါ"

"တော်ကြာ . . နောက်ဆုတစ်ခုတောင်းရင်း"



"ကိုဒေဝကလည်းတော်၊ သားလေး အသက်ပြန်ရှင်လာမယ်ဆိုရင် ကျွန်မတို့ ဘာဆုံးရှုံး ဆုံးရှုံးတန်ပါတယ်။ ရထားတဲ့ သိန်းငါးဆယ် ပြန်ဆုံးသွားလည်း ကိစ္စမရှိဘူး"

ဦးဒေဝ တစ်ချက်တွေသွားသည်။

ဒေါ်ငွေမှုံ၏စကားက အတွေးစတစ်ခုကို ပေးလိုက်ခြင်းကြောင့်ဖြစ်၏။

"သိန်းငါးဆယ်ရ၍ သားဆုံး၊ သားပြန်ရှင်က သိန်းငါးဆယ်ဆုံး"

"ဟုတ်ပြီငွေမှုံ၊ မင်းပြောတာက မဆိုးဘူး။ ဒီ သိန်းငါးဆယ်ဆုံးပါစေ၊ သားလေးပြန်ရှင်လာပါစေ။ အဲဒီလို ဆုတောင်းရင်ကောင်းမယ်"

ဦးဒေဝက ဆုံးဖြတ်ချက်ကို ပြေ
သည်။

"ဟုတ်တယ် . . မြန်မြန်ဆု
တောင်းရှင်"

ဒေါ်ငွေမှုံကလည်း သဘောတူ
တိုက်တွန်းသည်။

ဦးဒေဝ ဘုရားစင်သို့လှမ်းကြည့်
၏။ ဘုရားကိုမမြင်။ ဘိုးတော်ရုပ်တုကို
မြင်၏။ ဘိုးတော်ရုပ်တုက ဣန္ဒြေကြီး
နှင့် . . ။

ဦးဒေဝ ဆုတောင်းရန် ထိုင်ရာ
မှ ထလိုက်သည်။

သောက်တော်ရေ၊ ဆီမီး၊ အမွှေး
ဆိုင် ထွန်းညှိလိုက်သည်။
ဘိုးတော်ရုပ်တုကို ဦးတိုက်လိုက်
သည်။

(၁၁)

မမျှော်လင့်ခဲ့ပါ။

"ဦးလေး . . ဦးလေးတို့ ထိုးထားတဲ့ထီက သိန်းတစ်ရာဆုပေါက်တယ်"

ထီရောင်းသူ ကိုကံပွင့်က လာ၍ သတင်းပေး၏။

"ဟုတ်ရဲ့လားကွာ"

အဖေနှင့်အမေ မယုံတစ်ဝက် ယုံတစ်ဝက်။

"ဒီမှာကြည့် ဦးလေး"

ကိုကံပွင့်က ထီပေါက်စဉ်ကို အဖေ့ရှေ့မှာ ချပြသည်။ တစ်နေရာသို့လည်း လက်ထောက်ပြသည်။ သိန်းတစ်ရာ တစ်ဆုချင်းဆု။

"ဦးလေးထိုးတဲ့ နံပါတ်ကို ကျွန်တော်မှတ်ထားတာပါ။ မယုံရင် ဦးလေးရဲ့ ထီလက်မှတ်ယူပြီး တိုက်ကြည့်"

အဖေက သိမ်းထားသော ထီလက်မှတ်ကို သွား၍ယူကာ ကိုကံပွင့်၏ ထီပေါက်စဉ်နှင့် သေချာစွာတိုက်ကြည့်၏။

"ဟာ . . ဟုတ်တယ်ကွ"

အဖေ့မျက်နှာ ဝင်းပသွားသည်။ အမေနှင့် ကျွန်တော်တို့လည်း ထခုန်မိမတတ် ဝမ်းသာသွားကြသည်။

"ဦးလေးတော့ ထောပြီ၊ ဦးလေး ဘာလုပ်ဖို့ ရည်ရွယ်ထားလဲ။ ဆုသွားထုတ်ဖို့ ကျွန်တော် ကူညီမယ်"

သားလေး
ပြန်ရှင်လာမယ်
ဆိုတာက သင်္ချိုင်းက
ပြန်ထလာမှာလား။
အရင်အတိုင်း ရှင်ပြီး
ပြန်လာမှာလား။
ဒီဆုတောင်း
ပြည့်တယ်ဆိုရင်တော့
အင်မတန်ထူးဆန်းတာပဲ။
အဲ . . . ဒါပေမဲ့
ဘိုးတော်ပြောတဲ့
စကားကလည်း
ဆန်းတယ် . . .

ကိုကံပွင့်ကလည်း ဝမ်းသာအားရဆိုပါ၏။

အဖေထီပေါက်ခြင်းကတော့ ထူးခြားသည်၊ ဆန်းသည်ဟု ဆိုရမည်။ တစ်နေ့ မိတ်ဆွေတစ်ဦးလာ၍ အဖေက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တိုက်လိုက်သည်။ ကျွန်တော်လည်း ပါသွားသည်။

စကားပြောကြရင်း အဖေက ဘုန်းတော်ကြီးကျောင်းမှာ သိမ်ဆောက်လိုကြောင်း ပြောနေသည်။ အဖေ့မိတ်ဆွေက . .

"ထီထိုးဗျာ" ဟု တိုက်တွန်းသည်။

စင်စစ် အဖေ ထီထိုးလေ့မရှိ။ ငယ်စဉ်က ထီကို စိုက်လိုက်မတ်တတ် ဝါသနာကြီးစွာထိုးခဲ့သော်လည်း တစ်ကြိမ်မျှမပေါက်ဖူးခဲ့။

"ငါတို့က အတိတ်ကံမပါဘူးကွ။ ထီမပေါက်ဘူး။ ကိုယ့်လုပ်အားနဲ့ရင်းမှ ပဲရမယ်"

ဟု အဖေက ပြောဖူးသည်။

ထို့ကြောင့် ထီမထိုးသည်မှာ ကြာခဲ့ပြီ။

ထိုအချိန်တွင် ရပ်ကွက်ထဲတွင် ထီရောင်းသူ ကိုကံပွင့်က ဆိုင်ထဲဝင်လာပြီး ထီလိုက်ရောင်းနေ၏။

"ထီဖွင့်ဖို့ နှစ်ရက်ပဲလိုတော့တယ်။ သူ့ဌေးလောင်း လိုက်ရွေးနေတာ"

ကိုကံပွင့်ကပဲ အပြောကောင်း၍လား။ လူတွေကပဲ ထွက်ပေါက်ကို မျှော်လင့်မှုများနေ၍လားမသိ။ ကိုကံပွင့်ထံ



www.burmeseclassic.com

www.burmeseclassic.com

မှ ထီသုံးစောင်တွဲ၊ ငါးစောင်တွဲ၊ ဆယ်စောင်တွဲများ ရောင်းလိုက်ရ၏။ နောက်ဆုံးတစ်ရွက်ပဲ ကျန်သည်။

''ဦးလေး ... အားပေးပါဦး''

ကိုကံပွင့် အဖေ့ကို လာစပ်သည်။

''မထိုးချင်ပါဘူးကွာ။ ငါက ထီကံမပါဘူး''

အဖေက ငြင်း၏။

''ထိုးစမ်းပါ ဦးလေးရာ၊ တစ်ရွက်ကျန် တစ်သက်စံဗျ''

ထိုအချိန်တွင် အဖေ့နားထဲ၌ ..

''ထိုးလိုက်လေကွာ၊ မင်းက သိမ်ဆောက်ချင်နေတာမဟုတ်လား''

ပီသကြည်မြသော အသံတစ်သံကို ကြားလိုက်ရသည်ဟု အဖေက နောင်တွင် ကျွန်တော့်ကို ပြန်၍ ပြောပြ၏။ အဖေ့မိတ်ဆွေက ပြောခြင်းမဟုတ်။ အသံသြဇာပြည့်ဝပြီး စွမ်းအားကြီးမားသော အသံမျိုးဖြစ်၏။ အဖေ့အဖို့ အသံစိမ်း။

သို့ဖြင့် ..

အဖေ ထီထိုးဖြစ်သွားသည်။

''သိမ်ဆောက်ဖို့ရည်ရွယ်ပြီး ထိုးမယ်ကွာ''

ထို တစ်စောင်တည်းသော ထီလက်မှတ်က ယခု ပေါက်ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း အဖေက ကိုကံပွင့်အား ..

''မင်းကို ကျေးဇူးတင်တယ် ကံပွင့်၊ ရော့ကွာ မုန့်ဖိုး။ ထီဆုထုတ်ပြီးရင် မင်းကို တစ်သောင်းထပ်ပေးမယ်။ မင်းကို ငါထီထိုးစဉ်က ပြောခဲ့တဲ့အတိုင်း သိမ်ဆောက်မယ် ကံပွင့်ရေ ငါ့ဆန္ဒ ပြည့်ဝသွားပြီ''

ဟု အားပါးတရပြောလေသည်။

ထိုနေ့ကား ..

ဦးဒေဝ ဒုတိယဆုကို ဘိုးတော်ထံတွင် တောင်းသောနေ့ဖြစ်လေ၏။



(၁၂)

ညဥ့်က တဖြည်းဖြည်းနက်လာ၏။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်၍ နေပြီဖြစ်သည်။ နံရံပေါ်တွင်ချိတ်ထား သော နာရီက ည ၁၁ နာရီကျော်၍ ၁၂ နာရီနားသို့ ချဉ်းကပ်နေလေပြီ။

ဦးဒေဝနှင့်ဒေါ်ငွေမှုံမှာ အိမ်ရှေ့ ခန်းထဲ၌ တိတ်ဆိတ်စွာ ထိုင်နေကြ၏။ အိပ်မပျော်နိုင်၍ ထိုင်နေကြသော်လည်း သူတို့ တစ်ဦးနှင့်တစ်ဦး စကားမပြော နိုင်ကြ။

ဘုရားစင်မှ ဘိုးတော်ရုပ်တုကို ဦးဒေဝရော၊ ဒေါ်ငွေမှုံပါ မကြာခဏ လှမ်းကြည့်မိကြ၏။

''သားလေး ပြန်ရှင်လာဖို့ ဆု တောင်းထားတာပဲ။ သားလေး ဒီည ပြန်လာလေမလား''

သူတို့နှစ်ဦး၏ အတွေးထဲမှာ ကြီး စိုးနေသည်က ထိုအကြောင်းပင်။

သူတို့ရင်မှာ ရှိနေသည်က ထို ဆန္ဒ။ ထိုမျှော်လင့်ချက်။

''တကယ်ပဲ ဆုတောင်းပြည့်မှာ လား။ လိုတရဘိုးတော်က ဒီဆုတော ကို ဘယ်လိုဖြည့်ပေးမှာလဲ။ သားလေး



www.burmeseclassic.com

ဦးဒေဝ ဆုံးဖြတ်ချက်ချလိုက်သည်။
မျက်ရည်တစ်စက မျက်လုံးအိမ်မှ စီးကျလာ၏။
အသက်ကို တစ်ဝရှူသွင်းလိုက်သည်။
ဘိုးတော်ရုပ်တုအား လှမ်းကြည့်ကာ စိတ်ထဲမှ လိုက်လိုက်လဲ့လဲ့
ဆုတောင်းလိုက်၏။ တတိယဆုတောင်း ...

ဘယ်လိုပုံနဲ့ ပြန်ရောက်လာမှာလဲ။ သား
လေးကို တွေ့ချင်လှပြီ။ မြန်မြန်ပြန်ရှင်
လာပါတော့"

ဒေါ်ငွေမှုံ စိတ်ထဲက ပြောနေမိ
သည်များ။

ဦးဒေဝစိတ်ထဲမှာလည်း ..

"သားလေး ပြန်ရှင်လာမယ်ဆို
တာက သင်္ချိုင်းက ပြန်ထလာမှာလား။
အရင်အတိုင်း ရှင်ပြီး ပြန်လာမှာလား။
ဒီ ဆုတောင်းပြည့်တယ်ဆိုရင်တော့
အင်မတန် ထူးဆန်းတာပဲ။ အဲ ..
ဒါပေမဲ့ ဘိုးတော်ပြောတဲ့ စကားက
လည်း ဆန်းတယ်။ ကိုယ်ချစ်တဲ့သူတစ်
ယောက်ကို လိုချင်ရင် ကိုယ်ချစ်တဲ့သူ
တစ်ယောက် ပေးရမယ်တဲ့။ ဒါ ဘာ
သဘောလဲ"

နာရီက ၁၂ နာရီထိုးသံ ပေါ်
ထွက်လာ၏။

ဦးဒေဝရော ဒေါ်ငွေမှုံပါ အတွေး
ထဲမှ လန့်နိုးကာ နာရီကို ကြည့်မိကြ
၏။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်
ယောက်ပြန်ကြည့်မိကြ၏။

ညဉ့်သန်းခေါင် ရောက်ခဲ့ပြီ။

ထိုအချိန်တွင် အဝေးမှ ခွေး
ဟောင်သံ ပေါ်ထွက်လာသည်ကို သူတို့
ကြားလိုက်ရ၏။ ခွေးဟောင်ပုံက တစ်စုံ
တစ်ယောက်ကို မြင်၍ ထိုးဟောင်နေပုံ
မျိုး။ ဟောင်နေသည်က အဆက်မ
ပြတ်။ ပြီးတော့ တစ်စတစ်စနှင့် ခွေး
ဟောင်သံက နီးလာ၏။

"ဟော .."

ဦးဒေဝနှင့် ဒေါ်ငွေမှုံ တစ်ဦးကို
တစ်ဦး ကြည့်လိုက်မိကြပြန်သည်။

သူတို့ရင်တွေ ပိုခုန်လာ၏။ ထိုရာ
မှ မထမိသေးသော်လည်း စိတ်တွေ
က ဂနာမငြိမ်တော့။

ခွေးဟောင်သံက တဖြည်းဖြည်း
နှင့် ဦးဒေဝတို့ခြံနှင့် နီးကပ်လာ၏။

"ခွေးဟောင်သံ ပိုနီးလာတယ်။
ငါတို့ခြံဝလောက်ကို ရောက်လာပြီ"

ဦးဒေဝက ပြောလိုက်သည်။
အသံတွေ လှုပ်လှုပ်ရှားရှား။

"ဟုတ်တယ်။ သားလေး ပြန်
လာတာများလား"

ဒေါ်ငွေမှုံက ပြန်ပြော၏။ ဒေါ်
ငွေမှုံ့အသံတွေလည်း တုန်တုန်ခတ်
ခတ်။

ခွေးဟောင်သံက ပို၍ကျယ်
လောင်လာသည်။ ခြံဝင်းထဲကို တစ်စုံ
တစ်ဦးဝင်လာ၍ ခွေးက လိုက်ဟောင်
နေပုံမျိုး။

"သားလေး"

ဒေါ်ငွေမှုံနှုတ်က တိုးတိုးရေရွတ်
သံကို ဦးဒေဝကြားရ၏။

ပြီးလျှင် လက်နှိပ်ဓာတ်မီးကို
ကောက်ယူကာ ဒေါ်ငွေမှုံက ထိုင်ရာမှ
ဦးစွာထသည်။

"သေချာတယ်၊ သားလေး ပြန်
လာပြီ"

ထရင်း ဒေါ်ငွေမှုံ ပြောသော
စကား။

ဦးဒေဝပါ ထိုင်ရာမှ ထလိုက်၏။

"ဝုတ် .. ဝုတ် .. ဝုတ်"

ခွေးက စူးစူးဝါးဝါး တရစပ်
ဟောင်နေသည်။ ဟောင်နေသံက အိမ်
ရှေ့က ဖြစ်၏။ ဟော .. ခြေသံလား။



www.burmeseclassic.com



"ရုပ် .. ရုပ် .. ရုပ်"

ဦးဒေဝနားထဲတွင် အသံတစ်သံ ကြားလိုက်ရသည်။ အိမ်ရှေ့တံခါးဝ အပြင်မှဖြစ်၏။

"သားလေး အိမ်ကို ပြန်ရောက်လာပြီ"

ဒေါ်ငွေမှုံက အိမ်တံခါးဝဆီသို့ ပြေးသွား၏။ တစ်ဆက်တည်းပင် တံခါးဂျက်ကို ဖြုတ်ရန် လက်လှမ်းလိုက်သည်။ ထိုခဏမှာပင် ဒေါ်ငွေမှုံ၏လက်က တံခါးချက်သို့မရောက်ဘဲ တန့်သွား၏။ ကျန်လက်တစ်ဖက်က သူမရင်ကို ဖိလိုက်၏။

"ငွေမှုံ .. ငွေမှုံ"

"ဦးဒေဝ စိုးရိမ်စွာ ဒေါ်ငွေမှုံထံ ပြေးသွားသည်။ ဒေါ်ငွေမှုံ ဦးဒေဝရင်ခွင်ထဲသို့ ခွေကျလာ၏။ ဒေါ်ငွေမှုံမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"ငွေမှုံ .. ဘာ .. ဘာဖြစ်လို့လဲ"

"ကျွန်မ .. ကျွန်မ .. အသက်ရှူမရဘူး"

"ဒေါက် .. ဒေါက် .. ဒေါက်"

ဒေါ်ငွေမှုံ့စကားသံနှင့်တစ်ဆက်တည်း တံခါးခေါက်သံ ပေါ်လာ၏။ ဦးဒေဝ တံခါးဝသို့ လှမ်းကြည့်သည်။ ဘယ်သူခေါက်တာလဲ။ သားလေးများလား။

"တံခါး .. တခါး .. သားလေး"

ဒေါ်ငွေမှုံ အားယူ၍ ပြောသည်။ လေသံမျှသာဖြစ်သည်။

စကားကလည်း ပြည့်စုံပီပြင်စွာ မဟုတ်။

ဦးဒေဝ ဗျာများသွားသည်။

ဒေါ်ငွေမှုံကြည့်ရသည်မှာအသက်ရှူမဝသဖြင့် ပြင်းစွာခံစားနေရသည့်ဟန် ပေါ်နေသည်။ မျက်ဖြူပင်လန်တော့မည့် အနေအထား။

"ဒေါက် .. ဒေါက် .. ဒေါက်"

တံခါးခေါက်သံက ထပ်မံပေါ်ထွက်လာ၏။ ခွေးဟောင်သံကလည်း စူးစူးဝါးဝါး တရစပ်။

ဒေါ်ငွေမှုံကို ပွေ့ရာမှချပြီး တံခါးဖွင့်ရမလား။ တံခါးဖွင့်လိုက်လျှင် သားကို တွေ့ရမလား။ ဒေါ်ငွေမှုံကို ပွေ့ထားရာမှ ချလိုက်လျှင် ဒေါ်ငွေမှုံ ဘာဖြစ်သွားမလဲ"

ထိုအခိုက်အတန့်တွင် ..

ဦးဒေဝနားထဲ၌ အိပ်မက်ထဲက ဘိုးတော်၏အသံကို ပြန်ကြားလာသည်။

"တစ်ခုလိုချင်ရင် တစ်ခုပေး တာတော့ မမေ့နဲ့။ ကိုယ်ချစ်တဲ့သူတစ်ယောက်လိုချင်ရင် ကိုယ်ချစ်တဲ့သူတစ်ယောက် ပေးရလိမ့်မယ်"

"ဘုရား .. ဘုရား .. ဒါဆို သားလေး ပြန်ရှင်လာရင် .. ငွေမှုံ"

"ဒေါက် .. ဒေါက် .. ဒေါက်"

"ကို .. ကိုဒေ .. ဝ .. ကျွန် .. သားလေး"

"ကိုယ်ချစ်တဲ့သူတစ်ယောက် ..



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝက စောစောက နေရာမှာပင် မလှုပ်မယှက်ရှိနေပြီ။ ဒေါ်ငွေမှုံဖွင့်လိုက်သော တံခါးဝမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ အပြင်တွင်မှောင်နေသည်။ ခွေးဟောင်သံလည်းတိတ်ခဲ့ပြီ။ ခြေသံလည်းဆိတ်ခဲ့ပြီ။ အိမ်ခြံဝင်းအစပ်မှ သပြေပင်ကြီး၏ အရွက်များကို လေတိုးသံ တရှဲရှဲမှတစ်ပါး ...

လိုချင်ရင်''

''ဒေါက် ‥ ဒေါက် ‥ ဒေါက်''

''ကျွန်မ ‥ ကျွန်မ ‥ အသက်ရှူမရ''

ဦးဒေဝရင်တွေ ပွင့်ထွက်တော့မည်လား ထင်ရ၏။ ငါ ဘာလုပ်ရမလဲ။ ငါ ‥ ဘာလုပ်ရမလဲ။ တံခါးဖွင့်ရမှာလား။ ငွေမှုံကို ချထားလိုက်ရမလား''

''ကိုယ်ချစ်တဲ့သူတစ်ယောက် ပြန်ပေးရမယ်''

''ဒေါက် ‥ ဒေါက် ‥ ဒေါက်''

''ကို ‥ ကို ‥ ဒေ ‥ ဝ''

ဦးဒေဝ ဆုံးဖြတ်ချက် ချလိုက်သည်။ မျက်ရည်တစ်စက မျက်လုံးအိမ်မှ စီးကျလာ၏။ အသက်ကို တစ်ဝ ရှူသွင်းလိုက်သည်။

ဘိုးတော်ရုပ်တုအား လှမ်းကြည့်ကာ စိတ်ထဲမှ လိုက်လိုက်လှဲလှဲ ဆုတောင်းလိုက်၏။ တတိယဆုတောင်း။

''ဒီအတိုင်းပဲ ရှိပါစေတော့။ ဒုတိယဆုတောင်းကို ရုပ်သိမ်းပေးပါတော့''

ခွေးဟောင်သံကရပ်သွား၏။

တံခါးခေါက်သံက ရပ်သွား၏။

ပြီးတော့ တံခါးဝမှ ပြန်ထွက်သွားသော ခြေသံရှပ်ရှပ်ကို ကြားရ၏။

ဒေါ်ငွေမှုံက သူမွေ့ထားသည့်ကြားမှ လူးလွန့်လာကာ သက်ပြင်းရှည်ကြီးကို ဟူးခနဲ မှုတ်ထုတ်သည်။ ပြီးလျှင် လှဲနေရာမှာ ရုတ်ခြည်းအားယူ၍ ရုန်းထသည်။

''သားလေး''

တံခါးကို ပြေးဖွင့်သည်။

ဦးဒေဝက စောစောက နေရာမှာပင် မလှုပ်မယှက်ရှိနေပြီ။ ဒေါ်ငွေမှုံဖွင့်လိုက်သော တံခါးဝမှ အပြင်သို့ လှမ်းကြည့်လိုက်၏။

အပြင်တွင်မှောင်နေသည်။ ခွေးဟောင်သံလည်း တိတ်ခဲ့ပြီ။ ခြေသံလည်း ဆိတ်ခဲ့ပြီ။ အိမ်ခြံဝင်းအစပ်မှ သပြေပင်ကြီး၏ အရွက်များကို လေတိုးသံ တရှဲရှဲမှတစ်ပါး ဘာသံမျှမကြားရတော့။

ဒေါ်ငွေမှုံ အိမ်ဝမှာ ငူငူကြီးရပ်လျက်။

ဟိုး ‥ အဝေးမှောင်ထဲတစ်နေရာမှ ဖြူလွလွသဏ္ဌာန်တစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရသည်ဟု ဦးဒေဝထင်သည်။ ထင်လိုက်သည်။

နေစိုးသော်



www.burmeseclassic.com

www.burmeseclassic.com





# သစ်တက်ဝက်ဝံသည်းခြေ

www.burmeseclassic.com

www.burmeseclassic.com



မြို့ငယ်ထက်ဆီမှ ဥညြှင့်ငှက်အော်မြည်သံတို့သည် ပင်တောင်ကြီးတောင်တစ်ခွင် တောတစ်ခုလုံး လွှမ်းခြုံလျက် ဆူညံသရုပ်အား ဖော်ဆောင်နေသလို ဖြစ်နေ၏။ နံနက်ခင်းနေရောင်ခြည်ကြောင့် ရော်ရွက်ဝါတို့အပေါ် နှင်းခြင်းနှင်းကျန်တို့သည် ရောင်ပြန်အလင်းများဖြင့် တောင်ကြားတစ်ခုလုံး ရွှေရောင်လွှမ်းနေသလို လွန်စွာမှ ထူးကဲစိပ္ပသာဒရှိလှ၏။ ထို့အပြင် တောင်ထိပ်ခင်ကြောတစ်လျှောက်မှ အင်ကြင်းပင်တို့၏ ပွင့်ဝေလျက်ရှိသော အင်ကြင်းပန်းတို့မှာလည်း နေရောင်ကြောင့် လွန်စွာမှဝင်းဝါစိုပြည်လျက် နှင်းကျန်တင်ရော်ရွက်တို့၏ ရွှေရောင်များကို အားကျူဖြည့်သလိုရှိပြီး ခင်ကြောလမ်းတစ်လျှောက်နှင့် ခင်တန်းတစ်ခုလုံးစွင်လည်း အင်ကြင်းပွင့်တို့ တစ်ဖြုတ်ဖြုတ်ခုန်ဆင်းလျက်ရှိသဖြင့် မြေပြင်မှ ရွက်ဝါတို့နှင့် ရောထွေးနေ၍ ကျွန်ုပ်တို့လျှောက်သော တောလမ်းကလေးမှာ အင်ကြင်းပန်းရနံ့များ၊ ကျေးငှက်တို့၏ ကျီကျီကြာကြာအော်မြည်သံများ၊ အမြင်အကြားပန်းရနံ့တို့ဖြင့် အထူးသာယာလှပေသည်။ သို့ကြောင့် တောပစ်ထွက်လာသော ကျွန်ုပ်တို့မှာ တောသဘာဝတွင်နစ်မြောနေကြလျက် တောပစ်ထွက်လာခြင်းကိုပင် မေ့လျော့ပြီး ပတ်ဝန်းကျင်အား ငေးမောသွားနေကြရာ ပင်တောင်ကြီး၏ တောင်နှစ်လုံးပင်ကျော်လွန်၍ ကျောက်အိုးကိုးလုံးချောင်းထိပ်သို့ပင် ရောက်ခဲ့လေသည်။

ယခုအပတ်တွင်ကျွန်ုပ်လက်သစ်နှင့် ဘိုးလေးအပါအဝင် အထမ်းသမားငါးယောက်ဖြင့် ပင်တောင်လေးတောင်နှင့် မဟူရီးမကြားရှိ သာလဲပင်ချောင်းဖျားဆီသို့ သားကောင်ပစ်ရန် ထွက်လာခြင်းဖြစ်သည်။

"ကဲ ‥ ဟေ့ ‥ ဒီကျောက်အိုးကိုးလုံးချောင်းထိပ်မှာ နားကြမယ်ဟေ့"

ရှေ့ဆုံးမှဦးဆောင်သွားနေသော ဘိုးလေးမှ ပြောလိုက်သဖြင့် ကျွန်ုပ်တို့အားလုံးမှာ အထုပ်ကိုယ်စီချ၍ နားကြ၏။ ကျွန်ုပ်တို့ ခေတ္တမျှနားပြီးအချိန်တွင် ဘိုးလေးမှ ‥‥

"ကဲ ‥ သာဒွန်း"

"ခင်ဗျာ ‥"

"မင်းက ဒီတောလမ်းတွေ ကျွမ်းကျင်ပြီးသားဆိုတော့ အားလုံးကို ဦးဆောင်ပြီး သာလဲပင်ချောင်းနဲ့ ပေတောချောင်းခွဆုံက စခန်းဟောင်းဆီသွားနှင့်ကြ၊ ဟိုကျရင် စခန်းကိုပြင်တဲ့သူက ပြင် ထမင်းချက်တဲ့သူက ချက်၊ ရိက္ခာရှာတဲ့သူက ရှာကြ၊ ငါနဲ့လက်သစ်က တောင်ခြေဘက်မှာ တောကောင်အခြေအနေကြည့်ရင်း လာခဲ့တော့မယ်။ မနက်စာလည်း ငါတို့ကိုမစောင့်နဲ့ စားနှင့်ကြ ‥ ကဲ ‥ လက်သစ်သွားကြစို့"

"ဟုတ်ကဲ့ ‥ ဘိုးလေး"

ကျွန်ုပ်မှ ပြန်ပြောလိုက်ပြီး ကျောပိုးအိတ်ကိုလွယ်လျက် ဘိုးလေးနောက်သို့ လိုက်ခဲ့တော့သည်။

§ § §

တောင်ကြောပေါ်တွင် ရွက်ဝါတို့ ကြွေဆင်းစပြုနေသော်လည်း ကျွန်ုပ်တို့တောင်ခြေမြို့င်အတွင်း ဝါးတောထဲသို့ဝင်မိသည်နှင့် သစ်ရွက်တို့မှာ စိမ်းညို့လျက်ရှိပြီး သိသာစွာအေးစိမ့်မှုကို ခံစားရ၏။ ကျွန်ုပ်မှ ‥

"ဘိုးလေး ‥ ဒီရာသီမှာအောက်ခံမြေသားက မာတော့ သားကောင်ခြေရာခံဖို့ မလွယ်ဘူးနော်။ ပြီးတော့ စားစရာစားကျက်ကလည်းရင့်တော့ သားကောင်ရှာရတာ မခက်ပေဘူးလားဗျာ"

"အေး ‥ ဟုတ်တယ်၊ ဒီရာသီမှာအောက်ခံမြေသားမာတော့ မိုးရာသီလောက် သားကောင်ခြေရာရှာရတာ မလွယ်ဘူးပေါ့။ သားကောင်ခြေရာတွေ့မှ သားကောင်နောက်လိုက်တတ်တဲ့ မုဆိုးဟာ ခပ်ညံ့ညံ့မုဆိုးပဲ ဖြစ်မှာ။ အဓိကဖြစ်တဲ့ ရာသီအလိုက် သားကောင်တွေရဲ့ နေထိုင်လှုပ်ရှားတာကို သိဖို့ပဲ လိုတယ်ဆိုတာ မှတ်ထားကိုယ့်လူ"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"ကဲ ‥ လိုမှပဲ စကားပြောရအောင်၊ ဒီအချိန်ကစပြီး ဟင်းစားကလေးတစ်ကောင်လောက် သွားရင်းလာရင်း ရှာကြဦးစို့"

ဘိုးလေးမှာ ပြောပြီးသည်နှင့် သူ၏ အမဲလိုက်ရိုင်ဖယ်သေနတ်မှ ကျည်

www.burmeseclassic.com



**အဲဒီလို တောရှုပ်တွေမှာ မြွေတို့ ဖွတ်တို့လို တွားတွားသတ္တဝါတွေပဲခိုအောင်းနေတတ်ကြတာ။ ဒါပေမဲ့ နွေရာသီ ပူအိုက်တဲ့အချိန်မှာ တောဝက်တို့ ဝက်ဝံတို့ကတော့ ဝင်ရောက်အိပ်လေ့ရှိတယ် . . .**

ကတ်ကိုဖြုတ်လိုက်၍ ကျည်ဆန်များ စစ်ဆေးပြီးနောက် ကျည်ဘောက်အား ဖြောင်းခနဲ ရိုက်သွင်းလိုက်၏။ ထို့နောက် အသင့်အနေအထားဖြင့် ရှေ့မှသွားရာ ကျွန်ုပ်မှာလည်း ထပ်ကြပ်မကွာ လိုက်ခဲ့ရတော့၏။

တောတောင်အတွင်းရှိ အပင်ကြီးများမှာ သစ်ရွက်များ ကြွေကျခြင်း မရှိသေးသော်လည်း အောက်ခံအပင်ကလေးများဖြစ်ကြသော ဇော်ဂျီတောင်ဝေး၊ မာလာ၊ သစ်ကပ်၊ ရှဉ့်မတက်စသော ဥရှိသည့် ဂမုန်းနွယ်အပင်များမှာ အရွက်များဝါ၍ မြေပေါ်တွင်ကပ်လျက်ရှိကြ၏။ ဆင်ဂဒူး၊ စိန်နဘော်၊ ကြွေး၊ တင်းနောက်ကြီးနှင့် ဂုံရှိုင်းပင်တို့မှာလည်း အရွက်များရော်လျက် အောက်ခြေအရွက်များခြောက်ပြီး တစ်ချို့ကြွေကျနေသောကြောင့် ခြေသံမလုံသဖြင့် ကျွန်ုပ်တို့မှာ သတိဖြင့်လျှောက်နေရ၏။ ခင်ကြော့တစ်လျှောက်ပေါက်နေသော မြက်ရိုင်းပင်များမှာလည်း အလွန်ကြမ်း၍ အောက်ခြေတိုးမပေါက်အောင် ထူထပ်လျက်ရှိကြ၏။ ကျောက်ချောင်းကလေးများမှာလည်း ရေခမ်းလျက် အစိုဓာတ်သာကျန်ရှိနေသော ချောင်းအတွင်းရှိ မြေသားများအပေါ်တွင် ဟိုတက်ဒီဘက်ဖြတ်သွားကြသော သားကောင်ကြီးငယ်ခြေရာများဖြင့် ပြည့်လျက်ရှိနေ၏။

ကျွန်ုပ်တို့ တောင်ကုန်းလေးပေါ်သို့အရောက်တွင် အောက်ဘက်ဝါးသေးအိုက်ဆီမှ တဝုန်းဝုန်းတောတိုးသံများကြားရပြီး တဖြောင်းဖြောင်းဝါးကျိုးသံတို့နှင့်အတူ တောကောင်တို့၏ ခြေသံခွာသံများပါ ကြားနေရသဖြင့် ကျွန်ုပ်မှ ဘိုးလေးအား လက်တို့ပြီး အသံတိုးစွာဖြင့် . .

"ဘိုးလေး . . တောကောင်တွေ ထင်တယ်ဗျ၊ လိုက်ရအောင်"

"ဒီအချိန်မှ လိုက်လို့ကတော့ ဘာမှရမှာမဟုတ်ဘူး။ အဲဒါ စိုင်ကောင်တွေကွ။ ငါတို့ကိုမြင်လို့ အောက်ဘက်ကို ဆင်းပြေးနေကြတာ။ ဒီကောင်တွေက ပြေးရင် အနည်းဆုံးသုံးမိုင်လောက်ရောက်မှ ရပ်လေ့ရှိတာ"

"ဒီကောင်တွေကို ရဖို့မလွယ်ဘူးနော်"

"လွယ်ပါတယ်ကွ၊ ငါပြောသလို

ပဲ ရာသီအလိုက်သားကောင်တွေရဲ့
ထိုင်လှုပ်ရှားတာကို သိဖို့ပဲလိုတယ်
အခု ငါတို့က ဒီနွေတောကိုလေ့လာ
ဟင်းစားပစ်မှာဆိုတော့ မဟူခြေဘ
က စိမ့်ကောင်းတဲ့နေရာတွေသွာ
မယ်။ အဲဒီမှာ စိုင်တို့ပြောင်တို့ ရှိမယ်

"ဘာကြောင့်လဲ ဘိုးလေး"

"ဒီရာသီဟာ သစ်ရွက်နဲ့မြ
တွေ ရင့်ရော်တဲ့အချိန်ဖြစ်တော့ စိုင်
ပြောင်တို့အကောင်တွေက ရေကြည်
မြက်နုရာရှာကြတယ်ဆိုတာလို ချော
ပေါက်ကိုင်းခုံတို့၊ တောင်ခြေစိမ့်ရှိ
အရွက်မကျဘဲ အမြဲစိမ်းတဲ့နေရာ
ရေရှင်နားနီးရာ ဝါးသေးအိုက်တို့နဲ့
တဲ့နေရာအနီးတဝိုက်မှာ ကပ်နေ
ရှိကြတယ်"

"သူတို့က သေချာပေါက်ရှိ
မှာပေါ့"

"ရှိတာပေါ့ကွ၊ သူတို့က အ
စားရင် နေ့ဘက်မှာ သိပ်ပြီးစား
မရှိဘူး။ ညဘက်ရောက်မှာ စား
တော့ ညအချိန် စားကျက်မှာဝင်
ပြီး နေ့အချိန်မှာ သူတို့စားကျက်၊
ကျင်းနဲ့ မနီးမဝေးတွေမှာ အနား
အိပ်စက်လေ့ ရှိကြလို့ပဲ၊ ဒါကြောင့် 
နေရာတွေကို သွားမယ်လို့ ငါပြော
ပေါ့"

"ဟုတ်ကဲ့ . . သဘောပေါ
ပြီ ဘိုးလေး"

သို့နှင့်ပင် နှစ်ဦးသားရှေ့ဆ
လာခဲ့ကြရာ သစ်ပင်ကြီးများပို၍ထူ
ပြီး ဝါးပိုးဝါးပင်များ၊ ကင်ပွန်း၊ ဂုံ
ပင်များပါ ရောထွေးလျက် 
လောင်းနှင့် ကြွက်သေး တို့ဖြင့် 
ဆိုနေသော စိမ့်တော မြေသို့ ရော

www.burmeseclassic.com





ဲ၏။ ဘိုးလေးသည် သားကောင်များ
ားသဖြင့် လမ်းကြောင်းဖြစ်နေသော
မ်းပေါ်ရှိ သစ်ရွက်အချို့အား ခြေ
င့်ယက်၍ယက်၍ ကြည့်ရင်းသွားနေ
၏ ကျွန်ုပ်တို့ အတန်အသင့်သွားမိကြ
သောအခါ ထိုစိမ့်တောမြေအလယ်တွင်
စိမ့်စိမ့်ထွက်လျက်ရှိသည့် ရေရှင်
စ်ခုကို တွေ့ရ၏။ ခြေရာများမှာ ဗွက်
လျက်ရှိနေလေသည်။

ဘိုးလေးသည် ရေရှင်နေရာ၏
အထက်ပိုင်းဘက်သို့သွားလျှက် သစ်
ွက်ဟောင်း သစ်ရွက်ခြွေးများကိုယက်
ီးကြည့်နေရာ ကျွန်ုပ်လည်း လိုက်၍
ကြည့်မိ၏။ ထိုနေရာတွင် သားကောင်
ခြေရာခွာတို့ကို တွေ့ရသဖြင့် ကျွန်ုပ်
း ..

''ဘိုးလေး ..ဒီခြေရာတွေကို
ကြည့်ပြီး ဘယ်လိုခန့်မှန်းမှာလဲ''

ဘိုးလေးမှာ ထိုနေရာအား ကျယ်
ကျယ်ကလေးယက်လိုက်ပြီး ..

''ဒီမှာ သေချာကြည့်ကွ လက်
သစ်ရ၊ အောက်မှာခွက်နေတဲ့ နေရာ
တွေဟာ အစိုဓာတ်ရှိတုန်းက ခြေရာ
တွေဆိုတော့ တိမ်မနေဘဲ နည်းနည်း
က်နေတယ်။ ပြီးတော့ မြေအရောင်
အတိုင်းဖြစ်နေတာကြောင့် ဘယ်အချိန်
ဖြတ်သွားတယ်ဆိုတာ ခန့်မှန်းလို့မရ
တော့ဘူး။ ဟောဒီမှာ ကြည့် .. ဒီခြေ
ရာတွေမှာ အပေါ်ယံအပိုင်းက ဖွေးပြီး
အောက်ခြေပြောင်နေတာတွေက မနေ့
ာစ်နေ့ညက ခြေရာတွေပေါ့။ ဟောဟို
ဘက်က ခြေရာတွေဆိုရင် ပြောင်နေ
တဲ့အပြင် သစ်ရွက်ခြွေးတွေက စုတ်
ပြလို့ နေရာမရွှေ့သေးတော့ ဒီနေ့
နက်စောစောကမှ ဖြတ်သွားတာလို့
တွက်လို့ရတယ်''

''အဲဒီတော့ ..''

''အဲဒီတော့ ဒီပုံအတိုင်းဆိုရင် ဒီ
တောင်ခြေကနေ ဟိုဘက်သာလဲပင်
ချောင်းဖျားပိုင်း ..ဝါးသေးအိုက်နဲ့ ပေ
တောခင်စပ်တွေမှာ သားကောင်တွေ
ရှိနေတာသေချာနေပြီပေါ့ လက်သစ်ရ''

''ရှင်းပါဦး ဘိုးလေး''

''အေး ..ဒီကောင်တွေဟာ အခု
လိုရာသီမှာ ချောင်းဖျားက ကိုင်းနုနဲ့
ဒီလိုစိမ့်တောတွေထဲက သစ်ရွက်၊ နွယ်
ရွက်တွေကို စားလေ့ရှိတာရယ်။ ပြီး
တော့ ဒီ စိမ့်တောကစပြီး ဟိုမြောက်
ဖျားဘက်ကိုဦးတည်နေတဲ့ ခြေရာတွေ
ကြောင့်ပြောလို့ရတာပေါ့။ အဲဒီသာလဲ
ပင်ချောင်းဖျားနဲ့ ပေတောချောင်းကြား
ခင်စပ်တွေမှာပဲ အိပ်ကြမှာ''

''ဒီလောက်တောကောင်းပြီး သစ်
ပင်တွေရော ချုံနွယ်တွေပါ ထူထပ်နေ
တာပဲ။ ဘာဖြစ်လို့ အဲဒီနေရာတွေမှာ
မအိပ်ကြတာလဲ ဘိုးလေး''

''သားကောင် တော်တော်များ
များဟာ ဒီလိုရှုပ်ထွေးနေတဲ့နေရာတွေ
မှာ အိပ်လေ့မရှိဘူးကွ။ ရန်သူလာရင်
မြင်ရအောင် သူတို့မြင်ကွင်းရှင်းတဲ့
နေရာတွေမှာသာ ပုန်းပြီးအိပ်ကြလို့ပဲ။
အဲဒီလို တောရှုပ်တွေမှာ မြွေတို့၊ ဖွတ်
တို့လို တွားတွားသတ္တဝါတွေပဲခိုအောင်း
နေတတ်ကြတာ။ ဒါပေမဲ့ နွေရာသီ ပူ
အိုက်တဲ့အချိန်မှာ တောဝက်တို့ ဝက်ဝံ
တို့ကတော့ဝင်ရောက်အိပ်လေ့ရှိတယ်''

''ဒါဆို ..အခု ကျွန်တော်တို့က
အဲဒီ သာလဲပင်ချောင်းဖျားနဲ့ ပေတော
ခင်စပ်တွေမှာ သွားပစ်ရမှာပေါ့နော်''

''အာ ..ဒီနေ့တော့ အချိန်က
မွန်းတိမ်းနေပြီကွ။ နောက်နေ့မနက်မှ
လာပြီးတွယ်ရအောင်။ လူများတော့
သားကောင်ကြီးကြီးရွေးပစ်မှ ဝေစု
တွက်ချေကိုက်မှာ၊ အခုတော့ ငါတို့
ဟင်းစားရှာရင်း စခန်းပြန်ကြစို့''

''ဟုတ်ကဲ့ပါ ဘိုးလေး''

သို့နှင့် ကျွန်ုပ်တို့နှစ်ဦးသား လက်
ရှိနေရာ တောင်ခြေစိမ့်တောမြေမှ
စခန်းရှိမည့် သာလဲပင်ချောင်းခွဆုံသို့
ဦးတည်၍ ဟင်းစားရှာဖွေရင်းနှင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com


ခဲ့ကြစဉ် ကုန်းမို့မို့ပေါ် တက်မိသည့် အခါတွင် အောက်ပိုင်းကျကျ တစ်ဖက်ပိုင်း ချောက်ကမ်းပါးရှိ သစ်ပင်အုပ်အုပ်ကလေးမှ သစ်ကိုင်းအချို့ သိသာစွာ လှုပ်ရမ်းနေသည်ကို တွေ့မြင်ရ၏။ ဘိုးလေးမှ ..

"ဝံကောင် သစ်ကြားသီးစားနေတာ ဖြစ်လောက်တယ်ကွ လက်သစ်ရ။ မျောက်တွေဆိုရင် အသံတွေဆူညံနေမှာ။ မင်း ဒီနေရာကနေ စောင့်နေခဲ့၊ ငါ ချောင်းပြီး သွားပစ်ချေမယ်"

ဘိုးလေးသည် ပြောပြီးသည်နှင့် သစ်ပင်၊ ဝါးပိုးပင်တို့အား အကာအကွယ်ယူလျက် အောက်ဖက်ဆီသို့ ဆင်းသွား၏။ ထိုသို့ ဘိုးလေးသွားအပြီး နာရီဝက်ခန့်မျှကြာသောအခါ 'ဒိုင်း'ခနဲ သေနတ်သံနှင့်အတူ ဂွီး ဂွီး ကွီး ကွီး အသံတို့ဖြင့် သစ်ကိုင်းသစ်ခက်များ တိုးတိုက်ပြီး 'ဘုံး'ဟူသော မြေပြင်ပေါ်သို့ ပြုတ်ကျသည့်အသံကိုပါ တစ်ပြိုင်နက်ကြားလိုက်ရ၏။

ကျွန်ုပ်လည်း 'ဝူး'ထိုး၍ တောသံပေးရင်း အသံကြားရာသို့ မှန်းဆ၍ သွားစဉ် ဘိုးလေးမှ 'ဝူး'ပြန်ထိုးလိုက်သဖြင့် ဘိုးလေးရှိသည့်နေရာသို့ ရောက်ရှိသွား၏။ ဘိုးလေးအနီးနားတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော မည်းမည်းလုံးလုံးသတ္တဝါတစ်ကောင်အားတွေ့ရသဖြင့် ကျွန်ုပ်မှ ..

"ဘိုးလေး ဘာကောင်လဲဟင်၊ မျောက်လည်းမဟုတ်၊ ဝံကောင်လို့ ဆိုရအောင်လည်း ငယ်လှသဗျ"

"ဒါဟာ သစ်တက်ဝံခေါ်တယ်။ ငါတို့ ဒီတောဒီတောင်မှာ ဝက်ဝံ၊ မြေဝံ၊ သစ်တက်ဝံရယ်လို့ သုံးမျိုးပဲရှိတယ်။ မျောက်ဝံတို့၊ လူဝံတို့ဆိုတာ ဒီတော၊ ဒီတောင်မှာမရှိဘူး။ သစ်တက်ဝံအမျိုးအစားဟာ ရှားပါးတယ်"

ကျွန်ုပ်လည်း သစ်တက်ဝံကောင်အားအသေအချာကြည့်လိုက်ရာ အလုံးအထည်မှာ မျောက်ညိုနှစ်ကောင်စာလောက်ရှိပြီး ဝမ်းဗိုက်သည်ဖြူဖွေးနေလျက် ကျောပြင်မှာနက်၍ နှုတ်သီးရှည်ကြောင်းတွေ့ရ၏။ ကျန်အစိတ်အပိုင်းမှာ ကျွန်ုပ်တို့ မကြာခဏတွေ့ရလေ့ရှိသော ဝံကောင်များနှင့်မခြားပေ။

"ကဲ .. လက်သစ်၊ ဒီကောင်ကို ထမ်းခဲ့တော့၊ ငါတို့လူတွေလည်း မျှော်နေရှာမယ်။ နီးရာကဖြတ်ပြီးပြန်ကြစို့"

ဘိုးလေးမှာ ပြောပြီးသည်နှင့် ချောင်းရိုးကလေးအတိုင်း စုန်ဆင်းသွားရာ ကျွန်ုပ်လည်း ဝံကောင်အားထမ်းလျက် ဘိုးလေးနောက်သို့လိုက်ခဲ့၏။ ကျွန်ုပ်တို့လျှောက်လာခဲ့သော ချောင်းရိုးကလေးမှာ သာလဲပင်ချောင်းတွင်ပေါင်းဆုံသွားသဖြင့် သာလဲပင်ချောင်းရိုးအတိုင်း တစ်နာရီမျှလျှောက်ခဲ့ခြင်းဖြင့် ကျွန်ုပ်တို့စခန်းသို့ ရောက်ခဲ့ကြလေသည်။

ဋ ဋ ဋ

"အာ .. အမယ်လေးဗျ၊ အီး .. အိ .. အမေတို့ရေ .. ကယ်ကြပါဦးဗျ .. ဟီး .. ဟီး"

ခရီးရောက်မဆိုက် တဲပေါ်တွင်းလူးလိမ့်အော်ဟစ်နေသော ငပိန်အား မြင်လိုက်ရ၏။ သာဒင်တို့လူစုသည် ဝါးပိုးဝါးနှစ်လုံးအား နီးဖြင့် ချုံစောင်ကို တွဲချည်နေကြသည်။ ဘိုးလေးသည် ငပိန်အနီးသို့ လျှင်မြန်စွာရောက်ရှိသွားပြီး ..

"ဘယ်လိုဖြစ်ကြတာလဲကွ"

"ဘိုးလေး .. ကယ် .. ကယ်[illegible]ဦးဗျ .. အီး .. ဟီးဟီး"

ငပိန်မှာ ညည်းညူရင်း ဘိုးလေ[illegible] အားပြောလိုက်၏။ သူ၏ ခန္ဓာကိုယ်မှ[illegible] လည်း ချွေးသီးချွေးပေါက်တို့ဖြင့် စို[illegible] လျက်ရှိ၏။ အနီးရှိသာဒင်မှ ..

"လာတုန်းကတော့ အကောင်[illegible] ကြီးပဲဗျ။ ထမင်းစားပြီးလို့ ခဏလှဲ[illegible] ဦးမယ်ပြောပြီး တဲပေါ်တက်လှဲနေရင်[illegible] ကနေ သူ့ဗိုက်ကို ဖိထားလို့ နာတယ်[illegible] နာတယ်နဲ့ အော်တော့တာပဲဗျာ .. ကျုပ်တို့လည်း ဘိုလေးလာရင် ပြန်[illegible] ဖို့အတွက် စောင်ပုခက်အဆင်သင့်ဖြ[illegible] အောင်လုပ်နေတာ"

"အင်း .. ငပိန် မင်းဘယ်လိုဖြ[illegible] တာလဲ .. ပြောစမ်းပါဦး"

ငပိန်မှာ ရှုံ့မဲ့မဲ့ဖြင့် ..

"ထမင်းစားပြီးခဏကြာတော[illegible] ဘယ်ဘက်ကနာပြီး ရင်ခေါင်းထဲ ထ[illegible] ထိုးစောင့်နေတာဗျ။ ဖိထားတဲ့လက[illegible] လွှတ်လိုက်ရင် မခံနိုင်အောင် နာတော[illegible] တာပါပဲ ဘိုလေးရာ"

"မင်းတို့ ဘာဟင်းချက်စား[illegible] တာလဲ။ ကဲ .. သာဒွန်း ပြောစမ်းပါဦး[illegible]"

"မှန်သော့သီး မီးဖုတ်ပြီး ငါ[illegible] ရွှေအိပ်ငရုတ်သီးရောထောင်းတာရယ်[illegible] ကုလားပဲ ဟင်းချိုချက်နဲ့ စားကြတာ[illegible]"

"အေး .. ဟုတ်ပြီ၊ ဒီကော[illegible] လေနာအခံရှိတော့ မှန်သော့ချဉ်နဲ့ [illegible] အပ်သီးအရှိန်က လေပိတ်ပြီး ထိုး[illegible] တာ။ ဟော့ .. လက်သစ် အဲဒီဝံကော[illegible] ရဲ့သည်းခြေထုတ်ခဲ့။ သာဒင်နဲ့ [illegible] စိုးတို့က ဝံကောင်ကို မီးမြိုက်[illegible] ပြီးရင် ခုတ်ထစ်ပြီး [illegible]ချက်ကြ"

www.burmeseclassic.com



ကျွန်ုပ်လည်း ခါးမှဓားကိုချွတ်၍ ဝံကောင်အား ဗိုက်ခွဲပြီး အသည်းကို ဆွဲထုတ်လိုက်၏။ ထို့နောက် သည်းခြေအိတ်မပေါက်စေရန် ဓားဖြင့်ဝိုက်၍ လှီးဖြတ်ပြီး ဘိုးလေးအား ပေးလိုက်၏။ ဘိုးလေးသည် သူ၏ ကျောပိုးအိတ်အတွင်းရှိ အရက်ဘူးမှ တောအရက်အတန်အသင့်အား ရေနွေးသောက်ရန် ပြုလုပ်ထားသော ဝါးဆစ်ခွက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် သည်းခြေအိတ် ထိပ်ဖျားအပေါက်မှ သည်းခြေရည်တစ်စက်အား ဝါးဆစ်ခွက်ထဲသို့ ထည့်လိုက်ရာ ဖြူနေသောအရက်မှာ နီညိုရောင်သို့ ပြောင်းလဲသွားလေသည်။

"ကဲ ‥ ငပိန် ရော့၊ ဒီတစ်ခွက်ကိုသောက်လိုက်။ မကြာခင် ကောင်းသွားလိမ့်မယ်"

"ဟုတ် ‥ ဟုတ်ကဲ့"

ငပိန်မှာ အသံရောလူပါ တုန်တုန်ယင်ယင်ဖြင့်မော့လိုက်ရာ ငပိန့်မျက်နှာမှာ ရှုံ့တွသွားပြီး ‥

"ဟား ‥ ခါးလိုက်တာ ဘိုးလေးရာ"

ဘိုးလေးမှ ရေဘူးလှမ်းပေးလျက် ‥


"ရော့ ‥ ရော့ ‥ ရေသောက်လိုက်၊ ပြီးရင် အိပ်နေလိုက်တော့။ ကဲ ‥ သာဒင် မင်းတို့လုပ်ထားတဲ့ စောင်ပုခက်ကိုဖြုတ်ပြီး ငပိန့်ကို ခြုံပေးလိုက်တော့ဟေ့"

သာဒင်သည် ဝံကောင်မီးမြိုက်နေရာမှ ထလာပြီး ပုခက်ပြုလုပ်ထားသောစောင်ကိုယူ၍ ငပိန့်အား ခြုံပေးလိုက်လေသည်။ ကျွန်ုပ်လည်း စခန်းမှ အဖွဲ့များနှင့်အတူ ဝံကောင်အား အမွှေးမြိုက်ခြင်း၊ ပိုသောအသားများကို တံစို့များထိုးပြီးကင်ခြင်း စသည်တို့ကို ဝိုင်းကူလုပ်ပေးနေခဲ့၏။

မကြာမီ ထမင်းဟင်းများကျက်၍ မနက်စာစားရန် ပြင်နေကြစဉ် ငပိန်မှာ သွက်လက်ပေါ့ပါးစွာ အိပ်ရာမှထလာပြီး ‥

"ဘိုးလေးရဲ့ဆေးကတော့ ‥ တကယ့်အံ့ဖွယ်ပါပဲဗျာ။ မှေးခနဲအိပ်ပျော်သွားပြီး နိုးလာတော့ အအောင့်တာနာတာတွေ ဘယ်ရောက်သွားတယ်ကို မသိတော့ဘူးဗျို့။ အခု လန်းလန်းဆန်းဆန်းနဲ့နေရတာ ကောင်းသဗျာ"

"ကောင်းရမှာပေါ့ကွ ‥ ခေတ်မီဆေးဝါးတွေက အစွမ်းထက်သလို ငါတို့တောတွင်းသဘာဝဆေးတွေကလည်း အစွမ်းထက်တာပဲ ငပိန်ရ။ လူတွေက တန်ဖိုးကြီးကြီးပေးရတဲ့ဆေးမှ ဆေးလို့ ထင်ကြတာ။ ငါတို့တောတွင်း ဆေးဖက်ဝင်တဲ့ သဘာဝဆေးတွေတော့ အလကားပဲလို့ ထင်ကြတယ်"



ဘိုးလေး၏ စကားသံမှာ ခံပြင်းသည့်လေသံများပါနေသဖြင့် ကျွန်ုပ်မှ–

"ခေတ်မီဆေးဝါးတွေနဲ့ အလှမ်းဝေးနေတဲ့ ကျွန်တော်တို့ တောနေလူတန်းစားတွေ တောတွင်းသဘာဝဆေးတွေနဲ့ ကျန်းမာသန်စွမ်းပြီး အသက်ရှင်နေကြတာကို မြို့နေလူတန်းစားတွေ သိပါတယ်။ အခုဆိုရင် သူတို့ခေတ်မီဆေးဝါးတွေမနိုင်မှ မတိုးမှ ကျွန်တော်တို့ တောတွင်းဆေးတွေသုံးကြရာကနေ အခုတော့ အားကိုးရမှန်း တန်ဖိုးထားရမှန်း သိနေပါပြီ ဘိုးလေးရာ"

"အေး ‥ သိတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတို့နိုင်ငံရဲ့ တောတောင်သဘာဝ သယံဇာတတွေကို တန်ဖိုးထားရကောင်းမှန်း



www.burmeseclassic.com

တောတောင်
သဘာဝကြီးထဲမှ စားစရာများ၊
အသုံးတည့်သော
သဘာဝဆေးများနှင့်
သဘာဝအဖိုးတန်
အရင်းအမြစ်များရရှိနေသော
ပေးဆပ်နေသော ကျွန်ုပ်တို့
အမိမြန်မာနိုင်ငံတော်ကြီး၏
ရေမြေတောတောင်
သဘာဝများမပျောက်အောင်
နိုင်ငံသားတိုင်း
ထိန်းသိမ်းကာကွယ်
သင့်လှပေသည်
. . .

မသိတဲ့သူတွေက များနေပါသေးတယ်ကွာ''

ဘိုးလေးမှ စိတ်ပျက်သောလေသံဖြင့် ပြောလိုက်၏။

''ကျွန်တော်တို့ လက်လှမ်းမီသလောက် ကိုယ့်အရပ်ကိုယ့်ဒေသကို တန်ဖိုးထား ထိန်းသိမ်းကြရတော့မှာပေါ့ဗျာ။ ဒါနဲ့ ထားပါတော့ . . အခု ငပိန် ရောဂါချက်ချင်းပျောက်သွားတဲ့ ဝံသည်းခြေရဲ့အစွမ်းကလေး ပြောပြပါဦး ဘိုးလေးရ''

''အေး . . အဲဒီလို အစားမှားပြီး လေထိုးလေအောင့်မပြောနဲ့ နှစ်ချီပြီး လေအောင့်လေနာသမားတွေ၊ ဆော်ဒါအမြဲဆောင်ရတဲ့သူတွေ၊ အစာအိမ်သမားမှန်သမျှအတွက် ဝံသည်းခြေရည်ဟာ အလွန်ကောင်းတဲ့ဆေးပေါ့ လက်သစ်ရ''

''ဒါဆို ဘယ်လိုဝံကောင်သည်းခြေပဲဖြစ်ဖြစ် အသုံးဝင်ပြီး အဲဒီလို ရောဂါတွေ ပျောက်စေတယ်ပေါ့''

''အင်း . . ပျောက်တော့ ပျောက်တယ်။ ဒါပေမဲ့ ဝက်ဝံသည်းခြေထက် မြေဝံသည်းခြေက ကောင်းသလို၊ မြေဝံသည်းခြေထက် အခုလို သစ်တက်ဝံကောင်ရဲ့သည်းခြေက ပိုပြီးဆေးအစွမ်းထက်တယ်ကွ''

''အဲဒီလို . . အကောင်မတွေ့ရဘဲ အပြင်ရောက်ပြီးတဲ့ သည်းခြေတွေကို ဘယ်လိုခွဲခြားမလဲဟင်''

''လွယ်ပါတယ်ကွာ . . ဝက်ဝံရဲ့သည်းခြေက အညိုရောင်၊ မြေဝံသည်းခြေက မြင်းချေးရောင်၊ အခုလို သစ်တက်ဝံကောင်က ရွှေရောင်ရှိတယ်ကွ''

''ဒါနဲ့ . . အခုလို သည်းခြေရည် အစိုအစိမ်းသက်သက်မှာပဲ ဆေးဘက်ဝင်တာလား ဘိုးလေး''

''အစိုအစိမ်းသက်သက်မဟုတ်ဘဲ အခြောက်ဆိုလည်း ဆေးဘက်ဝင်တာပဲ။ အစိုသည်းခြေအိတ်ကို မပေါက်အောင် ထိပ်ပိုင်းလေးကို ကြိုးနဲ့စည်းပြီးအခြောက်ခံနေလှန်းရတယ်။ ခြောက်ပြီဆိုတာနဲ့ အမှုန့်လုပ်ပြီး နှစ်တွေကြာအောင် သိမ်းထားလို့ရတယ်။ ဆေးအဖြစ်သုံးချင်ရင် . . အဲဒီ သည်းခြေအခြောက်မှုန့်ကို ရေနွေးတို့၊ အရက်တို့ ရရာထဲမှာထည့်ပြီး သုံးရတယ်။ ထည့်တဲ့အခါမှာလည်း လောဘကြီးပြီး မထည့်ရဘူး။ ရေတစ်ဖန်ခွက်ကို နှမ်းတစ်စေ့သာသာဆိုရင်လုံလောက်ပြီ။ လေထိုးလေအောင့်နဲ့ အစာအိမ်ရောဂါတွေကို အမြစ်ပြတ်ပျောက်ချင်ရင် ဝံသည်းခြေက အကောင်းဆုံးဆေးစွမ်းတစ်လက်ပဲ မောင်ရေ။ ကဲ . . ကဲ . . ထမင်းစားကြတော့ . . ငပိန်လည်း ထမင်းစားချင်စိတ်ရှိလား''

''ဗိုက်ထဲမှာပေါ့ပြီး စားချင်စိတ်ရှိတယ်။ ပြီးတော့ ဘိုးလေးရဲ့ ဝံသည်းခြေလည်းရှိနေတာပဲ''

''မစားပါနဲ့ကွာ၊ ဆေးအားကိုးနဲ့ စားချင်တာစား၊ လုပ်ချင်တာလုပ်ရင် ဒုက္ခရောက်တတ်တယ်။ ဆေးဆိုတာ သူနိုင်သလောက်ပဲ ပျောက်နိုင်တာ''

သို့နှင့်ပင် ကျွန်ုပ်တို့သည် ဝံသာ ဟင်းကို ငပိန်တို့လက်ကျန်ဖြစ်သော မှန်သော့သီး မီးဖုတ်၊ ရွှေအပ်ငရုတ်သီး နှင့် ငါးပိတို့ရောထောင်းထားသည့် ငါးပိ ထောင်းကလေးဖြင့် စားရသည်မှာ လွန်စွာမှပင် နှုတ်မြိန်လှ၏။ ကျွန်ုပ် ဘဝတွင် မည်သည့်အခါမျှ မေ့နိုင်တော့ မည်မဟုတ်ပါတော့ချေ။

§ § §

ကျွန်ုပ်တို့ ယခုလို တောတော သဘာဝကြီးထဲမှ စားစရာများ၊ အသုံး တည့်သော သဘာဝဆေးများနှ သဘာဝအဖိုးတန်အရင်းအမြစ်များရ နေသော တစ်နည်းအားဖြင့် ပေးဆ နေသော ကျွန်ုပ်တို့ အမိမြန်မာနိုင် တော်ကြီး၏ ရေမြေတောတော သဘာဝများ မပျောက်အောင် နိုင် သားတိုင်း ထိန်းသိမ်းကာကွယ်သင့် ပေသည်ဟု ကျွန်ုပ်မှတ်ယူမိပါတေ သတည်း။

မင်းထိ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

ကြိုးသမားဇာတ်လမ်းများကို တစိုက်မတ်မတ် ရေးသားလာခဲ့သော ကျွန်ုပ်သည် မန္တလေး ဗဟိုအကျဉ်းထောင်ကြီးတွင် တာဝန်ထမ်းဆောင်နေစဉ် ကံကြမ္မာအလှည့်အပြောင်းကြောင့် ကြိုးစင်သို့ တက်ခါ ကြိုးပေးခံရပြီးချိန်ဝယ် လွတ်ငြိမ်းခွင့်က နောက်ကျ၍ ရောက်လာခဲ့သည်။ ယင်းဇာတ်လမ်းလေးအား သတိသံဝေဂရစေရန် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

၁။ ကြိုးတိုက်တွင်းဝယ်

ကြိုးသမားတို့၏ဘဝကား တကယ်တွေးကြည့်လျှင် ရင်နာစရာကောင်းလှပေသည်။ လောဘ၊ မောဟ၊ ဒေါသတရားတို့ ရောပြွမ်းနေသော ဝဲဩဃသံသရာကြီးထဲဝယ် လောဘကြောင့် လူသတ်မှုကျူးလွန်ကြသူများ။ ဒေါသကြောင့် တဒင်္ဂစိတ်လှုပ်ရှားမှု၊ ရုန်းကန်ထကြွမှုကို သတိသမ္ပဇဉ်နှင့် မထိန်းချုပ်နိုင်ခြင်းကြောင့် လူသတ်မှုကျူးလွန်ခဲ့ကြသူများ၊ သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်မှုကြောင့် လူသတ်ရန် ဝန်မလေးကြသူများ ပြစ်မှုဖြစ်ပွားလာခဲ့သောအခါ တရားဥပဒေ၏ အဆုံးအဖြတ်အတိုင်း ခံယူသွားကြရသည်။

လူတစ်ယောက်၏အသက်ကို ဇီဝိန်ခြွေခဲ့စဉ်က အလွယ်တကူခြွေခဲ့ရက်သော်လည်း မိမိအလှည့်ကျတော့ သေရမည့်အရေးကို လန့်ချီပြီး သောကအပူမီးဝိုင်းကာ ခံစားကြရလေသည်။

အဘယ့်ကြောင့်ဆိုသော် ကြိုးသမားတစ်ဦးအား သက်ဆိုင်ရာတရားရုံးမှ သေဒဏ်ကျခံစေရန် ကြိုးမိန့်ပေး၍ သတ်စေရန် အမိန့်ချမှတ်ခဲ့သော်လည်း ကြိုးသမားအတွက် ကံကြမ္မာက မျက်နှာသာပေးခဲ့ပြန်လေသည်။

ယင်းမှာ ကြိုးသမားအတွက် အဆင့်ဆင့် အယူခံတင်သွင်းခွင့်ကြောင့် ဖြစ်ပါသည်။ တရားဥပဒေက ကြိုးသမားဘက်မှ ကာကွယ်ရပ်တည်ခွင့်ပြုထားလေသည်။ ကြိုးသမားတစ်ဦးကို အကျဉ်းထောင်လက်စွဲ ဥပဒေအပိုဒ် (၆၃၃)အရ အကျဉ်းထောင်မှ လက်ခံရရှိခဲ့ပြီဆိုသည်နှင့်တစ်ပြိုင်နက် ထောင်တာဝန်ခံအရာရှိနှင့် ထောင်မှူးကြီး၊ ထောင်မှူးတို့မှာ အလုပ်ရှုပ်ကြတော့သည်။

သက်ဆိုင်ရာ အမိန့်ချမှတ်ခဲ့သည့် တရားရုံးသို့ ကြိုးသမား၏စီရင်ချက်မိတ္တူကို (၇)ရက်အတွင်း အယူခံနိုင်ရန် စာတစ်တန်၊ ပေတစ်တန်ဖြင့် အလျှင်မီအောင် တောင်းခံခဲ့ရသည်။

ထိုသို့ တရားရုံးမှာ စီရင်ချက်မိတ္တူတောင်းခံနေစဉ်မှာ ကြိုးသမား အတွက် လိုအပ်သော ရှာဖွေစစ်ဆေး တွေ ချက်ချင်းဆောင်ရွက်ရသည်။ ကြို သမားဆိုတာမျိုးကလည်း ခက်သားက လား။ တစ်ခါတစ်ရံ သွေးရူးသွေးတန် နှင့် ကျွန်တော့်ကို ကြိုးစင်ပေါ်သာ မြ မြန်ပို့ပြီး သတ်ပါ။ မြန်မြန်သေ မြန်မြ အေးတာပဲဟု ထောင်ထဲဝင်လာစ ကြွေးကြော် အော်ဟစ်တတ်ကြသည်

ကြိုးသမားအောင်ဒင်ရဲ့
ဘဝကတော့
တကယ့်ကို ရင်နာစရာ
ကောင်းလှပေသည်။
တိုင်းပြည်ကြီးတစ်ခုလုံး
အုပ်ချုပ်ရေးယန္တရား
ဖရိုဖရဲဖြစ်နေချိန်
၁၉ဂဂ ခုနှစ်၊
လူထုအုံကြွမှုကြီး
ဖြစ်ပေါ်လာပြီး
ဆန္ဒပြပွဲများ အနှံ့အပြား
ဖြစ်ပေါ်နေချိန်
ထူးထူးခြားခြား
...


www.burmeseclassic.com

တကယ်တမ်း ကြိုးပေးရမည့်အ
န် ရောက်လာသောအခါ စိတ်ကစဉ့်
ကလျား ဖြစ်ပေါ်လာကာ ဟိုပြေးသည်
ပြေးနှင့် အရူးမီးဝိုင်းသလို ဖြစ်သွား
သည်။

ကြိုးတိုက်ဆိုတာကလည်း ကျယ်
ကျယ်ဝန်းဝန်းမဟုတ်ပါ။ ခြောက်ပေ
ယ်ပေခန့်သာကျယ်သော အခန်း
သေးဖြစ်သည်။ ကြိုးသမားအတွက်
သွာတက်ရန် ဖွဲ့ထည့်ထားသော ဂံ
သား(သစ်သားခွက်)လေးတစ်လုံးနှင့်
ပ်စက်နိုင်ရန် ကွပ်ပျစ်အနိမ့်လေး
တစ်ချပ်သာရှိသည်။ တိုက်ခန်းနောက်
က်အမြင့်မှာ လေဝင်လေထွက်ရန်
င့် အလင်းရောင်ဝင်နိုင်ရန် တစ်ပေ
တ်လည်အခန်းပေါက်လေးကို သံတိုင်
းစိုက်ထားသည်။

ကြိုးသမားထောင်ဝင်စာကို တစ်
(သို့)ဆယ့်ငါးရက်တစ်ကြိမ် တွေ့ခွင့်
သည်။ အကျဉ်းထောင်မှ နေ့စဉ် အ
ားဟင်းနှင့် နို့ပေါင်မုန့် ကျွေးမွေးပေး
သည်။ ကြိုးသမားကတော့ ကောင်း
ကာင်းစား၊ ကောင်းကောင်းအိပ်ပြီး
သရမည့်ရက်ကို လက်ချိုးရေတွက်
င်း ရင်တဖိုဖိုနှင့်စောင့်စားနေရသည်။

ဒါကြောင့် ကြိုးသမားများထောင်
ရောက်လာပြီဆိုလျှင် အကျဉ်းထောင်
်ထမ်းများအဖို့ နေ့မအား ညမအား
င့် လုံခြုံရေးချထားရသည့် ပထမဆုံး
ကြိုးသမားကို တလာစီ(ရှာဖွေရေး)ပြီး
ကြိုးတိုက်ခန်းထဲတွင် ကိုယ့်ကိုယ်ကို
သကြောင်းမကြံစည်နိုင်ရန် မိလ္လာ
က်သည့်ဂံဖလားကို သစ်သားခွက်
ပ်ပေးရသည်။

လူကို အန္တရာယ်ပြုနိုင်မည့်ပစ္စည်း
ဟူ၍ ဘာဆိုဘာမှ မထားရ။ ဒါမှလည်း
စိတ်ညစ်လွန်း၍လည်းကောင်း၊ စိတ်
ဖောက်ပြန်၍လည်းကောင်း ကိုယ့်ကိုယ်
ကို သေကြောင်းကြံစည်သည့်အခါ အန္တ
ရာယ်မရှိနိုင်ပေ။

ကြိုးသမားဆိုတာက ကြိုးနဲ့ပဲ
သေရမယ့် ထုံးစံရှိနေတော့ ကရုဏာ
တွေ၊ မုဒိတာတွေ၊ ပွားမနေနိုင်တော့တဲ့
ပြဿနာမဖြစ်ပေါ်နိုင်အောင်လို့ ကိုယ့်
ဘက်က စီစဉ်စရာရှိတာတွေ စီစဉ်
ထားပေးရသည်။

ကြိုးတိုက်ထဲမှာ ကြိုးသမားကို
လက်ခံပြီးသည်နှင့် ကြိုးတိုက်စောင့်
ဝန်ထမ်းများကို (၂၄)နာရီလုံးလုံး ကြိုး
သမားကို မပြတ်စောင့်ကြည့် ထိန်း
သိမ်းနေရသည်။

ကြိုးသမားများဘက်က ကြည့်
ပြန်တော့လည်း ကိုယ့်အမှုက သေဒဏ်
ကျခံစေဖို့ ကြိုးမိန့်ချထားတာ။ မြန်မြန်
သေ၊ မြန်မြန်အေးတာပဲဟု မှတ်ယူ
ထားကြသည်။ အယူခံသာတင်ရတယ်
ကိုယ်က သူများအပေါ် ရက်ရက်စက်
စက်လုပ်ခဲ့ပြီးပြီမို့ အားက လျော့ချင်
ချင်ရယ်။

ဒီလို စိတ်ထဲဖြစ်ပေါ်နေကြတာ
ကလည်း ခဏပါ။ သွေးပူနေတုန်း ပြော
ဆိုခဲ့ကြတာပါ။ တိုက်ခန်းထဲမှာ နေရ
ရက်ရှည်ကြာလာတော့ ကိုယ့်အပြစ်
တောင်ကိုယ်မေ့ပြီး သေရမှာကိုပဲ တွေး
ကြောက်မိလာသည်။ လွတ်မြောက်မှုကို
လည်း တောင့်တလာကြတယ်။ ပြင်ပ
က ရှေ့နေနှင့်ပဲ ငှားရမ်းလို့ အယူခံ
ဝင်ရနိုးနိုး၊ ထောင်ထဲက အယူခံပဲ မယုံ
မရဲနှင့် တင်ရကောင်းနိုးနိုး ဖြစ်လာပြန်
ရော။

ထောင်မှူးထောင်ပိုင်တွေဆိုတာ
ကလည်း ရှေးဘုရင်ခေတ် သက်ဦးဆံ
ပိုင်ခေတ်တုန်းကလို အာဏာသား၊
ပါးကွက်သားတွေမှမဟုတ်လေတော့
ကြင်နာတတ်တဲ့နှလုံးသားနှင့် စာနာ
တတ်တဲ့စိတ်နှင့် လူကို လူလိုမြင်ပြီး
အုပ်ချုပ်ကြသူတွေပါ။ လူတစ်ယောက်
ရဲ့အသက်ကို လွတ်မြောက်လို လွတ်
မြောက်ငြား အယူခံရေးပြီး ကယ်တင်
စောင့်ရှောက်ပေးခဲ့သည်။

သည်ကြားထဲ ကြိုးသမားများကို
နောင်တတရားရစေနိုင်ရန် ဘာသာ
ရေး အဆုံးအမများဖြင့် သိမ်းသွင်းနား
ချပေးခဲ့သည်။ များသောအားဖြင့် ကြိုး
သမားအများစုသည် သေဘေးနှင့်
မျက်ဝါးထင်ထင် ကြုံတွေ့လာရသောအ
ခါ နောင်တမလွန်ဘဝကူးကောင်းစေ
ဖို့ တိုက်ခန်းထဲဝယ် တရားထိုင်ခြင်း၊
ပုတီးစိပ်ခြင်း စသော ကောင်းမှုကု
သိုလ်များကို တစိုက်မတ်မတ် လုပ်
ဆောင်လာကြသည်။

တကယ်တော့ ကြိုးသမားများ
သည် တရားရုံးတော်မှ သေဒဏ်အမိန့်
ချမှတ်လိုက်သည်နှင့်တစ်ပြိုင်နက် တစ်
ခါတည်း ကြိုးစင်ပေါ်တက်ရခြင်း မ
ဟုတ်ပေ။ ရှေးဦးစွာ တရားလွှတ်တော်
ဗဟိုရုံးသို့ အယူခံလွှာကို တင်သွင်းပေး
ရ၏။ ၎င်းအယူခံရှုံးခဲ့ပါလျှင် နိုင်ငံတော်
အစိုးရထံ အသနားခံစာ တင်သွင်းပေး
ရ၏။ အသနားခံစာပါ ရှုံးသွားပါက
နိုင်ငံတော်သမ္မတကြီးထံ အထူးအသ
နားခံစာတင်ခွင့်ရှိသေး၏။

သို့ဖြစ်၍ သေဒဏ်စီရင်ချက် ချ
မှတ်ခံထားရသော ကြိုးသမား တစ်
ယောက်အတွက် မျှော်လင့်ချက်ကြီးသုံး



www.burmeseclassic.com

မျိုးသုံးစား ရှိပေသေးသည်။

ဒါပေမဲ့ ကုသိုလ်ကြမ္မာဆိုးခဲ့ရှာလေသော ကြိုးသမားအောင်ဒင်ရဲ့ဘဝကတော့ တကယ့်ကို ရင်နာစရာကောင်းလှပေသည်။ တိုင်းပြည်ကြီးတစ်ခုလုံး အုပ်ချုပ်ရေးယန္တရား ဖရိုဖရဲဖြစ်နေချိန် ၁၉၈၈ ခုနှစ်၊ လူထုအုံကြွမှုကြီးဖြစ်ပေါ်လာပြီး ဆန္ဒပြပွဲများ အနှံ့အပြား ဖြစ်ပေါ်နေချိန် ထူးထူးခြားခြား အယူခံရှုံး၍ ကြိုးပေးသတ်ခံရရှာသည်။

## ၂။ ကြိုးသမားအောင်ဒင်

စိတ်မချမ်းမသာစရာကောင်းအောင်ဖြစ်ခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ်ကို ဦးဆောင်ပြောပြနေသူမှာ ထောင်မှူးဦးသန်းဌေးဖြစ်သည်။ နံနက်ထောင်ဖွင့်ပြီးချိန် သံချောင်းခေါက်သံကြားပြီးလို့ သက်ဆိုင်ရာအလုပ်တာဝန်ကျနေတဲ့ အပြင်ဘုတ်တွေကို ထောင်မကြီးထဲကနေ အပြင်ကိုထုတ်ပေးနေစဉ်ဖြစ်သည်။

မန္တလေးဗဟိုအကျဉ်းထောင်ကြီးအတွင်းရှိ မိန်းဂျေးလ်ရုံး(MAIN JAIL)ထဲမှာ ထိုနေ့ ထောင်ဖွင့်တာဝန်ကျနေသော အရာရှိများ စကားစမြည် ပြောဆိုနေစဉ် ဖြစ်သည်။ ယင်းစကားဝိုင်းသို့ မြို့ပတ်လမ်းဖောက်လုပ်ရေး အလုပ်စခန်းတာဝန်ခံ ထောင်မှူးကြီး-စိုးဝေလည်း မိမိအလုပ်စခန်းအတွက် အလုပ်တာဝန်ကျနေသော အပြင်ဘုတ်အကျဉ်းသားများကို လာရောက်ထုတ်ယူနေစဉ် ရောက်ရှိလာခြင်း ဖြစ်သည်။

ထောင်ဖွင့်တာဝန်ခံ ထောင်မှူးကြီးဦးလှမြင့်(ဒန်သွား)အား ပြောပြနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်လည်း ထောင်



ထဲဝင်လာခိုက် စကားတစ်စွန်းတစ်
ကြားလိုက်ရသဖြင့်-

''စောစောက ... ဇာတ်လ
လေး ဆက်ပြောပါဦးဗျ''

''ဟော ... အတော်ပဲ ကိုယ်
အပေါင်းအသင်း .. စာရေးဆရာစိုး
ရောက်လာတော့ တစ်ခါတည်း ဇာ
လမ်းတစ်ပုဒ်ရသွားအောင် ပြောပြ
ရမှာပေါ့ဗျာ၊ ဇာတ်လမ်းလေးက ...
ဒီလိုဗျ''

၁၉၈၈ ခုနှစ်၊ ဩဂုတ်လထဲတွ
နိုင်ငံတော်၏အခြေအနေမှာ မတည်
မငြိမ်ဖြစ်နေပြီး ဆူပူမှုတွေ ဖြစ်ပွား
တော့ အကျဉ်းထောင်များ၏ လုံခြုံ
ကိုလည်း အထူးဂရုစိုက် စောင့်ကြ
ကြည့်နေရသည်။ တစ်ခု ကံကောင်း
သည်မှာ မန္တလေးဗဟိုအကျဉ်းထော
ကြီးသည် အခြားသောထောင်များ
လူနေရပ်ကွက်နီးနီးမှာမရှိဘဲ နန်းတွ
ထဲမှာ တည်ဆောက်ထားသောကြော
ဖြစ်ပါသည်။

ထိုအချိန်က ကြိုးတိုက်ခန်း
ဝယ်သေဒဏ်ကျခံထားရသော ကြိုး
မားဆယ်ယောက်ကျော်ခန့် ရှိနေသည်
ကြိုးတိုက်ခန်းထဲမှာ ရှိနေသော ကြိ
သမားအားလုံးသည် ဤသို့ပြင်ပမှာ
ပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေသ
အခါ မိမိတို့သေဒဏ်မှ တစ်နည်းနည်း
ဖြင့် လွတ်မြောက်တော့မည်ဟု မျှော်
လင့်ယုံကြည်နေကြသည်။

ဘာပဲဖြစ်ဖြစ် ယခုလို နိုင်ငံရေ
အခြေအနေ မငြိမ်မသက်ဖြစ်နေ
ကြိုးပေးကွပ်မျက်ခြင်းကိုတော့ အစ
နှင့်အများ ဆိုင်းငံ့ထားကြမည်ဟု မျှော်
လင့်စောင့်စားနေခဲ့ကြသည်။

www.burmeseclassic.com

ထိုကဲ့သို့ ဆူပူအုံကြွမှုများ အရှိန်မြင့်လာသော ဩဂုတ်လကုန်ပိုင်းအချိန်တွင် လမ်းပမ်းဆက်သွယ်မှု ခရီးလမ်းပန်း ပြတ်တောက်နေသည့်အတွက် ခိုးသွားလာရန် အခက်အခဲများ ဖြစ်ပေါ်နေသည်။

သို့သော်လည်း မန္တလေးဗဟိုအကျဉ်းထောင်ကြီးထဲတွင် အတွေ့အကြုံရင့်ကျက်နေသော ထောင်မှူး၊ ထောင်ပိုင်များ၏ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်နေခြင်းကြောင့် ထောင်ဆူပူမှုများ အခြားနေရာဒေသတွင် ဖြစ်ပေါ်နေသော်လည်း မိမိတို့ထောင်မှာ ဆိုးဆိုးဝါးဝါး အခြေအနေထိ မရောက်ရှိဘဲ အေးချမ်းငြိမ်သက်စွာ ရှိနေသည်။

ထောင်ထဲမှ အကျဉ်းသားများကတော့ အခြားထောင်ကြီးများတွင် ထောင်ထဲမှ အကျဉ်းသားအားလုံး ထောင်တံခါးကြီးတွေ ဖွင့်လွှတ်ပေးနေရသောကြောင့် မိမိတို့လို စည်းကမ်းတကျ နေထိုင်ကြသည့် အကျဉ်းသားများကို တစ်နည်းနည်းဖြင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်လွှတ်ပေးသိမ့်မည်ဟု မျှော်ကိုးစောင့်စားလျက်ရှိနေကြသည်။

ဤကဲ့သို့ နိုင်ငံတော်၏ အခြေအနေမှာ ဆူဆူပူပူ ပြုလုပ်နေကြသည့် အခြေအနေကြားမှ ကုသိုလ်ကံဆိုးခဲ့ရှာသော ကြိုးသမားအောင်ဒင်၏ အသနားခံစာကို နိုင်ငံတော်သမ္မတကြီးမှ ပယ်ချလိုက်သည့်အမိန့်စာ ရောက်ရှိလာခဲ့လေတော့သည်။

ယင်းအမိန့်စာပေါ်တွင် သတ်မှတ်ထားသော ရက်၊ လ၊ နေ့အတိုင်း ကြိုးဒဏ်စီရင်ရန် အတိအလင်းပါရှိလာလေသည်။

**ကြိုးသမား အောင်ဒင်မှာတော့ ခေတ်ပျက်သလို ဖြစ်နေချိန်မှာ ကံဆိုးသူမောင်ရှင် ဖြစ်သွားရသည်။ ဒါကလည်း မိမိမတရားစော်ကားခဲ့သော ဝင့်ကြွေးက ဘဝမကူးခင် ယခုဘဝမှာကတည်းက ပေးဆပ်နိုင်ရန် အကြောင်းကံက ဖန်လာခဲ့ခြင်းကြောင့် ဖြစ်သည်…**

ကြိုးသမားအောင်ဒင်ကို အယူခံလွှာတင်သွင်းခဲ့စဉ်က ၎င်း၏အမှုအခင်း ဖြစ်ပွားလာသည့် အခြေအနေမှန်ကို ကြားသိထားခဲ့ပြီး ဖြစ်သည်။

ထိုစဉ်က အောင်ဒင်သည် ပခုက္ကူခရိုင်တွင် နာမည်ကြီးဓားပြဗိုလ်ကြီး တစ်ဦး ဖြစ်နေသည်။ ဓားပြတိုက်သည့်နေရာတွင် လက်ရဲဇက်ရဲနိုင်လှသဖြင့် ၎င်းအား လက်မရွံ့အောင်ဒင်ဟူ၍ နာမည်ဟိုးဟိုးကျော်နေသော ဓားပြဗိုလ်ကြီးဖြစ်သည်။

ဤကဲ့သို့ လက်မရွံ့အောင်ဒင်တစ်ယောက် အဖမ်းအဆီးမခံရဘဲ လွတ်မြောက်နေသောအခါ ပိုပြီး အတင့်ရဲလာသည်။ နောက်ပါ တပည့်လေးငါးခြောက်ဦးခန့်နှင့် ရွာစဉ်လိုက် ဓားပြတိုက် ခိုးဆိုးလုယက်လျက် ရှိသည်။

ရဲတပ်ဖွဲ့ဝင်များကလည်း လက်နက်ကိုင်ဆောင်ဓားပြတိုက်နေသူများဖြစ်၍ သတိကြီးစွာထားပြီး စုံစမ်းထောက်လှမ်းနေခဲ့သည်။ တရားဝင်ကိုင်ဆောင်ထားသော လက်နက်များ မဟုတ်ဘဲ မည်သည့်နေရာမှရရှိထားသော လက်နက်များမှန်း မသိချေ။

လက်မရွံ့အောင်ဒင်တို့ ဓားပြဂိုဏ်းသည် အိမ်တစ်အိမ်ကို ဓားပြတိုက်လျှင် အိမ်ရှိပစ္စည်းဥစ္စာများအပြင် သားဖျိုသမီးပျိုများကိုပါ ဖမ်းဆီးအနိုင်ကျင့်စော်ကားနေသလို မထင်လျှင်မထင်သလို သတ်ပစ်သည်ထိ ရက်စက်ကြသည်။

သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သူများပီပီ ဓားပြဂိုဏ်းကို ဖြိုခွဲပစ်နိုင်ရန် အပြင်းအထန် ကြိုးပမ်းနေကြသည်။

လဆန်း(၈)ရက်ညမို့ လမင်းအလင်းရောင်အောက်ဝယ် ရဲတပ်ဖွဲ့ဝင်များသည် အမာခံသတင်းပေးတို့၏ ပေးပို့လာသော သတင်းအရ ကြိုတင်စောင့်ဆိုင်းနေရာ ယူထားကြသည်။ ဒီည ရေကြည်ပေါက်ရွာကို ဓားပြလာတိုက်မည်ဆိုသောသတင်းရလျှင်ရချင်း ရွာအဝင်လမ်းတစ်ဝက် တောင်ကုန်းထိပ်နေရာမှ လက်နက်အပြည့်အစုံနှင့် စောင့်ဆိုင်းနေခဲ့ကြသည်။

အလင်းရောင်ဖျော့ဖျော့ကြားမှ ရွာဆီသို့ ချဉ်းကပ်လာနေသော လူပ်ရှားမှုလူရိပ်သဏ္ဌာန်များကို တွေ့မြင်လိုက်ရသည်။ အားလုံး ငြိမ်သက်နေကြသည်။ ချောင်းရိုးလေးအတိုင်း ကုန်းထိပ်ဆီ တက်လာနေသော လူရိပ်များသည် မိမိတို့ အန္တရာယ်ကို ကြိုတင်မသိနိုင်ဘဲ ခါတိုင်းလို ဓားပြတိုက်လုယက်ရန်သာ စိတ်စောနေသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း"

မိမိတို့သတ်ကွင်းထဲ ဝင်လာနေသော ဓားပြများကို ရှေ့ဆုံးမှ ပိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ကြလေသည်။ ဓားပြအဖွဲ့မှာမထင်မှတ်ဘဲ အလစ်အငိုက်မိသွားသောအခါ ဝရုန်းသုန်းကား ပြေးသူပြေး၊ ပစ်သူပစ်ဖြင့် ကစဉ့်ကလျားဖြစ်သွားလေသည်။

နောက်ဆုံးမှာတော့ ဓားပြဗိုလ်ကြီး လက်မရွံ့အောင်ဒင်ကို အရှင်လက်ရ ဖမ်းမိပြီး နောက်လိုက်ဓားပြများမှာ အတုံးအရုံး ကျဆုံးသွားလေသည်။ ဤကဲ့သို့ ဓားပြဗိုလ်ကြီး လက်မရွံ့အောင်ဒင်တစ်ယောက် ရွာငယ်လေးများအပေါ်တွင် အနိုင်ကျင့်စော်ကားပြီး ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ လူသတ်မှုများဖြင့် အမှုများ တသီကြီး တပ်ကာ တရားရုံးမှ သေဒဏ်ချမှတ်ခြင်း ခံခဲ့ရလေသည်။

၃။ ကံဇာတ်စားခံရသူ

ယခုလို သူများတကာပေါ်တွင် ရက်ရက်စက်စက်၊ ရမ်းရမ်းကားကား စော်ကားကျူးလွန်ခဲ့သော ကြိုးသမားအောင်ဒင်တစ်ယောက် ကာလဝိပါတ်ကြောင့် ထင်သည် တိုင်းပြည်မငြိမ်မသက်ဖြစ်ပေးနေချိ
သွားရေးလာရေးခက်သည
ကြားမှ သေမင်းတမန်စ
အိတ်နီသည် အကျဉ်
ထောင်ဆီ ဆိုက်ဆိုက်
မြိုက်မြိုက်ကြီး ရောက်
ရှိလာလေတော့သည်

ကြိုးဒဏ်စီရင်ရမည့်နေ့တွင် ကြိ
သမားအောင်ဒင်အား' သရဏဂ
ဆောက်တည်ပေးပြီး ထိုနေ့တစ်နေ့တ
အတွက် မိမိစိတ်ဆန္ဒအတိုင်း ပြုလုပ်
ပေးရန် လိုက်လျော ခွင့်ပြုပေးထာ
သည်။

ထို့နောက် အာရုံတက်ချိန်ရောက်
လတ်သော် တာဝန်ရှိသူတို့က ကြိ
တိုက်ခန်းထဲမှ ဆွဲထုတ်ခေါ်ဆောင်လာ
ခဲ့ကြသည်။ ကြိုးသမားအောင်ဒင်မှာ
လူပုံက ခပ်ချောချော၊ ကိုယ်လုံးကို
ပေါက်၊ တောင့်တင်းကြံ့ခိုင်သူဖြစ်သည်
သတ္တိလည်းရှိပုံရသည်။

www.burmeseclassic.com



မိမိပြုလုပ်ခဲ့သော ဒုစရိုက်မှုအတွက် နောင်တရခဲ့ဟန်မတူ လုပ်ရဲရင်ခံရဲသည်ဟူသော စိတ်နှလုံးသွင်းလျက် ကြိုးစင်ကြီးပေါ်သို့ ရဲရဲဝံ့ဝံ့တက်ရောက်သွားလေသည်။

ထောင်ကြီးအပြင်ဘက်ဆီမှာ ၈၈ ဆူပူအုံကြွမှုကြီးကို ဖန်တီးနေသူများက သက်ရှိအစိုးရကို ဖြုတ်ချရန် အော်ဟစ်တောင်းဆိုနေချိန်ဖြစ်ပြီး တချို့ ဆူပူမှုမဖြင့်ဘဲ အေးအေးချမ်းချမ်းဖြစ်နေသော မြို့နယ်လေးများမှာ အုပ်ချုပ်ရေးစနစ်ကို ပုံမှန်လည်ပတ်လျက်ရှိနေသည်။ ဒါကြောင့်လည်း အောင်ဒင်လို လူမျိုးအတွက် မည်သူမျှ သနားမငဲ့ညှာနိုင်ဘဲ အယူခံအဆင့်ဆင့်ကို တင်သွင်းထားသည့်ကြားမှ အယူခံရှုံးသွားခဲ့ခြင်း ဖြစ်သည်။

အကျဉ်းထောင်ကြီးထဲမှ ရိုးရိုးထောင်ကျအကျဉ်းသားများ နည်းတူ ကြိုးသမားများမှာလည်း မိမိတို့အပေါ် ချမှတ်ထားသောသေဒဏ်မှ လွတ်မြောက်ချင်သူ များလေသည်။

ယခုလို တိုင်းပြည်အုပ်ချုပ်ရေး တည်မငြိမ်ဖြစ်ပေါ်နေခိုက် အကျဉ်းထောင်လုံခြုံရေး တောင့်တင်း ခိုင်မာနေ၍ ထောင်ဖောက်ခြင်း၊ မီးရှို့ခြင်းများကို ကိုယ်ထိလက်ရောက်မလုပ်ဆောင်ရဲဘဲ အေးအေးဆေးဆေး အသာတကြည့် ထောင်ထဲမှ လွှတ်ပေးမည့်အချိန်ကို စောင့်မျှော်လျက်ရှိကြသည်။

ကြိုးသမားအောင်ဒင်မှာတော့ ခေတ်ပျက်သလို ဖြစ်နေချိန်မှာ ကံဆိုးသူမောင်ရှင်ဖြစ်သွားရသည်။ ဒါကလည်း မိမိမတရားစော်ကားခဲ့သော ဝင်္ကြွေးက ဘဝမကူးခင် ယခုဘဝမှာကတည်းက ပေးဆပ်နိုင်ရန် အကြောင်းကံက ဖန်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

အကျဉ်းထောင်ထဲတွင် ဝေလီဝေလင်းအချိန်ခန့်ဝယ် ကြိုးစင်ကြီး ပတ်ပတ်လည်မှာ သက်ဆိုင်ရာ ထောင်ပိုင်ကြီးနှင့်တကွ တရားသူကြီး ရဲအုပ်ကြီးနှင့် အကျဉ်းဦးစီးဌာနမှ အရာရှိအရာခံ အကြပ်တပ်သားများသည် ကြိုးပေးမည့် အနေအထားကို ချွတ်ချော်လွဲမှားမှုမဖြစ်ပေါ်စေရန် ဂရုစိုက်စောင့်ကြပ်ကြည့်ရှုနေကြသည်။

ကြိုးသမားအောင်ဒင်ကတော့ မိမိ ကံစီမံရာအတိုင်း ဖြစ်ပေါ်လာနေခြင်းကြောင့် ဘာမျှစောဒက မတတ်နိုင်ဘဲ နှုတ်ပိတ်ရေငုံကာ ကြိုးစင်ပေါ်မှာ ရင်ကော့ရပ်နေလျက်ရှိသည်။

တာဝန်ရှိသူများက ကြိုးစင်ကြီးပေါ်ရှိ သံယက်မတန်းအောက်ဆွဲခေါ်လာပြီး အံဖုံးတံခါးပေါ်တွင် မတ်မတ်ရပ်စေလျက် ယက်မတန်းမှာချည်ထားသော မနီလာကြိုးကို ဆွဲယူကာ လည်ပင်းမှာ ကြိုးကွင်းစွပ်လိုက်သည်။

နံနက်စောစော အာရုံမတက်မီ အချိန်အခါဖြစ်နေသော်လည်း ကြိုးဒဏ်စီရင်ခွင့်အမိန့်အာဏာကို ပေးရမည့် ထောင်ပိုင်ကြီး၏နဖူးပြင်ဝယ် ချွေးများမှာ ရေမြှုပ်သဖွယ်သည်းထလို့နေသည်။

ကြိုးသမားအောင်ဒင်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေရာတွင် လည်ပင်းနေရာအား မနီလာကြိုးကွင်းစွပ်ပြီးသွားသည်နှင့် အဖုံးပေါ်ရပ်နေသော ခြေထောက်နှစ်ချောင်းကို ရုန်းကန်လှုပ်ရှားခြင်းမပြုနိုင်ရန် ကြိုးဖြင့် ခိုင်ခိုင်ခံ့ခံ့ တုပ်နှောင်ပေးထားသည်။

တစ်သက်လုံး ဘုရားမှန်း၊ တရားမှန်းမသိနားမလည်ခဲ့သော အောင်ဒင်တစ်ယောက် သေရမည့်ဘေးနီးကပ်လာနေသောအခါ ကိုယ်စောင့်နတ်မှ နှိုးဆော်ပေး၍လားမသိ။ ရှေ့ ခပ်လှမ်းလှမ်းမှာတည်ထားသော ထုံးဖြူဖြူစေ

လူတစ်ယောက်ဟာ သေနေ့စေ့လာရင် ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်ဘူးဗျ။
တကယ်လို့သာ အောင်ဒင်ရဲ့ သေမိန့်ချမှတ်တဲ့ အယူခံလွှာသာ တိုင်းပြည်ဆူပူအုံကြွမှု ဖြစ်ပေါ်နေချိန်မှာ
လမ်းပမ်းဆက်သွယ်ရေးအခက်အခဲဖြစ်ပေါ်နေလို့ မလာရောက်နိုင်ဘဲ ကြန့်ကြာနေမယ်ဆိုရင်
သူ့ရဲ့ကံကြမ္မာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်မယ်...



www.burmeseclassic.com

တီလေးဆီ စူးစိုက်ကြည့်လျက် အာရုံပြု နေဟန်တူသည်။

ထိုစဉ် အဝတ်မည်းခေါင်းစွပ်ကစ် ခုသည့် အောင်ဒင်၏ဦးခေါင်းပေါ်မှ စွပ် ချခံလိုက်ရသည်။ မျက်စိအမြင်အာရုံ များ မှောင်မိုက်ကာ ဝေဝါးသွားလေ တော့သည်။

တိတ်ဆိတ်နေသော ပတ်ဝန်း ကျင်ဝယ် အပ်ကျသံမကြားရလောက် အောင် ငြိမ်သက်တိတ်ဆိတ်လွန်းနေ သည်။ ထိုစဉ် နားထဲသို့–

"အောင်ဒင် . . . မင်းနဲ့ငါတို့ဟာ ဘာရန်ညိုးရန်စမှ မရှိပါဘူး၊ ငါတို့ . . ထောင်ဝန်ထမ်းဆိုတာ မင်းမိန့်မင်းအာ ဏာနဲ့ ပေးအပ်လာတဲ့တာဝန်ကို ကျေ ပွန်အောင်ထမ်းဆောင်ကြရသူတွေ ဖြစ် တယ်၊ မင်းအနေနဲ့ ငါတို့အပေါ်မှာ ခွင့် လွှတ်ပေးစေချင်တယ်၊ နောက်ဆုံးအ နေနဲ့ ဘာများမှာကြားခဲ့ချင်တာ ရှိသ လဲ၊ မင်းရဲ့ . . နောက်ဆုံးဆန္ဒကို ဖြည့် ဆည်းပေးပါ့မယ်"

ကြိုးသမားအောင်ဒင်၏ နားစည် ဝယ် မိမိနှင့်ဆုံတွေ့ ဆက်ဆံခဲ့ဖူးသော ထောင်ပိုင်ကြီး၏ အသံသြဇာမာမာဖြင့် ကြိုးစင်ဘေးမှ လှမ်းပြောဆိုနေခြင်းကို သတိထားမိလိုက်သည်။ မိမိလို တစ် ကောင်ကြွက်သမား လူဆိုးလူမိုက်တစ် ယောက် ဘာများမှာချင်စရာမှ မရှိဘဲ ခုလို အချိန်အခါကောင်းကြီး ကြုံကြိုက် နေချိန်မှာ မိမိ၏မကောင်းမှုပြုခဲ့သော ဒုစရိုက်မှုများက ဒဏ်ခတ်ရန် အချိန် ကျရောက်နေပြီလားဟု စိတ်မှာ ထင် မှတ်နေခဲ့သည်။

"ထောင်ပိုင်ကြီးခင်ဗျာ . . ကျွန် တော်လိုလူက ဘာမှပြောစရာ မှာစရာ



မရှိပါ၊ ဝဋ်ကြွေးမကင်းလို့ ခံရတယ်လို့ ပဲ . . . မှတ်ထင်ပါတယ်၊ ကျွန်တော့်ကို ဒီနေရာမှာ . . . ကြိုးပေးစီရင်ခဲ့တာဟာ ကျွန်တော်သာလျှင် နောက်ဆုံး . ."

"ဂျိုင်း"

ဆိုသော ကြောက်မက်ဖွယ်အသံ ကြီးက နံနက်ခင်း၏အလှကို အကျည်း တန်သွားစေသည်။ ကြိုးစင်ဘေးမှာ ရှိ နေသော ညောင်ညိုပင်ကြီး၏အထက် ဆီမှ အိပ်တန်းတက်နေသော ကျီးတစ် အုပ်မှာ ကြောက်လန့်စရာအသံကြီး ဟိန်းထွက်လာသဖြင့် လန့်ဖြတ်သွား ကာ ကောင်းကင်ယံဝယ် အထိတ်တ လန့် ဝဲပျံနေကြလေသည်။

ထောင်ပိုင်ကြီး၏မျက်နှာပြင်ဝယ် စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စရပ်ကြီးကို ဆောင်ရွက်လိုက်ရသဖြင့် မှိုင်းမှိုင်းညို့ ညို့ ဖြစ်ပေါ်ခံစားသွားရဖလသည်။ မိမိ ဘောင်းဘီညာဘက်အိတ်ထဲမှ လက် ကိုင်ပုဝါအဖြူရောင်လေးကို ထုတ်ကာ ကြိုးသမား စိတ်ဝိညာဉ် ကွဲကွာသွား အောင် လေထဲမှာ ဝှေ့ရမ်းအချက်ပေး လိုက်ရသောကြောင့် ဒေါက်ဖြုတ်မည့် သူကလည်း မမှိတ်မသုံ စောင့်ကြည့် နေရာမှ ဒေါက်မောင်းတံကို ဆွဲချလိုက် ခြင်းကြောင့် ဖြစ်ပါသည်။

"အေးဗျာ . . . ဒီကြိုးသမားက တော်တော် ကုသိုလ်ကံဆိုးတာပဲ"

"ကာလဝိပါတ် နောက်ပိုးတက် တယ်ဆိုတာ . . . ဒါပဲပေါ့"

ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို ပြောဆိုပြီးသွားသဖြင့် မောသွားဟန် တူသည်။ ထောင်မှူးဦးသန်းဌေး က စား ပွဲပေါ်မှ ရေနွေးကြမ်းခွက်ကို ကောက် ယူမော့သောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန် ထောင်မှူးများကလည်း တစ်ယောက်တစ်ပေါက်နှင့် မိမိတို့ ထင်မြင်ချက်အသီးသီးပေးကာ မှတ်ချက်ပေးနေစဉ်မှာပဲ ထောင်မှူးဦးသန်းဌေးက ဆက်လက်၍–

"ဒီထက်ပိုပြီး ဝမ်းနည်းကြေကွဲစရာ ... အဖြစ်အပျက်ရှိသေးတယ်"

"ဘာများလဲဗျ"

"အဲဒီ ... ကြိုးသမားအောင်ဒင်ဆိုတဲ့လူဟာ ... တော်တော်ကုသိုလ်ကံဆိုးခဲ့တာဗျ"

"ဟာ ... သူ့ကို ကြိုးပေးအသတ်ခံရပြီးမှ ဘယ်လိုကံဆိုးပြန်လဲ"

"ဒီလိုဗျ ... သူ့ကိုလည်း ကြိုးပေးပြီးသွားရော ... နောက်တစ်လလောက်အကြာမှာ နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့တဲ့ တပ်မတော် စစ်အစိုးရအဖွဲ့က ထောင်တွေထဲမှာရှိတဲ့ အကျဉ်းသားတွေကို လွှတ်ပေးခဲ့တယ်၊ ကြိုးဒဏ်ကျနေတဲ့ အကျဉ်းသားတွေကို သေဒဏ်းကင်းလွတ်ခွင့်ပေးလိုက်တယ်"

"ဟာဗျာ ... အောင်ဒင်တစ်ယောက် နာလိုက်တာဗျာ၊ တစ်လလောက်အကြာမှာ ... ကံကြမ္မာကပြောင်းလဲသွားတာ .. သူ့ခမျာ မခံစားဆိုက်လို့လည်း စောစောစီးစီး သေပွဲဝင်သွားရတာပဲ"

"အမှန်တော့ .. လူတစ်ယောက်ဟာ သေနေ့စေ့လာရင် ဘယ်လိုမှရှောင်လွှဲလို့ မရနိုင်ဘူးဗျ၊ တကယ်လို့သာ အောင်ဒင်ရဲ့သေမိန့်ချမှတ်တဲ့ အယူခံလွှာသာ တိုင်းပြည်ဆူပူအုံကြွမှုဖြစ်ပေါ်နေချိန်မှာ လမ်းပမ်းဆက်သွယ်ရေးအခက်အခဲဖြစ်ပေါ်နေလို့ မလာရောက်နိုင်ဘဲ ကြန့်ကြာနေမယ်ဆိုရင် သူ့ရဲ့ကံကြမ္မာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်မယ် မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ"

"ခုတော့ ... သူ့ဘဝနိဂုံးချုပ်စေမယ့် သေမင်းတမန်တော် စာအိတ်နီဟာ အလွယ်တကူ ချောချောမောမောနဲ့ ကျုပ်တို့ထောင်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့တော့ ကံဆိုးသွားတာပေါ့ဗျာ"

"အောင်ဒင်ကတော့ .. သူ့ဘဝအကြောင်း သူ သိနေတယ်တူတယ်၊ ကြိုးပေးခံရတော့မယ့်အချိန် အဆိုးလောကဓံနဲ့ ကြုံကြိုက်နေစဉ် စိတ်တုန်လှုပ်မသွားဘဲ အသာတကြည် ကြံ့ကြံ့ခံ ရင်ဆိုင်သွားတယ်"

ကျွန်ုပ်တို့ ထောင်ဖွင့်တာဝန်ဆောင်ရွက်နေကြသော အရာရှိများသည် ထောင်မှူး ဦးသန်းဌေး ပြောပြနေသော ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို နားထောင်အပြီး တစ်ဦးနှင့်တစ်ဦး မှတ်ချက်ချနေခြင်း ဖြစ်ပါသည်။

တကယ်တော့ ကြိုးသမားအောင်ဒင်၏ ကုသိုလ်ကံတရားသည် အင်မတန်ဆန်းကြယ်လှသည်။ အများသူငါ အားလုံးထောင်ထဲမှလွတ်မြောက်ဖို့ရာ ဝမ်းသာပျော်ရွှင်နေရချိန်ဝယ် သူ၏ကံတရား စေစားရာအတိုင်း ကြိုးစင်ပေါ်ကို မရောက်ရောက်အောင် ဖန်တီးလာခဲ့လေသတည်း။

စိုးဝေ





www.burmeseclassic.com



# သက်ရှည်ကျန်းမာရယ်စရာ

ဦဝေ

## အကျိုးတော်ဆောင်ကြီး

အိမ်ခြံမြေအကျိုးတော်ဆောင် ကုမ္ပဏီဝန်ထမ်းတစ်ယောက်သည် အလုပ်က အိမ်ကိုပြန်ရောက်သောအခါ သူ၏ ဖခင်အား အရေးတကြီးပူဆာနေတော့သည်။

ဝန်ထမ်း – အဖေ ‥ သားတို့အိမ်ကို ရောင်းလိုက်ပါတော့ဗျာ။

ဖခင် – ဟေ ‥ ငါက· ဘာကိစ္စနဲ့ အိမ်ကိုရောင်းရမှာလဲကွ။

ဝန်ထမ်း – သားရဲ့အလုပ်ရှင်က ပြောတယ်။
မင်း ‥ အလုပ်နဲ့ပတ်သက်ပြီး တာဝန်မကျေတာကြာပြီတဲ့ ဖေဖေ။

---

## ဒါလေးများ

ချစ်သူစုံတွဲနှစ်ယောက် ကား Showroom ရှေ့က ဖြတ်လျှောက်လာစဉ် မိန်းကလေးဖြစ်သူသည် ကားလှလှလေး များကိုကြည့်၍ အလွန်သဘောကျသွားပြီး လိုချင်သောကြောင့် ချစ်သူယောကျ်ားလေးကို စကားစလိုက်လေသည်။

မိန်းကလေး – မောင် ‥ ကား Showroom ထဲက ကားလေးတွေက အရမ်းလှတာပဲနော်။
ကြည့်ရတာ အားမရဘူး။

ယောကျ်ားလေး – ဒါလေးများကွာ ‥ အချစ်လေးထပ်ကြည့်ချင်ရင် ကား Showroom ရှေ့က
နောက်တစ်ခေါက် ဖြတ်လျှောက်ကြတာပေါ့ ‥ ဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



## သိနေတယ်လေ

အထူးယာဉ်လိုင်းသစ်အတွက် ယာဉ်မောင်းတစ်ဦးအား အင်တာဗျူးနေစဉ် ..

တာဝန်ရှိသူ – ယာဉ်မောင်းတစ်ယောက်အတွက် အဓိကအရေးကြီးတဲ့ ရှောင်ရန်/ဆောင်ရန်တွေကို ပြောပါ။

ယာဉ်မောင်း – ဟုတ်ကဲ့ ..'ဘူး'တစ်လုံးကို အာဂုံဆောင်ပြီး CCTV နဲ့ တိကျမှန်ကန်တဲ့ ယာဉ်ထိန်းရဲတွေကို ရှောင်ရှားသင့်ပါတယ်။

## ဟဲ ..ဟဲ နောက်တဲ့ဟာကို

လင်မယားနှစ်ယောက် စကားများရန်ဖြစ်နေစဉ် ..

ယောက်ျား – ငါ့လက်သီးက အခပေးအိမ်သာလို ကျားနဲ့မ ခွဲမထားဘူးနော်။ နားလည်လား။

မိန်းမ – ဟုတ်ကဲ့ပါ .. ကျွန်မတို့ အမျိုးသမီးရေးရာကတော့ ကောင်းကောင်းကြီးကိုခွဲထားပါတယ်ရှင့်။

## နားအေးပါးအေး

ခိုင့ှက်ဇနီးမောင်နှံ ခရီးရှည်ပျံသန်းလာပြီးနောက် ခိုမလေးက အတောင်ညောင်းလာသဖြင့် ခဏနားကြရန် ခိုထီးလေးအား ပူဆာလေသည်။

ခိုမလေး – အစ်ကို .. ရှေ့နားကတိုက်ကြီးမှာ ခဏလောက် နားကြရအောင်နော်။

ခိုထီးလေး – ဆက်သာပျံပါ ရှင်မရယ် ..၊ ခဏနေရင် ဆင်းရဲသားရပ်ကွက်ရောက်တော့မှာပါ။

ခိုမလေး – အို .. အစ်ကိုကလည်း ဒီတိုက်ကြီးမှာဆို ပိုပြီးနားလို့ကောင်းမှာပေါ့။

ခိုထီးလေး – မင်း .. မသိပါဘူးကွာ .. ဒီတိုက်ကြီးရဲ့ ပိုင်ရှင်တွေက ပိုက်ဆံချမ်းသာကြပေမယ့် မင်းတို့ငါတို့ အရှုံးပေးရလောက်အောင် ညည်းနေကြတာကွ။

## သူပြောမှလား

မီဒီယာသမားတစ်ယောက်နှင့် စီးပွားရေးပညာရှင်တစ်ယောက် တွေ့ဆုံစကားပြောကြစဉ် ..

မီဒီယာသမား – သတင်းစာတွေထဲမှာ ခုနောက်ပိုင်းကြော်ငြာတွေ အများအပြားမြင်တွေ့လာရတဲ့ အပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ။

စီးပွားရေးပညာရှင် – သတင်းစာရဲ့ဘတ်ဂျက်ကို ပိုမိုခိုင်မာလာတယ်လို့ ထင်မြင်ယူဆပါတယ်ခင်ဗျာ။

ပီဇဝ



www.burmeseclassic.com

www.burmeseclassic.com

မောင်လွင်မြင်

# အသာအသာသက်ကြီးပြီနော် လျှော့သောက်





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆရာသည် ယမကာ သုလင်တစ်ဦးဖြစ်၏။ အရက်သမားဟု သုံးနှုန်းဘဲ ယမကာလုလင်ဟု ဆိုရ ခြင်းမှာ ယမကာလုလင်ဟူသည် အ ရက်ကို စည်းစနစ်ကျစွာ တလေးတ းထား သောက်သုံးတတ်သော သူမျိုး ကို ခေါ်သည်ဟု စာရေးဆရာမောင် သာ်က,က ပြောခဲ့ဖူးသည်။ အရက် သောက်သုံးမှီဝဲတော့မည်ဆိုလျှင် အ တ်အစား သေသေသပ်သပ် ဝတ် း၊ အရက်နှင့်တွဲဖက်မြည်းစရာ စား သောက်ဖွယ်ရာများဖြင့် စည်းစိမ်ကျကျ ကာ တစိမ့်စိမ့်မှီဝဲတတ်ခြင်း၊ ညနေ တွင် အချိန်မှန်မှန် မှီဝဲတတ်ခြင်း၊ တ်မှတ်ပက်ချင်အတိုင်းသာ မှီဝဲပြီး ရက်ကို လောဘဇောတိုက် မမှီဝဲ င်း စသည့် အရည်အချင်းများသည် မကာလုလင်တို့၏ အရည်အချင်း း ဖြစ်သည်။ ကျွန်တော်၏ဆရာ ည် ထိုအရည်အချင်းများနှင့် ပြည့်စုံ သာ ပုဂ္ဂိုလ်ဖြစ်သည်။ အရက်ကို မက် က်စက်စက်နှင့် တရှိုက် ကျွမ်းကျွမ်း သာက်တတ်သူ ဖြစ်သည်။

သူ့တွင် အရက်သမားများ၏ အရက်ကြောင့်ရသော အဖြစ်သနစ် ဇာတ်လမ်းပေါင်းစုံ ရှိသည်။ ယင်းဇာတ်လမ်းပေါင်းစုံထဲတွင် သူကိုယ်တိုင်ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ကပြရသော ဇာတ်လမ်းများရှိသကဲ့သို့ သူက ဇာတ်ပို့ဇာတ်ရန်အဖြစ် ပါဝင်ခဲ့ရသည့် ဇာတ်လမ်းများလည်း ရှိပါသည်။ ယခု ဖော်ပြမည့်ဇာတ်လမ်းသည် သူနှင့်ဆုံနေကျ လူငယ်တစ်ဦး၏ အရက်ကြောင့် ရသော ဘဝအချိုးအကွေ့ဇာတ်လမ်း တစ်ပုဒ် ဖြစ်ပါသည်။ အရက်၏ဆိုးကျိုးဟူသည် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး ဘဝကို အလဲထိုးနိုင်သော ချောင်တစ်ချောင်ချောင်တွင် ပုန်းအောင်းနေသည့် လက်သီးပုန်းတစ်လုံး ဖြစ်ပါကြောင်း အသိပေးလိုရင်း ဖြစ်လိမ့်မည်ထင်ပါသည်။

\+ + +

ကျွန်တော်တို့ဆုံစည်းရာ အရက်ဆိုင်လေးသို့ သူ မကြာ မကြာ ရောက်လာတတ်သည်။ သူသည် ကျွန်တော်နှင့် တစ်လမ်းတည်းနေသူ ကိုလှတင်ထွန်း ဖြစ်သည်။ သူ့အလုပ်က ပွဲစား၊ ရောင်းသူဝယ်သူ မည်သူမဆို မည်သူ့ကိစ္စမဆို လိုက်စပ်ပေးသော ပွဲစား။ လက်ကိုင်ဖုန်းတစ်လုံးနှင့် လမ်းတကာလျှောက်ပြီး အလုပ်လုပ်သည်။ အချိန်တန်လျှင် သည်ဆိုင်လေးသို့ ပုံမှန်ရောက်လာသည်။ အာဝဇ္ဇန်းရွှင်၏။ ပျော်ပျော်နေတတ်၏။ ရယ်ရွှန်းပတ်ရွှန်း ပြောတတ်၏။ သူရောက်လာပြီဆိုလျှင် ဝိုင်းများ စည်ကားသွားသည်။

လူပုံကတော့ ရှုပ်ပြာရှုပ်ပြာနှင့် အငြိမ်တစ်ခါမှမနေ။ ဟိုလူနောက်လိုက်၊ သည်လူနောက်လိုက်နှင့်။ ဝိုင်းပေါင်းစုံလည်ပြီး နောက်ပြောင်ပျော်ရွှင်နေတတ်သည်။ အရုပ်ပုပု၊ အသားဖြူဖြူ၊ ရွှေကိုင်းမျက်မှန်တပ်ထားပြီး ရည်မွန်ဖော်ရွေသော သူ့စရိုက်ကြောင့် လူတကာက သူ့အနောက်အပြောင်ကို သည်းခံနိုင်ပြီး တဝါးဝါး တဟားဟား သဘောကျနေတတ်သည်။ သူသည် နေ့ဘက်တွင် မသောက်မစား၊ ညနေဆိုလျှင် အချိန်မှန်မှန် မှီဝဲတတ်သည်။ တစ်ရက်တလေမှ ခွင့်ယူခြင်းမရှိ။ သိပ်တော့လည်း အသောက်များသည်ကို မတွေ့မိ။ သူ့အသက်က ၄၀ လောက်တော့ရှိလိမ့်မည် ထင်သည်။ သူသည် ကျွန်တော့်ကို ချစ်စနိုးဖြင့် 'ဘဘ၊ အဘ''ဟု ခေါ်တတ်သည်။ ဆိုင်ထဲတွင် သူနှင့်ကျွန်တော် မတွေ့လိုက်နှင့်။ တွေ့လိုက်သည်နှင့် သူ့နှုတ်ခွန်းဆက်စကားက 'အဘ ... အသက်ကြီးပြီနော်၊ ကြည့်သောက်'ဟု နောက်ပြောင်နှုတ်ဆက်နေကျ ဖြစ်သည်။

သည်လိုနှင့် သူဆိုင်ထဲရောက်ပြီဆိုသည်နှင့် စတင် နောက်ပြောင်ပါတော့သည်။ တဖါးဝါး တဟားဟား ရယ်မောသံများလည်း မြည်သံဟိန်းနေပါတော့သည်။ ထိုအခါ အရက်ဆိုင်လေးသည် ညဦးယံ၌ အသက်ဝင်နေကာ တစ်ဆိုင်လုံး တစ်ဝိုင်းတည်းပမာ စုစည်းညီညာ၍နေပါသည်။ ယခုလည်း သူစကားဝင်ပြောနေသော ဝိုင်းမှ ကျွန်တော်ထိုင်နေသော ဝိုင်းသို့ လှမ်းကြည့်ကာ ဖန်ခွက်ကိုမော့ကာနီး ဖြစ်နေသော ကျွန်တော့်အား လှမ်းနောက်လိုက်ပါသေးသည်။ ပြီးလျှင် ဝိုင်းရယ်မောလိုက်ကြသည်။

"အဘ အသက်ကြီးပြီနော်၊ ကြည့်သောက် အပူလှိုင်းဝင်တော့မယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



အရက်သီးမလို ဖြစ်သွားသော ကျွန်တော်ကတော့ ပြုံး၍သာနေလိုက်ပါသည်။ သူပြောသလို ဟုတ်တော့လည်း ဟုတ်သည်။ ယခုနှစ် နွေရာသီကာလတွင် အပူလှိုင်းဖြတ်မည်ဟု သတင်းများထွက်နေ၏။ ကျွန်တော့်အသက်အရွယ်အားဖြင့်လည်း လျှော့သောက်သင့်နေပြီ။ ယခု ရက်ပိုင်းတွင်ပင် ရာသီဥတုက အတော်ပူလာသည်။ သက်ကြီးရွယ်အိုများ အန္တရာယ်ရှိသည်ဟု သတင်းစာတွင် သတိပေးကြေညာချက်များ နေ့စဉ်ထည့်သွင်းဖော်ပြနေသည်။ ယမန်နှစ် သင်္ကြန်ကာလနောက်ပိုင်းသည်လောက်မပူ၊ မိုးရိပ် လေရိပ်ကလေးနှင့် နေလို့ကောင်းခဲ့သည်ဟု မှတ်မိနေသည်။ ယခုနှစ် သင်္ကြန်ကာလနောက်ပိုင်းတွင်တော့ အပူရှိန်များ မြင့်တက်လာသည်။ ပူလိုက်သည့်ဖြစ်ခြင်း။ ကျွန်တော်သည်ပင်လျှင် သည်အပူဒဏ်ကို မခံနိုင်၍ ယခင်ဝီစကီပြင်းပြင်းသောက်နေရာက ယခုရက်ပိုင်းမတော့ ရေခဲစိမ်ဘီယာအေးအေးကို ပြောင်းသောက်နေခဲ့သည်။

ယခင်က ဘီယာဆိုလျှင် ကျွန်တော် လုံးဝမသောက်။ ဘီယာသောက်လျှင် ဗိုက်ရွှဲသည်ဟု ပြောသည်ကို အချို့ယမကာမိတ်ဆွေများက မယုံ။ ကျွန်တော်ကတော့ ယုံသည်။ ဘီယာသောက်လျှင် ဗိုက်ရွှဲကြောင်း ကျွန်တော့်ကိုယ်တွေ့ဖြစ်သည်။ ကျွန်တော် ရန်ကုန်ရောက်ခါစက အရက်ပြင်းများသာ သောက်ခဲ့သည်။ သို့သော် အရက်ပြင်းသည် ကားမောင်းရာတွင် ပြဿနာနည်းနည်းရှိသည်။ ကျွန်တော် ရန်ကုန်တွင် ကားမောင်းမကျွမ်းကျင်သည်လည်းပါမည်။ ထို့ကြောင့် ကားမောင်းသွားလာစရာရှိသောနေ့များတွင် ကျွန်တော် အရက်ပြင်းအစားဘီယာပြောင်းသောက်သည်။ ဘီယာသောက်ပြီး ကားမောင်းတော့ အဆင်ပြေသည်။ ကားပါကင်ထိုးသည့်ကိစ္စ ရှောရှောရှူရှူပင်။ သို့နှင့် ဘီယာအရသာကို ခံစားရကောင်းမှန်းသိပြီး ဘီယာချည်းပဲပြောင်းသောက်ခဲ့ရာ သုံးနှစ်သုံးမိုး တိုင်ခဲ့သည်။ ထိုအခါ ကျွန်တော့်ခန္ဓာကိုယ်သည် သုံးနှစ်အတွင်း ပေါင် ၃၀ လောက်တက်သွားသည်ထင့်။ မီးပုံးပျံကြီးပမာ ဗိုက်ရွှဲလာပါတော့သည်။ သည်တော့မှ ကျွန်တော် ဘီယာဖြတ်လိုက်ပါသည်။

ထိုနေ့ညက ကျွန်တော်တို့ ဆုံစည်းရာဆိုင်လေးထဲတွင် ထုံးစံအတိုင်း ကျွန်တော် ဘီယာထိုင်သောက်နေပါသည်။ ထိုစဉ် ကိုလှတင်ထွန်း ရောက်ချလာ၏။ ကျွန်တော့်ကို သူမြင်ပါသည်။ ထုံးစံအတိုင်းပင် 'အဘ အသက်ကြီးပြီနော်၊ ကြည့်သောက် ... လျှော့ထားဦး''ဟု နှုတ်ဆက်လိုက်ပြီး တွေ့ရာဝိုင်းတစ်ဝိုင်းထဲ သူဝင်ထိုင်လိုက်ပါသည်။ သူသည် ထုံးစံအတိုင်းပင်။ သီးသန့်တစ်ဝိုင်းသပ်သပ်မထိုင်ဘဲ ဟိုဝိုင်းသည်ဝိုင်း ပြောင်းပြောင်းထိုင်ပါသည်။ သည်ဝိုင်းတွင် သည်လူများနှင့် စကားရောနှောပြောရင်း တစ်ပက်သောက်မည်။ ဟိုဝိုင်းတွင် ဟိုလူများနှင့် စကားဝင်ပြောပြီး တစ်ပက်သောက်မည်။ ပြီးလျှင် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်မည်။ အလုပ်ကိစ္စလည်း ပြောသည်။ အလုပ်ကိစ္စလေးပြောရင်း အနောက်အပြောင်လည်းပါသည်။

"ဟဲလို ... အေး .. အေးလေ၊ ငါပေါ့ကွ ... မင်းမေကလွှား ငါပါကွ၊ ဒီည ... ဘောလုံးပွဲရှိတယ်၊ အိုကေ ကစားမယ်မဟုတ်လား၊ အေး .. ဟုတ် ပြီ၊ ဒါဆို ... ငါလာခဲ့မယ်လေ၊ ဘော ပွဲက ... ည ၁း၀၀ နာရီမှ ကန်မှာကွ အိပ်ရေးတော့ ပျက်ဦးတော့မှာပေါ့ကွာ ဟာကွာ ... သားစာ .. မယားစာ ရှာ တယ်ဆိုတော့ ... ဒီလောက်တော့ .. ရင်းရမှာပေါ့ကွာ၊ ငါတို့က .. ခန္ဓာကိုယ် နဲ့ရင်းပြီး ဗိုက်ဆံရှာရတာ .. ဟိုအတန် က ဟာမလေးတွေလို အိပ်ရေးပျက် ပြီး အငှာအပြုမခံရတာ တော်သေး တယ်လို့ မှတ်လိုက် .. သိလား၊ ဒီဘ ယောက်ျားလေးလာဖြစ်ရတာ ကျေး တင်လိုက်တာ ပါပါကြီးရာလို့ ဒယ်ဒီကြ ကို လှမ်းကန်တော့ရမယ် ဟော့ကောင် .. ဟား .. ဟား .. ဟား .. ဟား

သို့ကလို ပြောဆိုပြီးသကာ နောက်ထပ်တစ်ဝိုင်း ပြောင်းထိုင်က နောက်ထပ်တစ်ပက် ထပ်သောက် နောက် ကိုလှတင်ထွန်းသည် အမြည် နှိုက်စား၍ ဟင်းစဟင်းနပေနေသေ လက်ညှိုးကို ပုဆိုးနှင့် သုတ်ကာ ဆိ ပြင်သို့ ထွက်သွားပါတော့သည်။ ထွက်သွားပြီးနောက် ဆုံစည်းရာဆိ လေးသည်လည်း တိုးညင်းသက်သ ငြိမ်သက်သွားပါသည်။ အရက်ဝိုင် သီးသီးသည်လည်း မိမိတို့လုပ်လက် အလုပ်များ ဆက်လုပ်ကြကာ လ ပတ်မြဲ လည်ပတ်နေပါသည်။ ကျ တော့်နားထဲတွင် ကိုလှတင်ထွန်းဆို ကအထွက် နှုတ်ဆက်သွားသော စ သံက ပဲ့တင်ထပ်ကျန်ခဲ့ပါသည်။ 'အ အသက်ကြီးပြီနော် ... လျှော့သော အသောက်တော့မပျက်စေနဲ့ အသက်ပျောက်သွားလိမ့်မယ်ဟူသတ

+ + +



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် နှစ်ညဆက်တိုက် ဆုံစည်းရာသို့ ကျွန်တော်မရောက်ဖြစ်ခဲ့ပါ။ ကျွန်တော့်အိမ်ကိစ္စကြောင့် ခွင့်မဲ့ပျက်ကွက် ဖြစ်ခဲ့ရသည်။ အိမ်ကိစ္စပေါ်လာ၍ ယင်းညများတွင် ည ၉း၀၀ နာရီကျော်မှပင် ကျွန်တော် ဘီယာမှီဝဲရပါသည်။ မီးကလည်း ပျက်ထားသဖြင့် ရေခဲသေတ္တာမအေးတော့ပါ။ ကျွန်တော့်မှာ ဘီယာပူပူလောင်လောင် သောက်ခဲ့ရ၍ ဆုံစည်းရာသို့သာ စိတ်ရောက်ကာ လွမ်းနေပါတော့သည်။ အထူးသဖြင့် ကိုလှတင်ထွန်း၏ အနောက်အပြောင်များကို ကြားချင်မိပြီး တဝါးဝါး တဟားဟား ရယ်မောပစ်လိုက်ချင်နေသည်။

ယနေ့ညတော့ ဆုံစည်းရာသို့ ကျွန်တော်ရောက်အောင် လာခဲ့သည်။ ကျွန်တော်ထိုင်နေကျ ကျွန်တော့်စားပွဲ၌ မထိုင်ရသေးမီ ကိုလှတင်ထွန်း သတင်းကြားရတော့သည်။ ယနေ့ ညနေစောင်းအချိန်ကလေးကပင် ကိုလှတင်ထွန်း ဆုံစည်းရာသို့အလာ လမ်းမတစ်နေရာတွင် မူးသည်မူးသည်ဆိုပြီး လဲကျ၍ နီးရာပုဂ္ဂလိကဆေးရုံကို တင်လိုက်ရကြောင်း သိရသည်။ အိမ်က သူ့မိန်းမနှင့် နှစ်ယောက်အတူ ထွက်လာတုန်းက အကောင်းသားချည်း။ လမ်းကျမှ ဖြစ်သည်ဟုဆိုသည်။

“ဒီဆိုင်ရဲ့ ဟိုဘက်လမ်းမှာ . . . သူ့မိန်းမနဲ့ လမ်းလျှောက်လာရင်း မူးတယ်ဆိုပြီး ပက်လက်လန်လဲကျသွားတာတဲ့၊ သတိလစ်သွားလို့ . . . ချက်ချင်း ဆေးရုံတင်လိုက်ရတယ်လို့ ပြောတယ်ဗျ”

ဆိုင်ရဲ့ ဖောက်သည်တစ်ဦးက သည်လောက်ပဲ သိသည်။ ယခု ညတော့ အချိန်မရှိတော့။ မနက်ဖြန်လမ်းလျှောက်ထွက်ရင်း ကျွန်တော် သူ့ကို သွားကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ “ဘယ်လိုများ ဖြစ်ရတာလဲ ကိုလှတင်ထွန်းရယ် . . . ဒီညအတွက် ယမကာလေးတောင် မမှီဝဲလိုက်ရတော့ဘူးပေါ့”ဟု ကျွန်တော့်စိတ်ထဲ ရေရွတ်နေမိသည်။ သူ့သတင်းကြောင့် သည်ည ဘီယာသောက်ရသည်မှာ အရသာမရှိတော့။

နောက်တစ်နေ့နံနက်တွင် ပုဂ္ဂလိကဆေးရုံသို့ရောက်သောအခါ ကိုလှတင်ထွန်းတစ်ယောက် ခုတင်ပေါ်မှာ ပက်လက်ကြီးတွေ့ရသည်။ သူ ကျွန်တော့်ကို စကားလှမ်းပြောသည်။ လေမဆက်တော့။ အသံပီပီသသ မထွက်။ လျှာလိပ်သံ ဗလုံးဗထွေးသာ ကြားရသည်။ ကိုလှတင်ထွန်း လေဖြတ်သွားပြီ။ သည်တော့ သူ့မိန်းမနှင့်သာ စကားပြောရတော့သည်။

“အဲဒီညက . . . သူက . . ငါကိစ္စရှိတယ်၊ ခေါင်းနောက်နေလို့ မင်း . . လိုက်ခဲ့ ခေါ်တာနဲ့ ကျွန်မလိုက်သွားတယ်၊ လမ်းတစ်ဖက်ကူးပြီး . . . သူက မူးတယ် မူးတယ်အော်ပြီး လဲကျသွားတာ . . . ကျွန်မ . . လှမ်းဆွဲတာ မမီတော့ဘူး”

“ခေါင်းနဲ့လမ်း ဆောင့်မိသေးလား”

“ထိတာပေါ့ . . . တစ်ချက်တည်း လန်ပြီးလဲကျသွားတာကိုး၊ အဲဒီရက်ကလည်း ဘောလုံးပွဲတွေ ညဉ့်နက်အောင် ကြည့်တော့ . . . အိပ်ရေးကပျက်တယ်၊ အိပ်ရေးပျက်တော့ . . . အရက်က ထပ်သောက်သေးတော့ . . . များနေတယ်လေ”

“ဟ . . . ငါသိတာ . . ဒီကောင် ဆိုင်မှာပဲ သောက်တာပါ၊ သောက်လည်း . . . နည်းနည်းပဲ . . . ငါတွေ့နေရတာ”

“အမလေး . . . ဘယ်ဟုတ်ပါ့မလဲ အန်ကယ်ကြီးရယ် . . . အိမ်မှာ လေးငါးလုံး အဆင်သင့်ဝယ်ထားတာ၊ ဆိုင်မှာသောက်တာက အစပျိုးရုံသက်သက်ပဲ၊ အိမ်ကျမှ တစ်မူးသောက်တော့တာ၊ သူမူးရင် . . . တစ်အိမ်လုံး ဘယ်သူမှ အငြိမ်မနေရဘူး၊ မူးစမှာတော့ . . . ဟိုလူနောက် . . ဒီလူနောက်နဲ့ ဟာသတွေလျှောက်လုပ်နေတာ၊ အမူးလွန်ပြီဆိုရင်တော့ . . . ရပ်နေတော့တာပဲ”

အင်း ယခုမှပင် ကိုလှတင်ထွန်း၏ သောက်ပုံသောက်နည်းကို အသေအချာသိရတော့သည်။ သူက ဆိုင်အမူးသမားမဟုတ်။ အိမ်တွင်း အမူးသမား ဖြစ်နေပါလား။ ခုတင်ပေါ်တွင် ပက်လက်လန်နေသော သူ့ကို တစ်ချက်လှမ်းကြည့်လိုက်တော့ သူ ကျွန်တော့်ကို ပြုံးပြသည်။ သူ့အပြုံးသည် အပြုံးမပီသတော့။ သူ ပါးတစ်ခြမ်းရွဲ့သွားသည်လေ။ သူ့မျက်ဝန်းကတော့ ကျွန်တော်လူမမာလာမေး၍ ပျော်နေပုံရသည်ထင့်။ မျက်ဝန်းများ ဝင်းလက်နေသည်။ ကျွန်တော်သည် သူ့ပျော်အောင် နောက်လိုက်ပါသည်။ ဆုံစည်းရာကို သတိရသေးလားဟု မေးလိုက်၏။ သူ မပီကလာပီကလာနှင့် ပြောသည်။

“သ . . သ . . . တိ . . ရ . . ရတာပေါ့ အား . . ဘရယ်၊ အိပ် . . မက်တောင် မက်သေးတယ်”

အရက်သမားများနှင့် သေခါမှ လျှော့မည်ထင့်။ ကျွန်တော် စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါ။ ထိုစဉ် ဆရာဝန်ကြီးများရောက်၍ ကျွန်တော် ဘေးဖယ်ပေးကာ နောက်ဆုတ်နေလိုက်ပါသည်။ ဆရာဝန်ကြီးများ ပြန်ထွက်စဉ် ကျွန်တော် အခန်းအပြင်ဘက် ထွက်လိုက်ခဲ့ပြီး ကိုလှတင်ထွန်းအခြေအနေကို မေးမြန်းကြည့်ပါသည်။

"ခေါင်းထိသွားသေးလား ... ဆရာ"

"ခေါင်းထိသွားတာပေါ့ ...ဒါကြောင့် လက်တစ်ဖက် မလှုပ်နိုင်တာ၊ ပါးလည်း ရွဲ့သွားတယ်လေ၊ စကားတော့ ... ကောင်းကောင်း ပြန်ပြောနိုင်ဖို့ အချိန်ယူရမယ်"

"လမ်းလျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်မှာပါ ... အရက်များပြီး အပူဒဏ်ထိတာရယ် .. ပင်ပန်းတာရယ် ... အိပ်ရေးပျက်တာတွေရယ် အကြောင်းတွေပေါင်းစုံသွားတော့ ... ဆိုးကျိုးခံရတာပေါ့လေ"

"ကျေးဇူးပါပဲ ... ဆရာ"

ကျွန်တော် အခန်းထဲပြန်ဝင်ပြီး သူ့ကို အားပေးပါသည်။ သူက ခေါင်းညိတ်ပြီးရွဲ့နေသောပါးစပ်ဖြင့် ပြုံးပြသည်။ အပြုံးမပီသတော့။ တကယ်ဆိုလျှင် လူ့စည်းစိမ်ဥစ္စာများထက် ခြေလက်များက တန်ဖိုးရှိသည်။ ခြေလက်ကိုယ်ခန္ဓာအစိတ်အပိုင်းများထက် 'အသက်'က ပို၍ တန်ဖိုးရှိသည်။ သူ့အသက် သေသေးတာမှ မဟုတ်ဘဲဟု ကျွန်တော် ဖြေသိမ့်လိုက်သည်။ အမှန်စင်စစ် လူဟူသည် အနေအထိုင်၊ အစားအသောက်(အသောက်တွင် အရက်လည်းပါသည်)ကို စွသည့် အသက်ငယ်ငယ်ကြီးကြီး ဂရုစိုက်တတ်ရန်လိုသည်။ ငါ ငယ်သေးသည် ဟူ၍ ကျန်းမာရေးဂရုမတက်သင့်။ ငယ်ပင်ငယ်သော်ငြား အစားမှားလျှင် သေနိုင်သည်။ အသောက်မှာလျှင် သေနိုင်သည်။ အနေအထိုင်မှားလျှင် သေနိုင်သည်။ အရက်သောက်ပြီး အင်္ကျီချွတ်ထား၊ ပန်ကာဖွင့်အိပ်၊ သမ်တလင်းပေါ် တုံးလုံးလှဲ၊ အိပ်ရေးပျက်ခံနေ ညကြီးမင်းကြီး အရက်ထသောက်ခြင်းများသည် သေနိုင်သည့်အကြောင်းများ ဖြစ်သည်။

ယခု ကိုလှတင်ထွန်းအဖြစ်ကိုပင်ကြည့်၊ လမ်းမပေါ်လဲကျ၊ ဦးနှောက်သွေးကြောပြတ် သို့မဟုတ် ပေါက်ခဲ့လျှင် တစ်ချက်တည်း သေနိုင်သည်။ ကိုလှတင်ထွန်း အလွန်ကံကောင်းသည်။ လေဖြတ် ကိုယ်တစ်ခြမ်းသေတာလောက်က ပြန်လှုပ်ရှားနိုင်သေးသည်မို့ တော်သေးသည်။ သို့သော် အချိန်ပေးရမည်။ ခြေလက် ပြန်ကောင်းရန် စကား ပီပီသသပြောနိုင်ရန် ဆေးဝါးကောင်းများ သုံးစွဲရမည်။ လေ့ကျင့်ခန်းများယူရမည်။ အချိန် လေးငါးနှစ်ယူရမည်။

ကျွန်တော်တို့သည် ဗုဒ္ဓမြတ်စွာဟောကြားသတိပေးထားသော 'ပစ္စုပ္ပန်တည့်တည့်ကို ရှုရမည်'ဟူသော တရားအဆိုအမိန့်ကို တစ်ချက်တစ်ချက် အကောက်လွဲခဲ့ကြသည်။ ကျွန်တော်တို့ ပစ္စုပ္ပန်တည့်တည့်ကို ရှုသည်က မိမိအားသာနေသော အခြေအနေများဖြစ်သည့် ရာထူးအာဏာ၊ ဂုဏ်သိက္ခာ၊ စည်းစိမ်ဥစ္စာချမ်းသာ၊ ကျန်းမာရေး အခြေအနေများ ဖြစ်သည်။ ဤအရာများသည် ယခုပစ္စုပ္ပန်တွင် အားသာနေသည်မှန်သော်လည်း မကြာမတင်ကာလ လက်တစ်ဖျစ်အချိန်ကလေးတွင် ထဖောက်ကာ အားသာရာမှ လျော့ကျအားနည်း ပျောက်ကွယ်သွားခြင်းများလည်း ရှိလာနိုင်သည်ကို ကြိုမတွေးမိခဲ့ကြ။

အရာရာဆိုင်း အဖြစ်အပျက်တိုင်းသည် ဥပါဒ်၊ ဌီ၊ ဘင် သဘောအရ အားလုံး ဖြစ်၊ တည်၊ ပျက် စက်ဝန်းကြီးလည်နေမည့်သာ ဖြစ်သည်၊ ကျွန်တော်တို့သည် ဌီဟူသော တည်ခြင်းသဘောမှာပင် အသေအထိုင်ခ[illegible] နေပြီး စားသောက်ပျော်ပါးနေရသည် မှာ အားမရနိုင်သေးခင် မကြာခင် ဘင်သဘောပျက်ခြင်းတရားများ လာတော့မှာပါလားဟူသည်ကို အမေ့ကြီးမေ့နေ ကြသည်။ ကိုလှတင်ထွန်းက ယခု လက်တွေ့ပြသနေပါပြီ။ သူ့ကျန်းမာရေး အားသာချက်က ယခု သူ့ဘက်မှာ မရှိ တော့။ သူ ကျွန်တော့်ကို နောက်ပြောင် သလို 'လှတင်ထွန်း .. မင်း ငယ်သေး ပေမဲ့ လျှော့သောက် .. ကြည့်သောက်' ဟု သူ့ဘာသာ သတိတရားလေး ဝင် ခဲ့လျှင် မည်သို့ဖြစ်နေမည်မသိ။ သို့သော် ကံအကြောင်းတရားတို့ကိုလည်း ပစ် ပယ်၍မရ။ အတိတ်ကံက မည်သည့် နှင့် ရှိခဲ့သည်ဖြစ်စေ၊ ပစ္စုပ္ပန်ကံ၏ စီ ရင်ခြင်းကိုတော့ ယခုမကြာ မလွဲမသွေ ခံစားရမည့်ဖြစ်သည်။

ကျွန်တော်သည်ပင်လျှင် 'အဘ ကြည့်သောက်နော်'ဟူသော စကား နားထောင်သော်ငြား ကြည့်သောက်နေ သည့် ကြားကပင် ယင်း ပစ္စုပ္ပန်က တရား၏ စီရင်ခြင်းကို ခံစားရမည်မှာ ကေန်ဖြစ်ပါသည်။ လူသားတို့၏ စွဲလမ်းမှု တဏှာဥပါဒါန်သည် ပင်ပန်းကြီးလှ တကား။

ဟောင်လွင်ပြည်

www.burmeseclassic.com

# [redacted] စုံထောက်အတိုဆုံး ဝတ္ထု

## အပျိုကြီးတစ်ယောက်ရဲ့ ဒိုင်ယာရီ

ဆုမွန်ဦး (ဟင်္သာတ)

ဒေါ်ဖြိုးဖြိုးသင်းမှာ အသက်(၅၀) ကျော်လာခဲ့ပြီမို့ ယခုဆိုရင် အပျိုကြီး ဆိုတဲ့ဘွဲ့ကို ရခဲ့ပါပြီ။ ဒေါ်ဖြိုးဖြိုးသင်း အပျိုကြီးဖြစ်ရခြင်းအကြောင်းရင်းက အကြိုက်ပဲမတွေ့လို့လား ‥ ဒါမှမဟုတ် ရတာမလို လိုတာမရဘဲ ဖြစ်နေတာလား။ ဒါတော့မသိဘူး။ သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့လေ ‥ ။ ထားပါတော့ ‥ ။

အပျိုကြီးဆိုတော့ သိကြတဲ့အတိုင်း ဇီဇာကြောင်တတ်တယ်။ ဒီလို ဇီဇာကြောင်လို့လည်း အပျိုကြီးဖြစ်တာပေါ့။ ဒေါ်ဖြိုးဖြိုးသင်းဟာ သူ့လိုပဲ အပျိုကြီးအစ်မတစ်ယောက်နဲ့အတူနေတယ်။ တစ်နေ့မှာတော့ ဒေါ်ဖြိုးဖြိုးသင်းရဲ့ အစ်မအပျိုကြီးဟာ ဝန်ထမ်းတစ်ဦးမို့ နယ်ပြောင်းရတယ်။ အဲဒီအခါမှာ ဒေါ်ဖြိုးဖြိုးသင်းမှာ တစ်ယောက်တည်းမနေရဲတာကတစ်ကြောင်း၊ အနီးအပါးမှာ အဖော်လုပ်ပေးရန်တစ်ကြောင်းတို့ကြောင့် သူ့အိမ်လေးကို တစ်ခြမ်းကန့် ငှားဖို့လုပ်တယ်။

ဒီလိုငှားတဲ့နေရာမှာ စည်းကမ်းချက်တွေလည်း ထုတ်ထားတယ်။ အဲဒါကတော့ ယောကျ်ားပါရင် အိမ်မငှားဘူးဆိုတဲ့ စည်းကမ်းချက်ပဲဖြစ်တယ်။ ဒေါ်ဖြိုးဖြိုးသင်းဆီကို လင်မယားစုံတွဲတွေ အိမ်လာငှားကြတယ်။ ဒါပေမဲ့ ဒေါ်ဖြိုးဖြိုးသင်းဟာ ယောကျ်ားပါတာမို့ မငှားဘူး။ ဒါကြောင့် အိမ်ငှားတွေဟာ လက်လျှော့ပြီး ပြန်ပြန်သွားကြတယ်။

ဒီလိုနဲ့ ‥

တစ်နေ့မှာတော့ အထည်ချုပ်စက်ရုံလေးမှာ အလုပ်လုပ်နေတဲ့ ညီအစ်မနှစ်ယောက် အိမ်လာငှားတယ်။ သူတို့တွေဟာ အပျိုတွေဖြစ်လို့ ဒေါ်ဖြိုးဖြိုးသင်းသဘောကျပြီး ငှားလိုက်တယ်။ ဒေါ်ဖြိုးဖြိုးသင်းဟာ ကြောင်လေးတွေဆိုရင်လည်း အလွန့်အလွန် ချစ်တတ်တယ်။ ဒါကြောင့် သူငယ်ချင်းတစ်ယောက်က မွေးဖို့ ကြောင်မလေးတစ်ကောင်ပေးတယ်။ အဲဒီအခါမှာ ‥ ။

“အို ‥ အိမ်ငှားတာတောင် ယောကျ်ားမရှိတဲ့ အပျိုကိုပဲ ရွေးငှားတာ။ ဒီကြောင်မကိုမွေးရင် တော်ကြာ ကြောင်ပျိုတွေဘာတွေ လာလှည့်ရင် အခက်။ ရှုပ်တယ် ‥ မယူဘူး ‥ သွား ‥ သွား”

* * *



ဒီလိုနဲ့ တစ်နေ့တော့ ဒေါ်ဖြိုးဖြိုးသင်းကို သူငယ်ချင်းတစ်ယောက်က အကြားအမြင် ဗေဒင်သွားမေးဖို့ အဖော်ခေါ်တယ်။ ဒေါ်ဖြိုးဖြိုးသင်း လိုက်သွားတယ်။ ဗေဒင်ဆရာဟာ ဒေါ်ဖြိုးဖြိုးသင်းကိုတွေ့တော့ ‥

“ဟောဟိုက အစ်မကြီးရဲ့အိမ်မှာ တစ်နှစ်အတွင်း မင်္ဂလာမြင်တယ်လို့ မောတယ်”

အပျိုကြီးဒေါသထွက်သွားတယ်။ ကြုံကြုံစည်စည် ဘာမင်္ဂလာမြင်တာလဲ။ ယောကျ်ားမယူချင်လို့ အပျိုကြီးလုပ်နေတာ။ အသက်တောင် (၅၀)ကျော်ပြီ။ အိမ်ငှားတာတောင် ယောကျ်ားမပါတဲ့ အပျိုတွေပဲ ရွေးငှားထားတာ ‥ မဖြစ်နိုင်တာ”

ဒီနေ့ ဒေါ်ဖြိုးဖြိုးသင်း အလုပ်က ပြန်လာတော့ နံဘေးအခန်းက ကောင်မလေးနှစ်ယောက်က မဝံ့မရဲမျက်နှာလေးတွေနဲ့ ခေါ်တယ်။ အခန်းလေးဆီရောက်တော့ ‥

“အစ်မကို တောင်းပန်ချင်လို့၊ ဒါ ‥ ဒါဟာ ကျွန်မနဲ့ ဒီနေ့ပဲ ရုံးတက်လက်မှတ်ထိုးလိုက်တဲ့ ကျွန်မယောကျ်ားပါ အစ်မ။ ဝါမကျွတ်ခင်တော့ ကျွန်မတို့ ဒီအခန်းလေးမှာ နေပါရစေနော် အစ်မ” တဲ့။

ဆုမွန်ဦး(ဟင်္သာတ)



www.burmeseclassic.com

ပင်စင်ယူပြီးကတည်းက နေထွက်အောင် အိပ်တတ်ခဲ့ပေမယ့် ရန်ကုန်ဆေးရုံကြီးမှာ ဆုံးပါးသွားတဲ့ မိတ်ဆွေပြည်နယ်ဝန်ကြီးတစ်ပါးရဲ့ ဈာပနသွားပို့ချင်တာကြောင့် ဒီနေ့တော့ စောစောအိပ်ရာထဖြစ်တယ်။ ခရီးသွားခါနီး အိမ်သာတက်တတ်တဲ့အကျင့်ကြောင့် အိမ်သာဘက်ထွက်ခဲ့တော့ ကိုယ့်အရင်တစ်ယောက်က အထဲမှာ။ ကော်ဖီသောက်ရင်း အလှည့်စောင့်နေစဉ် မြေးအကြီးကောင် ဖြိုးမြင့်မိုရ် အိမ်သာက ထွက်လာတယ်။ အားသွားတဲ့ အိမ်သာထဲဝင်လိုက်တော့ ပြေးထွက်ချင်စိတ်တောင် ဖြစ်မိပါရဲ့။ ကြိုးစားဖြေရှင်းရင်း အကြွင်းနဲ့သချ်ာတစ်ပုဒ်ကို မြေးကြီးက ထားရစ်ခဲ့တာကိုး။ ကိုယ့်ပြဿနာ မရှင်းနိုင်ခဲ့ဘူး။ သူထားခဲ့တဲ့ ပုစ္ဆာအပြီးတွက်လို့ ပြန်ထွက်ခဲ့ရတယ်။

၇ နာရီခွဲမှာ ဒုတိယအကြိမ်အိမ်သာဝင်ဖို့ပြင်တုန်း ''ဘိုးအေကြီး ဆိုက်ကားရောက်ပြီ'' ဆိုတဲ့ ဘွားအေကြီးရဲ့ တပ်ထွက်မိန့်ခွန်းကြောင့် မနက်ဝတ္တရားတစ်ခုကိုဖျက် ကားဂိတ်ထွက်ခဲ့ရတယ်။ လမ်း လူမတင်တဲ့ စံချိန်မီကားကို အိပ်ငိုက်စီးလာလိုက်တာ တိုက်ကြီး၊ မှော်ဘီ ဘယ်အချိန်ဖြတ်ခဲ့မှန်းမသိခဲ့ဘူး။ ထောက်ကြန့်ရောက်မှ ဈေးသည်တွေအော်သံနဲ့နိုးလာတယ်။ အမှန်က ဈေးသည်တွေအော်သံ

# ခက်လှိုင်းကျော်
# မရှောင်သာသည်




ကြောင့်မဟုတ်ဘူး။ မနက်က မကျေညက်ခဲ့တဲ့ အရေးအလယ်ပိုင်းပြဿနာကြောင့် နိုးလာတာ။

ပြဿနာက နတ်ရေကန်ထဲချလိုက်သလို မြေသြဇာကျွေးလိုက်သလို ကြီးထွားနှုန်းက မြန်ပါ့။ ဆင်းရမည့်မှတ်တိုင် မျှော်ဖူးရလွန်းလို့ ပျော်ဖူးခဲ့တဲ့ တက္ကသိုလ်နယ်မြေက်တောင် မေ့မေ့လျော့လျော့ကျော်ဖြတ်ခဲ့တယ်။ စံပြမှတ်တိုင်မှာ ကားရပ်တော့အရင်ဆင်းခဲ့တာ ကျွန်တော်ပဲ။ အနီးဆုံးလမ်းထဲက သန့်စင်ခန်းရောက်တော့ ကံကောင်းချက်။ လေးခန်းတွဲအိမ်သာမှာ သုံးခန်းကအလွတ်။ အနီးဆုံးအခန်းဆွဲဟလိုက်တယ်။ နိုး . . နိုး။ ညစ်ပတ်ချက်ကတော့ ကမ်းကုန်ပဲ။ အလယ်ခန်း . . နည်းနည်းသန့်ပေမယ့် မကျေနပ်သေးလို့ နောက်ဆုံးတစ်ခန်းဖွင့်ကြည့်တော့ ပိုဆိုးတယ်။ အလယ်ခန်းပလ္လင်မှာပဲ ကိုယ့်ကိုယ်ကို နန်းတင်လိုက်ရတယ်။ ရေအင်တုံမှာရေမရှိလို့ ရေစက်ခေါင်းဖွင့်တော့ ရေမလာဘူး။ ဟိုက်ပြဿနာပဲ။ ပြန်ထွက်ဖို့လည်း မဖြစ်တော့ဘူး။ ကိစ္စကထိပ်ဖရောက်နေပြီလေ။ ဆောင်နေကျ စနိုးတာဝါနဲ့ ပွဲသိမ်းနိုင်ခဲ့ပေမယ့် သူတစ်ပါးအတွက် အကြွင်းပုစ္ဆာတစ်ပုဒ်တော့ ထားခဲ့ရပြီ။

အိမ်သာကထွက်လို့ ဈာပနကျင်းပရာ ရေခဲတိုက်ဘက်လျှောက်လာရင်း ယခုကွယ်လွန်သူ မိတ်ဆွေကြီးဝန်ကြီးမဖြစ်မီ သူ ရန်ကုန်ကအပြန် ဝယ်လာပေးတဲ့ လက်ဆောင်တစ်ခုကို သတိရမိတယ်။ အဲဒီတုန်းက သူနဲ့ကျွန်တော် မဖွံ့ဖြိုးသေးတဲ့ ပြည်နယ်မြို့လေးမှာ။ ဒေသရဲ့ အားနည်းချက်က အိမ်သာအသုံးနည်းတယ်။ ကျောင်းအိမ်သာတွေမှာလည်း ကလေးတွေ ရေမသုံးတတ်ကြဘူး။ သူဝယ်လာပေးတဲ့ လက်ဆောင်ကလေးက ဒီဒေသအတွက် အလွန်အကျိုးပြုခဲ့တယ်။

သူ ဝယ်လာပေးတာက **''အိမ်သာရေလောင်း သူတော်ကောင်း၊ မလောင်းသူမှာ သူယုတ်မာ''** ဆိုတဲ့ ဆောင်ပုဒ်ကတ်ပြားကလေးတွေပဲ။ ကလေးတွေရေလောင်းလို့ သူတော်ကောင်းလုပ်လာကြတယ်။ ဒီနေ့တော့ ကျွန်တော် မလွှဲမရှောင်သာ လူယုတ်မာ ဖြစ်ခဲ့ရပေါ့။ သွားလေသူ သူတော်ကောင်းကြီး က ကျွန်တော့်ကို ပြုံးပြုံးကြီးများ ကြည့်နေလေရော့လား။

(ဖုန်း ခဏခဏဆက်တဲ့ မိတ်ဆွေကြီးသို့)

ခက်လှိုင်းကျော်



www.burmeseclassic.com

# မေတ္တာသည်သာ အားကိုးရာ

ဘုန်းမြင့်ချို
(သာယာဝတီ)



အမေတစ်ခု သားတစ်ခုနှင့် နေလာခဲ့သည်မှာ ခုနှစ်နှစ်တောင်ကျော်ခဲ့လေပြီ။

"သား အိမ်ထောင်ပြုတော့"

အမေက အမိန့်ချမှတ်သည်။

"ကိုယ်ချစ်သူရှိရင် ယူ၊ မရှိရင် အမေပေးစားမယ် ‥ ဒါပဲ" တဲ့။

သို့နှင့် ချစ်တဲ့သူနှင့် အမေကိုယ်တိုင်ပေးစားခဲ့၍ ကျွန်တော် အိမ်ထောင်ကျခဲ့ပါသည်။ ခက်သည်က ဇနီးသည်ကလည်း အမေတစ်ခု သမီးတစ်ခု။ ဒီတော့ အမေက မိန်းမအိမ်တွင် လိုက်နေဟုပြောကာ ညီမအငယ်ဆုံးလင်မယားနှင့်အတူ အမေနေ၍ ကျွန်တော် စိတ်အေးခဲ့ရ၏။ ဇနီးသည်အိမ်နှင့် အမေ့အိမ် ကူးလူးသွားလာနေရင်းက ငါးနှစ်အကြာတွင် အမေကွယ်လွန်ခဲ့ပါသည်။ သည်တော့ ယောက္ခမအိမ်တွင် လုံးလုံးလျားလျား ဖြစ်နေခဲ့ပါတော့သည်။ ယောက္ခမရယ်၊ ကျွန်တော်ရယ်၊ ဇနီးသည်ရယ် သုံးဦးသာရှိ၍ ကျွန်တော်နှင့်ဇနီးသည်က ရုံးသမားတွေမို့ အစစအဆင်ပြေခဲ့ပါ၏။ အသက်(၇၀)ကျော် ယောက္ခမအား အမေနှင့်မခြား ပြုစုခဲ့ပါ၏။ တစ်နေ့ ...

ဇနီး၏အစ်ကို ရောက်ရှိလာခဲ့ပါသည်။ ငါးနှစ်အတွင်း သုံးကြိမ်သာ သူ၏အမေထံသို့လာဖြစ်၏။ ပြည်နယ်တစ်ခုမှ ဥပဒေအရာရှိတစ်ဦးပေကိုး။ ယောက်ဖဖြစ်သူမှာ ရန်ကုန်ရှိဦးလေးအိမ်တွင် (၁၀)တန်းကျောင်းတက်စဉ်မှစ၍ အလုပ်ရသည်အထိ နေထိုင်သူဖြစ်ကြောင်း ဇနီးသည်မှ ပြောပြ၍ သိခဲ့ရပါသည်။ အလုပ်ကျရာ ရွှေ့ပြောင်းရင်းအိမ်ထောင်ကျခဲ့ကြောင်းလည်းပါ၏။ ယောက္ခမဖြစ်သူမှာ သားရောက်ကတည်းက အလုပ်ရှုပ်တော့၏။ ကိုယ်တိုင်ဈေးဝယ်ကာ သားကြိုက်တတ်သော ဟင်းလျာများကို နေ့စဉ်ချက်၊ မုန့်ပဲသရေစာများမှာလည်း အလျှံပယ် ကျွေးမွေးခဲ့ပါ၏။ အိမ်အပြန်အတွက်လည်း ချွေးမအတွက် လိုအပ်မည်ထင်သည်များဝယ်၍ သားနှင့်တစ်ပါတည်း ပေးလိုက်ပါသည်။ သားမှလည်း မိခင်ဖြစ်သူအား ဟောလစ်၊ မိုင်လို၊ ဆေးဝါးများနှင့် ငွေအချို့ကိုလည်း ကန်တော့ခဲ့၏။

ပြန်သွားပြီး လအနည်းငယ်အကြာ ယောက်ဖဖြစ်သူထံမှ ဖုန်းလာသည်။ သူ့အမေ မျက်လုံးသိပ်မကောင်းဟု ယခင်လာစဉ်က သိရ၍ ယခု သူ ရန်ကုန်သို့ရောက်၍ မိခင်မျက်လုံးအား ခွဲစိတ်ကုသရန် စမ်းသပ်မည်ဟုပြောသဖြင့် ယောက္ခမနှင့် ကျွန်တော်တို့မောင်နှံ လိုက်ပို့ခဲ့ရပါသည်။ ဆေးရုံရောက်တော့ ဇနီးသည်၏ ညီအစ်ကိုမောင်နှမအားလုံး အစုံအညီ ရောက်ရှိဆုံတွေ့ခဲ့ကြသည်။ မျက်စိခွဲစိတ်မည့်ပါရဂူမှ လိုအပ်သည့် စမ်းသပ်မှုများပြုလုပ်ရန် ပြင်ဆင်နေစဉ် ယောက္ခမဖြစ်သူမှ ‥

"သား ‥ လာပါ ‥ သားလက်ကို အမေကိုင်ထားချင်တယ်။ ဒါမှ အားရှိတာပေါ့"ဟု ပြောသဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ယောက်ဖအား မိခင်ဘေးသို့ သွားစေကာ မိခင်ထံလက်ပေးစေရာ မိခင်ဖြစ်သူမှ တစ်ဖက်မျက်နှာလွှဲ၍ လက်ကိုတွန်းထုတ်ပြီး ခေါင်းထောင်လာကာ "သားလာ" ဟု ဆိုကာ ကျွန်တော့်ကို လက်ပြလှမ်းခေါ်၏။ ကျွန်တော်အနားရောက်တော့ ကျွန်တော့်လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားပါတော့သည်။ သားသမီးများမှာ စိတ်မကောင်းကြတော့။ ကျွန်တော့်ကိုသာ စူးစိုက်ကြည့်နေကြပါသည်။ သားဖြစ်သူမှာလည်း မျက်ရည်တွေကျလျက် ‥။ အနေဝေး၍ စိမ်းလေသလား။

ပါရဂူမှ ကျွန်တော့်အား လက်ညှိုးထိုးကာ ကျန်သူများကို ဘာတော်လဲဟု မေးသဖြင့် အားလုံးက သမက်ဟု ဖြေလိုက်ရာ ပါရဂူကြီးမှာ ခေါင်းတညိတ်ညိတ်။ စမ်းသပ်မှုပြီးဆုံး၍ ပြန်ကာနီးတွင် အထူးကုပါရဂူကြီးမှ ကျွန်တော့်လက်ကိုဆွဲ၍ လေးစားပါတယ်ဟု ပြောကာ ထွက်ခွာသွားပါတော့သည်။

ကျွန်တော်လည်း သားနှင့်သမက် ဘယ်အချက်ကွာပါလိမ့်ဟု စဉ်းစားနေစဉ် ဇနီးသည်မှ ကျွန်တော်၏လက်ကို တွဲခိုရင်း ‥

"မေတ္တာတရားပေါ့နော်" တဲ့။

ဘုန်းမြင့်ချို(သာယာဝတီ)



www.burmeseclassic.com



# မျိုးမျိုး (ဂါးထာ)

# ပဇကြွယ်ပွင့် နှလုံးသား

"ကလင် ‥ ကလင် ‥ ကလင်" ဘဲလ်လေးကိုလှုပ်လိုက်တဲ့အချိန်မှာ ကိုရင်ငယ်တွေ အပါး(၃၀)လောက် ကျောင်းပေါ်သို့ အကုန်တက်လာတယ်။ ကျောင်းထိုင်ဘုန်းကြီးက ကြိမ်တစ်လုံးနှင့် "အားလုံးတန်းစီရပ်" လို့ အမိန့်ပေးလိုက်တယ်။

"မနက်က ငါ့ဆွမ်းပွဲပေါ်က ငုံးဥပြုတ်ပန်းကန် ဘယ်ကိုရင်ယူတာလဲ ဖြေစမ်း။ ဒီငုံးဥပြုတ်ကို ငါစားချင်လွန်းလို့မဟုတ်ဘူး။ မင်းတို့ကြီးလာရင် စည်းကမ်းမရှိသေမှာမို့ပုံစံပေးနေတာ။ ဘယ်သူယူတာလဲ ‥ ဖြေစမ်း"

လို့ သုံးကြိမ် လောက်မေးတယ်။ တစ်ပါးမှ ယူတယ်လို့ ဝန်ခံခြင်းမရှိသေးပါ။

"အေး ‥ မင်းတို့ကို ငါဆယ်မိနစ်အချိန်ပေးမယ်။ ဆယ်မိနစ်အတွင်း ယူတဲ့သူ ဖော်ထုတ်ပေးရင်ပေး မပေးရင်တော့ မင်းတို့ ကိုရင်အကုန်လုံး ဒဏ်ချမယ်။ တစ်ပါး ရေအထမ်း(၅၀)စီထမ်းရမယ်"

လို့ အမိန့်ပေးလိုက်တယ်။ အမိန့်ပေးလို့ အဆုံးမှာ ကိုရင်ငယ်လေးတစ်ပါးက ဝတ်ချပြီးတော့ ‥

"တပည့်တော်ယူတာပါ ဘုရား" လို့ လျှောက်ထားပါတယ်။

"အေး ‥ ဒါဆိုရင် ‥ သွား မင်းတစ်ပါးတည်း ရေအထမ်း(၅၀)သွားခပ်ချေ" လို့ ပြစ်ဒဏ်ပေးလိုက်တယ်။ ကိုရင်လေးမှာ ရေအထမ်း(၅၀)ကို ထမ်းရှာတယ်။ ရေတွင်းက အတောင်နှစ်ဆယ်လောက်နက်တယ်။ ကိုရင်လေးခမျာ ပင်ပန်းရှာပေ့ါ။ ချွေးတဒီးဒီးနှင့် ကိုရင်လေးကိုကြည့်ပြီးတော့ သနား မိပါတယ်။ သနားလို့ ဝိုင်းဆွဲမယ်လုပ်တော့ ‥

"နေပါစေ ဒကာကြီး၊ တော်ကြာ တာဝန်မကျေဖြစ်နေမယ်" လို့ ပြော တယ်။

"နေပါဦး ကိုရင်ရယ်၊ ကိုရင်ယူ တာကော ဟုတ်လို့လား"

"ဟုတ်တော့မဟုတ်ဘူးပေ့ါ ဒါပေမဲ့ ဟုတ်တယ်ပဲ ထားလိုက်ပါ"

"ကိုရင်ရယ် ဟုတ်မှမဟုတ်ဘဲ ဘာဖြစ်လို့ ဟုတ်တယ်လို့ ဝန်ခံရတာ လဲ"

"မဟုတ်ဘူး ဒကာကြီး၊ ဒီမှာ ရေတွင်းက အနက်ကြီးရယ်။ နေက လည်း ပူတယ်။ ရေပုံးကလည်း တစ်ပုံး ပဲရှိတာ။ ဒီလိုမှ ဝန်မခံရင် ကိုရင်တွေ အကုန်လုံး ရေထမ်းရမှာ။ တစ်ပါးကို အထမ်း(၅၀)စီ၊ ဒီကိုရင်တွေအကုန်လုံး ထမ်းနေရရင် ရေတွင်းထဲကရေလည်း လောက်မှာမဟုတ်ဘူး။ ပြီးတော့ ကိုရင် တွေ ဒီနေ့စာလည်းကျက်ရမှာမဟုတ် စာလည်း တက်ရမှာမဟုတ်ဘူး။ မဟုတ်လည်း ဝန်ခံလိုက်တော့ ကျ တစ်ပါးတည်းပဲ ပင်ပန်းတယ်လေ ကျန်တဲ့သူတွေ ဒုက္ခမရောက်တော့ဘူး ပေ့ါ" လို့ ပြောတယ်။

ဒီလိုအများအတွက် အနစ်နာခံ တဲ့အလုပ်မျိုး ငါဆိုရင်ကော လုပ်နိုင်ပါ့ မလားဆိုတဲ့ မေးခွန်းဟာ ကျွန်တော့် အတွက် အလွန်ခက်ခဲတဲ့ ပဟေဠိတစ်ခု ပါပဲ။

မျိုးမျိုး(ဂါးထာ)



www.burmeseclassic.com

www.burmeseclassic.com


# အဖြူရောင်အိပ်မက်

## မောင်လွှမ်းဝေ

(အင်ပူ-ညောင်ပင်ရွာ)



"မိန်းမရေ .. ဟော့ မိန်းမ"

ဇနီးသည်ဆီမှ ဘာသံမှမကြားရ။ အိမ်ထဲကိုကြည့်လိုက်တော့ ကစားနေသော သားငယ်ကိုတွေ့ရသည်။

"မင်း မေမေမရှိဘူးလား သား"

ဦးကျော်ခိုင် အမေးစကားမဆုံးခင်မှာ ..

"ရှိပါ့တော် .. ရှိပါ့၊ ဘာတွေများ အရေးကြီးလို့ အသံကုန်ဟစ်နေရတာလဲ"

ဇနီးဖြစ်သူ ဒေါ်ငြိမ်းအေး၏ အမေးစကားကို ပြန်မဖြေသေးဘဲ ညစ်နွမ်းနေသော စားပွဲပေါ်သို့ ငွေစက္ကူတစ်ထပ်ချပေးလိုက်ရင်း ..

"အဲဒါ မင်းချေးဖို့၊ ပြီးတော့ မင်း ချေးထားတာတွေဆပ်ဖို့ ငွေတစ်သိန်း ယူထား"

ဇနီးဖြစ်သူက ခင်ပွန်းသည်၏ စကားကို နားမလည်ဟန်နှင့် အိုးမည်းသနေသောလက်ဖြင့် ထဘီကိုပြင်ဝတ်ရင်း အံ့အားသင့်စွာ ကြောင်တောင်တောင်ကြည့်နေသော်လည်း ဦးကျော်ခိုင်ကတော့ ဘာမှမဖြစ်သလို သားငယ်ဘက်သို့လှည့်ကာ ..

"သားအတွက် ဟောဒီမှာ .. ဘောင်းဘီနဲ့အင်္ကျီ သားကြိုက်ရဲ့လား"

D II အင်္ကျီနဲ့ ဘောင်းဘီကို သားငယ်ဆီသို့ ထိုးပေးလိုက်သည်။ သားငယ်က ဝမ်းသာအားရဖြင့် ကျေနပ်ပျော်ရွှင်နေ၏။ အလုပ်က ပြန်လာသော သားကြီးနှင့်တက္ကသိုလ်တက်နေသော သမီးဖြစ်သူတို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်ကို မြင်၍ ..

"ဟော့ .. သားကြီး မင်းအလုပ် သွားရတာ အဆင်ပြေအောင် စက်ဘီး တစ်စီးဝယ်ပေးမယ် ဘယ်လိုလဲ"

"သမီးက တက္ကသိုလ်ကျောင်းသူ ဆိုတော့ ကျောင်းနဲ့အိမ် အသွားအပြန်အတွက် ကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက် စီစဉ်ပေးမယ်။ ပြီးတော့ သမီး အိမ်မှာ လေ့ကျင့်ဖို့အတွက် ကွန်ပျူတာ တစ်လုံးလည်း ဝယ်ပေးဦးမှာ"

ဦးကျော်ခိုင်ပါးစပ်က ကရားရေလွှတ်သလို စကားလုံးတွေ အတားအဆီးမဲ့စွာ ဆက်တိုက်ထွက်ကျလာပါသည်။ ဒါကိုပင် သားနှင့်သမီးက နားမလည်သည့်ပုံစံမျိုး။ ဒီပစ္စည်းတွေဝယ်ဖို့ ငွေ ဘယ်ကရလာလဲ။ ဘယ်လိုထောလာတာလဲ ဘာလဲ .. ညာလဲနဲ့ မေးခွန်းပေါင်းမျိုးစုံ မေးချင်စပ်စုချင်သလို အကြည့်မျိုး။ ဒါပေမဲ့ ဦးကျော်ခိုင်ကတော့ မသိကျိုးကျွံပြုလိုက်ပြီး အိုက်တင်ကြီးတစ်ခွဲသားနှင့်။

"ဟဲ့ .. ဒီလိုပဲ ရပ်ကြည့်နေကြမှာလား။ ဒါတွေက ဘယ်မှာထားမယ် ဆိုတာလည်း စီစဉ်ကြဦးလေ။ တကတည်း ငါကိုယ်တိုင်လုပ်ရမလို မျိုးဖြစ်နေပါလား"

အိမ်ရှေ့စားပွဲပေါ်တွင် ချထားသော တီဗွီ၊ ဒီဗွီဒီစက်တွေ ထည့်ထားသော ပါကင်ပုံးနှင့် အဲယားကွန်းတို့ကိုညွှန်ပြရင်း ဒေါသတကြီးအော်ငေါက်နေသည်။

ဒီတော့မှ သူတို့အားလုံး ဝိုင်း၍သယ်ဖို့ပြင်ကြ၏။ ဦးကျော်ခိုင်ကတော့ စိမ်းစိုနေသော မြက်ခင်းနှင့် အတူ နှစ်ထပ်တိုက်လှလှလေးကို ဘယ်လိုပုံဖော်ဖန်တီးရမလဲ တွေးရင်း ပက်လက်ကုလားထိုင်ပေါ်တွင် အခန့်သား ထိုင်နေမိသည်။

+++

"ဆိုက်ကားဆရာ .. ဗျို့ ဆိုက်ကားဆရာ။ ဟာ .. ဒီလူ ဘာတွေစဉ်းစားနေလဲမသိဘူး။ ထီလက်မှတ်ကြီးကိုင်လို့၊ ဒီကနေ ဈေးကို ဘယ်လောက်လဲ"

"သြော် .. ဒီကနေ ဈေးဆိုတော့ သိန်း ၅၀၀ ပဲ"

"ဗျာ"

"အဲလေ .. ယောင်လို့ ငါးရာပဲ ပေးပါ"

ဦးကျော်ခိုင်ကို ကြည့်ရသည်မှာ ရယ်တော့ ရယ်ရသည်။ ထီလက်မှတ်ကြီးကိုင်ပြီး ကြောင်လည်း ကြောင်နိုင်သား။ ဘာရယ်တော့မဟုတ်။ ဒီနေ့ ခရီးသည်ရှားပါးလို့ ပျင်းပျင်းရှိတာနဲ့


www.burmeseclassic.com

www.burmeseclassic.com



မနေ့က လက်ကျန်ငွေလေးနဲ့ ဦးကျော်ခိုင် ထီတစ်စောင်ထိုးရင်း စိတ်ကူးယဉ်သွားမိသည်။ အဲဒီစိတ်ကူးယဉ်မှု တန်ဖိုးက သိန်း ၅၀၀ ကျော်ဦးမည်။ ဒီစိတ်ကူးကို ငွေငါးရာကျပ်နဲ့ ရုတ်ချည်းဖြတ်တောက်ခံလိုက်ရသည်။ ဦးကျော်ခိုင်ထံမှ ..

"ဟင်း .." ဟု စိတ်မသက်မသာ ခံပြင်းစွာ သက်ပြင်းချသံကြားရ၏။ သူ့အတွေးစကို ရုတ်တရက် ပြတ်တောက်သွားအောင်လုပ်ခဲ့သော ခရီးသည်အပေါ် စိတ်ဆိုးလို့တော့မဖြစ်။ လက်ရှိဝမ်းရေးအတွက် ဆိုက်ကားဆက်နင်းနေရဦးမည်။ အကယ်၍သူ သူ့ထံ ခရီးသည် ရောက်မလာသေးပါက အိပ်မက်သဖွယ် ဖြစ်နေသော စိတ်ကူးတို့သည် ဘယ်၍ဘယ်မျှ ဆက်လက်ကူးလူးလျက်ရှိနေဦးမည်မသိနိုင်။ သို့သော် ဦးကျော်ခိုင်၏ စိတ်ကူးတို့သည်ကား မည်သူ့ကိုမျှ ထိခိုက်စော်ကားခြင်း မရှိပါ။ ဆင်းရဲသားဘဝက လွတ်မြောက်ဖို့ ထွက်ပေါက်အဖြစ် ထီတစ်စောင်ထိုး၍ စိတ်ကူးရှိုးရှိုး အတွေးနယ်ချဲ့သွားခဲ့သည် ကတော့ သူ့အတွက် အပြစ်ပြောစရာမရှိပါချေ။

မောင်လွမ်းဝေ(အင်ပူ-ညောင်ပင်ရွာ)

---

# အတိုဆုံးပြန်စာ

## ထိလာကျော်




အချို့သော မဂ္ဂဇင်းများတွင် အတိုဆုံးဝတ္ထုများကို ဖော်ပြကြပါသည်။ တစ်မျက်နှာဝတ္ထုဟုဆိုလျှင်လည်း မှားမည် မထင်ပါ။ အချို့ တစ်မျက်နှာထက်အနည်းငယ်ကျော်၍ အချို့ ဆိုလျှင် တစ်မျက်နှာပင်မပြည့်။ မည်သို့ဆိုစေ ဝတ္ထုသည် ကျစ်လျစ်သိပ်သည်း၍ ဖတ်ရသည်မှာ အရသာချိုမြိန်လှ ပါသည်။

တစ်ခါကပေါ့ .. စာရေးသူတို့ဒေသမှာ အလွန်ချစ်ခင်သော သူငယ်ချင်းနှစ်ဦးရှိသည်။ တစ်ယောက်က ခေတ်ပညာ တတ်ကျောင်းဆရာ၊ တစ်ယောက်က ရှစ်တန်းအောင်အဆင့်သာရှိသည်။ ရှစ်တန်းသာအောင်သော ငြိမ်းကျော်သည် စာဖတ်ရမှာထက် စာရေးရမှာ အလွန်ပျင်းသည်။ ပြန်စာရေးမှာအပျင်းဆုံးဖြစ်သည်။ ယခုခေတ်လို ဖုန်းများမပေါသေး၍ စာပို့ စာယူဖြင့်သာ ဆက်သွယ်ကြရသည်။

ကျောင်းဆရာစိုးမောင်ကတော့ မန္တလေးမှာ ဆရာ အတတ်သင်တစ်နှစ်သင်တန်းတက်နေသည်။ သူငယ်ချင်း ငြိမ်းကျော်ထံသို့ စာတစ်စောင်ပို့လိုက်သည်။ ကျန်းမာရေး ဂရုစိုက်ဖို့၊ အလုပ်ကိုကြိုးစားဖို့၊ အမေအဖေပြောစကား နားထောင်ဖို့ စသည်ဖြင့် စာကို အတော်ရှည်ရှည်ရေးထား သည်။ စီကာပတ်ကုံး ရေးထား၍ ဖတ်ချင်စရာကောင်းလှ ပါသည်။

ငြိမ်းကျော်တစ်ယောက် စာကိုဖောက်ကာ စိတ်ရှည်ရှည် ဖြင့် ပြီးဆုံးအောင် ဖတ်လိုက်သည်။ ပြီးတော့ သူငယ်ချင်း ထံသို့ ပြန်စာတစ်စောင်ရေးကာ စာတိုက်မှတစ်ဆင့် ပို့လိုက် သည်။

ဆရာကိုစိုးမောင်သည် ငြိမ်းကျော်ထံမှ ပြန်စာကို မျှော်နေသည်မှာ အတော်ပင်ကြာနေပြီ။ ဆရာကိုစိုးမောင် ထံသို့ စာနှစ်စောင် တစ်ပြိုင်တည်းရောက်လာသည်။ တစ် စောင်မှာ ငြိမ်းကျော်ထံမှဖြစ်ပြီး ကျန်တစ်စောင်မှာ သူငယ် ချင်းလုပ်ဖော်ကိုင်ဖက် ဆရာတစ်ယောက်ထံမှဖြစ်သည်။ ငြိမ်းကျော်စာကို ဦးစွာဖောက်ဖတ်လိုက်သည်။ စာအိတ်ကို ဖောက်ပြီးကတည်းက ဖတ်ပြီးသားဖြစ်သွားသည်။ စာဖတ် ချိန်က စက္ကန့်ပိုင်းလေးသာဖြစ်သည်။

အကြောင်းမှာ ငြိမ်းကျော်၏ ပြန်စာမှာ တိုလွန်းသော ကြောင့်ဖြစ်သည်။ သူ့ထက်တိုတဲ့စာမရှိနိုင်တော့ပါ။ "အင်း" တစ်လုံးတည်း ရေးထားလို့ပါပဲ။

ထိလာကျော်

www.burmeseclassic.com





# မောင်ဉာဏ်စိန်
## တရားခံအပေါ် အသုံးပြုနိုင်သော ရဲထံထွက်ဆိုချက်များ

ရဲအရာရှိထံပေးသော ဖြောင့်ချက်ကို ပြစ်မှုဖြင့် စွပ်စွဲခံရသူအပေါ် သက်သေခံမဝင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(၁) တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"ရဲအရာရှိတစ်ဦးထံပေးသော မည်သူတစ်ဦးတစ်ယောက်၏ အစစ်ခံချက်ကိုမျှ စာဖြင့်ရေးယူလျှင် အစစ်ခံသူက လက်မှတ်ရေးထိုးခြင်းမပြုရ။ အဆိုပါ အစစ်ခံချက်ကိုဖြစ်စေ၊ ရဲနေ့စဉ်မှတ်တမ်း၌ ရေးမှတ်ထားချက် သို့မဟုတ် အခြားနည်းရေးမှတ်ထားချက်ကိုဖြစ်စေ၊ အဆိုပါ အစစ်ခံချက် သို့မဟုတ် ရေးမှတ်ထားချက်၏ အစိတ်အပိုင်းကိုဖြစ်စေ အောက်တွင်ပြဋ္ဌာန်းထားသည်မှလွဲ၍ ယင်းအစစ်ခံချက်ပေးသည့်အချိန်က မေးမြန်းစုံထောက်နေသော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှု၌ သက်သေခံချက်အဖြစ် အသုံးမပြုရ"

"သို့ရာတွင် အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း အစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားသော မည်သည့်သက်သေခံကိုမဆို အဆိုပါ စုံစမ်းစစ်ဆေးမှု စစ်ဆေးစီရင်မှုတွင် တရားလိုဘက်ကဖြစ်စေ၊ တရားခံဘက်ကဖြစ်စေ၊ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျထင်ရှားဖြစ်ခဲ့လျှင် တရားခံဘက်ဖြစ်စေ၊ တရားလိုဘက်ကဖြစ်စေ၊ သက်သေခံဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို ဆန့်ကျင်ရန်အတွက် သို့မဟုတ် သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသောနည်းလမ်းအတိုင်း အဆိုပါသက်သေကို မယုံကြည်ထိုက်ကြောင်း အသုံးပြုနိုင်သည်"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ ရဲအရာရှိထံပေးသော ဖြောင့်ချက်ကို ပြစ်မှုဖြင့် စွပ်စွဲခံရသူအပေါ် သက်သေခံမဝင်ဟု အစဉ်အလာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း လက်ခံခဲ့ကြသည်။

ဤကဲ့သို့ ပြဋ္ဌာန်းချက်များရှိသဖြင့် ရဲထံထွက်ဆိုချက်များကို တရားခံအပေါ် လုံးဝအသုံးမပြုရဟု မှတ်ယူရန်မဟုတ်ပေ။

တရားလိုပြ သက်သေအား တရားလိုသက်သေရဲရှေ့ အစစ်ခံချက်နှင့်တိုက်ဆိုင်စစ်ဆေးရာတွင် သက်သေက ရဲရှေ့အစစ်ခံချက်တွင် ရေးမှတ်ထားသည့်အတိုင်း အစစ်ခံခဲ့ကြောင်း ဝန်ခံလာလျှင် ထိုအစစ်ခံချက်သည် မှန်/မမှန်ကို ထပ်မံမေးမြန်းရသည်။ မှန်ပါသည်ဟု ပြောဆိုလျှင် မှန်ကန်ကြောင်း ဝန်ခံသော ယခင်အစစ်ခံချက်သည် ရဲရှေ့အစစ်ခံချက်မဟုတ်တော့ဘဲ တရားရုံးရှေ့ အစစ်ခံချက်ဖြစ်သွားသဖြင့် တရားရုံးက ထိုအစစ်ခံချက်ကို အမှုတွင် တရားဝင်ထည့်သွင်းစဉ်းစားနိုင်သည်။ ၎င်းအစစ်ခံချက်ကို တရားခံအပေါ် အသုံးပြုနိုင်သည်။ မောင်တင်လှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု (၁၉၆၆၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၆၅၄ (၆၅၉)တွင် စီရင်ထုံးပြုထားသည်ကို တွေ့ရှိနိုင်ပေသည်။

သက်သေခံဥပဒေပုဒ်မ ၂၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

"ပြစ်မှုစွဲဆိုခြင်းခံရပြီး ရဲအရာရှိ



www.burmeseclassic.com

ထံတွင် အချုပ်ခံနေရသူ၏ သတင်းပေးချက်အရ အကြောင်းချင်းရာတစ်စုံတစ်ရာကို တွေ့ရှိခြင်းနှင့်ပတ်သက်သော ပြောဆိုချက်သည် ယင်းတွေ့ရှိခြင်းနှင့် ထင်ရှားစွာပတ်သက်နေလျှင် ဖြောင့်ချက်အဖြစ် သက်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ သက်သေခံဝင်သည်''

ရဲအချုပ်တွင်ရှိခိုက် တရားခံ၏ ဖွင့်ဟပြောဆိုချက်အရ ခိုးရာပါပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော လက်နက်များ၊ အလောင်းများ၊ သေသူဝတ်ဆင်ထားသော အဝတ်အစားများ သို့မဟုတ် ခိုင်လုံသော အထောက်အထားများဖြစ်စေသည့် အခြားအရာများ တွေ့ရှိရပါမူ တရားခံ၏ ပြောပြချက်ကို ထိုသို့အရာများတွေ့ရှိခြင်းက အတည်ပြုရာရောက်သဖြင့် တရားခံ၏ ပြောပြချက်သည် မမှန်ကန်ရန်အကြောင်းမရှိတော့ချေ။ သို့ဖြစ်၍ ၎င်း၏ ပြောကြားချက်များသည် သက်သေခံဝင်သည်။ ဥပမာ–တရားခံတစ်ဦးအား ရဲက ဖမ်းဆီးထားစဉ် ၎င်းက သေသူကိုထိုးသောဓားအား ၎င်းနေသောရွာရှိ ရေတွင်းပျက်ထဲတွင် ပစ်ထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ရဲက သွားရှာသောအခါ ယင်းဓားကို တွေ့ရှိရသည်။ တရားခံ၏ ပြောကြားချက်အရ ရှာဖွေတွေ့ရှိရသဖြင့် ထိုပြောဆိုချက်သည် သက်သေခံဝင်သည်။ သက်သေခံဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၂ ၏ အကျိုးသက်ရောက်ခြင်းမှလွတ်ကင်းကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(၃)တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ဤနေရာတွင် အမှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာတစ်စုံတစ်ရာကို တွေ့ရှိအောင်ဖော်ပြသည့် ပြောဆိုချက်သာလျှင် သက်သေခံဝင်သည်ဟူသောအချက်ကို သတိပြုရန်လိုအပ်ပေသည်။ <u>သာကျော်အောင်နှင့် ပြည်ထောင်စုအမှု(၁၉၄၈)၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၆၆၅)</u>ကို လေ့လာရန် ဖြစ်ပေသည်။

အမှုစစ်ရဲအရာရှိထံတွင် အစစ်ခံပြီးနောက် သက်သေ သေဆုံးသွားရာတွင် သေသူက မိမိမည်သည့်အတွက် သေဆုံးရကြောင်းဖြစ်စေ၊ မိမိ သေဆုံးရသည့် ဖြစ်ပျက်ပုံအကြောင်းချင်းရာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ရဲအရာရှိထံ အစစ်ခံခဲ့သော ထွက်ဆိုချက်များကို ထိုသူ မည်သည့်အတွက် သေရသည့်အကြောင်း ပြဿနာပေါ်ပေါက်သော အမှုများတွင် (ဥပမာ–လူသတ်မှု) သက်သေထင်ရှားပြနိုင်သည်။

သေခါနီး ထွက်ဆိုချက်ကို မည်သူ့ရှေ့တွင်မဆို ပြုလုပ်နိုင်သည်။ မည်သူ့ရှေ့တွင် ပြုလုပ်ရမည်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၃၂ တွင် ပြဋ္ဌာန်းထားခြင်းမရှိ။ သို့ဖြစ်ရာ သေခါနီးထွက်ဆိုချက်ကို တရားသူကြီးရှေ့တွင်သာမက ရဲအရာရှိထံတွင်ဖြစ်စေ၊ ဆရာဝန်ထံတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးထံတွင်ဖြစ်စေ၊ အပြင်လူတစ်ယောက်ယောက်ထံတွင်ဖြစ်စေ ပြုလုပ်နိုင်သည်။ <u>မနန်းခမ်းနာနှင့် ပြည်ထောင်စု(၁၉၇၀၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၀)</u> စီရင်ထုံးကို ရည်ညွှန်းပါသည်။ တရားသူကြီးရှေ့တွင် ပြုလုပ်သော သေခါနီးထွက်ဆိုချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ နှင့်အညီ ရယူခြ[illegible] ဖြစ်လျှင် သက်သေခံအက်ဥပဒေပုဒ်[illegible] ၈၀ အရ ယင်း ထွက်ဆိုချက်သ[illegible] အလိုအလျောက်သက်သေခံဝင်သည်[illegible] ထွက်ဆိုချက်ရယူသည့် တရားသူကြီး[illegible] ကို ခေါ်ယူစစ်ဆေးရန်မလိုတော့ပေ[illegible] အခြားသူရှေ့တွင် ပေးသော သေခါ[illegible] ထွက်ဆိုချက်နှင့် ပတ်သက်၍မူ ထွ[illegible] ဆိုချက်ရေးသားသူ သို့မဟုတ် ထွက်[illegible] ချက်ကိုကြားရသူအား သက်သေအဖြ[illegible] စစ်ဆေးရန်လိုမည်ဖြစ်သည်။

သေခါနီးထွက်ဆိုချက်ကို သ[illegible] သေခံအဖြစ်လက်ခံခြင်း၏ အကြော[illegible] ရင်းမှာ ထွက်ဆိုသူသည် တစ်ဦးတည်[illegible] သော မျက်မြင်သက်သေဖြစ်လျှင် ထို[illegible] ၏ ထွက်ဆိုချက်ကို ပယ်ရမည်ဆိုပါ[illegible] တရားမျှတမှုရှိနိုင်မည်မဟုတ်သည်[illegible] အပြင် လူတစ်ဦးသည် မမွတာသော[illegible] အရ သေခါနီးအချိန်တွင် လိမ်လည်[illegible] ပြောဆိုမည်မဟုတ်ဟု ယူဆရသော[illegible] ကြောင့်ဖြစ်သည်။

အထက်ဖော်ပြပါအချက်တို့မှ[illegible] တရားခံအပေါ်အသုံးပြုနိုင်သော [illegible] ထံထွက်ဆိုချက်များဖြစ်ကြောင်း [illegible] သားအပ်ပေသည်။

မောင်ဉာဏ်[illegible]

ကျမ်း[illegible]

၁။ သက်သေခံဥပဒေ၏ သိကောင်းစရာ[illegible]

၂။ တရားခွင်လက်[illegible]

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ(ဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

တစ်နေ့သ၌ ကျွန်ုပ်၏ ဇာတ်လိုက်ကြီး စုံထောက်စံထူးသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ မှုခင်းတပ်ဆွယ်(စီအိုင်ဒီ)ရုံးတွင် စုံထောက်တာဝန်များကို ထမ်းဆောင်နေ၏။ တစ်နေ့မနက် ၉ နာရီခန့်တွင် စားပွဲပေါ်ရှိ တယ်လီဖုန်းမြည်သံကြောင့် ဖုန်းခွက်ကို ကောက်ကိုင်၍ နားတွင်ကပ်ပြီး စုံထောက်စံထူးက ...

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ"

ဟု တစ်ဖက်မှ ဖုန်းခေါ်သူကို သိမ်မွေ့စွာအကြောင်းပြု၏။ ဤသည်မှာ ဖုန်းလက်ခံသူတိုင်း သုံးနှုန်းသင့်သော နားဝင်ချိုသည့် ပီယဝါစာပင်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်မှ ဖုန်းဆက်သွယ်သူသည် မိမိထက် အသက်အရွယ်၊ အဆင့်အတန်းကြီးသူ၊ ရွယ်တူ၊ ငယ်သူတစ်ဦးတစ်ယောက်ဖြစ်နိုင်ပါ၏။ မည်သည့်အတန်းအစားပင်ဖြစ်ပါစေ ချိုသာသော သံစဉ်ကို လူတိုင်းကြားချင်ကြပါ၏။ သံစဉ်နှင့်စကားသံကို ကောင်းစွာသိရှိနေပြီဖြစ်သော တစ်ဖက်မှ ဖုန်းခေါ်သူ စုံထောက်အရာရှိက ..

"ကိုစံထူးရေ .. တပ်ဖွဲ့ခွဲမှူးက ခင်ဗျားကို သူနဲ့ အခုချက်ချင်းလာတွေ့ဖို့ ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော် လှမ်းဆက်တာပါ"

"ဘာကိစ္စလို့များ ပြောသေးလဲ ကိုစံအောင်ရဲ့"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးဗျ"

မှန်ပါသည်။

စုံထောက်ဌာန (စီအိုင်ဒီ)၏ တာဝန်ပေးစေခိုင်းမှုသည် လိုအပ်သူကိုသာအသိပေးသောစနစ် (Need to know system) ကျင့်သုံးပါ၍ မလိုအပ်သူကို အသိမပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းကြားသူ စုံထောက်စံအောင်က မေးမြန်းသူ စုံထောက်စံထူးကို အထက်ပါစကားဖြင့် ဖြေကြားခြင်းဖြစ်၏။ အဖြေစကားမသိရသော်လည်း စုံထောက်စံထူးက ..

"ကောင်းပါပြီဗျာ၊ ကျွန်တော် အခုပဲ ထွက်လာခဲ့ပါမယ်"

+++

ပဲခူးမှရန်ကုန်သို့ သွားလာနေသော ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်တို့က ဥဒဟိုပြေးဆွဲလျက်ရှိပါ၏။ ပဲခူးနှင့်ရန်ကုန်အကွာအဝေးက မိုင်(၅၀)ခန့်ရှိပါ၏။ ပဲခူးမှအင်းစိန်သည် မိုင်(၄၀)ဝန်းကျင်ခန့်သာ ဖြစ်ပါ၏။ စုံထောက်စံထူးတစ်ယောက် ပဲခူး–ရန်ကုန် ဟိုင်းလတ်(စ်)ယာဉ်၏ ရှေ့ခေါင်းခန်းတွင် ငြိမ်သက်စွာဖြင့် လိုက်ပါလာ၏။ ကျယ်ဝန်းသောရေိယာ၊ ပြန့်ပြူးသောနိုင်လွန်ကတ္တရာလမ်းကြောင့် ဟိုင်းလတ်(စ်)(အမြန်)ယာဉ်သည် အရှိန်မြင့်စွာဖြင့် မောင်းနှင်လျက်ရှိ၏။ အချိန်တစ်နာရီကျော်ခန့်တွင် စုံထောက်စံထူးလိုက်ပါလာသော ဟိုင်းလတ်(စ်)ကားသည် မင်္ဂလာဒုံမြို့နယ်မှ အင်းစိန်မြို့နယ်သို့ တိုးဝင်လာ၏။ ရှေ့ခန်းတွင် လိုက်ပါလာသော ခရီးသည်စုံထောက်စံထူးက–

"ကားဆရာရေ .. ကျွန်တော် စော်ဘွားကြီးကုန်းလမ်းဆုံမှာ ဆင်းမယ်ဗျာ"

အခန်း(၂)

"ဟုတ်ကဲ့ပါဗျာ"

စုံထောက်စံထူးသည် စော်ဘွားကြီးကုန်းလမ်းဆုံမှ အငှားယာဉ်ဖြင့် အင်းစိန်(စီအိုင်ဒီ)ရုံးသို့သွား၏။ တပ်ဖွဲ့ခွဲမှူးရုံးအရောက်တွင် ရုံးဦးစီးအရာရှိ စုံထောက်စံအောင်နှင့် တွေ့၏။ မိမိရောက်ရှိကြောင်းကို တပ်ဖွဲ့ခွဲမှူးသို့ သတင်းပို့ပေးရန် စုံထောက်စံအောင်သို့ ပြော၏။ ထို့ကြောင့် စုံထောက်စံအောင်မှ အထက်ပါစကားဖြင့် အကြောင်းပြန်၏။ ထို့နောက် စုံထောက်စံအောင်က မိမိရုံးခန်းနှင့်ကပ်လျက်ရှိသော တပ်ဖွဲ့ခွဲမှူးအခန်းသို့သွား၏။

စုံထောက်စံအောင်မှ တပ်ဖွဲ့ခွဲမှူးအား စုံထောက်စံထူးရောက်ရှိကြောင်း သတင်းပို့၏။ ခဏအကြာ စုံထောက်စံအောင်သည် တပ်ဖွဲ့ခွဲမှူးအခန်းမှ သူ၏ ရုံးခန်းသို့ ပြန်ရောက်၏။ ရုံးခန်းတွင် အသင့်စောင့်နေသော စုံထောက်စံထူးအား တပ်ဖွဲ့ခွဲမှူး(ရဲမှူးကြီး)ထံ သွားရောက်တွေ့ဆုံခွင့်ရပြီဖြစ်ကြောင်း ရုံးဦးစီးအရာရှိ စုံထောက်စံအောင်မှ ပြော၏။ ဤသည်မှာ လက်အောက် တပ်ဖွဲ့ဝင်နှင့် အထက်အကြီးအကဲတို့၏ စည်းစနစ်ပင်ဖြစ်ပါသည်။

www.burmeseclassic.com


"လာကွာ မောင်စံထူး ‥ ထိုင်"

ရုံးခန်းတံခါးကို အသာအယာ တွန်း၍ အတွင်းသို့ဝင်ရောက်ခဲ့ပြီး အလေးပြုလျက်ရပ်နေသော စုံထောက်စံထူးအား တပ်ဖွဲ့ခွဲမှူးမှ အထက်ပါစကားဖြင့် ဖိတ်ခေါ်၏။ ထို့ကြောင့် စုံထောက်စံထူးက တပ်ဖွဲ့ခွဲမှူးရှေ့သို့ လျှောက်လှမ်းသွားပြီး စားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်၏။ တပ်ဖွဲ့ခွဲမှူးကလည်း ဆုံလည်ကုလားထိုင်တွင် လက်တင်၍ ခန္ဓာကိုယ်ကို ကျောမှီထိုင်ကာ ‥

"မောင်စံထူးက ပဲခူးတိုင်း ဝေါနယ်ဘက်က မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ဝေါနဲ့သနပ်ပင်ဆိုတာက တစ်ဆက်တစ်စပ်တည်းပဲ"

"ဟုတ်ပါတယ် ခင်ဗျ"

"သနပ်ပင်မြို့နယ်ထဲမှာ ကုလားချောင်းကြီးရဲစခန်းဆိုတာရှိတယ်။ အဲဒီရွာက အသက်(၉)နှစ်သာရှိသေးတဲ့ မိန်းကလေးတစ်ဦးကို အဓမ္မပြုကျင့်ပြီး အသက်သေဆုံးတဲ့အထိ ပြုမူခဲ့တဲ့ အမှုတစ်ခုရှိတယ်။ အဲဒီအမှုကို မောင်စံထူးကို တာဝန်ပေးမယ်။ အမှုဖြစ်စဉ်ကို ကိုယ်ရှင်းပြမယ်"

+++

သနပ်ပင်မြို့နယ်၊ ညောင်ပင်စု ကျေးရွာတွင် ဦးဝင်းနိုင်နှင့် ဇနီးမမြင့်မာလာတို့ နေထိုင်ကြ၏။ သူတို့လင်မယားတွင် အသက်(၉)နှစ်အရွယ်ရှိ မထက်ထက်နိုင်(ခ)မိထက်ဆိုသူ သမီးလေးတစ်ဦးရှိ၏။ သူတို့မိသားစုသည် ကြုံရာကျပန်းလုပ်ကိုင်စားရသော နွမ်းပါးသူများဖြစ်၏။

တစ်နေ့ ‥

၅-၃-၂၀၀၉၊ မနက် ၆ နာရီ အချိန်ခန့်တွင်ဖြစ်၏။ မမြင့်မာလာသည် အိပ်ရာမှထစဉ် သမီးဖြစ်သူ ထက်ထက်နိုင်ကို မမြင်မတွေ့၍ ‥

"ကိုဝင်းနိုင် ‥ ကိုဝင်းနိုင်"

ဟု ခပ်ပွန်းသည်ကို အော်ခေါ်၏။ ဒီတော့ လင်ယောကျ်ားဖြစ်သူက ‥

"စောစောစီးစီး ဘာလို့ အဲဒီလောက် အော်ဟစ်နေရတာတုန်း မိန်းမရဲ့"

"သမီး မိထက်ကို အိပ်ရာထဲမှာလည်းမတွေ့ဘူး။ အိမ်မှာလည်း မရှိဘူး။ ဒီကလေး ဘယ်သွားနေလဲ ရှာကြည့်ပါဦး"

"ဒီအနီးပတ်ဝန်းကျင်မှာ ရှိမှာပေါ့ကွာ။ ဟင်းစားသွားရှာတယ်နဲ့တူပါတယ်။ ခဏနေ ငါသွားရှာလိုက်ပါ့မယ်"

ဤသို့ဖြင့် ဖခင်ဖြစ်သူ ဦးဝင်းနိုင်သည် အိမ်နီးချင်းနေ ဦးတင်ဌေး၊ ဦးစိတုန်း၊ ထွန်းထွန်းဝင်းတို့နှင့်အတူ သမီးထက်ထက်နိုင်အား လိုက်လံရှာဖွေကြ၏။ အညာစုရွာတောင်ဘက်၊ ရွာထိပ်ကွင်းစပ်ရှိ ကန်သင်းဘေးတွင် လဲကျနေသော မထက်ထက်နိုင်ကို တွေ့မြင်ကြ၏။ လဲကျနေသော မထက်ထက်နိုင်၏ မျက်နှာတစ်ခုလုံးမှာ ဖူးရောင်ညိုမည်းနေသောဒဏ်ရာများနှင့်အတူ ဝဲဘက်မျက်ခုံးမှာ ပေါက်ပြဲနေပြီး နှာခေါင်းနှင့်ပါးစပ်တို့မှ သွေးများထွက်နေ၏။ ဒါတွင်မက သူမ ဝတ်ဆင်ထားသော အဝတ်အထည်အား ဆုတ်ဖြဲ၍ လည်ပင်းတွင် ရစ်ပတ်ချည်နှောင်ထား၏။ သတိလစ်လဲကျနေပြီး စကားမပြောနိုင်ဖြစ်နေသော မထက်ထက်နိုင်ကို ဆေးဝါးကုသရန် ခေါ်ဆောင်လာစဉ် လမ်းခုလတ်၌ပင် သေဆုံးသွားခဲ့ပါသည်။

မထက်ထက်နိုင် သေဆုံးမှုကို သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးရဲစခန်း(ပ)၆/၂၀၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူ၏။ သေဆုံးသူ၏ ရုပ်အလောင်းကို ဆေးရုံပို့၍ ရင်ခွဲစစ်ဆေးမှုပြုရာတွင် သေဆုံးသူ၏ မိန်းမကိုယ်၌ သားမယားအဖြစ် အဓမ္မပြုကျင့်ထားသည်ကိုလည်းတွေ့၏။ ထို့ကြောင့် အမှုကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၇၆ ဖြင့် မြို့နယ်နှင့်အပိုင်ရဲစခန်းမှ စုံစမ်းဖော်ထုတ်လျက်ရှိသည်။ သို့သော် အမှုမှာ ထူးခြားမှုမရှိဖြစ်နေ၍ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးမှ မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)သို့ ပူးတွဲပါဝင်ကူညီစုံစမ်းဖော်ထုတ်ပေးရန် အကူအညီတောင်းခံလာ၏။ ထို့ကြောင့် အဆိုပါအမှုကို ပဲခူးမြို့၊ မှုခင်းတပ်ဆွယ်(စီအိုင်ဒီ)မှ စုံထောက်စံထူးသို့ တာဝန်ပေးသည့်အကြောင်းကို တပ်ဖွဲ့ခွဲမှူးမှ ပြောဆိုပြသည်။

"နယ်မြေရဲနဲ့ပေါင်းပြီး စုံစမ်းဖော်ထုတ်ရမှာလား။ ဒါမှမဟုတ် ကျွန်တော်တစ်ဦးတည်း လျှို့ဝှက်စုံစမ်းရမှာလား"

စုံထောက်စံထူး၏ အမေးကို တပ်ဖွဲ့ခွဲမှူးက ‥

"အပိုင်ရဲစခန်းက တာဝန်အရှိဆုံးသူတစ်ဦးကိုသာ လျှို့ဝှက်အသိပေးပြီး မောင်ရင်တစ်ယောက်တည်းအသွင်ယူစုံစမ်းဖော်ထုတ်ပါ"

ထိုသို့ အသွင်ယူစုံစမ်းရာတွင်

www.burmeseclassic.com

ပိပိရိရိဖို့ အထူးအရေးကြီး၏။ သွားရောက်စုံစမ်းရမည့် အရပ်ဒေသမှာ လမ်းခရီးပမ်း၍ စရိုက်ကြမ်းသူများဖြစ်၏။ ထိုဒေသသို့ ထိုးဖောက်ဝင်ရောက်ရာတွင် မိမိအား စုံထောက်အရာရှိမှန်း ရိပ်စားမိသွားလျှင် အမှုမှန်မပေါ်တော့ဘဲ ဝေးသည်ထက် ဝေးသွားနိုင်၏။ ဝေးသည်က ပြေးလိုက်၍ရသည်။ မိမိအတွက် အသက်အန္တရာယ်က စိုးရိမ်ရ၏။ ဒါကြောင့် အစစအရာရာ သတိကြီးစွာထားဖို့ တာဝန်ပေးသူအကြီးအကဲမှ တာဝန်ထမ်းမည့် စုံထောက်အရာရှိသို့ အထပ်ထပ်မှာကြား၏။

"စိတ်ချပါ တပ်ဖွဲ့ခွဲမှူး၊ အမှုမှန်ပေါ်ပေါက်ဖို့ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်"

"စိတ်ချပါတယ်ကွာ၊ ပညာရှိသတိဖြစ်ခဲ့ဆိုတာလို သတိမမူ ဂူမမြင်ဖြစ်မှာစိုးလို့ပါ"

## အခန်း(၃)

"အဲဒီလောက်လည်း စိုးရိမ်မနေပါနဲ့၊ ဒီနယ်တစ်ခွင်မှာ မဲကြီးဆိုတဲ့ကောင်ကို ဘယ်သူမှမလှန်ရဲပါဘူး။ မဲကြီးနဲ့ပတ်သက်သူကိုလည်း ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဲပါဘူး"

စုံထောက်စံထူးသည် တပ်ဖွဲ့ခွဲမှူးနှင့် တွေ့ဆုံပြီးနောက် မိမိတာဝန်ကျရာ ပဲခူးမြို့၊ မှုခင်းတပ်ဆွယ်မှူးရုံးသို့ ပြန်၏။ တပ်ဆွယ်မှူးရုံးသို့ ရောက်ရှိသောအခါ မိမိထမ်းဆောင်ရမည့် တာဝန်အတွက် အခင်းဖြစ်အရပ်သို့ ထိုးဖောက်ဖို့ရန် နည်းဗျူဟာအမျိုးမျိုးကို စဉ်းစားသုံးသပ်နေ၏။ စုံထောက်စံထူးက ဝေါနယ်သား၊ အမှုဖြစ်တာက သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးနယ်မြေ၊ အညာစုကျေးရွာတွင်ဖြစ်၏။ ဝေါနှင့်သနပ်ပင်က မြို့နယ်အဆင့်ဖြစ်၍ သွားလာရေးက ဥဒဟိုရှိ၏။ သနပ်ပင်မှ ကုလားချောင်းကြီးခရီးက မလွယ်လှ၊ ပွင့်လင်းရာသီတွင် ထော်လာဂျီနှင့် ဆိုင်ကယ်ကယ်ရီ၊ မပွင့်လင်းသော မိုးရာသီတွင် လှော်ကာသီကာဖြင့်ရေလမ်းခရီးဖြစ်၏။ ယခု စုံထောက်စံထူး တွေးဆနေသည့်ရာသီက ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဆိုသည့် ဝသန်ကာလဖြစ်၏။

ထိုအချိန် ထိုကာလတွင် တာဖို့ထားသော မြေကြမ်းလမ်းက ရေအမြင့်ငါးပေခန့်ရှိ၏။ မြေနိမ့်ပိုင်းကွင်းပြင်ဆိုလျှင် ပင်လယ်ပြင်အလားထင်မှတ်ရ၏။ မည်သို့ရှိစေ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဖို့နှင့် စေလွှတ်ရာဒေသကိုရောက်ရှိအောင်သွားဖို့မှာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်၏အဓိကတာဝန်ဖြစ်၏။ သွားလာရမည့်ခရီးကြမ်းကို ခင်းကျင်းပြဆိုပြီးနောက် စုံထောက်စံထူး၏ သဏ္ဌာန်သရုပ်ကို ညွှန်းဆိုပြချင်ပါ၏။

ထိုအရပ်ဒေသကား ဆင်းရဲနွမ်းပါးသူများ၍ လူသူကျဲသော တောရွာဒေသတစ်ခုဖြစ်၏။ သူ့အရပ်နှင့်သူ့ဒေသဇာတ်ရုပ်ကို ပီပြင်ဖို့လို၏။ ထို့ကြောင့် စုံထောက်စံထူးသည် ဝါးဦးထုပ်အစုတ်တစ်လုံးဖြင့် နွမ်းပါးသောဝတ်စုံကို ဆင်မြန်းထား၏။ ဟောင်းနွမ်းနေသော ချည်လွယ်အိတ်တစ်လုံးတွင် အရောင်လွင့်၍ တွန့်ကြေနေသော အင်္ကျီနှင့် လုံချည်နှစ်စုံကိုထည့်၏။ ရာသီဥတုဒဏ်ကာကွယ်ရန်နှင့် ခင်းအိပ်ရန် ပလတ်စတစ်မိုးကာစအပိုင်းတစ်ထည်ကိုလည်း ဆောင်းထား၏။ ခြေနင်းအဖြစ် ရာဘာဖိနပ်အဟောင်းတစ်ရံကလည်း အသင့်ရှိနေ၏။ ဝါးဦးထုပ်အစုတ်ကိုဆောင်း၊ နွမ်းပါးသောဝတ်စုံဖြင့် ချည်လွယ်အိတ်ဟောင်းလွယ်ကာရာဘာဖိနပ်အစုတ်ကိုစီးလျက် ဆေးပေါ့လိပ်ခဲထားသော စုံထောက်စံထူးက သူ၏ အသွင်သဏ္ဌာန်ကို ကိုယ်လုံးပေါ်မှန်တွင် ကိုယ်တိုင်ဆန်းစစ်ကြည့်၏။ ကိုယ်လုံးပေါ်မှန်တွင် ထင်ဟပ်နေသော ရုပ်ပုံကို စူးစိုက်ကြည့်လျက် ...

"အင်း ... အမှန်သရုပ်ကိုသဏ္ဌာန်လုပ်လိုက်တော့ ငါ့ပုံက ကြံရာကျကူး ကိုစံထူးဖြစ်သွားပါပကောလား"

ဟု တီးတိုးရေရွတ်ရင်း ပီတိဖြစ်နေ၏။ ထို့နောက် စုံထောက်စံထူးမှ တစ်ဖြစ်လဲ ကိုစံထူးသည် ကိုယ်လုံးပေါ်မှန်ကို ကျောခိုင်းကာ ပဲခူးမြို့ရှိ သနပ်ပင်ကားဂိတ်သို့ ထွက်လာခဲ့၏။ ပဲခူးနှင့်သနပ်ပင်က အိမ်ဦးနှင့်ကြမ်းပြင်သာဖြစ်၍ ခရီးလမ်းကသာ၏။ စံထူး၏ဇာတိ ဝေါနှင့်သနပ်ပင်ကလည်း ဆက်စပ်မြို့နယ်များဖြစ်၏။ သနပ်ပင်မြို့ရောက်တော့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ဇော်လွင်ဦးကို စုံစမ်းရှာဖွေရ၏။ မကြာလိုက်ပါ သနပ်ပင်နယ်သား ဇော်လွင်ဦးကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့၏။ စံထူးကို မြင်တွေ့လိုက်သော ဇော်လွင်ဦးမှာ အံ့သြခြင်း၊ မထင်မှတ်ခြင်းများဖြင့် တွေဝေနေ၏။ ဖြစ်နိုင်ပါသည်။ အသွင်သဏ္ဌာန်ပြောင်းထားသည့် စံထူး၏ ပုံပန်းကလည်း သူတောင်းစားသာသာမျှသာ၏။ ငယ်သူ


www.burmeseclassic.com

www.burmeseclassic.com



ယ်ချင်း ဖော်လွင်ဦးကို မဆိုထားနှင့် ထိုအိမ်ဝန်းရှိ ခွေးတစ်ကောင်ကပင် စံထူးကို အသံပြု၍ ခြိမ်းခြောက်နေပါသည်။

မတွေ့တာ အတော်ကြာပြီဖြစ်သော ကျောင်းနေဖက်သူငယ်ချင်းစံထူးနှင့် ဖော်လွင်ဦးတို့မှာ ရှေးဟောင်းနှောင်းဖြစ် အောက်မေ့ဖွယ်များကို မမောမပန်းပြောဆိုနေကြ၏။ စံထူးက ကျောင်းပြီးသည့်နောက် စုံထောက်ဖြစ်လာပုံနှင့် ယခု သနပ်ပင်သို့ ရောက်ရှိလာပုံအကြောင်းစုံကိုရှင်းပြ၏။ ထိုအခါ စံထူး၏ အသွင်သဏ္ဌာန်ကို အမှန်မြင်၍ အမြင်မှန်သွားသော ဖော်လွင်ဦးမှ တောင်းပန်စကားဆိုပြီး စံထူးလိုအပ်သော အကူအညီကိုမေး၏။ စံထူးကလည်း အခင်းဖြစ်ရာအနီးပတ်ဝန်းကျင်တွင် ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်၊ ခင်မင်ရင်းနှီးသူ မည်သူမည်ဝါရှိသည်ကို မေး၏။ ဖော်လွင်ဦးက ခေတ္တခဏမျှစဉ်းစားပြီးနောက် ကုလားချောင်းကြီးတွင် အရောင်းအဝယ်ပြုနေသော သူငယ်ချင်းတစ်ဦးကို သတိရသွား၏။

ထိုသူငယ်ချင်း၏အမည်မှာ မောင်မဲ(ခ)မဲကြီးဖြစ်၏။ မဲကြီးကို စံထူးကလည်း မှတ်မိနေ၏။ ကျောင်းသားဘဝက စံထူးတို့၏ ဝေါမြို့(အထက)နှင့် မဲကြီးတို့၏ သနပ်ပင်(အထက)တို့ မကြာခဏ ဘောလုံးပွဲယှဉ်ပြိုင်ရ၏။ ဝေါ(အထက)ဘောလုံးအသင်းတွင် စံထူးက နာမည်ကြီးသလို မဲကြီးကလည်း သနပ်ပင်(အထက)ဘောလုံးအသင်းမှ လက်ရွေးစင်တစ်ဦးဖြစ်၏။ နှစ်ဖက်အသင်း၏ လက်ရွေးစင်ဘောလုံးသမားများဖြစ်၍ စံထူးနှင့်မဲကြီးတို့က လူစိမ်းသူစိမ်းများမဟုတ်ပါ။ မဲကြီးသည် ကုလားချောင်းကြီးဒေသတွင် ဟုတ်မှန်တာလည်း လုပ်စားသလို၊ မဟုတ်မမှန်တာကိုလည်း လုပ်စား၏။ မဟုတ်မမှန်လုပ်စား၍ ထောင်ကျခဲ့သည်များရှိသလို၊ လက်ရဲဇက်ရဲဖြင့် အနိုင်ကျင့်ခဲ့မှုများကြောင့် အချုပ်၊ ထောင် ကျခဲ့ဖူးသူတစ်ဦးဖြစ်၏။ ထို့ကြောင့် ထိုဒေသတစ်ဝိုက်တွင် မဲကြီးဆိုလျှင် မသိသူရှား၍ သိသူများကလည်း မဲကြီးကို မယှဉ်ဝံ့ကြောင်း ဖော်လွင်ဦးက စံထူးသို့ ခင်းကျင်းပြ၏။ ထို့ကြောင့် သူငယ်ချင်းမဲကြီးသည် စံထူးအတွက် အထောက်အကူပြုမည့်သူတစ်ဦးအဖြစ် ယုံကြည်စွာစဉ်းစားရင်း သနပ်ပင်မြို့မှ ကုလားချောင်းကြီးဒေသသို့ ...

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသလို ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလဆန်းပိုင်းတွင် ဖြစ်၏။ သနပ်ပင်နှင့် ကုလားချောင်းကြီးက ပွင့်လင်းရာသီတွင် ထော်လာဂျီ၊ ဆိုင်ကယ်တို့ဖြင့် မြေသားလမ်းပေါ်မှ တစ်နာရီခွဲကြာသွားရ၏။ ယခုလို မိုးရာသီတွင် မြေသားလမ်းကပျောက်၍ ရေလွှမ်းသောလွင်ပြင်တွင် စက်လှေဖြင့် အချိန်နှစ်နာရီခန့်သွားရ၏။ ကုလားချောင်းကြီးရောက်တော့ မဲကြီးကို ခဲရာခဲဆစ်ရှာစရာမလို။ အမည်ပြောလိုက်ရုံဖြင့် အိမ်တိုင်ရာရောက် လိုက်ပို့ပေး၏။ မဲကြီးကို တွေ့တော့ ငယ်စဉ်ကအားကစားသမားဘဝမှ ဆုံကြုံခဲ့ရပုံများကို ရှင်းပြရာ မဲကြီးလည်း အမှတ်တရဖြစ်မိသွား၏။ ထို့ကြောင့် စံထူးက မိမိလာရင်းကိစ္စနှင့် သူငယ်ချင်းဖြစ်သူ မဲကြီးအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးဖို့ တောင်းဆို၏။ မဲကြီးကလည်း သူငယ်ချင်းဖြစ်သူ စုံထောက်လုပ်ငန်းတာဝန်တွင် ကူညီမည့်အကြောင်း သတင်းကောင်းပါ၏။ ထိုအခါ စံထူးက မိမိသည်စုံထောက်တစ်ယောက်ဖြစ်ကြောင်း မထက်ထက်နိုင် အမှုကိစ္စအတွက် လာရောက်စုံစမ်းနေသူဖြစ်ကြောင်း၊ သူငယ်ချင်းဖြစ်သူ မဲကြီးမှလွဲ၍ မည်သူမျှမသိစေရန် လျှို့ဝှက်စကားဆို၏။ မိမိအား စုံထောက်မှန်း သိသွားခဲ့လျှင် လုပ်ငန်းတာဝန်လည်း အောင်မြင်မှုမရှိဖြစ်မည့်အပြင် နယ်မြေဒေသစရိုက်ကြောင့် အန္တရာယ်ရှိနိုင်ပုံကို ညွှန်းဆိုပြ၏။ ဒီတော့ သူငယ်ချင်းဖြစ်သူ မဲကြီးက မိမိ၏ အရှိန်အဝါကြီးမားပုံနှင့် မိမိအားကြောက်ရွံ့တုန်လှုပ်ပုံတို့ကို သူငယ်ချင်းစံထူးအား အထက်ပါစကားဖြင့် ဖွင့်ဆိုပြ၏။

မဲကြီး၏ စကားက စံထူးအတွက် အားတက်ဖွယ်ဖြစ်ပါ၏။ ထို့ကြောင့် ရှေ့တစ်လှမ်းတက်၍ စံထူးက ..

“အဲဒီ ပတ်ဝန်းကျင်ကို ကျွန်တော်တို့ ဘယ်လိုချဉ်းကပ်ကြမလဲ”

## အခန်း(၄)

“အဲဒီအတွက် ဘာမှမပူပါနဲ့၊ မဲကြီးရဲ့ မိတ်ဆွေအပေါင်းအသင်းဆိုတော့ ကျုပ်တို့ဘက်ကလည်း နှုတ်၏ဆောင်မခြင်း လက်၏ဆောင်မခြင်းဖြင့် ကူညီရမှာပါ”

မဲကြီးသည် အခင်းဖြစ်ပွားရာ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာတို့တွင် ကျွဲနွားကုန်သည်အဖြစ်



www.burmeseclassic.com

လှည့်လည်ကျက်စားနေသူဖြစ်၏။ ထို့ကြောင့် မိတ်ဆွေဖြစ်သူ စံထူးကိုလည်း မိမိနှင့်အတူ ကျွဲနွားကုန်ကူးသူဖြစ်ကြောင်း၊ မိမိ မအားလပ်သည့်အခါ အတူနေမိတ်ဆွေဖြစ်သော စံထူးအား အရောင်းအဝယ်ကိစ္စ ကူညီပေးရန် အညာစုကျေးရွာနေ ဦးမြနှင့်ဦးလှတို့အား အပ်နှံပြောဆို၏။ ထို့ကြောင့် ရွာခံသားများကလည်း မဲကြီးနှင့်စံထူးကို အထက်ပါစကားဖြင့် အားပေးစကားဆို၏။ ထို့နောက် မဲကြီးက ..

"သူနဲ့ကျွန်တော်က ထောင်ထဲမှာ ကျောချင်းကပ် ရင်ချင်းအပ်ပြီး ပေါင်းသင်းလာခဲ့ကြသူတွေပါ။ အခု သူလည်း ထောင်ကထွက်လာတော့ စားဝတ်နေရေးအတွက် ကျွန်တော်နဲ့လာနေတာပါ"

"ဒီလိုပဲပေါ့ မဲကြီးရယ်၊ ဒုက္ခတွင်းမှာ အတူနေခဲ့ရတဲ့သူချင်းဆိုတော့ ပိုပြီးရင်းနှီးခင်မင်ကြတာပေါ့"

ဟု ဦးမြကဆို၏။ ဒီတော့မဲကြီးက ..

"သူနဲ့ကျွန်တော်က ခြားနားချက်တစ်ခုတော့ရှိတယ် ဦးကြီးမြရဲ့"

"ဘယ်လိုခြားနားတယ်ဆိုတာ ပြောစမ်းပါဦး"

"ဦးကြီးမြတို့ သိပါတယ်။ ကျွန်တော်က မဟုတ်ရင်မခံသလို၊ ဟုတ်ရင်လည်းမခံတဲ့ တစောက်ကန်းလေ၊ ကျွန်တော့်မိတ်ဆွေစံထူးက ကျွန်တော့်လို မဟုတ်ဘူး။ သူက မဟုတ်မခံ ဟုတ်မှန်ရင်တော့ ခံတယ်ဗျ"

"ဒါဆို မောင်စံထူးက မောင်မဲထက် တစ်ကွက်သာတာပေါ့"

ဟု ရယ်ရယ်မောမော ပြောဆိုခဲ့ကြ၏။ ဤသို့ဖြင့် မဲကြီး၏ ပို့ဆောင်ပေးမှုကြောင့် စံထူးခမြာ ကျွဲနွားကုန်သည်အဆင့်သို့ တစ်ဖြစ်လဲခဲ့ရပါ၏။

ကျွဲနွားကုန်သည် စံထူးသည် အညာစုရွာနေ ဦးမြနှင့်ဦးလှတို့၏ ဝေယျာဝစ္စအလုပ်ကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရာမှ မိသားစုသဖွယ် ရှိနေခဲ့ပါ၏။ ထို့အတူ မိမိ၏ အလုပ်ကို ပီပြင်စွာသရုပ်ပြဖို့အတွက် အနီးပတ်ဝန်းကျင်ရှိ ရွာသိမ်ရွာငယ်များသို့လည်း လှည့်လည်သွားလာပါ၏။ မိမိသွားလာခဲ့သော ရွာစဉ်တလျှောက် ရောင်းချရန်ရှိသည့် ကျွဲနွားတို့ကိုလည်း ကိုယ်တိုင်ဝယ်ယူ၍ မဲကြီးထံပို့ပေးပါ၏။ ဤသို့ပို့ဆောင်ပေးရာတွင် ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိသွားသော ကျွဲနွားများရှိသလို တစ်ခါတစ်ရံ အခက်အခဲနှင့် ကြုံရပါ၏။ ထိုအခက်အခဲမှာ ကျွဲနွားဆွဲသွားရာလမ်းကြောင်းတွင် တားဆီးပိတ်ပင်ခံရခြင်းပင်ဖြစ်၏။ ဒါကိုလည်း စံထူးက မမှု၊ ပိတ်ပင်တားဆီးခြင်းကို ငွေအသပြာဖြင့် ဖောက်ထွင်း၍ မိမိအမိက လုပ်ငန်းအတွက် သည်းခံလျှို့ဝှက် ရွက်ဆောင်ခဲ့ပါ၏။

တစ်လကိုးသီတင်း ကြာမြင့်လာတော့ နွားကုန်သည် စံထူးနှင့် အညာစုရွာသားရွာသူတို့မှာ ဆွေမျိုးသားရင်းကဲ့သို့ ရှိခဲ့ပါ၏။ ရွာ၏ သာရေးနာရေး ဘာသာရေးနှင့် လူမှုရေးအစစကိုလည်း စံထူးက ဝင်ပူးခဲ့၏။ ယုတ်စွအဆုံး တစ်ရွာလုံးရှိ နေအိမ်အားလုံးမှာ စံထူးအတွက် တံခါးမရှိ အတားမရှိ ဖြစ်နေပါ၏။ ဤကဲ့သို့သော အခွင့်အလမ်းကို ရရှိရန် ကြိုးစားအားထုတ်ခဲ့ရသော စံထူး၏ ဝါယမကား သေးလှသည်မဟုတ်။ တစ်နေ့နံနက်ပိုင်းတွင် ..

"ကိုဝင်းနိုင် .. ဗျို့ .. ကိုဝင်းနိုင်"

နေအိမ်ရှေ့မှ ခေါ်သံကြောင့် ကိုဝင်းနိုင်တစ်ယောက် အိမ်ရှေ့သို့ ထွက်လာ၏။ အိမ်ရှေ့တွင် နွားကုန်သည် စံထူးကို မြင်တွေ့ရာ ကိုဝင်းနိုင်က–

"ဟာ .. ကိုစံထူး၊ လာလေဗျာ အိမ်ထဲဝင်ပါဦး"

စံထူးမှ နေအိမ်ဧည့်ခန်းသို့ဝင်၍ ကြမ်းပြင်တွင်ထိုင်၏။ ထိုစဉ် ကိုဝင်းနိုင်က မီးဖိုခန်းအတွင်းမှ ရေနွေးကြမ်းအိုးနှင့် ခွက်တို့ကိုယူဆောင်လာပြီး စံထူးရှေ့သို့ချပေးကာ အတူထိုင်ရင်း ..

"ရေနွေးသောက်ဦးဗျာ ကိုစံထူး"

"ဒါနဲ့ ခင်ဗျားတစ်ယောက်တည်းလား၊ ခင်ဗျားမိန်းမ မမြင့်နဲ့သားကော မရှိဘူးလား"

"သူတို့သားအမိက ဟင်းစားသွားရှာကြတယ်ဗျ၊ ကျွန်တော်က နေ့လယ်စာအတွက် ချက်ပြုတ်နေတာ၊ ခင်ဗျားလည်းနေ့လယ်စာစားသွားပါလား"

"မစားတော့ပါဘူးဗျာ၊ အခွင့်သာတုန်း ခင်ဗျားကို ကျွန်တော်စကားတစ်ခွန်းပြောချင်တယ်"

"ဗျာ .. ကိုစံထူးစကားက အဆန်းပါပဲလား"

"ဟုတ်ပါတယ် ကိုဝင်းနိုင်၊ အခု ကျွန်တော်ပြောမယ့်စကားကို ခင်ဗျားနဲ့ ကျွန်တော်ကလွဲလို့ ဘယ်သူမှ မသိစေချင်ဘူး။ ခင်ဗျားမိန်းမကိုတောင် ခင်ဗျားအသိမပေးပါနဲ့။ ကျွန်တော်ပြောတာကို ကိုဝင်းနိုင် ကတိပေးနိုင်တယ်မဟုတ်လား"

"စိတ်ချပါ ကိုစံထူးရယ်၊ ကျွန်



www.burmeseclassic.com

တော် ကတိပေးပါတယ်''

ထို့နောက် နွားကုန်သည်စံထူးက မိမိသည် နွားကုန်သည်အစစ်အမှန်မဟုတ်ကြောင်း၊ မိမိ၏ အစစ်အမှန်အလုပ်မှာ စီအိုင်ဒီမှ စုံထောက်အရာရှိစံထူးဖြစ်ကြောင်း၊ ယခု နွားကုန်သည်အသွင်ယူ၍ ရောက်ရှိနေခြင်းမှာ ကိုဝင်းနိုင်၏သမီး မထက်ထက်နိုင် သေဆုံးမှုကို စုံစမ်းဖော်ထုတ်ဖို့ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ဖွင့်ဆိုပြ၏။

နွားကုန်သည်ဟု အမှန်တကယ် ထင်မှတ်နေသော စံထူး၏ နှုတ်မှ စုံထောက်ဖြစ်ကြောင်း ကြားသိလိုက်ရသည့်အတွက် အတန်ကြာအောင် မှင်သက်မိ၍ ငေးငိုင်နေ၏။ မျက်တောင်မခတ်ဘဲ တွေဝေနေသော ကိုဝင်းနိုင်၏ မျက်လုံးအိမ်မှာ မျက်ရည်ဝဲနေသည်ကိုလည်း စံထူးက ကောင်းစွာ မြင်တွေ့နေ၏။ ထို့ကြောင့် စံထူးက–

''ကိုဝင်းနိုင်ကို ကတိတောင်းတယ်ဆိုတာ ကျွန်တော့်အတွက် မဟုတ်ပါဘူး။ နစ်နာဆုံးရှုံးခဲ့တဲ့ ခင်ဗျားအတွက်ပြောတာပါ''

''ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော့်ဘက်က အစစအရာရာ စိတ်ချပါ၊ အမှုမှန်ပေါ်ဖို့အတွက် ကျွန်တော်ဘက်က တတ်စွမ်းသလောက်အကူအညီ ပေးပါ့မယ်''

အခန်း(၅)

''ဟယ် ..အစ်ကိုစံထူး၊ ဘယ်တုန်းကရောက်နေတာလဲ။ ကျုပ်တို့သားအမိ ဟင်းစားအတွက် ငါးကြီးတစ်ကောင်ရလာတယ်။ နေ့လယ်စာစားပြီးမှ ပြန်ပါလားတော်''

အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလို ကိုဝင်းနိုင်၏ဇနီး မမြင့်မာလာနှင့်သားဖြစ်သူတို့ နေအိမ်သို့ရောက်လာ၏။ နေအိမ်တွင် ခင်ပွန်းသည်နှင့် စံထူးကို မြင်တွေ့၍ မမြင့်မာလာက စံထူးကို အထက်ပါစကားဖြင့် ထမင်းစားဖိတ်၏။

''မစားတော့ပါဘူး မမြင့်ရယ်၊ ကျွန်တော် အရေးအဝယ်ကိစ္စလေး ရှိနေလို့ နောက်မှပဲ ဆုံကြတာပေါ့''

ဟု စံထူးမှ ပြောဆိုနှုတ်ဆက်ပြီး ထိုင်ရာမှထကာ နေအိမ်အပြင်သို့ ထွက်လာ၏။ ကိုဝင်းနိုင်ကလည်း ထိုင်ရာမှထကာ စံထူး၏နောက်မှ နေအိမ်အပြင်သို့ လိုက်ပါလာ၏။ အိမ်ရှေ့လမ်းပေါ်အရောက် စံထူးက ကိုဝင်းနိုင်ကို နှုတ်ဆက်၍ ရွာလမ်းအတိုင်း လျှောက်လာခဲ့၏။ ကျောခိုင်းသွားသော စံထူးကို ကိုဝင်းနိုင်မှ ငေးမောကြည့်နေစဉ်–

''အစ်ကို ..ဘာတွေများ အဲဒီလောက်တွေးနေငေးနေရတာလဲ''

ဇနီးသည် မမြင့်မလာ၏ အသံကြောင့် ကိုဝင်းနိုင်၏အတွေးစက အဝေးသို့ လွင့်ပါးသွား၏။ ထို့နောက် ကိုဝင်းနိုင်က ...

''ဩော် ..ကိုစံထူးအကြောင်း တွေးမိလို့ပါ''

''ကိုစံထူးက ဘာအကြောင်းတွေ ဖြစ်လာလို့တုန်း''

''သူ့မှာက သားမရှိ မယားမရှိ၊ ညီအစ်ကိုမောင်နှမလည်းမရှိ၊ မိဘမဲ့ဘဝနဲ့ ထောင်တန်းကျခဲ့တဲ့ဘဝကို ပြောပြလို့ သူ့အပေါ် စိတ်မကောင်းဖြစ်မိတာပါ''

''အဲဒါတွေထားလိုက်ပါတော့ အစ်ကိုရယ်၊ ဒီနေ့ဟာ သမီးလေး မိထက် သေဆုံးတဲ့ ခြောက်လပြည့်တဲ့နေ့လေ''

''အေး ..ဟုတ်သားပဲ''

''အဲဒါ ..ဟင်းစားရလာတဲ့ ငါးကိုချက်ပြုတ်ပြီး သမီးလေးအတွက် ကုသိုလ်ဆက်ပေးဖို့ ဘုန်းကြီးကျောင်းမှာ ဆွမ်းနဲ့ဆွမ်းဟင်းသွားကပ်ရအောင်ပါ''

ဇနီးမယား၏ အသိပေးစကားကြောင့် ကိုဝင်းနိုင်နှင့်မမြင့်မာလာတို့ မီးဖိုချောင်သို့ ဝင်ခဲ့ကြ၏။ မမြင့်မာလာက ဖမ်းမိလာသောငါးကို ချက်ပြုတ်ရန် ခုတ်ထစ်နေ၏။ ကိုဝင်းနိုင်က အိုးခွက်ပန်းကန်စီမံပေး၏။ အသင့်ဖြစ်နေသော ငါးကို မမြင့်မာလာက ချက်ပြုတ်၏။ ဟင်းလျာအဖြစ်သို့ ရောက်ရှိသောအခါ ချက်ပြုတ်ပြီးသော ထမင်းနှင့်ငါးဟင်းကို ဆွမ်းချိုင့်တွင်ထည့်၏။ ထို့နောက် ကိုဝင်းနိုင်နှင့် မမြင့်မာလာတို့က ဆွမ်းချိုင့်ဆွဲ၍ ရွာဦးကျောင်းသို့ ..။

ရွာဦးကျောင်းရောက်တော့ ကိုဝင်းနိုင်က ဘုန်းတော်ကြီးအား လာရင်းအကြောင်းကို လျှောက်တင်ပြီး ဆွမ်းချိုင့်ကို ဆက်ကပ်၏။ ထို့နောက် ဘုန်းတော်ကြီးမှ သီလပေး၍ ကိုဝင်းနိုင်နှင့် မမြင့်မာလာတို့က သီလခံယူကြ၏။ သီလခံယူပြီးနောက် ဘုန်းတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြ၏။ ဒါန၊ သီလ၊ ဘာဝနာ ကိစ္စအဝဝပြီးမြောက်၍ လှူဒါန်းမှုအစုစု၏ ကုသိုလ်အဖို့ကို အမျှဝေကြ၏။ ဤသို့အမျှဝေရာတွင် ဘဝတစ်ပါးပြောင်းသွားသော သမီးမထက်ထက်နိုင်၊ ပြစ်မှုကျူးလွန်ခဲ့ကြသောသူများနှင့် ၃၁ ဘုံ



www.burmeseclassic.com

သားအားလုံးသို့ ကုသိုလ်အဖို့ကို မျှဝေပေးကြ၏။ အလှူရှင်လင်မယားကလည်း သာဓုခေါ်၍ကုသိုလ်ယူကြသည်။

ထို့နောက် ကိုဝင်းနိုင်နှင့် မမြင့်မာလာတို့သည် ရွာဦးကျောင်းမှ နေအိမ်သို့ ပြန်လာကြ၏။ ရွာလမ်းခရီးတစ်နေရာတွင် မမြင့်မာလာက ..

"သမီးလေးအမှုလည်း အခုထက်ထိ ဘာမှမထူးခြားသေးဘူးနော်"

အခန်း(၆)

"တစ်နေ့တော့ ထူးခြားလာရမှာပေါ့။ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပါဘူး"

တစ်နေ့ ညနေပိုင်းတွင်ဖြစ်၏။ အညာစုရွာအထွက်ရှိ ဦးလှ၏ ကွဲတဲတွင် စံထူးနှင့်ကိုဝင်းနိုင်တို့နှစ်ဦး အရက်အတူသောက်နေကြ၏။ အမှုမှတရားလိုဖြစ်သူ ကိုဝင်းနိုင်က သေဆုံးသူ သမီးမိထက်၏ အမှုအခြေအနေကို တီးတိုးမေး၏။ ဒီတော့ စံထူးက အထက်ပါစကားဖြင့် ကိုဝင်းနိုင်ကို ဖြေသိမ့်ပေး၏။

"ကိုဝင်းနိုင်အနေနဲ့ သမီးသေဆုံးပြီးတဲ့နောက်ပိုင်း ရွာမှာထူးထူးခြားခြားဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကြားသိတာများရှိလား"

"ရှိပါတယ်"

မထက်ထက်နိုင်သေဆုံးပြီး ၄/၅ ရက်ခန့်အကြာ အခင်းဖြစ်နေရာတွင် ညစဉ် လေးငါးရက်ခန့် အမွှေးတိုင်များ ထွန်းထားသည်ကို တွေ့မြင်သော်လည်း မည်သူထွန်းညှိထားသည်ကိုမသိကြောင်း၊ အခင်းဖြစ်ပြီး ၄ လခန့်တွင် တစ်ရွာတည်းနေ ညွှန့်ဝင်းအား ရဲစခန်းမှ အမှုဖြင့် ခေါ်ယူစစ်ဆေးပြီး တစ်ရက်နှစ်ရက်အကြာတွင်ပြန်လွှတ်လိုက်ကြောင်း၊ ရဲမှ ပြန်လွှတ်ပြီးကတည်းက ညွှန့်ဝင်းမှာ ရွာတွင်မနေတော့ဘဲ ပျောက်ဆုံးနေကြောင်း၊ ထို့ပြင် တစ်ရွာတည်းနေ စိုးနိုင်မှာလည်း အခင်းဖြစ်ပြီး ၃ လခန့်အကြာတွင် ရဟန်းဝတ်သွားပြီး ယနေ့တိုင် ညောင်ပင်သာကျောင်းတွင် ရှိနေကြောင်း စသည့်တွေ့မြင်ကြားသိမှုတို့ကို ကိုဝင်းနိုင်မှ စံထူးသို့ ပြောဆိုပြ၏။

ကိုဝင်းနိုင်၏ စကားအဆုံးတွင် စံထူးက အရက်သောက်ရင်း စဉ်းစားတွေးတောနေ၏။ မိမိသည် အခင်းဖြစ်ပွားရာ အညာစုရွာတွင် ရှိနေသူများကို မသိသူမရှိသလောက် ခင်မင်ရင်းနှီးသူဖြစ်၏။ ယခုမှ ကိုဝင်းနိုင်ပြောသော ညွှန့်ဝင်းနှင့်စိုးနိုင်ကို မြင်လည်းမမြင်ဖူး ဆုံလည်းမဆုံဘူးဖြစ်နေ၏။ ဒါကလည်း စံထူး အညာစုမရောက်ခင်ကတည်းက ပြောင်းလဲပျောက်ကွယ်သွားခြင်းဖြစ်၍ မတွေ့မသိခြင်းသာဖြစ်ကြောင်း တွေးဆမိ၏။ အတွေးစကိုဖောချ၍ စံထူးက ..

"စိုးနိုင်ဆိုတာက ဘယ်အိမ်ကလဲ .. ဘယ်သူ့သားလဲ"

"သူ့အဖေကို ကိုစံထူးသိပါတယ်၊ ဦးတင်အောင်သားလေ"

"ဩော် .. သိပြီ .. သိပြီ၊ ဦးတင်အောင်အဘွားကြီးက ညောင်ပင်သာကျောင်းကို မကြာမကြာသွားနေတာ .. သူ့သားဘုန်းကြီးဝတ်ရှိလို့ကိုး"

"ညွှန့်ဝင်းကကော ဘယ်သူ့သားလဲ၊ ဘယ်အိမ်ကလဲ"

"ညွှန့်ဝင်းအဖေက ဦးထွန်းစီဗျ၊ ဒါပေမဲ့ ဦးထွန်းစီက မရှိတော့ဘူး ညွှန့်ဝင်းသမီးက မသဲဖြူလေ။ ကိုစံထူ နဲ့လည်း ရင်းနှီးပါတယ်"

"ဩော် .. ဟုတ်ပြီ .. ဟုတ်ပြီ ကဲ .. ကိုဝင်းနိုင် လက်ကျန်လေးဖြ လိုက်ကြရအောင်။ သောက်ပြီးရ ကျွန်တော် ခင်ဗျားကို အိမ်လိုက်ပို့ မယ်"

"မပို့ပါနဲ့ ကိုစံထူးရယ်၊ ကျွ တော်မမူးပါဘူး"

"ခင်ဗျားမမူးမှန်း ကျွန်တော်သိ ပါတယ်။ ဒါပေမဲ့ ကျွန်တော်မူးချ ယောင်ဆောင်ချင်လို့ပါ"

ထို့နောက် စံထူးနှင့် ကိုဝင်းနိ တို့သည် လက်ကျန်အရက်နှင့်အမြ ကို ကုန်စင်အောင် ဖြတ်တောက် ပြီး ဦးလှ၏ ကွဲတဲမှ ရွာထဲသို့ လျှော လှမ်းလာ၏။ စံထူးက ကိုဝင်းနိုင် ပခုံးအား နောက်ကျောမှ လက် သိုင်းဖက်၍ သိုင်းကွက်နင်းကာလျှော လှမ်းလာ၏။ ခဏအကြာ ကိုဝင်း အိမ်ရှေ့သို့ ရောက်ရှိခဲ့၏။ ထို့နော ကိုဝင်းနိုင်အား နှုတ်ဆက်၍ စံ တစ်ဦးတည်း ယိမ်းယိုင်စွာဖြင့် ရွာလ အတိုင်း နောက်ကြောင်းသို့ ပြန် ၏။ ရွာလယ်လမ်းတစ်နေရာအရော တွင် မျက်နှာချင်းဆိုင်မှ လျှောက် သူတစ်ဦးက ..

"အစ်ကိုစံထူး ရေချိန်ကိုက် ပြီနဲ့တူတယ်"

အမှောင်တွင်းမှ အသံကို ကြားရ၍ လူလုံးမသဲကွဲသဖြင့် စံ က ..

"ဟော့ .. မင်းက ဘယ်သူ

"ကျွန်တော် ဘော ပါ အစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုက်ပို့ပေးမယ်လေ။ ဘယ်သူ့ဆီကို ပို့ပေးရမှာလဲ''

အညာစုရွာနေ ဘောဂ(ခ)ညွန့်စန်းမှ စံထူးအား သိုင်းဖက်၍ နောက်ကြောင်းသို့ အတူလျှောက်လာ၏။ ဘောဂ(ခ)ညွန့်စန်းကလည်း စံထူးအတွက် လူစိမ်းမဟုတ်။ အတူသောက် အတူစားဖူးသူ လူရင်းဖြစ်၏။ အညာစုရွာအထွက်အရောက် ..

''ညီလေး .. ဘောဂ၊ ဦးကြီးလှရဲ့ ကျွဲတဲရောက်ပြီလား''

''ဟုတ်ကဲ့ .. ရှေ့မှာဦးကြီးလှကျွဲတဲပါ၊ အစ်ကိုက အဲဒီမှာ အိပ်မှာလား''

''အေး .. ဦးမြအိမ်မှာက အားနာဖို့ကောင်းတယ်ကွ၊ အစ်ကို တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရအောင် ဦးကြီးလှက သူ့ကျွဲတဲကို အပိုင်စားပေးထားတယ်လေ''

ကျွဲတဲအဝင်တွင် ဘောဂက စံထူးအား ကျွဲတဲအတွင်းရှိ ဝါးကွပ်ပျစ်ပေါ်၌ အသာအယာ လဲလျောင်းစေ၏။ ထို့နောက် ကွပ်ပျစ်ပေါ်ရှိ စောင်ကြမ်းဖြင့် ခြုံလွှားပေး၏။ အိပ်မပျော်သေးသော စံထူးကို ဘောဂက ..

''အစ်ကို .. ကျွန်တော်ပြန်လိုက်ဦးမယ်''

အခန်း(၇)

''ဘာကိစ္စရှိလို့လဲဗျ''

ကုလားချောင်းကြီးရဲစခန်းအဝင်တွင်ဖြစ်၏။ ဝါးခမောက်ဦးထုပ်ကို ဆောင်း၍ ပလတ်စတစ်အကြည်ရောင် မိုးကာစကို ခြုံလွှမ်းကာ လွယ်အိတ်အဟောင်းလွယ်လျက် ရာဘာဖိနပ်အစုတ်ဖြင့် လူတစ်ဦးရောက်လာ၏။ ထိုသူ၏ ပုံပန်းသဏ္ဌာန်မှာ မြင်ရုံဖြင့် ကျေးလက်တောရွာမှဖြစ်ကြောင်း မပြောဘဲသိနိုင်ပါ၏။ ထိုသူကား တခြားသူမဟုတ်၊ နွားသမားစံထူးအသွင်ယူထားသူ စုံထောက်စံထူးပင်ဖြစ်ပါ၏။ စံထူးက စခန်းမှူးနှင့်တွေ့လိုကြောင်း ဆို၏။ သူ့ပုံသူ့ပန်းနှင့် ရဲအရာရှိကို တွေ့လိုကြောင်းပြောလာ၍ စခန်းလုံခြုံရေးတာဝန်ကျကင်းမှူးက ထိုသူကို အရှုံးပါးစပ်မှ နုတ်စကားထွက်လေရော့သလားဟုအထင်ဖြင့် တွေ့လိုသည့်ကိစ္စကို အထက်ပါစကားဖြင့် ခပ်ထန်ထန်ပင်မေး၏။ ကိုယ့်အဖြစ်နှင့်ကိုယ့်အသွင် ကိုယ်သာလျှင်သိသော စံထူးက ..

''စခန်းမှူးရဲ့မိတ်ဆွေတစ်ယောက်က စကားကြုံပါးလိုက်လို့ သူနဲ့တွေ့ပြီး ပြောချင်လို့ပါ''

ဟု ရိုကျိုးသောအမူအရာ၊ ချိုသာနှိမ့်ချသော လေသံတို့ဖြင့် ပြောဆိုပါ၏။ ဒါကိုပင် စံထူးအား ခြေစွန်းခေါင်းဖျားစူးစိုက်ကြည့်၍ ရဲကင်းမှူးက–

''အဲဒါဆိုလည်း ခင်ဗျား ဒီခုံတန်းရှည်မှာ ခဏထိုင်ဗျာ၊ ကျုပ်စခန်းမှူးကို သတင်းပို့ပေးမယ်''

ဟု ပြော၏။ စံထူးလည်း ကင်းစခန်းရှိ ခုံတန်းရှည်တွင် ဝင်ထိုင်၏။ ရဲကင်းမှူးလည်း ကင်းစခန်းမှ စခန်းမှူး၏ရုံးခန်းသို့ ထွက်သွား၏။ ခဏအကြာ ရဲကင်းမှူးလည်း စခန်းမှူးရုံးခန်းမှထွက်လာပြီး ကင်းစခန်းသို့ရောက်ရှိလာ၏။ ထို့နောက် ရဲကင်းမှူးက–

''မိုးစိုနေတဲ့ ခင်ဗျားရဲ့ဦးထုပ်နဲ့ မိုးကာကို ဒီတန်းပေါ်တင်ခဲ့။ ခြေထောက်မှာ ပေကျံနေတဲ့ ရွှံ့တွေကို ဟိုကျောက်စည်ကရေနဲ့ ဆေးကြောပြီးမှ စခန်းမှူးဆီဝင်ပါ''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

စံထူးလည်း ရဲကင်းမှူးခိုင်းသည့်အတိုင်း တသဝေမတိမ်းပြုမူပြီးနောက် ရဲစခန်းမှူး၏ ရုံးခန်းဆီသို့ လျှောက်လှမ်းလာ၏။ ရုံးခန်းအဝင်ပေါက်တွင် ရပ်လျက် ...

''ဝင်ခွင့်ပြုပါ ခင်ဗျာ''

ဟု စံထူးမှ အသံပြု၏။ ရုံးခန်းတွင်း အသင့်ရှိနေသူ ရဲစခန်းမှူးက–

''လာပါ ခင်ဗျ''

ဟု ဖိတ်ခေါ်၍ စံထူးက စခန်းမှူးစားပွဲရှေ့ရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင်၏။ စခန်းမှူးက စံထူးအား လာရင်းကိစ္စကို မေး၏။ စံထူးက လွယ်အိတ်ဟောင်းအတွင်းသို့လက်နှိုက်၍ အတွင်းအိတ်ကပ်မှ ပိတ်ထားသောဇစ်ကိုဆွဲဖွင့်ပြီး ပစ္စည်းတစ်ခုကိုထုတ်ယူနေ၏။ ထို့နောက် လက်ထဲတွင်ပါလာသော ကတ်ပြားငယ်တစ်ခုကို စခန်းမှူးသို့ ကမ်းပေး၏။ စခန်းမှူးမှ ကတ်ပြားငယ်ကို လှမ်းယူကြည့်ရှုရာ ဝန်ထမ်းစိစစ်ရေးကတ်ဖြစ်နေ၏။ စိစစ်ရေးကတ်တွင်ပါရှိသော ဓာတ်ပုံ၊ အမည်၊ ရာထူးအဆင့်နှင့် ဌာနတို့ကို ကြည့်ရှု၍ စံထူးသို့တစ်လှည့် ကတ်ပြားသို့ တစ်လှည့်ကြည့်ရင်း အားတောင့်အားနာဖြစ်နေ၏။ ထို့နောက် စခန်းမှူးက ..

''ကျွန်တော် ဘာများအကူအညီပေးရမလဲ ဆရာ''

ဒီတော့ စုံထောက်စံထူးက မိမိလာရင်းကိစ္စနှင့် အခင်းဖြစ်ပွားရာ အညာစုရွာသို့ စတင်ရောက်ရှိသည်မှ



www.burmeseclassic.com

ယနေ့ ရဲစခန်းသို့ ရောက်ရှိလာသည်အထိ၊ သိသင့်သိထိုက်သောအကြောင်းအရာအချို့ကို စခန်းမှူးသို့ ဖွင့်ဆိုပြ၏။ အဓိကအရေးကြီးဆုံးအချက်မှာ အခင်းဖြစ်ရွာ၌ မိမိရောက်ရှိနေခြင်းကို စခန်းမှူးတစ်ဦးမှလွဲ၍ မည်သူ့ကိုမျှ အသိမပေးရန် သတိပေး၏။ ရဲစခန်းမှူးဖြစ်သူကလည်း စုံထောက်အရာရှိသင်တန်းတက်ရောက်ပြီးသူဖြစ်၍ သဘောပေါက်နားလည်မှုရှိကြောင်းနှင့် အကြောင်းကိစ္စရှိပါက မိမိနှင့်သာ တိုက်ရိုက်ဆက်သွယ်ရန် ပြောဆို၏။ ထို့နောက် စုံထောက်စံထူးက ..

"အဲဒီအမှုနဲ့ပတ်သက်ပြီး ပြစ်မှုကျူးလွန်တဲ့သူကို ဘယ်လိုယူဆမိလဲ"

"ပြစ်မှုကျူးလွန်တဲ့သူဟာ အခင်းဖြစ်တဲ့ရွာက၊ ဒါမှမဟုတ်ရင်လည်း အဲဒီ ရွာနီးပတ်ဝန်းကျင်ကလို့ ယူဆရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ..—

အခင်းဖြစ်သည့်နေ့ ၄–၃–၂၀၀၉ ညတွင် ညောင်ပင်စုကျေးရွာတွင် ဦးမောင်ဦး၏အလှူ၌ ပတ္တမြားသန်းစိုး ဆိုင်းဝိုင်းဖြင့် ညှော်ခံ၏။ ထိုဆိုင်းဝိုင်းသို့ ရွာနီးချုပ်စပ်မှ လူအများလာရောက်ကြည့်ရှုကြ၏။ ထိုဆိုင်းပွဲတွင် ဈေးရောင်းသူများကလည်း အစားအစာ၊ အချိုရည်၊ အရက် စသည့် အသုံးအဆောင်ပစ္စည်းများကို ရောင်းချကြ၏။ ထူးခြားမှုတစ်ခုမှာ နောက်တစ်နေ့မနက် အခင်းဖြစ်နေရာတွင် သေဆုံးသူမိန်းကလေး၏ရုပ်အလောင်းအနီး၌ ရွှေနှင်းဆီတံဆိပ်ဖြင့် ဆေးပေါ့လိပ်တိုတစ်ခုကို တွေ့၏။ ထိုဆေးလိပ်တိုမှာ မိမိတို့ဒေသတွင် အလှူအတန်းရှိသည့်အခါမျိုး၌ ပေးကမ်းလေ့ရှိသော ဆေးပေါ့လိပ်ဖြစ်၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် ထိုအလှူသို့ လာသောသူပင် ဖြစ်နိုင်ကြောင်း စခန်းမှူးမှ သုံးသပ်ပြ၏။

"ခင်ဗျားပြောတာ .. ဖြစ်နိုင်ပါတယ်၊ တောအလှူဆိုတော့ ပွဲကလည်း ငတ်၊ လူကလည်းများဆိုတော့ ဘယ်သူဘယ်ဝါဆိုတာ ခြေရာကောက်ဖို့တော့ မလွယ်လှဘူး"

"ဟုတ်ပါတယ် ဆရာ"

"အမှုနဲ့ပတ်သက်ပြီး သင်္ကာမကင်းလို့ ဖမ်းဆီးတာ၊ ခေါ်ယူစစ်မေးတာများရှိသလား"

"အမှုနဲ့ပတ်သက်ပြီး သင်္ကာမကင်းလို့ ခေါ်ယူစစ်မေးတဲ့သူ တစ်ယောက်တော့ရှိပါတယ်"

"သူက ဘယ်သူလဲ"

အခန်း(၇)

"ဦးညွှန့်ဝင်းပါ"

စုံထောက်တစ်ယောက် ကုလားချောင်းကြီးရဲစခန်းမှ အညာစုရွာသို့ ပြန်ရောက်လာ၏။ မိမိစတည်းချရာ ကျွဲတဲသို့ မသွားသေးဘဲ မသဲဖြူနေအိမ်သို့ သွား၏။ နေအိမ်တွင် မသဲဖြူတစ်ဦးသာရှိ၏။ မသဲဖြူသည် အသက် ၁၉ နှစ်ရှိ မိန်းမပျိုလေးတစ်ဦး ဖြစ်၏။ အညာစုရွာသို့ ရောက်ရှိနေသော နွားသမားစံထူးနှင့် ခင်မင်ရင်းနှီးနေသူ ဖြစ်၏။ သူမ၏ဖခင်ကိုမူ စံထူး ရွာရောက်ကတည်းက မြင်တွေ့ဖူးခြင်း မရှိပါ။ သို့သော် မသဲဖြူ၏ဖခင်မှာ ဦးညွှန့်ဝင်းဖြစ်ကြောင်းနှင့် ရွာတွင်မရှိကြောင်းကိုမူ စံထူးမှကောင်းစွာသိရှိထား၏။ ထိုအသိကို ဖုံးကွယ်၍ မသိကျိုးကျွံပြုကာ စံထူးက မသဲဖြူ၏ ဖခင်အမည်ကို မေး၏။ မသဲဖြူက သူ့ဖခင်၏ 'အမည်ကို အထက်ပါစကားဖြင့် ဖြေ၏။

"သဲဖြူအဖေက ခရီးသွားတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အစ်ကိုရဲ့၊ ဘာဖြစ်လို့လဲ"

"အစ်ကို ဒီမနက်ပဲ သနပ်ပင်က ပြန်ရောက်တယ်။ ဦးကြီးလှရဲ့ ကျွဲတဲကို မသွားသေးဘဲ ငါ့ညီမဆီ ပြောစရာရှိလို့ အရင်လာခဲ့တာ"

"ဘာပြောစရာရှိလို့လဲ အစ်ကို ပြောလေ"

ယမန်နေ့က စံထူးသည် ဝယ်စရာရှိ၍ သနပ်ပင်မြို့သို့ရောက်ရှိခဲ့ပြီး သနပ်ပင်ဈေး၌သူငယ်ချင်းတစ်ယောက်နှင့်တွေ့၏။ ထိုသူငယ်ချင်းသည် သနပ်ပင်ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်၏။ မတွေ့တာကြာပြီဖြစ်၍ ထိုသူငယ်ချင်းမှ ဖိတ်ခေါ်သဖြင့် သူနေထိုင်ရာ ရဲစခန်းဝင်းသို့ လိုက်သွား၏။ သူငယ်ချင်းနှင့်အတူ သနပ်ပင်ရဲစခန်း၌ စကားလက်ဆုံကျစဉ် စံထူးမှ မိမိသည် သနပ်ပင်အပိုင် ညောင်ပင်စုနှင့် အညာစုကျေးရွာများ၌ ကျွဲနွားဝယ်ရောင်းအလုပ်ကို လုပ်ကိုင်နေကြောင်းပြောပြီး ကူညီစောင့်ရှောက်ရန်ဆို၏။

ထိုအခါ သူငယ်ချင်းဖြစ်သူ ရဲက အညာစုရွာမှ ဦးထွန်းစီ၏သား ညွှန့်ဝင်းကို သိသလားဟုမေး၏။ မိမိက မသိကြောင်းနှင့် ဘာဖြစ်လို့လဲဟု မေး၏။ ထိုအခါ သူငယ်ချင်းဖြစ်သူမှ အညာစုရွာနေ ကိုညွှန့်ဝင်းအား လူသတ်မှုဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်း ထို့ကြောင့်



www.burmeseclassic.com

မိမိရှာပြန်သည့်အခါ ကိုညွန့်ဝင်း၏ မိသားစုကိုပြောဆိုပေးဖို့ မိမိနှင့် ကိုညွန့်ဝင်းတို့အား တွေ့ဆုံပေးခဲ့ကြောင်းကို စံထူးက လှည့်ပတ်၍ မသဲဖြူကို အကဲစမ်းပြောဆိုခဲ့သည်။ စံထူး၏ စကားအဆုံးတွင် ညိုးငယ်သောမျက်နှာ၊ ဝမ်းနည်းသော သံစဉ်ဖြင့် မသဲဖြူက ..

"အစ်ကို .. အဖေနဲ့တွေ့ခဲ့တယ်ပေါ့"

"ဟုတ်တယ် ညီမလေး"

"အဖေက ဘာမှာလိုက်သေးလဲ အစ်ကို"

"ညီမလေးတို့မိသားစုကို တတ်စွမ်းသမျှ စောင့်ရှောက်ပေးဖို့ပဲ ပြောပါတယ်။ ဒါပေမဲ့ ညီမလေးရယ် .. အစ်ကိုလည်း အချုပ်တို့ထောင်တို့ ကျခဲ့ဖူးတော့ ကိုယ်ချင်းစာပါတယ်။ ဒါကြောင့် အစ်ကိုတတ်နိုင်သလောက် ညီမလေးအဖေအတွက် စားစရာသောက်စရာလေးတွေ ဝယ်ပေးခဲ့တယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ဟူသော စကားနှင့်အတူ မသဲဖြူလည်း ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးလေ၏။ စံထူးလည်း သူစခဲ့သောဇာတ်ကို ဆုံးအောင် ကရပေဦးမည်။ သို့ကြောင့် စံထူးသည် မသဲဖြူကို နှစ်သိမ့်စကားဆို၍ ဖခင်ဖြစ်သူအတွက် တတ်စွမ်းသမျှ ကူညီမည့်အကြောင်းပြော၏။ အမှုနှင့်ပတ်သက်၍ ဖခင်ဘက်မှ မဟုတ်လျှင်လည်း မဟုတ်ကြောင်း၊ ဟုတ်မှန်လျှင်လည်း သက်သက်ညှာညှာဖြစ်ဖို့ သူငယ်ချင်းရဲကို ပြောဆိုပေးမည့်အကြောင်း စံထူးက ရေလာမြောင်းပေးစကားဆို၏။ ယုံကြည်သော အကြည့်၊ အားကိုးသောအသွင်ဖြင့် မသဲဖြူက ..

"အဲဒီအမှုမှာ သမီးအဖေတစ်ယောက်တည်းခံရမယ်ဆိုရင်တော့ မတရားဘူးပေါ့ အစ်ကိုရယ်"

"ဘယ်လိုဖြစ်လို့လဲ မသဲဖြူ"

"သမီး ကြားသိထားတာလေးတွေ ပြောပြပါ့မယ်၊ အစ်ကို တတ်နိုင်သရွေ့ ကူညီပါ"

ဟု ဆိုကာ ထက်ထက်နိုင်သေဆုံးမှုကို အောက်ပါအတိုင်း ဖွင့်ဆိုပြ၏။

အခင်းဖြစ်ပွားပြီးနောက် တစ်လကျော်ခန့်အကြာ သင်္ကြန်အခါရက်တွင်ဖြစ်၏။ ထိုနေ့ည ၁၂ နာရီခန့်တွင် မသဲဖြူသည် တဲအိမ်အတွင်း အိပ်စက်ရန် လဲလျောင်းနေစဉ် နေအိမ်သို့ ဘောဂ(ခေါ်)ညွန့်ဝင်း ရောက်ရှိလာ၏။ နေအိမ်တွင်ရှိနေသူ ဖခင်နှင့်တွေ့ဆုံစကားပြောကြပြီး ဖခင်ဦးညွန့်ဝင်းက–

"ငါ့ကိစ္စအတွက် အဝတ်အထည်တွေ ရှင်းပြီးပြီ။ မင်းကိစ္စပဲ ရှိတော့တယ်"

ဟု ပြော၏။ ထိုအခါ ဘောဂ(ခ) ညွန့်စန်းက ..

"ကျွန်တော်က ဦးညွန့်ဝင်းထက်မြန်ပါတယ်။ အားလုံး ရှင်းထားပြီးပြီ"

ဟု ဆို၏။ ထို့နောက် ဖခင်အား ကုလားချောင်းကြီးရဲစခန်းမှ ခေါ်ယူစစ်မေးပြီး နှစ်ရက်ခန့်အကြာတွင် ဖခင်ဦးညွန့်ဝင်းက ..

"သမီး .. အဖေနဲ့ဘောဂ ကလေးမလေးကိစ္စမှာ လက်လွန်ခြေလွန်ဖြစ်သွားခဲ့တယ်။ အဖေ ရွာမှာနေလို့ မဖြစ်တော့ဘူး"

ဟု ဆိုကာ အဝတ်အထည်များကို ထည့်ခိုင်း၏။ မသဲဖြူလည်း ဖခင်၏ အဝတ်အထည်များကို ထုတ်၍ ထည့်ပေးရန် ပြင်ဆင်နေ၏။ ဖခင်ထံတွင် အင်္ကျီ ၄ ထည်နှင့် လုံချည် ၆ ထည်သာရှိသော်လည်း ဦးမောင်ဦး အလှူညက ဖခင်ဝတ်ဆင်သွားသော လည်ကတုံးအင်္ကျီ လက်ရှည်အဖြူနှင့် လုံချည်အညိုကွက်တို့ကို မတွေ့၍ မသဲဖြူက မေး၏။ ဒီတော့ ဖခင်ဦးညွန့်ဝင်းက ထိုညကဝတ်သော အင်္ကျီ လုံချည်တို့ကို ဖျောက်ဖျက်လိုက်ပြီဖြစ်ကြောင်း ပြော၏။ ထို့နောက် ဖခင်ဦးညွန့်ဝင်းလည်း ကျန်ရှိသောအဝတ်အထည်နှင့် လှေကိုယူဆောင်ကာ နေအိမ်မှ ထွက်သွားခဲ့ကြောင်း မသဲဖြူက စံထူးသို့ ကြားသိသမျှကို ဖွင့်ဆိုပြသည်။

အခန်း(၉)

"ဘောဂရေ .. ဘောဂ"

တစ်နေ့ နေ့လယ်ပိုင်းတွင်ဖြစ်၏။ နေအိမ်တဲရှေ့မှ အော်ခေါ်သံကြောင့် ဘောဂတစ်ယောက် တဲအပြင်သို့ ထွက်လာ၏။ တဲရှေ့တွင် စံထူးကို တွေ့မြင်စဉ် ဘောဂက ..

"ဘယ်သွားမလို့လဲ အစ်ကိုစံထူး"

"အေးကွာ .. မနေ့က အစ်ကို အရောင်းအဝယ်ဖြစ်တာ တော်တော်လေးအဆင်ပြေသွားတယ်။ အဲဒါ ဒီညနေ ရွာမှာ စားသောက်ပွဲလေးလုပ်ချင်လို့ စားကောင်းသောက်ဖွယ်လေး မြို့တက်ဝယ်ရအောင် ငါ့ညီအဖော်လိုက်ခဲ့ပေးပါလား"

"သိပ်လိုက်တာပေါ့ဗျာ၊ အစ်ကိုနဲ့ဆို စည်းစိမ်ပဲယစ်ရယစ်ရ၊ နတ်ပြည်ပဲတက်ရတက်ရ၊ လိုက်ခဲ့ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စံထူးသည် ဘောဂ(ခ)ညွှန့်စန်း၏ ပခုံးကို လက်ဖြင့်နောက်ကြောမှ သိုင်းဖက်၍ လှေဆိပ်သို့ ထွက်လာကြ၏။ လှေဆိပ်တွင် ကြိုတင်စီစဉ်ထားသော မဲကြီး၏တပည့် မြွေပွေးမောင်အေးမှ စက်လှေဖြင့် အသင့်စောင့်နေ၏။ စက်လှေပေါ်သို့ စံထူးက အရင်တက်၍ ပဲ့ပိုင်းတွင် ဝင်ထိုင်၏။ ထို့နောက် ဘောဂမှ လှေပေါ်တက်၍ လှေဦးပိုင်းတွင် ထိုင်၏။ စံထူးက ထွက်လို့ရပြီဖြစ်ကြောင်း ပြောရာ မြွေပွေးမောင်အေးမှ စက်နှိုး၍ စက်လှေကိုမောင်းနှင်လေ၏။

စက်လှေပေါ်တွင် လိုက်ပါလာသော စက်လှေမောင်းသူနှင့် စီးလာသူနှစ်ဦးတို့မှာ ရေပြင်ကိုကြည့်၍ အတွေးကိုယ်စီဖြင့် ရှိနေကြ၏။ လှေဦးပိုင်းမှ ဘောဂက ညနေ စံထူး၏ညှော်ခံပွဲတွင် သူကိုယ်တိုင်စီမံပေးမည့် မြည်းစရာနှင့် ဟင်းလျာစသည့် ဖွယ်ဖွယ်ရာရာဖြစ်ဖို့ စဉ်းစားလျက် အတွေးဖြင့် ပီတိဖြစ်နေ၏။ လှေပဲ့ပိုင်းမှ စံထူး၏အတွေးကမူ ဆိပ်ကမ်းရောက်လျှင် ဘောဂကို မည်သို့မည်ပုံဖမ်းချုပ်ရမည်။ မည်သို့မည်ပုံ စစ်မေးရမည် စသည့် မိမိလုပ်ငန်းအတွက် နဖူးကြောရှုံ့ကာ တွေးဆနေ၏။ ပဲ့ကိုင်စက်မောင်း မြွေပွေးမောင်အေးကား စံထူးနှင့်အတူ လိုက်ပါ၍ ခိုင်းသမျှကို ကူညီလုပ်ကိုင်ပေးဖို့ အတွေးကိုယ်စီရှိနေကြ၏။

မကြာမီပင် စက်လှေမှာ စက်ရှိန်လျှော့၍ ကုလားချောင်းကြီးကမ်းစပ်သို့ ဦးတည်နေ၏။ စက်လှေဦးနှင့် ကမ်းစပ်ထိကပ်မိသောအခါ လှေဦးပိုင်းမှ ဘောဂက အရင်ဆင်း၏။ ထို့နောက် လှေကို လှုပ်လွန့်ခြင်းမရှိစေရန်နှင့် ငြိမ်သက်စေရန်အတွက် လှေဦးပိုင်းကို လက်နှစ်ဖက်ဖြင့် ထိန်းချုပ်ထား၏။ ထိုစဉ် လှေပဲ့ပိုင်းမှ စံထူးလည်း လှေပေါ်မှဆင်းရန် လှေဦးပိုင်းသို့ လျှောက်လာ၏။ စံထူး၏ လက်တစ်ဖက်မှာ လွယ်အိတ်အတွင်းသို့နှိုက်၍ တစ်စုံတစ်ခုကို ဆွဲကိုင်ထား၏။ လှေဦးပိုင်းသို့ အရောက် စံထူး၏ လွယ်အိတ်အတွင်းမှ လက်ထိပ်တစ်စုံက ခုန်ထွက်လာပြီး လှေဦးကို ချုပ်ကိုင်ထားသော ဘောဂ၏ လက်ကောက်ဝတ်နှစ်ဖက်ဆီသို့ ထိန်းချုပ်လိုက်ပါသည်။

"ဟာ ‥ ဟာ ‥ အစ်ကို ‥ အစ်ကို ဘာလုပ်တာတုန်း"

အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ အသွင်သဏ္ဍာန်များနှင့်အတူ ဘောဂ၏ သံစဉ် (Tone) ကလည်း အထက်ပါအတိုင်း တုန်လှုပ်စွာထွက်ပေါ်လာ၏။ ခတ်ထားသော လက်ထိပ်ကို မြဲမြဲစွာ ဆွဲကိုင်လျက် စံထူးက ‥

"မင်းကို ဖမ်းချုပ်တာပေါ့ကွ"

"အစ်ကို ‥ အစ်ကိုက ရဲလား"

"အေး ‥ ရဲလို့ပြောလည်း မမှားဘူး။ ဒါပေမဲ့ ငါက ဒီနယ်မြေက ရဲမဟုတ်ဘူး။ စီအိုင်ဒီက စုံထောက်စံထူးကွ။ မင်းတို့ရွာက ထက်ထက်နိုင်သေဆုံးမှုကို စုံစမ်းနေတဲ့ စုံထောက်အရာရှိတစ်ယောက်ပဲ"

"အဲဒီကလေးမသေတာနဲ့ ကျွန်တော် ဘယ်လိုပတ်သက်လို့လဲ"

"ပတ်သက်တယ် ‥ မပတ်သက်ဘူးဆိုတာ မင်းအသိဆုံးပါ။ မင်း မသိဘူးဆိုရင်လည်း ရဲစခန်းရောက်တော့ ငါ ပြောပြရမှာပေါ့"

ဟု ဆိုကာ စုံထောက်စံထူးသည် ဘောဂအား တွဲခေါ်၍ ကုလားချောင်းကြီးရဲစခန်းသို့ လျှောက်လှမ်းခဲ့၏။ ပဲ့ကိုင် မြွေပွေးမောင်အေးကလည်း လှေပေါ်တွင်အသင့်ရှိနေသော လှော်တက်ကိုထမ်း၍ စုံထောက်စံထူးနှင့်အတူ လိုက်ပါလာ၏။ ကုလားချောင်းကြီးရဲစခန်း၏ ကင်းစခန်းရှေ့အရောက်တွင် စုံထောက်စံထူးက ‥

"မြွေပွေး ‥ မင်းပြန်တော့၊ မဲကြီးကိုလည်း ငါက ကျေးဇူးတင်တဲ့အကြောင်း မင်းပဲပြောပြလိုက်ကွာ"

ဟု ဆိုသဖြင့် မြွေပွေးမောင်အေးလည်း ရဲစခန်းမှ လှေဆိပ်သို့ ထွက်သွား၏။ ရဲစခန်း၏ ကင်းစခန်းရှေ့တွင် ခပ်ငွမ်းငွမ်းတောသားနှစ်ယောက်၊ တစ်ယောက်က လက်ထိပ်ခတ်လျက်၊ တစ်ယောက်က ထိုသူကို ချုပ်ကိုင်ထား[illegible] ထိုနေ့က ကင်းစခန်းတာဝန်ကျသူမှာ ယမန်နေ့က စုံထောက်စံထူး ရဲစခန်းသို့ရောက်ရှိလာစဉ် စစ်ကြောမေးမြန်းခဲ့သော ကင်းမှူးပင်ဖြစ်၏။ ထိုကင်းမှူးသည် ကင်းစခန်းရှေ့ရှိနေသူနှစ်ဦးကို ဝေခွဲမရ ဖြစ်နေ၏။ ထိုစဉ် စုံထောက်စံထူးက ‥

"စခန်းမှူးရှိလား"

ဟု လေသံမာမာဖြင့် မေး[illegible] အခြေအနေကို ရိပ်စားမိသော ကင်းမှူးက ‥

"ဟုတ် ‥ ဟုတ်ကဲ့ ရုံးခန်းထဲမှာရှိပါတယ်"

ဟု ရိုကျိုးစွာပြောပြီး ထိန်းချု[illegible] လာသော ဘောဂကိုပင် ကူညီကာ[illegible] စခန်းမှူးအခန်းသို့ ပို့ဆောင်ပေး၏။ [illegible] စခန်းမှူး၏ရုံးခန်းအတွင်း စုံထောက်[illegible]



www.burmeseclassic.com

စံထူးကို မြင်တွေ့လိုက်သော စခန်းမှူးမှ မတ်တပ်ရပ်၍ အလေးပြုနှုတ်ဆက်၏။ ဒါကို မြင်တွေ့သွားသော ကင်းစခန်းမှူးမှာ စုံထောက်စံထူး၏ အသွင်သဏ္ဍာန်ကို အမြင်မှန်မသိ၍ အသိတရားရှိသွားကာ စခန်းမှူးရုံးခန်းမှ ထွက်ခွာသွားခဲ့ပါသည်။

အခန်း(၁၀)

ကုလားချောင်းကြီးရဲစခန်းရှိ စစ်ကြောရေးခန်းတွင်ဖြစ်၏။ စုံထောက်စံထူး၏ စားပွဲရှေ့တွင် လက်ထိပ်ခတ်လျက် ငြိမ်သက်စွာတည်ရှိနေသူမှာ ဘောဂ(ခ)ညွန့်စိန်းဖြစ်၏။ ဘောဂသည် ခေါင်းကိုငုံ့လျက် စုံထောက်စံထူးကိုပင် မကြည့်ဝံ့အောင် ရှိနေ၏။ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော စုံထောက်စံထူးက ဘောဂ၏ အခြေအနေကို ရိပ်စားမိ၏။ အကြမ်းနည်းဖြင့် စစ်မေးသည်ထက် အနုနည်းဖြင့် ညင်သာစွာဆက်ဆံမေးမြန်းခြင်းက အောင်မြင်မှုရှိနိုင်ကြောင်း ရိပ်စားမိ၍ စုံထောက်စံထူးက ..

"ဘောဂ ညီလေး၊ မင်း .. အစ်ကို့ကို စုံထောက်အရာရှိတစ်ယောက်လို့မမြင်ဘဲ မင်းကိုအကူအညီပေးမယ့် အစ်ကိုရင်းလို သဘောထားပြီး ထက်ထက်နိုင်သေဆုံးမှုမှာ ငါ့ညီရယ်၊ ကိုညွန့်ဝင်းရယ် ဘယ်လိုဘယ်ပုံ ပြစ်မှုကျူးလွန်ခဲ့တယ်ဆိုတာ မှန်မှန်ကန်ကန်ပြောပြပါလား။ မင်းဘက်က အမှန်အတိုင်းပြောပြရင် အစ်ကို့ဘက်ကလည်း တတ်စွမ်းသမျှ ကူညီလို့ရတာပေါ့။ ဒါက မင်းကို ညီရင်းတစ်ယောက်လို ခင်တွယ်လို့ပါ"

"အေး .. အဲဒီလိုမှ မဟုတ်ဘဲ၊ မင်းက ငါ့ကို ဖုံးလားကွယ်လားနဲ့ လိမ်ညာနေမယ်ဆိုရင် ငါက နွားသမားအသွင်ယူထားတဲ့ စုံထောက်၊ မင်းက ပြစ်မှုကျူးလွန်တဲ့ တရားခံဆိုပြီး မာမာတင်းတင်းဖြစ်ကြရင် မကောင်းဘူးပေါ့ကွာ။ အဲဒါကြောင့် မင်းကြိုက်နှစ်သက်ရာကို ရွေးပေတော့"

စုံထောက်စံထူး၏ ရှည်လျားသော စကားကြောအဆုံးတွင် ဘောဂတစ်ယောက် ခေါင်းထောင်လာ၏။ စုံထောက်စံထူး၏ မျက်နှာကို အားကိုးသော၊ ညိုးငယ်သောအသွင်ဖြင့် ကြည့်ရှုရင်း ..

"ကျွန်တော့်ကို ရေတစ်ခွက်လောက်တိုက်ပါလား အစ်ကို"

ဟု ဘောဂမှ တောင်းဆို၏။ စုံထောက်စံထူးက စစ်ကြောရေးခန်းအစောင့်ကျရဲဘော်တစ်ဦးအား သောက်ရေနှင့် ရေခွက်ကိုမှာ၏။ ခဏအကြာ သောက်ရေသန့်တစ်ဘူးနှင့် ရေခွက်တို့ ရောက်လာ၏။ စုံထောက်စံထူးက ရေသန့်ဘူးကို ဖွင့်ဖောက်၍ ခွက်ထဲသို့ ရေသန့်တစ်ခွက်ထည့်၏။ ထို့နောက် သောက်ရေထည့်ထားသော ရေခွက်ကို စုံထောက်စံထူးက ဘောဂသို့ လှမ်းပေး၏။ ဘောဂမှ လက်ထိပ်ခတ်ထားသော လက်နှစ်ဖက်ဖြင့် ရေခွက်ကို လှမ်းယူပြီး ရေတစ်ခွက်လုံးကုန်စင်အောင်မော့သောက်လိုက်၏။ ထို့နောက် ရေခွက်ကို ဘောဂက စုံထောက်စံထူးသို့ ကမ်းပေး၏။ ခွက်ကိုလှမ်းယူပြီး စုံထောက်စံထူးက ..

"သောက်ရေ ထပ်ယူဦးမလား ညီလေး"

"မယူတော့ပါဘူး .. အစ်ကို၊ ရပါပြီ"

"ရေသောက်လိုက်တော့ မင်းရင်ထဲမှာ အေးမသွားဘူးလား"

"ဟုတ်ကဲ့ အေးသွားပါတယ်"

"အေး .. ရေသောက်လိုက်လို့ အေးသွားတဲ့အပူဟာ ခဏမဲကွ။ အမြဲတမ်းအေးစေချင်ရင် မင်းရင်ထဲမှာ ခိုအောင်းနေတဲ့ အောင်းပူတွေကို ထုတ်ပစ်လိုက်မှ အမှန်တကယ်ရင်အေးမှာ ငါ့ညီရ။ အစ်ကိုပြောတာ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"မင်း .. အခု အသက်ဘယ်လောက်ရှိပြီလဲ"

"အခု အသက်သုံးဆယ်ထဲမှာပါ"

"မင်း ဒီအမှုနဲ့ အပြစ်ကျခံရရင် အနည်းဆုံး ၁၀ နှစ်၊ အများဆုံး အနှစ် ၂၀ ပေါ့ကွာ။ ထောင်က လျှော့ရက်နဲ့ဆိုရင် မင်း ထောင်ကထွက်လာတဲ့ အချိန်မှာ မင်းအသက် ၄၅ ဝန်းကျင် အရွယ်ကောင်းတုန်းပဲရှိပါသေးတယ်"

မှုသားမပါ လက်ာမချောဆိုတာလို တစ်ခါတစ်ရံ အမှုစစ်ဖြစ်သူမှ မြူဆွယ်၍ ဤသို့ဆိုရပါ၏။ သို့သော်လည်း ပြစ်မှုကျူးလွန်သူ၏ အတိမ်အနက်၊ အတိုင်းအတာနှင့် တရားရုံးမှ စစ်မေးပေါ်ပေါက်ချက်အရ ပြစ်ဒဏ်ကျခံရမည်မှာ ပြစ်မှုကျူးလွန်သူ၏ သဘာဝပင်ဖြစ်၏။ အမှုစစ်အရာရှိတစ်ဦးအနေဖြင့် မိမိ စုံစမ်းစစ်မေးနေသော အမှုတွင် ခိုင်လုံသောအထောက်အထားနှင့် အမှန်တကယ် ပြစ်မှုကျူးလွန်ကြောင်း ဖော်ထုတ်ရရှိရေးသည်လည်း နိယာမ



www.burmeseclassic.com

www.burmeseclassic.com


တရားပင်ဖြစ်ပါ၏။ မည်သို့ရှိစေ ပြစ်မှုကျူးလွန်သူမှ အမှုစစ်အရာရှိကို မှန်မှန်ကန်ကန်တိတိပပပြောဖို့သာ အဓိကဖြစ်၏။ ထိုအဓိကကို ရရှိဖို့အတွက် အမှုစစ်အရာရှိ(အိုင်အို)သည် မုသားလည်းသုံးနှုန်းရသလို စိတ်ပါလာအောင်လည်း မြူဆွယ်ရပါ၏။ စုံထောက်စံထူး၏ ပရိယာယ်၊ အမြူအဆွယ်နှင့် နည်းဗျူဟာကြွယ်ဝမှုကြောင့် ..။

## အခန်း(၁၁)

သနပ်ပင်မြို့နယ်၊ ညောင်ပင်စုကျေးရွာရှိ ဦးမောင်ဦး၏ အလှူမင်္ဂလာပွဲကျင်းပသောနေ့ကဖြစ်၏။ ရွာနီးချုပ်စပ်မှ ကြီးကြီးရွယ်ရွယ် ငယ်ငယ်မရွေး အလှူပွဲသို့ လာရောက်ကြ၏။ ထိုနေ့က ရွာတိုင်းလိုလို မီးခိုးတိတ်ပင်ဖြစ်၏။ နေ့ပိုင်းတွင် ညှော်ခံကျွေးမွေးခြင်းပြီးဆုံးသော်လည်း ပွဲကားမပြီးသေး။ ညပိုင်းတွင် မြန်မာ့ဆိုင်းဝိုင်းဖြင့် ညှော်ခံဖျော်ဖြေပြန်၏။ ဆိုင်းဝိုင်းသို့အသွား ဝဲယာလမ်းနံဘေးတွင် ဈေးဆိုင်တန်းများကလည်းစည်ကားလှပေ၏။ အဝတ်အထည်၊ အသုံးအဆောင်၊ ကစားစရာပစ္စည်းအရောင်းဆိုင်များနှင့်စားသောက်ဆိုင်များပါ စုံလင်လှ၏။

ထိုနေ့ ၄-၃-၂၀၀၉ ညက ဘောဂ(ခ)ညွှန့်စန်းသည် ဖခင်ဖြစ်သူ ဦးမြင့်စိုး၏ အရက်ဆိုင်တွင် အရက်ကူရောင်းနေ၏။ ည ၁၂ နာရီ(သန်းခေါင်)အချိန်၌ ဘောဂသည် မိမိတစ်ဦးတည်း ဦးဇော်ဝင်းအရက်ဆိုင်သို့ သွား၍ အရက်သောက်နေ၏။ အရက်ဆိုင်တွင် စိတ်ကြိုက်စားသောက်ပြီးသော်လည်း မကျေနပ်သေး။ အရက်တစ်လုံးထပ်ဝယ်ကာ ဦးဇော်ဝင်းအရက်ဆိုင်မှ ပြန်ထွက်လာစဉ် ..

"ကိုစိုးနိုင် ဘယ်တုန်းဗျ"

"အရက်သွားသောက်မလို့ကွ"

"ဒါဆို အတော်ပဲဗျာ၊ ဦးညွှန့်ဝင်းကိုပါခေါ်ပြီး ကျွန်တော့်တဲမှာ သောက်ကြတာပေါ့"

ဟုဆိုကာ ဘောဂနှင့် စိုးနိုင်သည် ညွှန့်ဝင်းတဲသို့ထွက်လာကြ၏။ ညွှန့်ဝင်းကိုတွေ့၍ အရက်သောက်ရန်ခေါ်၏။ ညွှန့်ဝင်းကလည်း မငြင်း။ ထို့ကြောင့် ညွှန့်ဝင်း၊ စိုးနိုင်နှင့် ဘောဂတို့သုံးဦးသည် အရက်သောက်ရန် ဘောဂ(ခ)ညွှန့်စန်းတဲသို့ ထွက်လာကြ၏။ ဘောဂတဲသို့ ရောက်ရှိသောအခါ ဘောဂတဲတွင် အသင့်ရှိနေသော အရက်ကို သုံးဦးသား အတူသောက်ကြ၏။ ငမိုက်သားသုံးဦး၏ အရက်သောက်ချိန်မှာ နောက်တစ်နေ့ ၅-၃-၂၀၀၉ ရက်၊ မနက် ၃ နာရီခန့်ရှိနေပြီဖြစ်၏။ အရက်တက်ခါနီးတွင် ကုသိုလ်အမှုကိုပြုဖို့ မစဉ်းစား။ အကုသိုလ်အမှုကို ပြုနေကြ၏။

ဘောဂ၏ တဲတွင် စိတ်ကျေနပ်အောင် အရက်သောက်ကြပြီးနောက် အကုသိုလ်သမား(၃)ဦးသည် ပွဲခင်းရှိရာသို့ ထွက်လာကြ၏။ ထိုသို့ထွက်လာစဉ် ဘောဂ၏လက်ထဲ၌ ဦးဇော်ဝင်းဆိုင်မှ ဝယ်ယူလာသော အရက်တစ်လုံးက ပါလာသေး၏။


"ဘောဂ .. အရက်ဆိုတာလက်ကျန်ထားလို့ မကောင်းဘူးကွ။ ပုပ်သိုးသွားရင်အရက်သမားသိက္ခာကျတယ်"

ဟု အသက်ကြီးပြီး အချိန်မစီးသူ ညွှန့်ဝင်းမှဆို၏။ ထို့နောက် ညွှန့်ဝင်း၊ စိုးနိုင်နှင့်ဘောဂတို့သည် အရက်တစ်လုံးကို လမ်းလျှောက်ရင်း ပုလင်းလိုက်မော့၍ အတူသောက်ကြ၏။ အရက်ဆိုင်မှာလည်းသောက်၊ အိမ်မှာလည်းသောက်၊ လမ်းသွားရင်းလည်းသောက်၊ ဤမျှသောက်သုံးနေလျှင် အရက်က သူတို့ကို ပြန်၍သောက်တော့မည်မှာ မလွဲကေန်ဖြစ်ပါ၏။ လူက အရက်ကိုသောက်လျှင် သောက်သုံးသူအတွက် အချိန်၊ ငွေနှင့် ကျန်းမာရေးတို့ ထိခိုက်ဆုံးရှုံးပါ၏။ အရက်က လူကို ပြန်သောက်လျှင် ပစ္စုပ္ပန်၌ ဘဝပျက်၍ နောင်အနာဂတ်တွင် အပါယ်လေးဘုံသို့ လားရပါ၏။

ငမိုက်သားသုံးဦး၏ လာရာလမ်းက ကြည်နူးဖွယ်ရာ ပွဲခင်းသို့ ဖြစ်ပါ၏။ သို့သော် .. အရက်က သူတို့သုံးဦးကို ပြန်သောက်နေပြီဖြစ်၍ အမှားအမှန်နှင့် အဆိုးအကောင်းကို အကျိုးအကြောင်းမသိ ရှိနေကြ၏။ လူသူပြတ်လပ်၍ အမှောင်ထုလွှမ်းနေသော သူတို့သွားရာလမ်းကြောင်းတွင် မိန်းကလေးငယ်တစ်ဦးကိုတွေ့၏။ ထိုမိန်းကလေးမှာ မထက်ထက်နိုင်(ခ)မိထက်ဖြစ်၏။ ထိုမိန်းကလေးကို ညွှန့်ဝင်းက နောက်ကျောဘက်မှ သိုင်းဖက်၍ ပါးစပ်ပိတ်ပြီး ဆွဲခေါ်လာ၏။ စိုးနိုင်နှင့်ဘောဂကလည်း အရက်က သောက်သုံးခြင်းခံထားရသူများဖြစ်၍ အလိုတူအလိုပါ မိန်းကလေး၏ ခြေထောက်ကို ဆွဲကိုင်မချီပေးကြ၏။

စာမျက်နှာ ၁၇၅ သို့


www.burmeseclassic.com



# တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့ ဇာတ်လမ်းမျိုးဆိုရင် ရိုက်ကူးချင်ပါတယ်ဆိုတဲ့ အမျိုးသမီးဒါရိုက်တာ

# ကြည်ဖြူသျှင်

မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီး များထဲက ထက်မြက်တဲ့ အမျိုးသမီးတချို့ကို ပရိသတ်များသိစေဖို့ ပြောပြချင်တဲ့အတွက် ဒါရိုက်တာကြည်ဖြူသျှင်နဲ့ တွေ့ဆုံပြီး မေးမြန်းဖြစ်ခဲ့တာလေးတွေ ဖော်ပြပေးလိုက်ပါတယ်။

မေး။ ဆရာမအနေနဲ့ မှူခင်းရုပ်   ၁င်နိုင် သက်ပြီး ရိုက်ကူးခဲ့မယ်ဆို းပါဦး။ မှူခင်းမျိုးကို ရွေးချယ်ပြီး   သူများနဲ့ ရိုက်ကူးချင်ပါသလဲ။ သ   ကင်လဲ တာတွေအများကြီးထဲမှာ ဒီမှူခင်းဇာတ်လမ်းတွေကို ကျွန်မတို့ မြန်မာနိုင်ငံနဲ့ ကိုက်ညီအောင် ဘယ်လိုများဖန်တီးချင်သလဲပေါ့နော်။

ဖြေ။ ဟုတ်ကဲ့၊ ပြောရမယ်ဆိုရင် မှူခင်းနဲ့ပတ်သက်ရင် ကျွန်မ မှူခင်းရုပ်ရှင်တော့ မရိုက်ဖူးသေးပါဘူး။ ဒါပေမဲ့ မှူခင်းတွေနဲ့ပတ်သက်ပြီး ရိုက်ဖြစ်ခဲ့မယ်ဆိုရင် ဇာတ်လမ်းကောင်းတွေရှိရင် ကျွန်မသဘောကျပါတယ်။ ဒီကြားထဲမှာ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး ရိုက်ကူးဖို့ ပြင်ဆင်သေးတယ်။ ဒါက အရမ်းတာဝန်ကြီးတဲ့အတွက်ကြောင့် မလုပ်ဖြစ်သေးဘူးပေါ့။ တစ်ခါက ကျွန်မဆီကိုရောက်လာဖူးတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ပြောပြခဲ့ဖူးတဲ့ အကြောင်းလေးတစ်ခုဆိုရင် တကယ့် အပြင်လောကမှာလည်း ကြမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com


ပြီးကြောက်စရာကောင်းတဲ့ အပြုအမူမျိုးတွေ ပြုလုပ်နေကြတာကို တွေ့မြင်ကြားသိခဲ့ရပါတယ်။ အဲဒီအမျိုးသမီးဆိုရင် လောင်းကစားနဲ့ပတ်သက်တဲ့ အမျိုးသားတစ်ဦး ဒီမိန်းကလေးကြောင့် အဖမ်းခံရတယ်။ ဒါပေမဲ့ ခဏနဲ့ပြန်လွတ်လာတယ်။ ဒီအခါမှာ ဒီလူဟာ မိန်းကလေးအပေါ်အငြိုးထားပြီး အမြဲလိုရန်ရှာနေတယ်။ ဒါကြောင့် မိန်းကလေးဟာ အမြဲစိုးရိမ်နေရတယ်။

ကိုယ့်အသက်အတွက် အမြဲစိုးရိမ်နေရတဲ့ မိန်းမတစ်ယောက်ရဲ့အကြောင်းတွေ သိခဲ့ရတယ်။ ဒီမိန်းကလေး ဒီလိုဖြစ်နေရတဲ့ဖြစ်ရပ်တွေက မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး အရမ်းအားနည်းနေတာကိုပဲ အဓိကကျတယ်လို့ ကျွန်မမြင်တယ်။ ဒါတွေဟာ တကယ့်ဖြစ်ရပ်တွေလေ။ ဥပဒေရှိရက်နဲ့ ဥပဒေဘောင်အတွင်းမရောက်တဲ့ ဖြစ်ရပ်တွေပေါ့။ တကယ်လို့ ဒါတွေကို ရိုက်ပြမယ်ဆိုရင် တရားဥပဒေစိုးမိုးမှုတွေကိုပဲပေါ့။ တရားခံတစ်ဦးက တရားဥပဒေကို ကာဘာတစ်ခုခုနဲ့ပြုလုပ်ပြီး လွတ်မြောက်သွားခဲ့တာမျိုးတွေ။ အဲဒီရဲ့နောက်ကွယ်မှာ မကောင်းမှုတွေ ဆက်လက်ရှင်သန်နေတာမျိုးတွေ ဒီလိုဟာတွေကို မီးမောင်းထိုးပြနိုင်မယ့် အသိပညာပေးမှုခင်းဇာတ်လမ်းတွေဆိုရင်တော့ ရိုက်ကူးချင်ပါတယ်။ ပရိသတ်ကို ကောင်းသော Masage ပေးနိုင်မယ့် ကားမျိုးပေါ့။

> “
> ကျွန်မက
> သူများနဲ့မတူအောင်
> အမျိုးသမီးအခွင့်အရေးကို
> အပြည့်အဝရနေတဲ့သူ
> ဖြစ်နေလို့ပါပဲ။ ကျွန်မလုပ်တဲ့
> အလုပ်ကိုက
> ကျွန်မ အရမ်းဖြစ်ချင်ခဲ့တဲ့
> ဒါရိုက်တာ
> အသက် ၂၁ နှစ်ကတည်းက
> ဖြစ်လာခဲ့တယ်လေ။
> ဒါရိုက်တာဆိုတာ
> ပြောရရင်
> ရိုက်ကွင်းရဲ့ဘုရင်ပဲလေ . . .
> ”


www.burmeseclassic.com

www.burmeseclassic.com



မေး။ ဟိုတလောက လွှတ်တော်မှာ တင်ပြခဲ့တဲ့ ကလေးသူငယ် မုဒိမ်းမှုကို သေစားသေစေပေးဖို့ပေါ့။ ဒါပေမဲ့ ပယ်ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး ကလေးသူငယ်တွေနဲ့ ရှုးသွပ်စိတ်မနှံ့သူ အမျိုးသမီးတွေကို အဓမ္မပြုကျင့်သူတွေအတွက် ဆရာမသာဆိုရင် ဘယ်လိုဖြစ်စေချင်မလဲ။ ဘယ်လိုပြုလုပ်သင့်သလဲဆိုတာလေ။

ဖြေ။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အဲလောက်တောင် အသိဉာဏ်ကင်းမဲ့တဲ့သူတွေ၊ ဒီလိုလူမျိုးတွေသေသွားမှ ကောင်းမယ်လို့ ကျွန်မတို့ဘက်က တွေးမိတယ်ပေါ့။ ဒါပေမဲ့ တစ်ဖက်ကကြည့်မယ်ဆိုရင် အဲလိုစိတ်တွေ ဘာကြောင့် ဖြစ်နေရတာလဲ။ ဘာမှမသိနားမလည်တဲ့ ကလေးသူငယ်တွေအပေါ်မှာ ဒီလိုပြုကျင့်ချင်တဲ့စိတ် ဘာကြောင့်ဖြစ်ပေါ်နေလောက်အောင် အသိဉာဏ်နည်းပါးနေတာလဲ။ အဲဒီ ဇစ်မြစ်ကို လိုက်သင့်တယ်။ ဒီလိုလူမျိုးတွေ ဘာကြောင့် ဒီလိုစိတ်တွေ ဖြစ်နေတာလဲဆိုတာကို လေ့လာသင့်တယ်။ အဓိကကျတဲ့ ဇစ်မြစ်ကို ရှာဖွေသင့်တယ်။ ဒါမျိုးတွေ ဖြစ်မလာအောင် ဘယ်လိုကာကွယ်မလဲဆိုတာမျိုးကို ရှာဖွေပေါ့။ ကြီးလေးတဲ့ ပြစ်ဒဏ်တော့ပေးသင့်တာပေါ့။ အပြစ်မဲ့တဲ့ အရွယ်မရောက်သေးတဲ့ ကလေးတွေအပေါ်မှာ စော်ကားမှုဟာ တကယ်ကြီးလေးတဲ့ ပြစ်ဒဏ်နဲ့သာ ထိုက်တန်တယ်။ တစ်ဖက်ကလည်း ဘာကြောင့် ဒီလိုတွေ လုပ်နေကြတာလဲဆိုတာကို လေ့လာဆန်းစစ်ပြီး ဖြစ်မလာအောင် ကြိုတင်ကာကွယ်မှုမျိုးတွေ၊ အကြံပေးခြင်းမျိုးတွေ ပြုလုပ်သင့်တယ်လို့ ကျွန်မထင်ပါတယ်။

မေး။ အမျိုးသမီးအခွင့်အရေးဆိုတဲ့ အပေါ်မှာ ဆရာမရဲ့သဘောထားနဲ့ မြန်မာနိုင်ငံအမျိုးသမီးထုအတွက် ဘယ်လိုသတ်မှတ်မှု၊ စံတွေဟာ ဘောင်ဝင်နိုင်မလဲဆိုတာလေး ပြောပြပေးပါဦး။

ဖြေ။ ပြောရမယ်ဆို . . ကျွန်မက သူများနဲ့တော့တူမှာမဟုတ်ဘူး ဘာကြောင့်လဲဆိုတော့ ကျွန်မက သူများနဲ့မတူအောင် အမျိုးသမီးအခွင့်အရေးကို အပြည့်အဝရနေတဲ့သူဖြစ်နေလို့ပါပဲ။ ကျွန်မလုပ်တဲ့အလုပ်ကိုက ကျွန်မ ဒါရိုက်တာအရမ်းဖြစ်ချင်ခဲ့တဲ့အပေါ်မှာ အသက် ၂၁ နှစ်ကတည်းက ဖြစ်လာခဲ့တယ်လေ။ ဒါရိုက်တာဆိုတာ ပြောရရင် ရိုက်ကွင်းရဲ့ဘုရင်ပဲလေ (King of the set) လို့ ပြောကြတယ်လေ။ ဒီရုပ်ရှင်လောကထဲမှာ အမျိုးသားတွေချည်းပဲလေ။ ကျွန်မက ၂၁ နှစ်အရွယ်ကတည်းက အမျိုးသားတွေအပေါ်မှာ ဦးစီးချုပ်ကိုင်ရတဲ့ အခွင့်အရေးကိုရခဲ့တာ။ အမျိုးသမီးဆိုပြီး အားလုံးက နှိမ်တာ၊ နှိမ့်ချတာမျိုးတွေ မရှိခဲ့ဘူး။ မတွေ့ရဘူးပေါ့။ ကျွန်မကိုယ်ကျွန်မလည်း အမျိုးသမီးဆိုတာချည်းကို မေ့နေခဲ့တယ်။ ကျွန်မဟာ လူသားတစ်ယောက်ဆိုတာပဲသိတယ်။ အားလုံးရဲ့ အမြင်မှာလည်း ကျွန်မကို အမျိုးသမီးတစ်ယောက်ဆိုတာထက်



www.burmeseclassic.com

လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ပဲ မြင်ကြတယ်လေ။ ကျွန်မဟာ ဒီရိုက်ကွင်းပေါ်မှာ ခေါင်းဆောင်တစ်ယောက်။ ဒါကြောင့် ဒီ Leader တစ်ယောက်ရဲ့ စံနဲ့ ညီအောင်နေတယ်။ ဒီလောကသားတွေနဲ့လည်း ကျွန်မက စေတနာမေတ္တာထားပြီး လက်တွဲသွားတဲ့အခါမှာ အစစအရာရာ အစဉ်ပြေတယ်။ ကျွန်မ နိုင်ငံရေးလောကကို ဝင်တဲ့အခါမှာလည်း ဒီ ကျောက်တံတားမြို့နယ် ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌအဖြစ် လက်ရှိတာဝန်ယူရတယ်။ ဗဟိုကိုဝင်အရွေးခံတဲ့အခါမှာလည်း ကော်မတီဝင်ဖြစ်သွားတယ်။ အသက်အငယ်ဆုံးပေါ့။ မဲပေးတဲ့ အင်အားအများစုဟာ နိုင်ငံရေးလောကမှာဆိုရင် ပါတီဝင်တွေထဲက အမျိုးသား၊ အမျိုးသမီးတွေအများစုရဲ့ မဲဆန္ဒကို ရရှိခဲ့ပါတယ်။ ဗဟိုမှာ အမျိုးသမီးဦးရေနည်းတယ်။ အမျိုးသားအများစုရဲ့မဲကြောင့် ကျွန်မ ကော်မတီဝင်ဖြစ်သွားတယ်။ ကျွန်မအနေနဲ့ကတော့ အမျိုးသမီးတစ်ယောက်အနေနဲ့ အပိတ်ပင်ခံရတာတွေ၊ နေရာမရတာတွေ မရှိခဲ့ဘူးပေါ့။ တကယ်ဆို မြန်မာအမျိုးသမီးတွေက အခွင့်အရေးမနည်းပါဘူး။ ဒါပေမဲ့ ရှေးရိုးစွဲအယူတွေကြောင့် ယောကျ်ားတွေရဲ့နောက်မှာ ရောက်နေကြတာပါ။

သားကိုသခင် လင်ကိုဘုရားတို့၊ လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူးတို့ဆိုတာတွေပေါ့။ တကယ်တော့ အမျိုးသမီးဆိုတာ ယောကျ်ားရပြီးသွားရင်လည်း အခွင့်အရေးမနည်းပါဘူး။ လင့်လုပ်စာကို မယားဆီအပ်ကြတဲ့ဓလေ့ဟာ မြန်မာလူမျိုးတွေမှာ တော်တော်များများ တွေ့ရပါတယ်။ ဒါလည်း အမျိုးသမီးတွေအတွက် အခွင့်အရေးတစ်ခုပါပဲ။ ရှေးအစဉ်အလာအရ မိန်းကလေးမှန်ရင် အနောက်ကပဲနေရမယ် ဆိုတဲ့အစွဲကြောင့် မြန်မာမိန်းကလေးတွေ လူတောမတိုးဝံ့၊ ရှေ့မထွက်ဝံ့ကြသလို ဖြစ်နေလို့ အခွင့်အရေးတွေဆုံးရှုံးနေရတာပါ။ ဒါလည်း ကိုယ့်ကိုယ်ကိုပြုလုပ်နေကြတာပဲလို့ ထင်တယ်လေ။ တကယ်တော့ မိန်းမဆိုတာလည်း ရှ… သားတစ်ယောက်ပဲမို့ ဘယ်နေရာမ… ဘယ်လိုလူမျိုးနဲ့မဆို ရင်ဘောင်တန်းပြီ… အလုပ်လုပ်နိုင်ကြရမယ်။ လိုအပ်တ… နေရာမှာ လိုအပ်တဲ့ ရဲရင့်မှု၊ လိုအပ်တ… သတ္တိ၊ လိုအပ်တဲ့ ရှေ့ဆောင်မှုတ… ပြုလုပ်ကြရမယ်။ ဒါဆိုရင် ပြည့်ဝတ… အမျိုးသမီးအခွင့်အရေးတွေကို ရရှိမ… ပါ။

အမျိုးသမီးထုအတွက် အားရှိစေ၊ အားဖြစ်စေမယ… စကားများကို အလုပ်မအားလပ်တဲ့ကြားက ပြောကြားပေ… သွားတဲ့ အမျိုးသမီးဒါရိုက်တာ ကြည်ဖြူသျှင်အား အထူ… ကျေးဇူးတင်မိပြီး မြန်မာအမျိုးသမီးထုအား အတုယူ အာ… ကျနိုင်စေရန် စေတနာထား၍ ဖော်ပြပေးလိုက်ခြင်းဖြစ်… တယ်။

စန္ဒီမြင့်…



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ ထိုဒေသသည် လူများ အဖို့ မသွားသင့်မသွားထိုက်သောနေရာ ဌာနဟု ဆိုကြပါလိမ့်မည်။ အမှန်အား ဖြင့်ဆိုသော် ထိုနေရာသည် ဆိုးခြင်းနှင့် ကောင်းခြင်းဟူသော ဆန့်ကျင်ဘက်တို့၏ ဝိရောဓိဖြစ်မှုများအား ညှိနှိုင်း၍ အတူတကွ လှဲလျောင်းကြသောနေရာ ဟု ဆိုရမည်လားမပြောတတ်။ လွန်စွာ မှပင် တိတ်ဆိတ်၍ အေးချမ်းလိုက်ပါဘိ။

[ ၁ ]

အနောက်တောင် မုတ်သုံလေ၏ သော့သွမ်းတိုက်ခိုက်မှုများကြောင့် ညှို့ ညှို့မှိုင်းမှိုင်း မိုးသားတိမ်လိပ်တို့သည် ပြိုတော့မည့်မိုးကဲ့သို့ မြေပြင်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည့်သဖွယ် ရှိနေပါ၏။ စိမ်းလန်းစိုပြည်နေသော သစ်ပင်ကြီးငယ်တို့သည် ထိုလေရူးရိုင်းကြောင့်ပင် ယိမ်းလျက်ယိုင်လျက် ငိုညည်းလျက်ရှိနေကြပါ၏။ မိုးဆွေငှက်တို့၏ တွန်ကျူးသံသာများသည် ကောင်းကင်တစ်ခွင်အား မိုးစက်မိုးပေါက်ကျလောက်အောင် လွမ်းဆွတ်စေပေ၏။

ရန်ကုန်ပြည်လမ်းဘေးဝဲယာတွင် ယူကလစ်ပင်များ၊ ဘောစကိုင်း၊ မလေးရှားပိတောက်ပင်နှင့် နှစ်ရှည်ကျွန်းပင်ပေါက်တို့သည် လမ်းတစ်လျှောက် စီရရီ ရှိနေကြပါ၏။ တစ်ခုသော မြို့အစွန် ကတ္တရာလမ်းဘေးတစ်နေရာတွင် စိမ်းလန်းစိုပြည်၍ ထူထပ်သော သစ်ပင်အုပ်စုလေးတစ်ခု ရှိနေပါ၏။ ထိုသစ်ပင်အုပ်အတွင်း၌ ဖြူဖြူဖွေးဖွေး အုတ်ဂူကလေးများသည် အေးချမ်းတည်ငြိမ်စွာ ရှိနေကြသည်။

အေးစက်စက် လေပြင်းအောက်၌ အေးချမ်းတည်ငြိမ်စွာရှိနေသည့် ထိုနေရာသို့ ရဲတပ်ဖွဲ့ပိုင်အပြာရောင် လင့်ရိုဘာတစ်စီးသည် ဘားလမ်းဘေးတစ်နေရာသို့ ထိုးရပ်လာပါ၏။ ထိုကားပေါ်မှပင် ရဲယူနီဖောင်းဝတ်အမျိုးသမီး ရဲအရာရှိနှစ်ဦးသည် အနီရောင်နှင်းဆီပန်းစည်းများအား ကိုယ်စီ ကိုင်ဆောင်မွေ့ပိုက်လျက် ဆင်းလာကြပါ၏။ ယင်းနောက် အုတ်ဂူလေးများရှိရာသို့ အတူတကွ လျှောက်လှမ်း၍ လာခဲ့ကြသည်။ သူမတို့၏ နုနယ်သောမျက်နှာလေးများပေါ်၌ ဆွေးရိပ်သန်းနေကြ၏။ လေပြည်အေးစက်စက်၏ ဟော့ရမ်းမှုကြောင့်လည်း သူမတို့၏ဆံနွယ်စလေးများသည် လေဝှေ့ရာ လွင့်ပါးနေကြသည်။

ချစ်ဖူးငုံ(အသက် ၂၁ နှစ်)ဟူသော စာတန်းရှိသည့် အုတ်ဂူဖြူဖြူလေးရှေ့၌ ရပ်လိုက်ကြပြီး ငြိမ်သက်စွာဖြင့် ထိုအုတ်ဂူလေးအား စူးစူးစိုက်စိုက် ငေးမောကြည့်နေကြသည်။ ထိုသို့ကြည့်ခြင်း၏ နောက်ဆက်တွဲ အကြောင်းအရာကား သူမတို့၏ မျက်ဝန်းအိမ်များမှ မျက်ရည်စလေးများ စိုစွတ်၍ လာကြပြီး ထိုအရာရှိနှစ်ဦးသည် အသံထွက်၍ ရှိုက်ငိုလိုက်ကြတော့သည်။

အတန်ကြာ ရှိုက်ငိုလိုက်ကြပြီးမှ သူမတို့၏လက်ထဲ၌ ကိုင်ထားသော နှင်းဆီနီနီပန်းစည်းများအား အုတ်ဂူလေးပေါ်သို့ တစ်မြတ်တစ်နိုး ညင်သာစွာ တင်လိုက်ကြသည်။ အချိန်အနည်းငယ်ကြာပြီးသည့်နောက် ခင်သိမ်မွေ့ဟူသည့် ရဲအရာရှိမှ တုန်ရီလှိုက်မော စွာဖြင့် ..။

"ဖူးငုံရေ ... တမလွန်ကို မင်းထွက်သွားတာ ငါးနှစ်ကျော်လို့ ခြောက်နှစ်ထဲရောက်ခဲ့ပြီပဲ၊ ငါတို့ ... နင့်ကို တစ်သက်မမေ့နိုင်ဘူး သူငယ်ချင်းရယ် ငါတို့နှစ်ယောက်ရဲ့ဘဝ ပြောင်းလဲမြင့်မားလာအောင် အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တဲ့ မင်းအတွက် ... ငါတို့လေ .. ငါတို့ .. ဘယ်လိုမှဖြေလို့ မပြေနိုင်တော့ပါဘူး ... ငါတို့အပေါ်ထားတဲ့ မင်းရဲ့ ... မေတ္တာစေတနာကို ငါတို့ရဲ့ အသက်ဆုံးထိတိုင် မေ့ပျောက်လို့မရ တော့ပါဘူးကွယ်"

ပြောလည်းပြော ငိုလည်းငိုနေ သော ရဲအရာရှိ ခင်သိမ်မွေ့သည် သူ ငယ်ချင်း ချစ်ဖူးငုံအတွက် မျက်ရည် ကျလျက် အမျှဝေဆုတောင်းလျက် ရှိ ပေသည်။

တခြား ရဲအရာရှိဖြစ်သော ဖြူဖြူ ဝင်းသည်လည်း ပင့်သက်ရှိုက်ငိုကြွေး လျက် ကွယ်လွန်သူဖူးငုံအား ငေး တမ်းတတဖြင့်–

"သူငယ်ချင်းရယ် ... မင်းဟာ



www.burmeseclassic.com

www.burmeseclassic.com

တကယ့်အရေးအကြောင်း ရှိလာပြီဆိုရင် အသက်ပေး ကူညီတတ်တယ်ဆိုတာ . . . ငါ နားလည်ပါပြီကွာ၊ မင်းရဲ့ ကြမ်းတမ်းတဲ့အပြောအဆို သွင်ပြင်စရိုက်တွေကြောင့်. . . မင်းကို . . ဘောင်ကျဉ်းကျဉ်းလေးနဲ့ကြည့်ပြီး အထင်လွဲအမြင်လွဲဖြစ်ခဲ့တယ်၊ ငါ့ရဲ့သုံးသပ်မှုဆုံးဖြတ်မှုတွေမှားခဲ့တာ . . . အခုကျမှ သိခဲ့ရတဲ့ ငါ့ကို . . . မင်း . . ခွင့်မလွှတ်ပါနဲ့ကွာ၊ မင်းဟာ . . . ငါတို့သူငယ်ခင်းတွေအတွက် အနစ်နာခံ ကိုယ်ကျိုးစွန့်ခဲ့တာကို သိလိုက်ရတဲ့ ငါလေ . . . နင့်အတွက် ယူကြုံးမရ ဖြစ်ရတယ် ဖူးငုံရယ် . . . အခုလေ . . မင်းမဖြစ်ရတဲ့ ပြည်သူ့ရဲကိုလေ . . မင်းအတွက် . . . ငါတို့နှစ်ယောက် ရဲတပ်ဖွဲ့ဝင်တွေဖြစ်အောင် ကြိုးစားပြီးခဲ့ပါပြီကွာ၊ မင်းအတွက် သွေးကြွေးဆပ်ဖို့ ဥပဒေအပြင်က ဒုစရိုက်သမားတွေကို နှိမ်နင်းနေပါပြီ ဖူးငုံ . . . မင်းတစ်ယောက် . . ငါတို့ရဲ့စွမ်းဆောင်မှုတွေအပေါ် ကျေနပ်နေမယ်လို့ . . ငါ . . . ယုံကြည်နေပါတယ် သူငယ်ချင်းရယ်''

မိုးသက်လေ ဆင်လာနေသည့်ကြောင့် မကြာမတင်မီ မိုးသဲသဲမဲမဲ ရွာပေတော့မည်။ ယခုအချိန်တွင် မိုးရွာသည်သာမက မုန်တိုင်းဆင်လာသည်တွင် သူမတို့နှစ်ဦးသည် ဂရုစိုက်ကြမည်မဟုတ်ပေ။ သူမတို့၏ ဘဝဆက်လက်ရှင်သန်နိုင်ရန် အသက်စွန့်အနစ်နာခံခဲ့သော သူငယ်ချင်းချစ်ဖူးငုံ အတွက် သုဂတိဘုံရောက်စေရန် အာရုံပြုဆုတောင်းနေကြသည် မဟုတ်ပါလား။

မိုးစက်မိုးပေါက်တို့သည် မြိုင်မြိုင်ဆိုင်ဆိုင်ကျဆင်းလာပြီ ဖြစ်သည်။ အေးစက်စက် မိုးပေါက်တို့သည် သူမတို့၏ သန့်ရှင်းသပ်ရပ်သော ယူနီဖောင်းပေါ်သို့ တစ်ပေါက်ချင်း စွန်းထင်းကျရောက်လျက်ရှိနေ၏။

ခင်သိမ်မွေ့မှ ဆို့နင့်သောအသံဖြင့် စကားဆိုလာ၏။

"ဖူးငုံရေ . . . မပြီးဆုံးနိုင်သေးတဲ့ နိုင်ငံ့တာဝန်တွေ . . . ငါတို့ပုခုံးပေါ်ကျရောက်နေပြီကွာ . . . မင်း . . ဖြစ်စေချင်တဲ့ဆန္ဒတွေ . . ငါတို့ အကောင်အထည်ဖော်ခဲ့ပြီမို့ . . . မင်း . . ကျေနပ်နေမှာပါ၊ အရာရာ မစွမ်းနိုင်သေးတဲ့အရွယ်မှာ ငါတို့အတွက် . . . မင်းရဲ့ဘဝလေးကားကျိုးပဲ့ခဲ့ရတဲ့အတွက် . . . တကယ့်ကို ငါတို့ ဝမ်းနည်းလို့မဆုံးဘူးကွယ်၊ တစ်သက် ဖြေလို့မရနိုင်တဲ့ ဖြစ်ရပ်ဆိုးကို ရင်ဆိုင်လိုက်ရတဲ့ . . မင်းအတွက် . . . ယူကြုံးမရဖြစ်ရပါတယ်၊ စွန့်လွှတ်အနစ်နာခံတတ်တဲ့ မင်းရဲ့ မွန်မြတ်တဲ့စိတ်ကို . . ငါတို့ . . . တစ်သက်လုံး တန်ဖိုးထားပါမယ်ဆိုတာ . . မင်းကို . . . ဓာတိပြုပါတယ်ကွ''

ချစ်ဖူးငုံ၏အုတ်ဂူလေးအား အတန်ကြာစူးစိုက်ကြည့်လျက် ကျဆင်းနေသောမျက်ရည်များအား ကိုယ်စီလက်ကိုင်ပုဝါဖြင့် သုတ်လိုက်ကြပြီး လင့်ရှိဘာ ကားလေးရှိရာသို ပြန်လည်လျှောက်လှမ်းလာကြတော့သည်။

အကွေ့အကောက်တို့ဖြင့် ရှိနေသော ကတ္တရာလမ်းမပေါ်၌ လင့်ရှိဘာရဲကားလေးသည် လျှင်မြန်သောအဟုန်ဖြင့် ပြေးလွှားနေ၏။ ချစ်ဖူးငုံ ထာဝရလှဲလျောင်းနေရာမှ ပြန်လာခဲ့ကြသော်လည်း သူမတို့နှစ်ဦး၏ နှလုံးသားများသည် သူငယ်ချင်းချစ်ဖူးငုံထံ၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။ သံယောဇဉ်ကြီးမားစွာဖြင့် မေတ္တာစေတနာ ထားရှာသည့် ချစ်ဖူးငုံအတွက် သူမတို့နှစ်ဦးမှာ တွေးမိတိုင်း ကြေကွဲရပါ၏။ လွမ်းဆွတ်ရပါ၏။ ငိုရှိုက်မိရပါ၏။ ချစ်ဖူးငုံနှင့်ပတ်

ကျောင်းသားကျောင်းသူဆိုတာ ပတ်ဝန်းကျင်ရဲ့ ကြမ်းတမ်းမှုကိုဂရုမစိုက်နဲ့၊ ကိုယ့်ဘဝကိုယ်တိုးတက်အောင် စာကိုပဲ ကြိုးစားသင့်တယ်၊ စကားပုံရှိုင်းရှိုင်းပြောရရင် မီးဟုန်းဟုန်းလောင်နေတဲ့ ရောမပြည်ကြီးကို လှည့်မကြည့်ဘဲ တူရိယာကိုသာ တီးခတ်နေတဲ့ နီရိုးဘုရင်ကြီးလိုပဲ ကိုယ့်ဘဝကိုယ် အာရုံစိုက်သင့်တာပေါ့ . . .



www.burmeseclassic.com

www.burmeseclassic.com

သက်၍ တွေ့ကြုံခံစားခဲ့ရသည့် အတိတ်၏အရိပ်များသည်လည်း မည်သည့်အခါမှ မေ့ပျောက်၍ရနိုင်လိမ့်မည် မဟုတ်ပေ။

[ ၂ ]

"နင်တို့နှစ်ယောက် ... မပြောင်းလည်နိုင်တဲ့ နင်တို့ရဲ့မိသားစုကိစ္စတွေကို ငါနဲ့တွေ့ရင် မေ့ထားလိုက်စမ်းပါကွာ၊ ဘယ်လိုပဲ ဘာတွေဖြစ်ဖြစ် ငါနဲ့တွေ့ရင် စားပျော်ပျော် ... သွားပျော်ပျော်ပေါ့ဟာ"

မည်သည့်အရာမှ အလေးလုပ်မထားတတ်သည့် မျက်နှာပေးဖြင့် ခပ်ပေါ့ပေါ့ပြောလာသော ချစ်ဖူးငုံ၏စကားကြောင့် ဖြူဖြူဝင်းသည် သူမအား မျက်စောင်းထိုးလိုက်သည်။ ခင်သိမ်မွေ့မှာမူ မည်သို့မျှ မပြော။ ခေါင်းငုံ့၍ ငြိမ်နေပေသည်။ ဖြူဖြူဝင်းမှ သူမ၏ မျက်ခုံးထူထူများအား ကျုံ့လိုက်ပြီး–

"ဖူးငုံရယ် ... နင်မို့လို့ကွာ၊ မိသားစု စီးပွားရေးအဆင်မပြေတဲ့ကိစ္စမှာ ... သားသမီးတွေဖြစ်တဲ့ ငါတို့လည်း မပူရမပန်ရဘူးလို့ ... မင်းမို့ပြောရက်တယ်၊ တစ်ခါတလေ စာကျက်လို့မရအောင် ဘယ်လောက်စိတ်ညစ်ရတယ်ဆိုတာ ... နင်မှ နားမလည်တာကိုး"

ချစ်ဖူးငုံကလည်း ငြိမ်၍မနေပါ။ သူမ၏ ဒဿနနှင့်ယှဉ်သော အပြောမျိုးဖြင့် ပြန်ပြောပါ၏။

"ဟဲ့ ... မိဘတွေရဲ့ အဆင်မပြေမှုတွေကို နင်တို့ဆီကူးစက်မခံနဲ့လေ၊ နင်တို့ရဲ့ဘဝ ... မတိုးတက်တဲ့အပြင်



လူ့လောကအလယ်မှာ ကျရှုံးမှုတွေနဲ့ရင်ဆိုင်ရနိုင်တယ်ဟဲ့ ... မင်းတို့အတွက် .. ငါက .. ပြောတာနော်"

ချစ်ဖူးငုံပြောသမျှအား ဖြူဖြူဝင်းမှ မည်သို့မျှ ပြန်လည်မပြောကြားပါတော့။ သူမမှ ချစ်ဖူးငုံအား မသိမသာမျက်စောင်းထိုးလျက်နေလိုက်၏။ ခင်သိမ်မွေ့ကတော့ သက်ပြင်းမောအားမသိမသာချလိုက်ပြီး ချစ်ဖူးငုံအား–

"မင်းကတော့ ... ပြောအားရှိမှာပေါ့ကွာ ... မင်းမိဘတွေက စီးပွားရေးလုပ်ငန်းကိုင်ငန်းကောင်းတော့ .. မင်းဘဝက .. ထို့လို ဘဝမျိုးမှ မဟုတ်တာ ... ရွှေဆိုရင်ရွှေ ... ငွေဆိုရင်ငွေဖြစ်ရတော့ ... တို့လိုဘဝတွေကို ဘယ်ကိုယ်ချင်းစာနိုင်မလဲ"

ခင်သိမ်မွေ့၏စကားသည် သူမအား အငေါ်တူးတူးနဲ့ပြောလိုက်သည်လား သို့မဟုတ် စေတနာကို တလွဲထင်၍ ပြောလိုက်သည်လားဆိုသည်ကို ဝေဝါးဝါးဖြင့် ကွဲကွဲပြားပြား မသိလိုက်သည်မို့ ချစ်ဖူးငုံမှ–

"သိမ်မွေ့ ... နင်ပြောတာ .. ငါသေသေချာချာ သဘောမပေါက်လိုက်ဘူး။ ငါ့ရဲ့စေတနာစကားကို နင်တို့တလွဲထင်နေကြတာလား ... ငါ့ရဲ့စိတ်ရင်းအမှန်က .. မင်းတို့မိဘတွေရဲ့ စီးပွားရေးအခြေအနေကို အဓိကထားပြောတာမဟုတ်ဘူး။ ငါ့ရဲ့အဓိကက .. နင်တို့ပဲ .. နင်တို့အိမ်က စီးပွားရေးကိုနင်တို့ ငဲ့စောင်းကြည့်လိုက်တာနဲ့ နင်တို့ရဲ့ဘဝတိုးတက်မှုတွေ လမ်းပြောင်းပြီးယိမ်းယိုင်သွားနိုင်တာမို့ ငါ့ရဲ့ .. အမှန်ခံစေတနာနဲ့ ပြောလိုက်တာကွ၊ တခြား

www.burmeseclassic.com



သူတွေဆို ပြောဖို့ဝေးသေး ..အေး ..နင်တို့တစ်တွေ ..ငါ့ရဲ့စေတနာကို စော်ကားဖို့တော့ မကြိုးစားကြနဲ့နော်”

ဖြူဖြူဝင်းနှင့် ခင်သိမ်မွေ့တို့မှာ မျက်စိပျက် မျက်နှာပျက်ဖြင့် ချစ်ဖူးငုံအား မည်သို့မျှမပြောပါလေတော့။ ငြိမ်ချက်သားကောင်းနေသော သူမတို့နှစ်ဦးအား ချစ်ဖူးငုံမှ သနားစိတ်ဝင်သွားရပြီး စိတ်ပြောင်းစိတ်လွဲဖြစ်စေရန် လမ်းကြောင်း လွှဲလိုက်သည်။

“ဘာပဲပြောပြော ...စိတ်ညစ်စရာရှိလို့ စိတ်ညစ်တာတော့ဟုတ်ပါရဲ့၊ စိတ်ညစ်လို့ကော ...မင်းတို့မှာ ဘာအကျိုးထူးမှာမို့လို့လဲ၊ မိဘတွေလုပ်တဲ့ ကိစ္စတွေကို နင်တို့ ငါတို့ ဘာမှမကူညီနိုင်တာ၊ တို့တွေက ...ကျောင်းသူတွေလေ၊ ကျောင်းသားကျောင်းသူဆိုတာ ...ပတ်ဝန်းကျင်ရဲ့ကြမ်းတမ်းမှုကို ဂရုမစိုက်နဲ့၊ ကိုယ့်ဘဝကိုယ် တိုးတက်အောင် စာကိုပဲ ကြိုးစားသင့်တယ်၊ စကားပုံရှိရင်းရှိရင်းပြောရရင် ..မီးဟုန်းဟုန်းလောင်နေတဲ့ ရောမပြည်ကြီးကို လှည့်မကြည့်ဘဲ တူရိယာကိုသာ မဲ့ပြီး တီးခတ်နေတဲ့ နီရိုးဘုရင်ကြီးလိုပဲ ...ကိုယ့်ဘဝကိုယ် အာရုံစိုက်သင့်တာပေါ့၊ ဒါပေမဲ့ ...မင်းတို့ရဲ့စာနာတတ်တဲ့နှလုံးသားကတော့ နီရိုးဘုရင်လို မာကျောနေဖို့တော့ မလိုပါဘူးဟ”

ချစ်ဖူးငုံမှ သူမတို့နှစ်ဦးအား ကြည့်လိုက်ပြီး “ကဲ ...ကဲ ..ငိုင်မနေကြနဲ့တော့ ...ကျောင်းပြန်မခေါ်ခင်မှာ ဒေါ်ဒွေးဆိုင်က လျှာပူအာပူကို သွားသောက်ကြစို့ဟာ”

သူမတို့သုံးယောက်သည် ငယ်စဉ်မူလတန်းမှစ၍ တက္ကသိုလ်ဝင်တန်းထိတိုင် အတွဲမပျက်ခဲ့ကြ။ ရယ်လိုက်မောလိုက်၊ ရန်ဖြစ်လိုက်ဖြင့် အဆုံးမရှိသော မေတ္တာသံယောဇဉ်တို့ဖြင့် သံသရာလည်၍ နေကြပေ၏။ ခင်သိမ်မွေ့၏မိဘများကား အစိုးရဝန်ထမ်းဖြစ်သည်ကြောင့် အနည်းငယ်ချောင်လည်မှုရှိသော်လည်း ဖြူဖြူဝင်းတို့၏ မိဘများမှာမူ လက်လုပ်လက်စားဖြစ်သည့်ပြင် သားသမီးများခြင်းကြောင့် စားဝတ်နေရေးအတွက် အတော်ကို ရုန်းကန်ရပုံရပေသည်။ ချစ်ဖူးငုံ၏ မိဘများများ ကုန်သည်ပွဲစားများဖြစ်သည်ကြောင့် ချစ်ဖူးငုံတစ်ယောက် လိုသမျှ အကုန်ရသည့်သဘောတွင်ရှိသည်။

**လောကကြီး
အမှောင်ကျသွားအောင်
အဆိုးတရားတွေနဲ့
လွှမ်းခြုံထားတာတော့
အမှန်ပဲ၊
ဒါကြောင့်
လောကကြီး
တည့်မတ်စေဖို့
ဘာသာတရားတွေ
တရားဥပဒေတွေနဲ့
မွမ်းမံချယ်လှယ်
နေကြရတာ။**

သူမတို့သုံးဦး၏မိဘများတွင် ရှိသည့် အလုပ်အကိုင်များနှင့်ပတ်သက်၍ ကွဲပြားခြားနားကြသော်လည်း သူမတို့သုံးဦးမှာ တပူးတွဲတွဲဖြင့် ခွဲခွဲခြားခြား မရှိ။ စိတ်ဝမ်းကွဲပြားမှု တစ်စုံတစ်ရာ မရှိကြပါချေ။ တစ်နည်းဆိုသော် မတူညီသောလူတန်းစားအချင်းချင်း ညှိယူ၍ရသည့် ဖြူစင်သောမေတ္တာဖြင့် သံယောဇဉ်တွယ်ကြသူများဟု ဆိုလို၍ ရပေသည်။

သူငယ်ချင်းသုံးဦးသည် အထူးပင် ချစ်ခင်ကြပါ၏။ တစ်ခါတစ်ရံ ချစ်ဖူးငုံသည် မိဘတို့၏ အလိုလိုက်မှုနှင့် ငွေကြေးသုံးစွဲနိုင်မှုပေါ်မူတည်၍ သူငယ်ချင်းများအပေါ် တစ်ခါတစ်ရံ အထက်စီးကျသည်ကလွဲ၍ ကျန်သည့် အခန်းကဏ္ဍတို့တွင် သူသာ အနစ်နာခံသည်။ သူသာ အကုန်အကျခံသည်။ တစ်ခါတစ်ရံ ခင်သိမ်မွေ့အခက်အခဲများကို ချစ်ဖူးငုံတစ်ယောက် ဖြေရှင်းပေးရသကဲ့သို့ ဖြူဖြူဝင်း၏အခက်အခဲများစွာကိုလည်း သူမသာ ဒိုင်ခံဖြေရှင်းပေးတတ်လေ့ရှိသည်။ ထိုသို့ ဖြေရှင်းပြီး၍ အဆင်ပြေသည်နှင့် ချစ်ဖူးငုံ၏လေသံကား အောက်သို့ကျမလာ အထက်စီးဖြင့် ပြောလေ့ရှိသည်ကို ခင်သိမ်မွေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူဝင်းတို့မှာ မချိသွားဖြဲ ဖြစ်တတ်ကြသည်။ ချစ်ဖူးငုံသည် သူမတို့နှစ်ဦးအား လက်ညှိုးထိုး၍–

"နင်တို့ ... နင်တို့ .. ကျေးဇူးရှိမှ ကျေးစွပ်တဲ့ပုံစံနဲ့တော့ .. ငါ့ကို မလုပ်ကြနဲ့နော်၊ နင်တို့ကို ငါက သံယောဇဉ်ရှိလို့ ... ငါတတ်နိုင်သရွေ့ ကူညီနေတာ ... နင်တို့တွေ .. တစ်ချိန်ကျရင် ငါ့ကို ကျေးဇူးပြန်ဆပ်ရမှာပဲ၊ ဘယ်လို ကျေးဇူးဆပ်ရမယ်ဆိုတာတော့ မပြောတော့ပါဘူး၊ အင်း ... နင်တို့ကလည်း ဘယ်လို ဝဋ်ကြွေးတွေလည်း မသိပါဘူး၊ နင်တို့မှာရှိတဲ့ အခက်အခဲတွေကလည်း .. ဒုနဲ့ဒေး .. ငါကပဲ နင်တို့အခက်အခဲတွေကို ဖြေရှင်းပေးရဦးမယ်နဲ့တူတယ်"

သူမ၏ အကူအညီများစွာ ယူထားကြသည်မို့ သူမ၏ပြောသမျှအား ခင်သိမ်မွေ့တို့မှာ အောင့်အီးသည်းခံနေရဦးမည်ဖြစ်သည်။ တစ်ခါတစ်ရံ ချစ်ဖူးငုံ၏ပြောစကားများသည် ခံစားချက်များနှင့်အတူ ရောထွေးလျက် ဒဿနဆန်ဆန် စကားလုံးများဖြင့် ရင်ဖွင့်တတ်သည်မို့ သူမတို့နှစ်ဦးမှာ အံ့အားသင့်လျက် နားထောင်ရသည်သာ။

"ငါက ... နင်တို့အခက်အခဲတွေကို ငါ့ရဲ့သံယောဇဉ်နဲ့ ကူညီဖြေရှင်းပေးခဲ့ပေမဲ့ ... ငါ့ရဲ့ အခက်အခဲတွေကိုတော့ .. နင်တို့ ... ကူညီနိုင်လိမ့်မယ် မဟုတ်ပါဘူးကွာ"

မမျှော်လင့်သော ချစ်ဖူးငုံ၏ ညည်းတွားမှုများကြောင့် သူမတို့နှစ်ဦး အံ့သြတကြီးဖြစ်ရသည်။ ယင်းကြောင့်ပင်။

"နင့်ဘဝမှာ ... ဒီလောက် ပြည့်စုံကုံလုံနေတာ .. နင့်မှာ အခက်အခဲဆိုတာ ရှိလို့လားဟယ် ... နင့်စကားက ကြားရတာ မယုံနိုင်စရာ"

ချစ်ဖူးငုံသည် အဝေးသို့ မျှော်ကြည့်လျက်–

"နင်တို့ ... မယုံဘူးဆိုလည်း မယုံလောက်စရာပါပဲ၊ နေ့တိုင်း .. ငါတို့အိမ်မှာက စီးပွားရေးကို ဇန်းပြုပြီး ဖဲဝိုင်းတွေ ... လောင်းကစားတွေ ဖြစ်နေတာ ကြာပါပကောလားကွာ၊ တစ်ခါမှ .. မတွေ့ဖူးတဲ့ သူစိမ်းတစ်ရံတွေ ဝင်ထွက်သွားလာနေတော့ ... ငါတို့မှာ ကိုယ့်အိမ်နဲ့ကိုယ် လိပ်ပြာမလုံဘူးဖြစ်ရတယ်၊ ငါတို့မိဘတွေရဲ့ လုပ်ရပ်ကမဟုတ်ဘူး၊ ဒါကြောင့် ... တခြား စီးပွားရေးလုပ်ပါ၊ ဒီမျိုးတွေမလုပ်ပါနဲ့လို့ ပြောလေတိုင်း ... ငါ့အဖေက .. ကလေးဘာသာ ကလေးနေ .. လူကြီးတွေလုပ်တာ မရှုပ်နဲ့ဆိုပြီး အော်ဟစ်ဆူပူနေတော့ ... ငါလည်း အေးအေးနေလိုက်တယ်၊ လောင်းကစားဆိုတာ ဘယ်လောင်းကစားမဆို ... ဥပဒေဘောင်ထဲကမဟုတ်ဘူးလေ၊ တစ်ခုခုဖြစ်ရင် ... မိဘတွေခံရမှာမို့ ငါက ပြောတာကို လက်မခံဘူး၊ ငါလည်း အိမ်မှာနေချင်စိတ်ကို မရှိတာ၊ အိမ်မှာ စိတ်ညစ်လေသမျှ .. နင်တို့နဲ့တွေ့မှ ငါ ... စိတ်ချမ်းသာ ရတယ်တာ"

ခင်သိမ်မွေ့နှင့် ဖြူဖြူဝင်းတို့မှာ ချစ်ဖူးငုံ၏ အမှန်တကယ် စိတ်ခံစားချက်များကို သိရှိသောအခါ ချစ်ဖူးငုံအတွက် လွန်စွာစိတ်မကောင်းဖြစ်ကြရသည်။ မည်သို့ဆိုစေ သူမတို့နှစ်ဦးမှာလည်း ချစ်ဖူးငုံအတွက် စိတ်မကောင်းရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်ပါချေ။

ချစ်ဖူးငုံသည် သူတို့၏မိသားစု အခြေအနေကို သူငယ်ချင်းများအား ဖွင့်ပြောသော်လည်း မိမိအတွက် သူငယ်ချင်းများ စိတ်ခံစားရသည်မို့–

"ဒါတွေကလည်း ... စိတ်ညစ်စရာဆိုပေမဲ့ .. ဒုက္ခတော့မဟုတ်ပါဘူး ဒီအလုပ်တွေက ဥပဒေအပြင်ဘက်ကဆိုပေမဲ့ .. ငွေကို ရေလိုသုံးနိုင်တဲ့ကိစ္စတွေပါ၊ နိုင်ရင် ငွေတွေနဲ့ ဘာမဆိုလုပ်နိုင်သလို ရှုံးရင်လည်း မဖြစ်ဖြစ်တဲ့နည်း၊ မသမာတဲ့နည်းတွေနဲ့ ... ငွေပြန်ရှာကြတာ ... ပြောမရတဲ့ ငါ့မိဘတွေလည်း .. ပြောမရတဲ့အဆုံး သူ့ထိုက်နဲ့ သူ့ကံပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ"

ခင်သိမ်မွေ့တို့နှစ်ဦးမှာ ချစ်ဖူးငုံအား ကရုဏာသက်ခြင်းများစွာဖြင့် ငေးကြည့်နေမိတော့၏။

[ ၃ ]

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးကြသော သူမတို့သုံးယောက် စာမေးပွဲကြီးပြီး၍ ကျောင်းပိတ်သည်မို့ လွတ်လပ်စွာ ပျော်ရွှင်လိုကြသည်။ ခင်သိမ်မွေ့တို့နှစ်ဦးမှာ ဘဝပေးအခြေအနေမို့ ရှာအလုပ်ထွက်လုပ်ရန် ဟာဆူနေကြသည်။ လွတ်လပ်စွာ ပျော်ရွှင်နိုင်ခြင်း မရှိကြပေ။ ချစ်ဖူးငုံမှာကား ထိုသို့ မဟုတ်။ သူတစ်ယောက်တည်းသာ ဟုတ်။ သူမ၏သူငယ်ချင်းများအတွက် ရည်မှန်းထားသည်ကား–

"ဟေ့ ... နင်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှစိတ်ကူးမလွဲကြနဲ့၊ ငါတို့ ... ဒီနှစ်စာမေးပွဲအောင်မှာပဲ စာမေးပွဲအောင်ရင် အဝေးသင်တက္ကသိုလ်ကို တက်ကြပြီး ဒုရဲအုပ်လျှောက်ကြမယ်၊ အဲဒါ .. ငါ့ရဲ့ အဓိကရည်မှန်းချက်ပန်းတိုင်ပဲ၊ အဲဒီတော့ ... ငါလုပ်တဲ့အလုပ်ကို နင်တို့လည်း လိုက်လုပ်ကြရမယ်''

မိသားစုစီးပွားရေး အခြေအနေအရ စာမေးပွဲအောင်သည်ဖြစ်စေ၊ ကျသည်ပဲဖြစ်စေ ဘာလုပ်၍ ဘာကိုင်ရမည် မသိသော ဖြူဖြူဝင်းမှ စိတ်ညစ်ညူးစွာဖြင့်–

''နင်လုပ်တဲ့အလုပ်ကို ... တို့လိုက်ပြီးလုပ်ရအောင် တက္ကသိုလ်မပြောနဲ့ .. အဝေးသင်တက်ဖို့တောင် အနိုင်နိုင်''

ဖြူဖြူဝင်းပြောစကားကြောင့် ချစ်ဖူးငုံမှာ တွေဝေသွားရသည်။ ချစ်ဖူးငုံမှ ဖြည်းလေးစွာဖြင့်။

''နင်ပြောတာလည်း ... ဟုတ်တာပဲ၊ ငါကလည်း ... ငါလုပ်သမျှ နင်တို့နှစ်ယောက်ကို တစ်ခါတည်း အတူတူ အလုပ်ရစေချင်လို့ပါ၊ တကယ်တော့ ... လောကကြီးကို အမှန်တရားနဲ့ ဆောက်တည်ခဲ့တာလား ဒါမှမဟုတ် ဆိုးမှုများစွာနဲ့ တည်ဆောက်ခဲ့တာလား မသိပေမဲ့ ... ငါသိတာတစ်ခုကတော့ လောကကြီး အမှောင်ကျသွားအောင် အဆိုးတရားတွေနဲ့ လွှမ်းခြုံထားတာတော့ အမှန်ပဲ၊ ဒါကြောင့် ... လောကကြီး တည်ငြိမ်စေဖို့ ဘာသာတရားတွေ ... တရားဥပဒေတွေနဲ့ မွမ်းမံချယ်လှယ်နေကြရတာ ... တရားဥပဒေဟာ အမှန်တရားရဲ့ ဒေါက်ဖြစ်နေတာကြောင့် ငါ .. ဥပဒေဘက်တော်သားဖြစ်ချင်တဲ့ဆန္ဒ ရှိနေခဲ့တယ်၊ မှန်ကန်မှုမရှိသေးတဲ့သူတွေကို ဥပဒေနဲ့မှန်ကန်လာအောင် .. ငါ .. ကြိုးစားချင်တယ်၊ ဒါကြောင့် ... ငါ .. ရဲတပ်ဖွဲ့ထဲဝင်ရင် နင်တို့ပါ ... ငါနဲ့အတူဝင်ပြီး နိုင်ငံအတွက် ထမ်းဆောင်စေချင်တာပဲ''

ချစ်ဖူးငုံ၏ ရည်မှန်းချက်သည် သူမ၏ ခံစားချက်မှဖြစ်ပေါ်လာခြင်းကြောင့် ဖြူဖြူဝင်းနှင့် ခင်သိမ်မွှေ့တို့မှာ သိပ်တော့ ထူးဆန်းလှသည် မဟုတ်။ သို့သော် ချစ်ဖူးငုံလုပ်သမျှ သူမတို့ လိုက်၍မလုပ်နိုင်ကြ။ လုပ်နိုင်သည့်အင်အားလည်းမရှိပေ။ ခင်သိမ်မွှေ့သည် နာမည်နှင့်လိုက်အောင် သိမ်မွေ့စွာနေလို၏။ ဣန္ဒြေရှိသောအလုပ်ကို လုပ်လို၏။ ဖြူဖြူဝင်းသည်လည်း ထိုသို့ပင် လောလောဆယ်အားဖြင့်လည်း မိဘများ တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေရန် ခင်သိမ်မွှေ့ရော ဖြူဖြူဝင်းပါ အလုပ်ရှာ၍ လုပ်လိုကြသည်။ ထိုအကြောင်းကို ချစ်ဖူးငုံသိ၍မဖြစ်၊ သိလျှင် အဟန့်အတား လုပ်မည်။ အနှောင့်အယှက်ပေးမည်။ သို့ဖြစ်၍ သူမတို့နှစ်ဦးက ချစ်ဖူးငုံအား နှစ်သိမ့်လိုက်၏။

''အေးပါ ... ဖူးငုံရယ် .. ဆယ်တန်းအောင်စာရင်းထွက်မှ .. တို့တွေ စဉ်းစားဆုံးဖြတ်ကြတာပေါ့''

နွေရာသီကျောင်းပိတ်ရက်အတွင်း သူငယ်ချင်းသုံးယောက် ပြန်လည် မဆုံဆည်းဖြစ်ကြပေ။ ချစ်ဖူးငုံမှာ အိမ်တွင်နေလိုစိတ်မရှိသဖြင့် အဒေါ်ဖြစ်သူအိမ်သို့ သွားရောက်နေထိုင်လျက် ကိုယ်ခံပညာတစ်ရပ်ဖြစ်သော ကွန်ဖူးပညာကို အစွမ်းကုန်လေ့လာသင်ယူလျက် နွေရာသီတစ်လျှောက် အချိန်ဖြုန်းနေလိုက်သည်။ နှစ်လနီးပါးကြာသောအခါ ချစ်ဖူးငုံသည် သူငယ်ချင်းများအား တွေ့လိုသည့်ဆန္ဒဖြစ်သည့်ကြောင့် ဖြူဖြူဝင်း၏အိမ်သို့ စက်ဘီးတစ်စီးဖြင့် ထွက်ခဲ့သည်။ ဖြူဖြူဝင်း၏မိခင်ပြောကြားသော ဖြူဖြူဝင်း၏အကြောင်းကို သိရသော ချစ်ဖူးငုံမှာ စိတ်အလိုမကျ ဖြစ်ရသည်။

''မိသားစု စားဝတ်နေရေး ... တစ်ဖက်တစ်လမ်းက အဆင်ပြေဖို့အတွက် အဒေါ်တို့က ... သမီးသူငယ်ချင်းကို အလုပ်ရှာလုပ်ခိုင်းရတယ်ကွဲ့''

ချစ်ဖူးငုံမှာ မျက်မှောင်ကြုတ်လျက် ''အဒေါ်ကလည်း ..''ဟုဆို၍ စကား ကို ရပ်လိုက်သည်ပြီးမှဆက်၍–

''ဘယ်မှာအလုပ်လုပ်တာလဲ .. ဘယ်သူတွေနဲ့လဲ ... သူတစ်ယောက်တည်းလား''

ဖြူဖြူဝင်း၏မိခင်မှ ''သမီးရဲ့ သူငယ်ချင်းကို ... ဘယ်မှာသွားပြီး အလုပ်ရှာပေးနိုင်မလဲကွယ်၊ သူရယ် .. ခင်သိမ်မွှေ့ရယ် ... နှစ်ယောက် ဘယ်က အဆက်အသွယ်ရလာခဲ့တာလဲ မသိဘူး၊ အဒေါ်တို့အရွယ် အမျိုးသမီးတစ်ယောက်နဲ့ ယောကျ်ားသားတစ်ဦး ရောက်လာပြီး ကေတီဗွီမှာ အလုပ်ရမယ် လုပ်မလားဆိုတာနဲ့ သမီးရော ခင်သိမ်မွှေ့ပါ .. လုပ်မယ်ဆိုပြီး လိုက်သွားကြတာပဲ၊ အဒေါ်တို့ရဲ့အခြေအနေကို ကြည့်ပြီး ... ကြိုတင်လစာအဖြစ် ငွေတစ်သိန်းတော့ ပေးခဲ့သေးတယ်''



www.burmeseclassic.com



ဖြူဖြူဝင်း၏မိခင်ပြောသမျှ ချစ်ဖူးငုံသည် နားထောင်လျက် ရင်ခုန်မြန်လာသည်။ ချစ်ဖူးငုံမှ "ခင်သိမ်မွေ့ရဲ့ မိဘတွေကရော ... သဘောတူလို့ လွှတ်လိုက်တာလား"

"သူတို့လည်း ... အခက်အခဲရှိလို့နဲ့ တူရဲ့ကွယ်၊ ခင်သိမ်မွေ့အလုပ်လုပ်တာကို သူ့မိဘတွေက .. မဟန့်တားဘူးတဲ့"

"ဩော် ... ခုန အဒေါ်ပြောတဲ့ ကေတီဗွီပိုင်ရှင်မိန်းမနဲ့ ယောက်ျားဆိုတာ ဘယ်သူတွေများပါလိမ့်"

ဖြူဖြူဝင်းမိခင်မှ စဉ်းစဉ်းစားစားဖြင့်–

"မိန်းမနာမည်က .. ဒေါ်ကလျာတဲ့၊ လည်ပင်းတွေ လက်တွေမှာတော့ ရွှေတွေအပြည့်ပဲကွယ်၊ သူ့ယောက်ျားနာမည်က ဦးအေးရွှေတဲ့၊ သူကတော့ ခပ်အေးအေးပဲ၊ မိန်းမက .. ဦးဆောင်နေတာနဲ့တူရဲ့"

ဖြူဖြူဝင်း၏မိခင်ပြောမှပင် ချစ်ဖူးငုံတစ်ယောက် ဦးအေးရွှေနှင့်ဒေါ်ကလျာဟူသော နာမည်ကို မှတ်မိလာပါ၏။ ချစ်ဖူးငုံတို့၏အိမ်၌ နေ့စဉ် ဖဲဝိုင်း၊ ဂျင်ဝိုင်းရှိခြင်းနှင့်ပတ်သက်၍ သူမ၏မိခင် ပြောကြားခဲ့ရာတွင်–

"နင်တို့အဖေ .. ကိုယ်နိုက်ကိုက မဟုတ်တာပါအေ ... အမေလည်း သူလုပ်ချင်ရာလုပ်ဆိုပြီး ကြည့်နေရတာ၊ အမေတို့အိမ်မှာက .. လောင်းကစားဝိုင်းတွေရှိနေတာ ... သိတဲ့သူတွေရော မသိတဲ့လူစိမ်းတွေရော လာကြသွားကြတာ .. ဒီကြားထဲ ... ဦးအေးရွှေနဲ့ ဒေါ်ကလျာတို့လင်မယား ဝင်ထွက်နေပြန်တော့ .. မရှိမဲ့ရှိမဲ့ ဂုဏ်သိက္ခာတွေ သွားပြီပေါ့ဟယ်"

"အဲဒီ ... ဦးအေးရွှေနဲ့ ဒေါ်ကလျာတို့က ဘာတွေမို့လို့ ... သမီးတို့က သိက္ခာကျရတာလဲ အမေ"

"သမီးမသိဘူး ... အမေရှင်းပြမယ်၊ ဒါမှ ... သမီးတို့တွေ .. ဒီလိုလူမျိုးတွေနဲ့ ရှောင်နိုင်မှာ ... သူတို့လင်မယားက ... ကေတီဗွီဆိုင်ဖွင့်ပြီး နောက်ပိုင်းမှာ ပြည့်တန်ဆာလုပ်ငန်းတွေ လုပ်နေကြတာကွဲ့၊ ဒီကြားထဲ .. လစ်ရင်လစ်သလို မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးတာတွေလည်း လုပ်ကြသေးတယ်၊ ဒီလိုလူမျိုးတွေ ... နှင့်အဖေနဲ့

www.burmeseclassic.com

စွက်ဖက်လာတော့ ရဲတွေကလည်း .. အမေတို့အိမ်ကို အကဲခတ် .. စောင့်ကြည့်လာနိုင်တာပေါ့၊ အမေလည်း .. သမီးအဖေကို စိတ်ပျက်ပါတယ်ကွယ်၊ ဖြစ်လာရင်တော့ သူခံရမှာ''

သူမ၏မိခင် ပြောကြားခဲ့သော စကားများ ကြားယောင်လျက် ချစ်ဖူးငုံတစ်ယောက် သူငယ်ချင်းနှစ်ယောက်အတွက် တုန်လှုပ်ချောက်ချားစွာဖြင့် စိုးရိမ်သောက ဖြစ်လာရ၏။ သူမ၏သူငယ်ချင်းမ နှစ်ယောက်သည် အလုပ်လုပ်လိုဇောဖြင့် အဆင်ခြင်မဲ့ခဲ့ပေပြီ။ ချစ်ဖူးငုံအကြံအိုက်နေသည်။

''မဖြစ်ဘူး ... ဒေါ်ကလျာတို့ကေတီဗွီဆိုင်ကနေ ခင်သိမ်မွေ့နဲ့ ဖြူဖြူဝင်းတို့ .. ဒီအလုပ်က ... အပြီးနှုတ်ထွက်ဖို့ ပြောမှဖြစ်မယ်''ဟု စဉ်းစားလိုက်ပြီး ဖြူဖြူဝင်း၏မိခင်အား ဒေါ်ကလျာတို့အကြောင်းကို ပြောပြလိုက်တော့သည်။ ထိုအခါမှပင် ဖြူဖြူဝင်း၏မိခင်မှာ သမီးအတွက် မျက်ကလူးဆန်ပြာဖြစ်လေတော့သည်။ ချစ်ဖူးငုံမှ ဖြူဖြူဝင်း၏မိခင်အား ခင်သိမ်မွေ့၏မိဘများသို့ ဆက်လက်အကြောင်းကြား၍ လုပ်စရာရှိတာလုပ်ပါရန် ပြောကြားခဲ့ပြီး နှစ်မိုင်နီးပါးခန့်ဝေးကွာသော ဒေါ်ကလျာတို့၏ကေတီဗွီဆိုင်သို့ စက်ဘီးလေးအား အပြင်းနှင်လျက် ထွက်လာခဲ့သည်။

ထိုကေတီဗွီဆိုင်သို့ ရောက်သည်နှင့် ဖြူဖြူဝင်းနှင့် ခင်သိမ်မွေ့တို့၏ နာမည်မေးလျက် စုံစမ်းသော်လည်း တွေ့သောသူမှန်သမျှ မတွေ့ဘူး၊ မရှိဘူး စသည်ဖြင့် ဘူးကွယ်နေတော့သည်။ သို့ဖြင့် ချစ်ဖူးငုံ ပြန်လှည့်လာသော်လည်း ကေတီဗွီဆိုင်နှင့် ဆက်စပ်လျက်ရှိသော အနောက်ဘက်မှ အဆောက်အဦထဲ၌ ထူးခြားသည်များ တွေ့နိုင်သည်ဟုယူဆလျက် ဆိုင်အနောက်ဘက်ရှိ အဆောက်အဦထဲသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပေသည်။

[ ၄ ]

မှောင်လုလုဖြစ်နေသောအချိန် ချစ်ဖူးငုံတစ်ယောက် အဆောက်အဦထဲသို့ ဝင်လိုက်သည်ကို မည်သူမျှ သတိမထားမိကြ။ အဆောက်အဦထဲရှိ အခန်းများထဲသို့ တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် သူငယ်ချင်းနှစ်ယောက်ကို ရှာဖွေရာ နောက်ဆုံးအခန်းကျမှပင် တငိုငိုတရီရီဖြစ်နေသော သူမတို့နှစ်ဦးအား အခြားသောမိန်းကလေးသုံးဦးနှင့်အတူ တွေ့လိုက်ရသည်။ ချစ်ဖူးငုံအား မမျှော်လင့်ဘဲ တွေ့လိုက်ရသော ခင်သိမ်မွေ့တို့နှစ်ဦးမှာ အံ့သြဝမ်းသာသည်သာမက ချစ်ဖူးငုံအား ပြေးဖက်လိုက်ကြပြီး ရှိုက်ကြီးတငင် ငိုကြွေးလျက် တောင်းပန်ကြ၏။

''ငါတို့ ... အလုပ်လုပ်ချင်လွန်းလို့ မစဉ်းစားဘဲ သူများစကားယုံခဲ့မိတာပါ၊ ငါတို့ကိုက အသုံးမကျပါဘူး။ ဗဟုသုတမရှိဘူးလို့ အပြစ်ဆိုချင် ဆိုနိုင်ပါတယ်၊ ရိုက်နိုင်ပါတယ်၊ အခုတော့ ... ငါတို့ကို .. ဒီနေရာက .. ကယ်ထုတ်ပေးပါ၊ ငါတို့ကို ... နယ်စပ်ကို ပို့ဖို့ သူတို့ စီစဉ်နေကြတယ်၊ ငါတို့ မှားသွားတယ်ဟာ ... အလုပ်နဲ့ပတ်သက်[illegible]င့်ကို ... ဖွင့်ပြောပြန်ရင်လည်း နင်က ... ဖျက်မှာဆိုတော့ နင့်ကို မတိုင်ပင်ခဲ့ဘူး''

''တော်ပါတော့ဟယ် ... နင်တို့နှစ်ယောက်ကလေ ... ဘယ်တော့မှ ငါ့စကားကို အလေးအနက်မထားကြဘူး၊ ငါကလည်း .. နင်တို့နှစ်ယောက်ကို ဥပေက္ခာမပြုရက်ဘူး၊ ကဲ ... နောက်မှပြောတော့မယ်၊ နင်တို့ ဒီကနေထွက်လို့ရအောင် .. ငါ့နောက်ကို လိုက်ခဲ့ကြ၊ ဟိုကောင်မလေးတွေရော ဒီမှာ မနေချင်ရင် ငါတို့နဲ့လိုက်ခဲ့''

ချစ်ဖူးငုံကိုယ်တိုင် ဦးဆောင်၍ တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် အပြင်ရောက်ရန် အပြေးတစ်ပိုင်း လျှောက်ခဲ့ကြသည်။ အဆောက်အဦ၏ ကျယ်ပြန့်သော ဟောခန်းထဲသို့အရောက် ရုန့်ရင်းကြမ်းတမ်းသော အသွင်သဏ္ဌာန်ရှိသည့် ယောကျ်ားရင့်မာကြီး ငါးယောက်သည် တံခါးပေါက်ကိုပိတ်၍ တန်းစီရပ်နေကြသည်။ ချစ်ဖူးငုံနှင့် မိန်းကလေးများမှာ ထိတ်လန့်သွားရပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားရသည်။ မိန်းကလေးသုံးယောက်မှာလည်း ကြောက်လန့်တကြား တစ်ဦးနှင့်တစ်ဦး ဖက်၍ငိုနေကြ၏။

ထိုယောကျ်ားကြီးများမှာ ဒေါ်ကလျာ၏ခိုင်းစေရာလူမိုက်များ ဖြစ်ပါ၏။ ထိုလူမိုက်များမှာ ထောင်ထွက်များပီပီ လက်ရဲဇက်ရဲရှိလှသည်။ လူသတ်ရာတွင် ဝန်မလေးသောသူများ ဖြစ်၏။ လူမိုက်တစ်ယောက်မှ မခိုးမခန့် ရယ်သံဖြင့်-

''ငါတို့တော့ ... စားရက်ကြွ လို

www.burmeseclassic.com

မုတ်ဆိတ်ပျားဆွဲတာလား မသိဘူး ဟူး . . . ဟူး''

တခြားလူမိုက်တစ်ယောက်မှ သူ၏လက်ဝါးချင်းပွတ်လျက်–

''ဟုတ်တာပေါ့ကွာ . . . တကယ့်ကို ပျားဆွဲတာပဲကွ၊ ငါးယောက်ကနေ တစ်ယောက်တိုးလာတော့ . . . ခြောက်ယောက်၊ ဒီတော့ . . . ငါတို့ စိတ်ကြိုက်ရွေးလို့ရတာပေါ့''

လူမိုက်များသည် မထိတထိဖြင့် ချစ်ဖူးငုံတို့အနားသို့ တဖြည်းဖြည်း တိုးကပ်လာပါ၏။ ချစ်ဖူးငုံအနေဖြင့် အားမတန်လို့ မာန်လျှော့ရမည်လားဟု စဉ်းစားလိုက်သေးသည်။ သူမသည် မိမိတို့မာန်လျှော့၍အရှုံးပေးပါက ထိုလူဆိုးများ၏ သားကောင်များအဖြစ် လည်စင်းခံရမည့်အခြေတွင်ရှိနေသည်မို့ ချစ်ဖူးငုံတစ်ယောက် ဆုံးဖြတ်လိုက်ပါ၏။

ချစ်ဖူးငုံသည် သူမအနားသို့ ကြောက်လန့်တကြားတိုးကပ်လာသော ဖြူဖြူဝင်းနှင့် ခင်သိမ်မွှေ့တို့အား အဝေးသို့ တွန်းလွှတ်လိုက်ပြီး ထိုလူမိုက်များအား ပြန်လည်တိုက်ခိုက်နိုင်ရန် ကွန်ဖူးတိုက်ကွက်များဖြင့် အသင့်အနေအထားကို ပြင်ဆင်လိုက်တော့သည်။

လူဆိုးလူမိုက်များမှာ ချစ်ဖူးငုံ၏ တိုက်ကွက်အနေအထားကြောင့် အံ့အားသင့်သွားရပြီး–

''အလို . . . ဒီ . . မဒီလေးက အလာကြီးပါလားဟ . . . ကဲ . . တစ်ပွဲတစ်လမ်း စမ်းကြည့်ကြတာပေါ့၊ ကဲ . . အချစ်ကလေးရေ . . လာပြီဟေ့''

ဟု ပြောပြောဆိုဆိုဖြင့် ချစ်ဖူးငုံအား ကြမ်းတမ်းသောလက်ဝါးဖြင့် ဖြတ်ရိုက်ရန် အဟုန်ပြင်းစွာ ပြေးလာပေသည်။ သူမသည်လည်း ပြေးလာသောသူအား တန်ပြန်တိုက်ခိုက်ရန် လျှပ်တစ်ပြက်လေထဲတွင် ခုန်လျက် ပြေးလာကာ လူဆိုး၏မျက်နှာသို့ နှစ်ဆင့်ကန်ပစ်လိုက်သည်။ ရုတ်တရက် ခံလိုက်ရသော လူဆိုးမှာ နောက်သို့ လန်ကျသွားရပြီး ပါးစပ်မှ သွေးစများ စို့ထွက်သွား၏။ ပါးစပ်မှစို့ထွက်လာသောသွေးများအား သုတ်လိုက်ပြီး ဒေါသတကြီးဖြင့် ထိုလူဆိုးမှ ကျန်လူများအား အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

''ဟေ့ကောင်တွေ . . . ဘာငေးနေတာလဲ၊ အဲဒီကောင်မစုတ်ကို ဝိုင်းချကြ''

အော်ဟစ်အမိန့်ပေးလိုက်သည်နှင့် ချစ်ဖူးငုံထံ တစ်ဦးပြီးတစ်ဦး ဝင်ရောက်၍ ထိုးနှက်တိုက်ခိုက်လေတော့သည်။ မတရားမှုကို မကြိုက်နှစ်သက်သောသူမမှာ တတ်သမျှ မှတ်သမျှ ကွန်ဖူးပညာဖြင့် အစွမ်းကုန်ပြန်လည်ခုခံပါ၏။ သို့စေကာမူ တိုက်ခိုက်မှုကြာလာသည်နှင့် အမျှ မိန်းမအားနှင့် ယောကျာ်းအား မမျှတမှုများကြောင့် ချစ်ဖူးငုံမှာ ခြေကုန်လက်ပန်းဖြစ်ကာ သားကောင်ဘဝ ပြန်လည်ရောက်နေရတော့သည်။ ထိုအခိုက် ခင်သိမ်မွှေ့နှင့် ဖြူဖြူဝင်းတို့မှာ ဖူးငုံခံနေရသည်ကို မမြင်ရက် မကြည့်ရက်သည့်ပြင် မခံနိုင်သည့်အဆုံး နီးစပ်ရာ သစ်သားချောင်းများဆွဲ၍ လူဆိုးများအား ဝင်ရောက်ရိုက်နှက်လေတော့သည်။

လဲသွားသောလူဆိုးအား ဖြူဖြူဝင်းမှ သစ်သားချောင်းဖြင့်မဲ၍ ရိုက်နှက်လေရာ သူမသည် နောက်သို့ ပြန်လှည့်မကြည့်၊ ထိုအချိန်တွင် လူဆိုးတစ်ယောက်မှ ဖြူဖြူဝင်း၏နောက်ကျောအား မညှာမတာ စကေဘာဖြင့် ထိုးရန်ပြေး၍လာနေသည်ကို ဒဏ်ရာများဖြင့်လဲနေသော ချစ်ဖူးငုံမှ မြင်လိုက်လေ၏။

ယင်းကြောင့် ချစ်ဖူးငုံသည် လဲနေရာမှအားယူ၍ ထလိုက်ပြီး စကေဘာဖြင့် ဖြူဖြူဝင်းအား မထိုးမိခင် ဖြူဖြူဝင်းအား ချစ်ဖူးငုံမှ တွန်းလွှတ်လိုက်သည့်နောက် ဖြူဖြူဝင်းမှာ လူဆိုး၏ စကေဘာဖြင့်မထိုးမိသဖြင့် သူမ၏ အသက်နှင့်အိုးစား မကွဲခဲ့သော်လည်း ချစ်ဖူးငုံမှာမူကား။

ထိုစဉ် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မိဘဆွေမျိုးများ အဆောက်အဦထဲသို့ အဆောဓာလျှင်ပြေးဝင်လာကြပြီးနောက် လူဆိုးများ ရဲတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးလိုက်ကြတော့သည်။ ထိုည၌ပင် ချစ်ဖူးငုံ၏ မိဘများအိမ်၌ လောင်းကစားဒိုင်အားဖမ်းဆီးရာ သူမ၏ဖခင်မှာရဲစခန်း၌ရောက်နေသဖြင့် သူမ၏မိခင်ပါ ရဲစခန်းသို့ လိုက်သွားရသည်။ ဖြူဖြူဝင်းနှင့် ခင်သိမ်မွှေ့တို့၏ မိဘများမှာ ချစ်ဖူးငုံမှပြောကြားခဲ့ခြင်းကြောင့် ရဲစခန်းသို့ အကြောင်းကြားလျက် ရောက်ရှိလာကြ၍ မိသားစုများပြန်လည်ဆုံစည်းခွင့်ရခဲ့သည်။ ချစ်ဖူးငုံမှာမူကား သူငယ်ချင်း နှစ်ဦး၏ရင်ခွင်ထဲ၌ သွေးအလိမ်းလိမ်း။ ဖြူဖြူဝင်းမှာ ငိုကြွေးချက်မဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရယ် ... ဖြစ်မှဖြစ် ရလေကွာ၊ မင်း ... ငါ့အသက်ကို ကယ်ခဲ့တယ်နော်၊ မင်း ... ငါ့အတွက် ဖြစ်ရတာ .. ငါ ဘယ်လိုဖြေရမှာလဲ ဖူးငုံရယ် .. ဟီး .. ဟီး သိမ်မွေ့ရေ ငါတို့ ဖူးငုံကို ကယ်ပါဦးကွာ"

ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူကြီးမိဘများမှာ ချစ်ဖူးငုံအား ဆေးရုံသို့ အမြန်ဆုံးတင်ပို့ရန် စီစဉ်ကြသည်။ သို့သော် ချစ်ဖူးငုံမှာ အသက်ကို မနည်းရှူနေရလျက်။ သူမချစ်သော သူငယ်ချင်းမနှစ်ဦးအား စူးစူးစိုက်စိုက် ကြည့်လိုက်ပါသည်။

"ငါ ... ငါ မနေရပါဘူးကွာ၊ နင်တို့နှစ်ယောက် ငါပြောတဲ့အံတိုင်း နားထောင်ပါကွာ၊ မင်းတို့ ... ဆယ်တန်းအောင်မှာပါ၊ အဲဒီအခါကျရင် .. နင်တို့ အဝေးသင်တက်ပြီး ဘွဲ့ရတာနဲ့ ရဲတပ်ဖွဲ့ထဲဝင်ကြပါကွာ၊ နင်တို့နှစ်ယောက် ... ငါ့ကို ကတိပေးပါလားကွာ၊ တကယ်တော့ ... မင်းတို့ဘဝနဲ့စာရင် .. ငါ့ဘဝက ... သိပ်ကို ဆိုးလွန်းနေတယ်ဆိုတာ ... မင်းတို့ သိလောက်ပါပြီ၊ ငါ ... အသေဖြောင့်အောင် နင်တို့ ကတိပေး"

"အေးပါဟယ် ... နင် .. နင့်ကို ငါတို့ မဖြစ်မနေ ရဲတပ်ဖွဲ့ထဲဝင်ပါ့မယ်လို့ ကတိပေးပါတယ် .. ဟင့် .. ဟင့် ဟင့်"

သူတို့၏ကတိအား ချစ်ဖူးငုံတစ်ယောက်ကြားသည် မကြားသည်ကို သူတို့ မသိလိုက်ရသော်လည်း ချစ်ဖူးငုံမှာ ပြုံးတုံ့တုံ့ဖြင့် အသက်ဝိညာဉ်ကင်းမဲ့ခဲ့ရပြီ ဖြစ်သည်။

ချစ်ဖူးငုံသည် သူခင်တွယ်သော သူငယ်ချင်းနှစ်ဦးနှင့် မိန်းကလေးများအား အသက်ပေး၍ ကယ်ဆယ်ခဲ့ပါ၏။ သူမတို့နှစ်ဦးမှာ ချစ်ရသောချစ်ဖူးငုံအတွက် ဝမ်းနည်းကြေကွဲ၍မဆုံး ဖြစ်နေရ၏။

ချစ်ဖူးငုံသည် သူမတို့ဘဝအား စာနာခြင်းများစွာဖြင့် ရေတိမ်မနစ်ရလေအောင် အသက်ပေး၍ ကယ်ဆယ်ခဲ့ပါ၏။ ခင်သိမ်မွေ့နှင့် ဖြူဖြူဝင်းတို့မှာ ရှိုက်ကြီးတငင်ငိုကြွေးလျက်–

"ဖူးငုံရယ် ... နင် .. ငါတို့အပေါ်ထားတဲ့ မေတ္တာစေတနာကို ငါတို့ ကောင်းကောင်း .. သဘောပေါက်နားလည်ပါပြီကွာ၊ လောကကြီးဟာ ... နင်ပြောသလို မမှန်တရားတွေနဲ့ အမှောင်ကျနေဆဲပဲဆိုတာ ... ငါတို့သိပါပြီ၊ တရားဥပဒေဆိုတာ ... လောကကြီး ပြန်လည်အလင်းရဖို့ ထောက်ခံထားတဲ့ ဒေါက်တိုင်တွေဆိုတာ .. ငါတို့ လက်ခံပါတယ်၊ နင်ဖြစ်စေချင်တဲ့ ... တရားဥပဒေ ဘက်တော်သားဖြစ်အောင် ... ငါတို့ .. ဦးလည်မသုန် မဖြစ်ဖြစ်အောင် ကြိုးစားပါမယ်လို့ ငါတို့ ... ကတိပေးပါတယ် ဖူးငုံရယ်"



[ ၅ ]

မညီမညာကွေ့ကောက်နေသော ကတ္တရာလမ်းပေါ်၌ ရဲတပ်ဖွဲ့ပိုင်လင့်ရိုဘာကားလေးသည် လေကိုထိုးခွဲလျက် မောင်းနှင်ရွေ့လျားနေပါ၏။ ကားပေါ်၌ ကိုယ့်အတွေးနှင့်ကိုယ် ပါလာကြသော အမျိုးသမီးရဲအရာရှိနှစ်ဦးမှာ ကွယ်လွန်သွားပြီဖြစ်သော ချစ်ဖူးငုံနှင့်ပတ်သက်သည့် အတိတ်မှအရိပ်များအား နှလုံးသားထဲ၌ ထင်မှတ်နေရာမှ သက်ပြင်းကိုယ်စီချ၍ နေတော့သည်။

အကယ်၍သာ သူမတို့၏ မဆုတ်မနစ်သော လုံ့လတို့ဖြင့် နိုင်ငံ့တာဝန်များကို အသက်စွန့်၍ ထမ်းဆောင်နေကြသည်ကို တမလွန်ရောက် ချစ်ဖူးငုံသာ သိခဲ့မည်ဆိုပါက မည်မျှ ပီတိဖြစ်နေမည်ကို ခန့်မှန်း၍ပင် ရနိုင်လိမ့်မည် မဟုတ်ပါချေ။

ဆက်လက်ကြိုးစားပါဦးမည်။

မောင်သာမန်(ဗီးကုန်း)



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ချွေးများက ရွှဲနစ်နေသည်။ တစ်ကိုယ်လုံးလည်း စပ်ဖျင်းဖျင်း၊ ခြေကုန်အောင်လည်း လျှောက်လိုက်ရသည်။ ညိုလုံးက နွားကိုဆွဲလာရင်း စိတ်ထဲက မကျေမနပ်ဖြစ်နေသည်။ အတော်ခြေရှည်သောနွားပေတကား။ ကုန်းတန်းတစ်လျှောက် နှစ်နာရီကျော်လောက်ရှာမှ သကောင့်သားကို တွေ့ရသည်။ တောကောင်မရှိသောအရပ်မို့သာ တော်တော့သည်။ နို့မို့ရင် ခြေရှည်သောနွား၊ ချိုနှင့်သားရေသာကျန်တော့မည်။

ညိုလုံးက နွားများကို တောစပ်တွင်လှန်ထား(ကျောင်းထား)၍ အရိပ်ကောင်းကောင်း သစ်ပင်အောက်တွင် ထမင်းလုံးစီရင်း မှေးခနဲအိပ်ပျော်သွားသည်။ အိပ်ရာကနိုးတော့ နေအတော်စောင်းနေပြီ။ ခဏဆိုပြီး မှေးလိုက်တာ နေစောင်းမှနိုးလာသောကြောင့် ကမန်းကတန်းထကာ လှန်းထားသောနွားတွေကို ရှာလိုက်သည်။ ရှစ်ကောင်အနက် တစ်ကောင်ပျောက်နေသည်။ ခုနစ်ကောင်ကို ပြောင်းခင်းအစပ်တွင် ့ထားလိုက်ကာ တစ်ကောင်အရှာ ွက်ရသည်။

နေအတော်စောင်းနေပြီ။ အပြင်တွင်လင်းနေသော်လည်း တောရိပ်ကြောင့် ကုန်းတန်းတလျှောက်နည်းနည်းမှောင်နေပြီ။ ညိုလုံးက လယ်သမားဖြစ်၍ ကုန်းတန်းကို တစ်လနေလို့ တစ်ခေါက်ရောက်သူမဟုတ်။ ခပ်သုတ်သုတ်လျှောက်လာနေသော်လည်း နွားကိုလည်းဆွဲလာရ လမ်းကိုလည်း ရှာရသောကြောင့် ခရီးမတွင်။ တောစပ်ရောက်ဖို့ အတော်လိုသေးသည်ဟု တွေးမိသည်။

တောတမာ၊ တောသရက်၊ တောင်ကံ့ကော်၊ မျောက်လုပ်၊ သခွပ်၊ သင်းဝင်၊ သင်းဝင်စပ်၊ တောင်တမာ၊ တောင်ပိန္နဲ၊ သခွပ်ဖို၊ ရှောက်ခါး၊ ကြံ့စာ၊ သပွတ်သိန်၊ တောင်ဂွေးသီး၊ တောင်မရိုး၊ တောင်ယေမနေ၊ တောင်သစ်စေး၊ သင်းဝင်ဖို၊ သင်းဝင်ဖြူ၊ သစ်ကတိုး၊ သစ်ကြား၊ ဖက်ဝန်း၊ ဖက်ဝန်းကြီး၊ ဖက်သန်း၊ ဖန်ခါး၊ ဖျောက်ဆိပ်၊ မြားဆိပ်၊ သစ်အယ်၊ သစ်ဆိမ့်၊ အုံတုံ၊ ရင်းတိုက်၊ ရင်းရှား၊ ရင်းမာ၊ သစ်ရာ၊ ဥန္နဲ စသည်ဖြင့် အပင်များစုံလှသည်။ အချို့နေရာများတွင် နေပြောက်ပင်မထိုး။

ညိုလုံးက ခြေရှည်သောနွားကို ဆောင့်ဆွဲကာ ကျိန်ဆဲလာသည်။ အလင်းရောင်နည်းလာသောကြောင့် ပို၍ စိုးရိမ်လာသည်။

''ဗုန်း''

''ဟာ''

ဗုန်းခနဲအသံကြောင့် ညိုလုံး ခြေလှမ်းများ တုံ့ခနဲဖြစ်သွားသည်။ အသံက အတော်ကြီးကျယ်သည်။ အိပ်တန်းတက်ရန်လာသော ငှက်များပင် လန့်ဖျပ်ကာ အသံမျိုးစုံပေး၍ ထပျံကုန်ကြသည်။ ညိုလုံးက ကြောက်ကြောက်နှင့် နွားကိုဆောင့်ဆွဲကာ သုတ်ခြေတင်တော့သည်။

---

မှဆိုးဆိုလို့
အထင်မကြီးပါနဲ့
ဆရာတို့ရှယ်၊
ကျွန်တော့်မှာ
ဘာလက်နက်မှမရှိပါဘူး။
ပိုက်တို့ ထောင်ချောက်တို့နဲ့
ထောင်ဖမ်းတာပါ။
လက်နက်ဆိုလို့
လုံထစ်ချောင်းနဲ့
ဓားတစ်ချောင်းပဲရှိပါတယ်။
ဒါတောင်
ခွေးနှစ်ကောင်
အတူပါမှ • • •



www.burmeseclassic.com

လမ်းကိုလည်းမသိ၊ ကယောင်ကတန်းဖြင့် ချုံတိုး၍ လျှောက်လာလိုက်သည်မှာ တောစပ်ကိုရောက်တော့ အလင်းရောင်ပင်ပျောက်နေပြီ။

ထန်းရည်ဝိုင်းတွင် ယုန်ထောင်၊ တောကြက်ထောင်၊ တောကြောင်လိုက်လုပ်နေသော မဲလုံးပြောစကားကို သတိရလိုက်သည်။ အဲဒီနေရာရောက်တိုင်း အထုပ်ကြီးတစ်ထုပ်ကျလာသလို ဗုန်းခနဲအသံကြီးကြားလိုက်ရသည်ဆိုသောနေရာကို ညီလုံးကိုယ်တွေ့ကြုံလိုက်ရပြီ။

\+ + +

ဆတ်သားခြောက်ဖုတ်၊ မျောက်ချေးခါးဟင်းအရည်သောက်၊ ချေ(ဂျီ)သားကလီစာဟင်းနှင့် ထန်းရည်ဝိုင်းက စိုပြေနေစဉ် မဲလုံးက ထန်းရည်တစ်အိုးကိုထမ်းကာ ရောက်လာသည်။

အိမ်ရှင်ကိုနက်ကျော်က ..

"ဟ .. မဲလုံး၊ ထန်းရည် ဘယ်ကရလာတာလဲ"

"ကျွန်တော်တို့ရွာမှာ ကုန်သွားပြီဆိုလို့ ဟိုဘက်ရွာကနေ သွားယူလာတာ"

"အေး .. ဟုတ်တယ်၊ ကိုပျော့တို့ ထန်းတဲက ကုန်သွားပြီဆိုလို့ ဒီကဟာကုန်သွားရင် ဘာဆက်လုပ်ရမလဲ စဉ်းစားနေတာ။ မဲလုံး .. မင်းတော်တယ်။ တို့ဆီ တစ်ခါတလေ ရောက်လာတဲ့ မုဆိုးကြီးတွေကို ပြုစုချင်နေတာ"

"မုဆိုးကြီးတို့ ရောက်နေတာ ကျွန်တော်ကြားတယ်။ ဒါကြောင့်မို့ တွေ့ချင်နေတာနဲ့ ကိုပျော့ထန်းတဲကိုသွားတာ။ ကိုနက်ကျော်လည်း လာသွားတယ်။ ထန်းရည်လည်း ကုန်နေတယ်ဆိုလို့ တကူးတကသွားယူလာတာ"

"ထိုင် .. မဲလုံး၊ ဒါက စောဂျိမ်း.. ဟိုနှစ်ယောက်က ကျော်စိုးနဲ့တင်ဝင်း၊ မုဆိုးတွေပေါ့။ စောဂျိမ်း .. ဒါက ကျွန်တော်တို့ရွာခံမုဆိုး မဲလုံး၊ သူ့ကြောင့် ကျွန်တော်တို့ တောကောင်ဟင်းတွေ မကြာခဏစားရပါတယ်"

"ကိုနက်ကျော်က မြှောက်နေပြန်ပြီ။ ကျွန်တော်က မုဆိုးစစ်စစ်မဟုတ်ပါဘူးဗျာ"

မုဆိုးဆိုသောကြောင့် စောဂျိမ်းက စိတ်ဝင်စားသွားကာ ..

"ကိုမဲလုံးက ဘာတွေနဲ့ အမဲလိုက်တာလဲ"

"မုဆိုးဆိုလို့ အထင်မကြီးပါနဲ့ ဆရာတို့ရယ်၊ ကျွန်တော့်မှာ ဘာလက်နက်မှမရှိပါဘူး။ ပိုက်တို့ ထောင်ချောက်တို့နဲ့ ထောင်ဖမ်းတာပါ။ လက်နက်ဆိုလို့ လှံတစ်ချောင်းနဲ့ ဓားတစ်ချောင်းပဲ ရှိပါတယ်။ ဒါတောင် ခွေးနှစ်ကောင်အတူပါမှ ဟင်းစားရတာပါ"

"ဩော် .. ဩော်"

ကိုနက်ကျော်က ..

"ကျွန်တော်တို့ရွာမှာတော့ သူ့ကြောင့် တောကောင်သားတွေစားနေရတော့ သူ့ကိုမုဆိုးကြီးလို့ပဲ ခေါ်နေကြတာပါ"

"ဒါလောက်ဆိုရင် သိပါပြီ။ ဒါဆို တောတော့ကျွမ်းမှာပေါ့နော်"

"ဟုတ်ကဲ့ မုဆိုးကြီး၊ ဒီတောဒီကုန်းတန်းတစ်လျှောက်တော့ ကျွန်တော့်ခြေရာကြီးပါပဲ"

"ကျွန်တော်တို့မှာ လက်နက်တွေပါတယ်။ တောကောင်ကြီးအထိ ပစ်လို့ရတယ်။ မနက်စောစောထွက်မယ်။ လိုက်ခဲ့ပါလား"

"သိပ်လိုက်တာပေါ့၊ ဒါမျိုးကို စောင့်နေတာ။ ကျွန်တော်ယူလာတဲ့ ထန်းရည်သောက်ကြပါဦး။ မြို့မှာလို အရောအနှောမရှိဘူး။ ပင်ကျရည်စစ်စစ်ပါ"

"သောက်ကြည့်တာနဲ့သိပါတယ်။ မနက်ဖြန် တောပစ်ထွက်တော့ ခင်ဗျားခွေးတွေ ခေါ်မလာပါနဲ့ဗျာ"

"ဟုတ်ကဲ့ .. ကျွန်တော်သဘော ပေါက်ပါတယ်"

\+ + +

စောဂျိမ်းတို့အဖွဲ့ ဝေလီဝေလင်း ကတည်းက ထွက်လာခဲ့သည်မှာ နေ ထန်းတစ်ဖျားလောက်အရောက်တွင် တောထဲသို့ အတော်ခရီးပေါက်လာခဲ့ပြီ ဖြစ်သည်။ တောက အောက်ခြေရှင်း သောတောမျိုး။ အပေါ်တွင်တော့ ပင် ချင်းယှက်ကာ တချို့နေရာများတွင် နေ ပြောက်မထိုးအောင် အပင်ရှုပ်လှသည်။

မုဆိုးအရောက်အပေါက်နည်း လို့လားမသိ။ တောမျောက်မျိုးစုံက စောဂျိမ်းတို့ဝင်လာသည်နှင့် အထူး အဆန်းသဖွယ်ကြည့်ကာ ဆူညံစွာ အော်ဟစ်နေကြသည်။

တောသရက်၊ တောင်ပိန္နဲနှင့် ဖ ခါးပင်များပေါသောတောဖြစ်သည်။ ပုတတ်စာပင်များက နေရာအနှံ့အပြေ ကျပေါက်နေကာ မြို့နှင့်နီးသောအ ဆိုလျှင် ပုတတ်စာခူးရောင်းရုံနှင့်စီးပွား ဖြစ်နိုင်သည်ဟု စောဂျိမ်းတွေးမိသည်



www.burmeseclassic.com



ရိုးမ၏ အစွယ်ဖြစ်၍ တောင်ကြောတောင်ကုန်းများရှိသည်။ ရေနည်းနေသော စမ်းချောင်းများနှင့် ရေထွက်သုံးလေးခုလောက် တွေ့ရသည်။ ခတ်ချုံနွယ်၊ ကျွဲနွယ်နှင့် ကြောင်ပန်းရွက်ချုံများထူလှသော တောင်ကြောတစ်ခုကိုအတက်တွင် ဝဲဘက်ကြောင်ပန်းရွက်ချုံတစ်ခုအကြားမှ ရှူးခနဲမြည်သံတစ်ခုနှင့်အတူ သတ္တဝါတစ်ကောင်တိုးထွက်လာသည်။

မဲလုံးက ရှေ့ကသွားနေစဉ် မဲလုံးလွန်သွားမှ အသံပေးကာထွက်လာခြင်းဖြစ်၍ စောဂျိမ်းတို့သုံးယောက်က ယာဘက်သို့ သုံးလေးလှမ်းမျှ ဆုတ်လိုက်ကြသည်။

မဲလုံးက နောက်လှည့်ကာ ..

"ဆရာစောဂျိမ်းတို့ သတိထား၊ မြွေဟောက်နဲ့တူတယ်"

ပါးပျဉ်းခွက်ကာ တစ်လံလောက်အထိ ခေါင်းထောင်နေသည်။ လူကလေးယောက်ဖြစ်၍ မြွေခေါင်းက ရန်ပြုမည့်သူကိုရှာရင်း ခေါင်းကလည်နေသည်။ မဲလုံးက စောဂျိမ်းမျက်နှာကို လှမ်းကြည့်လိုက်သည်။ စောဂျိမ်းက–

"ကံတော့ ကောင်းနေပြီကွ"

"ဗိုး"

"ဘုတ်"

ဓားတိုလည်းမဟုတ်၊ ငှက်ကြီးတောင်ဓားလည်းမဟုတ်၊ အရိုးအသွားတစ်တောင်ကျော်လောက်ရှိ မဲလုံးကိုင်လာသည့်ဓားက ဗိုးခနဲမြည်သံနှင့်အတူ မြွေဟောက်ကြီး၏ ပါးပျဉ်းအောက်ဘက်တစ်ထွာလောက်နေရာကို ပိုင်းဖြတ်လိုက်ကာ မြွေကြီးက မြေကြီးပေါ်ကို ဘုတ်ခနဲပုံကျသွားသည်။ ကိုယ်လုံးကြီးက တွန့်လိမ်နေကာ ခဏနေတော့ ငြိမ်သက်သွားသည်။

စောဂျိမ်းက ..

"မဲလုံး သွက်လှချည်လား"

"တချို့မုဆိုးတွေက စောစောစီးစီး မြွေတွေ့ရင် ကံကောင်းတယ်။ တောကောင်ရတတ်တယ့်လို့ အယူရှိတာကြားဖူးလို့ စောဂျိမ်းကို လှည့်ကြည့်လိုက်တော့ 'ကံတော့ကောင်းနေပြီ' လို့ ပြောတာကြားလိုက်လို့ ဆော်ထည့်လိုက်တာပဲ"

"အယူရှိတယ်လို့တော့ မဟုတ်ပါဘူး။ မြွေတွေ့ရင်တော့ တောကောင်မကြာခဏရတတ်လို့"

ကျော်စိုးက ..

"မြွေဟောက်သားဟင်းတော့ ညနေအတွက် သေချာသွားပြီ။ ကိုမဲလုံး မြွေဟောက်စားဖူးလား"

"မစားဖူးဘူး"

"မြွေဟောက်သားက ချိုတယ်ဗျ၊ ပိန်းဥနဲ့ အရည်သောက်ကလေးချက်စားရင် အင်မတန်ကောင်းပေါ့ဗျာ။ ကဲ .. ညနေကျရင် ကျွန်တော်ချက်ကျွေးမယ်။ အဲဒီကောင်ကို ကိုမဲလုံးလုံချည်ဟောင်းတစ်ထည်နဲ့ထုပ်ခဲ့ပေတော့"

စောဂျိမ်းတို့ လာရာလမ်းတစ်



www.burmeseclassic.com

လျှောက် တောမျောက်များက ဆူညံနေသည်။ မျောက်ချေးခါးဟင်းက သေချာနေသော်လည်း အခြားအကောင်များကို ပစ်ချင်သောကြောင့် စောဂျိမ်းတို့အဖွဲ့က သည်းခံကာ အေးအေးဆေးဆေးပင်လျှောက်လာကြသည်။ နောက်ထပ်တစ်နာရီလောက် လျှောက်လာသည်အထိ ဟင်းစားကောင်ကို အရိပ်အယောင်မျှပင်မတွေ့သေး။

မွေ(တောင်ရိုးအလယ်ကုန်းကြော)တစ်ခုကို တက်လာကြပြီးနောက် အရိပ်ကောင်း၍ ရှုခင်းကောင်းသော သစ်ပင်ရိပ်တစ်ခုတွင် ထိုင်လိုက်ကြသည်။ သစ်ပင်ရိပ်မှ ထိုင်ကြည့်လိုက်လျှင် တောင်အထပ်ထပ်နှင့် မှိုင်းပျနေသော ရိုးမကြီးကို မြင်နေရသည်။ တချို့နေရာများတွင် မြူတွေဆိုင်းနေသည်။ စောဂျိမ်းက ••

"ခဏနားကြရအောင်ကွာ၊ နံနက်စာကတော့ နက်ကျော်မိန်းမလုပ်ပေးလိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ဖုတ်ပေါ့ကွာ။ တင်ဝင်း ••မစားမီ တင်တာမြောက်တာလေးလည်းလုပ်လိုက်ဦးဟေ့၊ ချိုကျိုးနားရွက်ပဲ့ကလေးလည်း တောင်းကွာ"

ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ဖုတ်ကို ရေနှင့်မျှောချကာ ဝမ်းပြည့်ကြပြီးနောက် လေကောင်းလေသန့်ရှူ၊ တောတောင်ရှုခင်းများငေးပြီး တစ်ယောက်တစ်နေရာစီ လှဲလိုက်ကြသည်။ ၁၅ မိနစ်ခန့်လောက်အကြာတွင် ခပ်လှမ်းလှမ်းဆီမှ တဖြုန်းဖြုန်းတောတိုးသံများကို ကြားလိုက်ကြရသည်။ လေးယောက်စလုံးထထိုင်လိုက်ကြကာ လက်နက်ကိုယ်စီဆွဲ၍ အသင့်အနေအထားဖြင့် စောင့်နေလိုက်ကြသည်။

ဥနှဲပင်အုပ်စုနှင့် ကြိမ်ပင်အုပ်စုက အနီးတွင်ရှိသောကြောင့် ထိုအပင်များကို အကာအကွယ်ယူကာ စောင့်နေခြင်းဖြစ်သည်။ ထင်သည့်အတိုင်းပင် မွေအတိုင်း ချိုများကိုတိုးကာ တစ်ဟုန်ထိုးပြေးတက်လာသော သတ္တဝါနှစ်ကောင်။ ချိုများကြောင့် ဘာကောင်တွေမှန်း မသိရသေး။

စောဂျိမ်း၊ ကျော်စိုးနှင့် တင်ဝင်းက ကိုင်ထားသောလက်နက်များကို အသင့်အနေအထား ချိန်ထားလိုက်ကြသည်။ စောင့်နေသောနေရာနှင့် ၁၅ ကိုက်ခန့်အကွာ ဆင်ခြေလျှောကုန်းတန်းကြောအတိုင်း ပတ်ပြေးလာသော ဆတ်နှစ်ကောင်။ တစ်ကောင်နှင့်တစ်ကောင် ငါးကိုက်လောက်ပင် ကွာမည်။ ဥနှဲပင်များလွန်သွား၍ ပစ်ကွင်းကောင်းသောအနေအထားကို ရောက်သည်နှင့် ••

"ဖောင်း"

"ဖန်း"

စောဂျိမ်းထံမှ ဒသမ ၅၀၀ နှစ်လုံးပြူးရိုင်ဖယ်သံနှင့် ကျော်စိုးထံမှ ၃၀ ဒသမ ၀၆ ရိုင်ဖယ်သံက စက္ကန့်ပိုင်းလောက်သာခြား၍ ထွက်သွားခြင်းဖြစ်သည်။ နှစ်ကောင်လုံး တွန့်ခနဲဖြစ်သွားကာ ယာဘက်အနိမ့်ပိုင်းသို့လည့်၍ 'ဗုန်း'ခနဲပစ်ကျသွားတော့သည်။ ထို့နောက် ပေ ၄၀ လောက်အထိ ဆင်ခြေလျှောအတိုင်း လျှောကျသွားကာ ရပ်သွားတော့သည်။




www.burmeseclassic.com

www.burmeseclassic.com



ဆတ်နှစ်ကောင်
ပြေးလာတဲ့ဘက်မှာ
မြောင်လေးတစ်ခုရှိတယ်။
အဲဒီမြောင်ကို
ဒီအရပ်က လူတွေက
မြောင်ကျပ်လို့ခေါ်ကြတယ်။
ကျွန်တော်လူမှန်းသိတတ်စ
အရွယ်ကတည်းက
ကြားဖူးနေတာ။
ကျတ်ရှိတယ်
သရဲရှိတယ်နဲ့
ပြောနေကြတာ။

မဲလုံးနှင့်တင်ဝင်းက အပြေးက လေးဆင်းလိုက်သွားကြသည်။ ချက်ကောင်းမမှန်ပါက ပွဲသိမ်းပေးရန်ဖြစ်သည်။ ရောက်သွားချိန်တွင် နှစ်ကောင်စလုံးအကြောဆွဲကာ ငြိမ်သက်နေပြီဖြစ်သည်။ တင်ဝင်းက လှမ်းအော်လိုက်သည်။

''စောဂျိမ်းရေ ‥ အထီးတစ်ကောင် ‥ အမတစ်ကောင်ဗျ''

ဆတ်ဖိုမနှစ်ကောင်ကို အပေါ်သို့ ဆွဲယူလာပြီးနောက် ‥

''ကံကောင်းချင်တော့ အဲဒီလိုကွ၊ နှစ်ကောင်တွဲပြီး အေးအေးဆေးဆေးလျှောက်လာရင် ပစ်ဖြစ်မှာမဟုတ်ဘူး။ အခုတော့ အပြေးအလွှားမှုဆိုး အကြိုက်ပစ်ကွင်းဆိုတော့ ပစ်ဖြစ်တာပေါ့''

ကျော်စိုးက ‥

''ဒီနှစ်ကောင် ‥‥ တစ်ခုခုကို ကြောက်လန့်ပြီး ပြေးလာတာဖြစ်မယ်''

မဲလုံးက ‥

''မဟုတ်မှလွဲရော ‥ ဗုန်းခနဲ အသံကြီးကြောင့်ပဲဖြစ်မယ်''

စောဂျိမ်းက ‥

''ဟေ ‥ ဘာကွ၊ ဗုန်းခနဲအသံကြီးဟုတ်လား''

''ဟုတ်တယ် စောဂျိမ်း''

''မင်းပြောတာ ‥ ငါနားမလည်ဘူး။ ရှင်းပြစမ်းပါဦး''

''ဒီလို စောဂျိမ်း၊ အခု ဆတ်နှစ်ကောင်ပြေးလာတဲ့ဘက်မှာ မြောင်လေးတစ်ခုရှိတယ်။ အဲဒီမြောင်ကို ဒီအရပ်ကလူတွေက မြောင်ကျပ်လို့ခေါ်ကြတယ်။ ကျွန်တော် လူမှန်းသိတတ်စအရွယ်ကတည်းက ကြားဖူးနေတာ။ ကျတ်ရှိတယ် ‥ သရဲရှိတယ်နဲ့ ပြောနေကြတာ။ ဘယ်သူမှလည်း တကူးတကမသွားကြပါဘူး။ ကျွန်တော်တောင် တောကောင်ထောင်ရင်း မျက်စိလည်ပြီးရောက်ဖူးတယ်။ မြောင်အောက်မှာ စမ်းချောင်းကလေးတစ်ခုလည်းရှိတယ်။ ငှက်ပျောတောလည်း ရှိတယ်။ မျက်စိလည်ပြီးရောက်တုန်းကတော့ ဘာမှ ထူးထူးခြားခြားမတွေ့ပါဘူး''

''ဒါပေမဲ့ အနီးအနားက ဖြတ်သွားရင် 'ဗုန်း'ခနဲတစ်ခုခုပြုတ်ကျတဲ့ အသံကြီးကို ခဏခဏကြားဖူးတယ်။ တစ်နေ့ကတင် ရွာထဲက ညိုလုံး နွားပျောက်ရှာရင်းနဲ့ အဲဒီနားက 'ဗုန်း'ခနဲ အသံကြီးကြားလိုက်လို့ ကြောက်ပြီးပြေးလာတယ်လို့ ပြောတယ်။ ထင်းခွေသွားတဲ့လူတို့ မှိုချိုး မျှစ်ချိုးသွားတဲ့လူတွေလည်း ကြုံဖူးကြတယ်လို့ ပြောတယ်''

''ဘာပြုတ်ကျတယ်ဆိုတာတော့ တစ်ယောက်မှမတွေ့ဖူးသေးဘူးပေါ့''

''ပြုတ်ကျတာများကွာ ပြေးကောက်လိုက်ပေါ့။ တောထဲမှာ တောခြောက်တာတို့ တောမှောက်တာတို့က တို့မှုဆိုးဘဝမှာ ရိုးနေပါပြီ''

''အဲဒီ မြောင်ကျပ်ဘက်ကို သွားကြည့်မလား၊ လူလည်းတောင့်တယ်။ လက်နက်တွေလည်းပါတယ်ဆိုတော့ ဘာကြောက်စရာရှိလဲ၊ ကံကောင်းရင် ဟင်းစားတောင် ရနိုင်ပါတယ်''

''သိပ်မဝေးရင် သွားကြမယ်ကွာ၊ ဒီနှစ်ကောင်ကို သစ်ပင်မှာချိတ်ခဲ့၊ တော်ကြာတခြားအကောင်တွေ စားသွားမှာစိုးရတယ်''



www.burmeseclassic.com

www.burmeseclassic.com



မဲလုံးပြောသော မြောင်ကျပ်က သိပ်မဝေးလှ။ ဆယ်မိနစ်ခန့်လျှောက်သွားရုံနှင့် ရောက်လာသည်။ စောကျိမ်းတို့အဖွဲ့ရောက်နေသော ဖွေ(ကုန်းကြော)၏ အနောက်ဘက်တည့်တည့်မှာဖြစ်သည်။ တဖြည်းဖြည်းနိမ့်ဆင်းသွား၍ ရေရှိနေသောကြောင့် ဝါးတော၊ ငှက်ပျောတောက မိုက်နေအောင် ကောင်းလှသည်။

တောကောင်းလှ၍ စောကျိမ်းတို့အဖွဲ့ လက်နက်များကို သတိအနေအထားဖြင့်ကိုင်၍ ဆင်းလာကြရာမှ တောင်လေဖြူးဖြူးက တစ်ချက်ဝှေ့လိုက်ရာ စောကျိမ်းတို့လျှောက်လာရာ ယာဘက်ခြမ်းတစ်နေရာမှ ..

"ဗုန်း" .

အတော်ကျယ်သောအသံဖြစ်သည်။ မြောင်အောက်ဘက်ဆီမှ ကျေးငှက်သာရကာများပင် လန့်ဖျပ်၍ ထပြန်ကုန်ကြသည်။

စောကျိမ်းက ..

"အသံက နီးနီးလေးက လာတာကွ။ သွားကြည့်မယ်ကွာ"

အသံကြားရာဆီသို့ စောကျိမ်းက ပင်ဦးဆောင်ကာ ထွက်လာခဲ့သည်။ သိပ်မသွားလိုက်ရ၊ လေအဝှေ့တွင် မွှေးကြိုင်နေသော ပိန္နဲသီးနံ့က ထောင်းခနဲထွက်လာသလို တစ်နေရာတွင် လူကြီးနှစ်ဖက်စာမျှရှိသော ပိန္နဲပင်ကြီး။ အသီးများက နေရာအနှံ့သီးနေကာ အသီးအတော်များများက အတော်အလုံးကြီးသောအရွယ်များဖြစ်သည်။

လူမရောက်သူမရောက်ဖြစ်၍ ခူးမည့်သူမရှိဖြစ်ကာ အပင်ပေါ်တွင် မှည့်နေသော အသီးများကလည်း အများကြီး။ မှည့်၍ အောက်ကိုပြုတ်ကျနေသော အသီးများကလည်း တစ်ပုံကြီး။ ကျေးငှက်များ၊ တောသတ္တဝါများ ဖောက်စားထားသော အသီးများကလည်း အများအပြား။ စောကျိမ်းက မဲလုံးကို ကြည့်လိုက်သည်။

"ဒါလောက်ကြီးတဲ့ အသီးကြီးတွေ အပင်အမြင့်ကြီးပေါ်က ပြုတ်ကျမှတော့ ဗုန်းခနဲမမြည်လို့ ဘယ်လိုမြည်မတုန်း မဲလုံးရ"

"သဘောပေါက်ပြီ စောကျိမ်း၊ အသီးတွေကလည်း အိမ်မာသီးတွေဗျ။ အပြန်စားဖို့ တစ်လုံးလောက် ထမ်းသွားရဦးမယ်။ ရွာကလူတွေလည်း ဒီအကြောင်းပြောရဦးမယ်"

"ကဲ .. ဗုန်းခနဲကိစ္စပြီးရင် ဒီအောက်မှာခဏထိုင်ကြကွာ၊ မြောင်ထဲလည်း ဆင်းမနေနဲ့တော့။ ဒီလောက် တဗုန်းဗုန်းအသံတွေကြားနေရမှတော့ မြောင်ထဲမှာ ဘာကောင်မှရှိမှာမဟုတ်တော့ဘူး။ လန့်ပြေးကုန်ရောပေါ့"

တင်ဝင်းက ..

"စောကျိမ်း .. ထိုင်ပြီး ဘာလုပ်ဦးမှာလဲ"

"မင်းကျောပိုးအိတ်ထဲက ရမ်ပုလင်းထုတ်"

"ဘာနဲ့မြည်းမှာလဲ၊ ဆတ်သားခြောက်ကကုန်ပြီ"

"ညံ့ပါ့ကွာ .. ပိန္နဲသီးနဲ့မြည်းမှာပေါ့"

"ဗျာ .. ပိန္နဲသီးမှည့်နဲ့"

"ဒါမျိုးမမြည်းဖူးဘူးမဟုတ်လား"

စောကျိမ်းက ရမ်ပုလင်းဖွင့်ကာ ပိန္နဲသီးမှည့်နဲ့လက်တွေ့မြည်းပြလိုက်သည်။ ထိုအခါကျမှ ကျော်စိုး၊ တင်ဝင်းနှင့် မဲလုံးပါ ရောယောင်၍ စောကျိမ်းလုပ်သလို တစ်ယောက်တစ်ခွက်ချလိုက်ကြသည်။

ကောင်းမကောင်းတော့မသိ။ ရမ်ပုလင်းကတော့ တက်တက်ပြောင်သွားတာ သေချာသည်။

မောင်မြင့်မား(ဘိုကလေး)





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ရဲအုပ်နေစိုးနှင့်အဖွဲ့သည် မူဆယ်မှလာမည့် ပါဂျဲရိုးကားကို စခန်းမဟုတ်သောနေရာမှ စောင့်နေကြ၏။

နေရာကား ပြင်ဦးလွင်မှအဆင်းလမ်း ဗျူးပွိုင့်ဆိုသော ဆိုင်းဘုတ်ကလေးရှိတဲ့နေရာပင်ဖြစ်၏။

ရဲအုပ်နေစိုးတို့အဖွဲ့နှင့်အတူ လဝကဌာနမှ တာဝန်ရှိသူများလည်း ပါ၏။

သတင်းရရှိထားသည်ကလည်း အတော်ကလေး ပြည့်စုံလွန်းလှ၏။ ရရှိထားသည့်သတင်းမှာလည်း ကားနံပါတ်မှအစ အပြည့်အစုံကို ရရှိထား၏။ ၎င်းတို့၏ရှေ့မှ ဖြတ်သန်းသွားကြသည့် ကားများတွင် ပါဂျဲရိုးကားတစ်စီးမှ မပါသေး။

ရဲအုပ်နေစိုးနှင့် လဝကဌာနမှူး တင့်ကိုကိုတို့သည် ယူနီဖောင်းမဝတ်ကြဘဲ ရိုးရိုးအရပ်ဝတ်ကိုသာ ဝတ်ထားကြသလို တခြား ရဲတပ်ဖွဲ့ဝင်များနှင့် လဝက အဖွဲ့ဝင်များအားလုံးလည်း အရပ်ဝတ်များဝတ်ထားကြသဖြင့် အရပ်သားအသွင်ရှိနေကြ၏။ ယူနီဖောင်းအပြည့်အစုံဝတ်ထားကြသော ဒုရဲအုပ်နှင့် ရဲတပ်သားများသည် မနီးမဝေးရှိ ချုံကွယ်များတွင် ကိုယ်ရောင်ဖျောက်လျက် သတိရှိရှိစောင့်ဆိုင်းနေကြ၏။

ထိုစဉ် ရဲအုပ်နေစိုး၏ဖုန်းမှ ခေါ်သံမြည်လာ၍ ဖုန်းပြောနေ၏။ ပြီးလျှင် လဝကမှူးတင့်ကိုကိုနားသို့ရောက်လာလျက် ‥

"ဦးတင့်ကိုကိုရေ ‥ ပြင်စာစခန်းက ပြင်ဦးလွင်ကို မာဖီနဲ့လွှတ်ထားတဲ့ ဒုရဲအုပ်ကဆက်တဲ့ဖုန်းဗျ။ မဟုတ်တာမမှန်တာလုပ်တဲ့သူဟာ ကျော့မလုံဘူးဆိုတာ မှန်တယ်ဗျို့။ ခု ကျွန်တော်တို့စောင့်ဆိုင်းပြီး ကြိုဆိုနေတဲ့ လူတွေက ပြင်ဦးလွင် နာရီစင်နားမှာ တောင်းအေ့(စ်)ကားပေါ် ပြောင်းရွှေ့နေကြပြီတဲ့"

ရဲအုပ်နေစိုးသည် ပြောဆိုပြီး အနီးအပါးတွင် ရှိနေကြသော ရဲတပ်ဖွဲ့ဝင်များကို အချက်ပြဆက်သွယ်လိုက်၏။

မကြာမီတွင် ကိုယ်ရောင်ဖျောက်ထားသည့် အရပ်သုံး ဝီလီဂျစ်ကား တစ်စီးကို မာဖီနှင့်ရဲဘော်က လမ်းမအလယ်တွင် ခပ်စောင်းစောင်းလေးထိုးလျက် လမ်းကို ပိတ်ရပ်ထားလိုက်သည်။ နောက်တစ်ယောက်က ကြမ်းတုံးခေါ် လက်ကိုင်ပါသော သစ်သားတုံးကို ခုထားလိုက်ပြီး လမ်းဘေးဆင်းလျက် ကိုယ်ယောင်ဖျောက်လိုက်၏။

ရဲအုပ်နေစိုးနှင့် လဝကဌာနမှူး တင့်ကိုကိုတို့သည် အစီအစဉ်အတိုင်း ဂျစ်ကားရှိရာသို့သွားလျက် မာဖီဝတ်ထားသော ရဲဘော်များကို အစီအစဉ်တကျရှိရန် ညွှန်ကြားပြီး ဂျစ်ကားနှင့် မနီးမဝေး သစ်ပင်ရိပ်တွင် ကားပျက်၍ နားနေသော ခရီးသည်အသွင် အပီအပြင် သရုပ်ဆောင်လျက်ရှိပြီး အခြားရဲဘော်များကလည်း ဂျစ်ကားစက်ဖုံးဖွင့်သူကဖွင့်ပြီး ကားစက်စမ်းသပ်နေဟန် ကားအောက်ဝင်ပြီး ကားပြင်ဟန်စသည်ဖြင့် အသီးသီးအကောင်းဆုံး သရုပ်ဆောင်လျက်ရှိနေကြ၏။

ထိုစဉ်တွင် ဖုန်းဝင်လာပြန်၏။ ယခုတောင်းအေ့(စ်)ကားသည် ပြင်ဦးလွင်မှ ထွက်ခွာသွားပြီဖြစ်ကြောင်း နှင့် လိုအပ်ပါက ပြင်စာရဲစခန်းနှင့် ဇီးပင်ကြီးရဲစခန်းတို့နှင့် ဆက်သွယ်ရန်ဖြစ်၏။

ရဲအုပ်နေစိုးသည် ပြုလုပ်ရန်ရှိသည်များကို အမြန်ဆုံးစီစဉ်လိုက်သည်နှင့် အားလုံးအဆင်သင့်ဖြစ်နေကြ၏။

ရဲအုပ်နေစိုး၊ လဝကဌာနမှူး တင့်ကိုကိုနှင့်အဖွဲ့ဝင်များသည် ပျက်နေသည့်ဂျစ်ကားနှင့် မလှမ်းမကမ်းတွင် ဦးထုပ်နှင့် ယပ်ခတ်သူကခေါ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပုဝါနှင့် မျက်နှာချွေးသုတ်သူက သုတ်။ စီးကရက်ဖွာပြီး လာမည့်ကား ကို တစေ့တစောင်းကြည့်သူကကြည့်၊ ခြေပစ်လက်ပစ် ထိုင်ချသူက ထိုင်နှင့် တကယ်ကားပျက်၍ ခရီးသည်များ နေ ထိုင်ကြပုံက အပီအပြင်။

ထိုစဉ် တောင်းအေ့(စ်)ကားသည် ခပ်လှမ်းလှမ်းမှ ဂျစ်ကားပျက်နေသည် ကို တွေ့မြင်သဖြင့် အရှိန်လျှော့၍ဆင်း လာပြီး လမ်းဘေးသို့ အနည်းငယ် စောင်း၍ ရပ်လိုက်၏။ သို့သော် စက် ကိုတော့ ရပ်မထား။ ထိုစဉ်တွင် တောင်းအေ့(စ်)ကိုမောင်းလာသည့် ယာဉ်မောင်းသူမှ တစ်စုံတစ်ရာအချက် ပြလိုက်ရာ ရဲမှူးနေစိုးတို့အဖွဲ့သည် တောင်းအေ့(စ်)ကားအနီးသို့ တိုးကပ် သွားလိုက်ပြီး ကားပေါ်မှပစ္စည်းများကို စစ်ဆေးကြမည်ဖြစ်၍ ပိုင်ရှင်များ ကား ပေါ်တွင် ခေတ္တနေရန် ပြောဆိုလိုက်စဉ် ၎င်းကားကိုမောင်းလာသူ ယာဉ်မောင်း သည် ကားစက်ကိုရပ်လျက် ကားသော့ ကို ဆောင်ယူပြီး ကားပေါ်မှ ဆင်းကာ ရဲမှူးနေစိုးအား အလေးပြုလိုက်စဉ် တွင် ကားပေါ်မှ ပစ္စည်းပိုင်ရှင်သည် လျှို့ဝှက်စွာယူဆောင်လာသော လက် နက်တစ်ခုကို လျှင်မြန်စွာဆွဲထုတ်လိုက် ချိန်တွင် မျက်စိရော၊ နားရော၊ လက် ရော သူတို့ထက်သာသည့် ရဲသားက စတီးလက်ကောက်ဝတ်ပေးလိုက်ပြီး ပစ္စည်းပိုင်ရှင်၏ လက်နက်ကို သိမ်းယူ လိုက်၏။

ထိုပစ္စည်းရှင်၏ မျက်နှာသည် ရှမ်းမျက်နှာ၊ တရုတ်မျက်နှာ၊ ရှမ်း တရုတ်မျက်နှာမဟုတ်ပါ။ ဗမာအမျိုး သားရုပ်ပီပြင်ပါ၏။ ထိုသူက အနီးကပ် ရှိနေတဲ့ ရဲအုပ်နေစိုးအား တစ်စုံတစ်ရာ စကားကို မျက်နှာရှေ့တိုး၍ ကပ်ပြော လိုက်ရာ ရဲအုပ်နေစိုးမှာ မျက်နှာကြီး နီရဲလျက် အတော်ဒေါသထွက်သွား ကာ ◦◦

"ဒီမှာ ◦◦ ခင်ဗျားဟာ ဗမာလူမျိုး စစ်စစ်ပါ။ နံမည်တုအမျိုးမျိုးနဲ့လှုပ်ရှား နေတာ သိတယ်နော့။ ခင်ဗျားဟာ အတ္တကြီးကြီး၊ လောဘကြီးကြီးနဲ့ ကိုယ့် လူမျိုးကို အမှည့်ခြွေမခြွေချင်ပါနဲ့။ ခင်ဗျားကောင်းစားဖို့ ချမ်းသာဖို့သာ ကြည့်တဲ့သူ။ ခင်ဗျား သွေးအေးအေးနဲ့ နင်းချေသွားတဲ့ သူတွေဟာ မြန်မာ့သွေး စစ်စစ်တွေ ဗမာတွေဗျ။ ခင်ဗျားနဲ့ တစ် မြေတည်းနေ တစ်ရေတည်းသောက် နေတဲ့သူတွေ။ ခင်ဗျားရဲ့ စည်းစိမ်ဥစ္စာ တွေဟာ ကိုယ့်သွေးသား၊ လူသားတွေ ရဲ့ ဘဝများစွာ စတေး၊ စာရိတ္တတွေ စတေးပြီးမှ ရလာတဲ့ စည်းစိမ်တွေဆို တာရော တွေးမိရဲ့လား။ ဘာမှ တန်ဖိုး မရှိတဲ့ငွေတွေ၊ စည်းစိမ်တွေပဲဗျာ။ အဲ ကျုပ်တို့ကို လာမညှိနဲ့၊ မမြှူဆွယ်နဲ့ ခင်ဗျားတို့ငွေကို ကျုပ်တို့ မသတီဘူး။ အထင်လည်းမကြီးဘူး။ ရွံတယ်။ ကျုပ် တို့ဟာ ဟိုး ပဝေသဏီက ကိုလိုနီ ခေတ်က ပုလိပ်တွေမဟုတ်ဘူး။ ကျုပ် တို့ဟာ ဒီနေ့ဒီခေတ်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို သစ္စာ ရှိရှိတာဝန်သိသိနဲ့ တာဝန်ထမ်းဆောင်





www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ရဲစစ်စစ်တွေဆိုတာ ခင်ဗျားတို့ မြဲမြဲမှတ်ထား''

ရဲအုပ်နေစိုးသည် ဒေါ်မာန်ပါပါ ဖြင့် ပြောပြီး သူ့အဖွဲ့သားတို့ကို အမိန့်ပေးလိုက်၏။

''ကဲ ‥ အချိန်ကြာတယ်ဟေ့၊ သူတို့အားလုံး၊ ကလေးနှစ်ယောက်က လွဲပြီး လက်ထိတ်ခတ် ဟိုသစ်ပင်ရိပ်ကိုခေါ်သွား။ တစ်ယောက်တစ်နေရာ စီခွဲထားလိုက်။ ရဲဘော် ၃ ယောက်က သူတို့အနီးနားမှာ အသင့်အနေအထားနဲ့ ရှိပစေ။ ကားပေါ်က ပစ္စည်းတွေ အကုန်အောက်ချလိုက်။ သူတို့ရဲ့မှတ်ပုံတင်ကတ်တွေသိမ်းလိုက်။ ဒီက လဝက က ဦးတင့်ကိုကိုက သူ့ကဏ္ဍကို သူ တာဝန်ယူလိမ့်မယ်''

ရဲအုပ်နေစိုး အမိန့်ပေးလိုက်သည့် အတိုင်း ရဲတပ်ဖွဲ့ဝင်များအားလုံး ဆောင်ရွက်လိုက်ကြ၏။ ပစ္စည်းများချနေစဉ် အမွေးဖွားဖွားအဖြူနှင့် အနက်ကျား ခွေးရုပ်ခပ်ကြီးကြီးနှင့် ၃ နှစ်သားကလေးအရွယ် ခွစီး၍ရသည့် ရာဘာမြင်းရုပ်ကို အောက်တွင်ရောက်ရှိနေသည့် ၄ နှစ်ခန့် သမီးငယ်လေးနှင့် ၆ နှစ်ခန့် သားငယ်လေးတို့ထံ မိခင်ဖြစ်သူမှ ချပေးလိုက်ရင်း ပါးစပ်မှ သားနဲ့သမီးတို့က အရုပ်လေးတွေယူလေ ဟု ပြောလျက် အရုပ်ကလေးတွေဆီသို့ မေးငေါ့ပြလိုက်ရာ ရဲသားတစ်ဦးက ကောက်ယူပေးမည်ပြုစဉ် ‥

''နေပါ ‥ နေပါ သူတို့အရုပ် သူတို့ကောက်ယူပါလိမ့်မယ်''ဟု ကားပေါ်

ဒုစရိုက်သမားတွေဆိုတာ ဉာဏ်နီဉာဏ်နက်က တော်တော်များတာ။ ကဲ‥‥လာကြ ငါထင်ထားတဲ့ အတိုင်းတော့ ဖြစ်မယ်ထင်တယ်။ ငါ ဒီအရုပ်နှစ်ရုပ်ကိုလည်း မသင်္ကာဘူး။ ရိုးရိုးအရုပ်တွေဆိုရင် ‥‥

မှဆင်းရင်းပြောပြီး အရုပ်ကို ကောက်မယူဘဲ ငေးကြည့်နေသည့် ကလေးနှစ်ဦးထံ ဟိတ်ဟု အော်ငေါက်လျက် အရုပ်နှစ်ရုပ်ကို သွက်သွက်မေးငေါ့ပြလိုက်မှ ကလေးတို့က အရုပ်ကိုကောက်ယူလိုက်ပြီး မိခင်ဖြစ်သူနှင့် ရဲတပ်ဖွဲ့ဝင်များကို ဟိုကြည့်သည်ကြည့်နှင့် ကြည့်နေကြ၏။

''အဟင်း ‥ ဟင်း သူတို့က အရုပ်လေးတွေ သိပ်ချစ်တာ၊ ဘယ်သွားသွား ယူလာရတယ်လေ''ဟု အမျိုးသမီးဖြစ်သူက ပြောလိုက်၏။ အမျိုးသမီးလေသံက ဗမာလေသံပီပီသသ၊ ရုပ်ရည်ကတော့ တရုတ်ကပြားလိုလို၊ ရှမ်းကပြားလိုလို''

ရဲတပ်ဖွဲ့ဝင်နှစ်ဦးကလည်း အမျိုးသမီးနှင့် ကလေးနှစ်ဦးကို သစ်ပင်ရိပ်တစ်ခုဆီသို့ခေါ်သွားလေ၏။

နှစ်ဦးကို သစ်ပင်ရိပ်များရှိရာသို့ တစ်ယောက်တစ်နေရာဆီ ခွဲထားလျက် ကားပေါ်မှချထားသော ပစ္စည်းများကို ရှာဖွေစိစစ်နေကြစဉ် တာဝန်ကျ ရဲတပ်သားများကလည်း ဖမ်းဆီးထားသူများကို လက်နက်အပြည့်အစုံဖြင့် တာဝန်ယူစောင့်ကြပ်လျက် ရှိနေကြ၏။

ရဲတပ်သားများလည်း ပစ္စည်းများကို အံပြန်ပြန်အလှန်လှန်ရှာဖွေစစ်နေကြစဉ် တာဝန်ကျရဲတပ်သားများကလည်း ဖမ်းဆီးထားသူများကို လက်နက်အပြည့်အစုံဖြင့် တာဝန်ယူစောင့်ကြပ်လျက်ရှိနေကြ၏။

ရဲတပ်သားများသည်း ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို အပြန်ပြန်အလှန်လှန်ရှာဖွေ စစ်ဆေးနေကြစဉ် ရဲအုပ်နေစိုးက တောင်းအေ့(စ်)ကားကို မောင်းလာခဲ့ ကြသည့် ဒုရဲအုပ် မင်းသူရအား မေးခွန်းတစ်ခု မေးလိုက်သည်။

“ဗိုလ်လေးက သူတို့ကို ဆောင်ချဉ်းလာပုံလေးပြောပြပါဦးဗျာ”

“ဒီလိုဗျ ဗိုလ်ကြီးရဲ့ မနေ့တုန်းက ဗိုလ်ကြီးတို့နဲ့ ဆွေးနွေးကြပြီး ပြင်ဦးလွင်ရောက်တော့ အပေါင်းအသင်းတွေနဲ့သွားတွေ့တယ်။ ကိစ္စတစ်ခုရှိလို့ လာတယ်ပေါ့။ သူတို့ကလည်း ဘာကူညီပေးရမလဲ၊ ကူညီမယ်ပေါ့။ ဒါပေမဲ့ ဖွင့်ပြီး အကူအညီတောင်းလို့တော့ မဖြစ်သေးဘူးလေ။ ဒါကြောင့် အရေးတကြီးမဟုတ်ပါဘူးဗျာ။ လိုရင်တော့ ပြောမှာပေါ့ဆိုပြီး အာလာပသလ္လာပတွေပြောပြီး စားရင်းသောက်ရင်းအချိန်ဖြုန်း၊ နားလည်းအလုပ်ပေး မျက်စိလည်း အလုပ်ပေးနဲ့နေရတာပေါ့။ အဲဒီတုန်း ဖုန်းဝင်လာတော့တာပဲ။ ဒါနဲ့ ဒီနေ့စောစောထလို့ အပေါင်းအသင်းကို လက်ဖက်ရည်သောက်သွားမယ်လို့ ပြောပြီး ဘော်ဒါရဲ့ ဒီတောင်းအေ့စ်ကားနဲ့ပဲ လားရှိုးကဝင်လာတဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ရင်း စကားပြောနေတုန်း ပါဂျဲရိုးကားကဝင်လာပါလေရော။ ဒါနဲ့ ဘော်ဒါကို လက်တို့ပြီး သူ့ကားနဲ့ ပါဂျဲရိုးကားနောက်ကို မယောင်မလည် မသိမသာလိုက်လာကာ နာရီစင်နားမှာ သူတို့ကားရပ်တယ်။ အငှားကားတစ်စင်းငှားနေတာမြင်တယ်။ အငှားကားနဲ့လည်း အဆင်ပြေပုံမပေါ်ဘူးဗျ။ ဒါနဲ့ အကွက်ဝင်လာပြီဆိုပြီး ဘော်ဒါကို အကျိုးအကြောင်းရှင်းပြပြီး သူတို့ဆီချဉ်းကပ်လိုက်တာ အဆင်ပြေသွားတာနဲ့ ကျွန်တော်ကိုယ်တိုင် မောင်းလာခဲ့တာပဲ”

ထိုသို့ပြောနေစဉ် အဖွဲ့ဝင်တစ်ဦး အနားကပ်လာပြီး ..

“ဗိုလ်ကြီး လောလောဆယ် ရှာတဲ့ပစ္စည်းကတော့ မတွေ့သေးပါဘူး”

ဟု ပြောလာသဖြင့် ရဲအုပ်နေစိုးလည်း ဉာဏ်ကြီးသူပီပီ စဉ်းစား၏။ သူတွေးထင်ထားတာတွေလည်း ရှိနေ၏။ ဒါလောက် သတင်းအတိအကျရထားရဲ့နဲ့ မတွေ့ဘူးဆိုတာ မဖြစ်နိုင်ဘူး။

“ဟော့ ရဲဘော်တို့ ဟို ကတ်ပုံးတွေကဘာတွေလဲ ဖွင့်ကြည့်ပြီးပြီလား”

“ဟုတ် .. ဖွင့်ပြီးပါပြီ ဗိုလ်ကြီး၊ လိမ္မော်ရည်ပုလင်းတွေပါ”

“ဟိုလက်ဆွဲအိတ်တွေရော”

“ဖွင့်ရှာပြီးပါပြီ”

“ဒါဆို .. လိမ္မော်ရည်ပုလင်းကတ်ပုန်းကို ငါမသက်ာဘူး”

ရဲအုပ်နေစိုးသည် လိမ္မော်ရည်ပုလင်းကတ်ပုံးကို ထပ်ဖွင့်စေပြီး လိမ္မော်ရည်စုပ်သောက်ရန် ပလတ်စတစ်ပိုက်ထုပ်များကို တွေ့ရ၏။ လိမ္မော်





www.burmeseclassic.com

www.burmeseclassic.com



ရည်ပုလင်းများကို အပေါ်ယံတွင် တင်ထားပြီး၊ အောက်တွင် ပိုက်ထုပ်များကို စီ၍ ထည့်ထားခြင်းဖြစ်သည်။

ရဲအုပ်နေစိုးသည် ပိုက်တစ်ထုပ်ကို ဖောက်၍ ပိုက်တစ်ချောင်းကိုဆွဲထုတ်ပြီး နေရောင်တွင် ထောင်ကြည့်လိုက်၏။

"လာ . . ဒီမှာကြည့်၊ ပိုက်ထဲမှာ ဘာရှိသလဲ၊ ဒီမှာကြည့်"

ဟုဆိုလျက် ပိုက်ချောင်းကို ထောင်ပြီး လက်ညှိုးနှင့်တောက်လိုက်သော် ဖြူဖြူအမှုန့်များ ထွက်ကျလာတာကို တွေ့ရ၏။ အဖွဲ့ဝင်များလည်း "ဟာ"ဟူသော အာမေဋိတ်သံများ ထွက်လာ၏။

"ကဲ . . အံ့သြမနေကြနဲ့ဦး၊ ဒုစရိုက်သမားတွေဆိုတာ ဉာဏ်နီဉာဏ်နက်က တော်တော်များတာ။ ကဲ . . လာကြ . . ငါထင်ထားတဲ့အတိုင်းတော့ ဖြစ်မယ်ထင်တယ်။ ငါ ဒီအရုပ်နှစ်ရုပ်ကိုလည်း မသင်္ကာဘူး။ ရိုးရိုးအရုပ်တွေဆိုရင် ကလေးတွေ ပေါ့ပေါ့ပါးပါးနဲ့ ပွေ့ချီယူသွားမှာပေါ့။ ခုတော့ ကလေးတွေက မနိုင့်တနိုင်နဲ့ မ နေကြရတဲ့ပုံ တွေးမိတယ်။ ဒီ လိမ္မော်ရည်ပုံးတွေကို ရဲဘော် ၃ ယောက်ကစောင့်၊ ငါနဲ့ ဗိုလ်လေးနဲ့ ဟိုအမျိုးသမီးနားမှာ ချထားတဲ့ အရုပ်နှစ်ရုပ်ကို သွားပြီး စစ်ဆေးလိုက်ဦးမယ်"

ဟု ပြောဆိုလျက် အရုပ်နှစ်ရုပ်နားကပ်သွားပြီး အစောင့်ရဲတပ်ကြပ်ကြီးအား . .

"ဟောဒီ အရုပ်နှစ်ရုပ်ကို ဒါးနဲ့ ခွဲလိုက်စမ်းဟေ့"

"ဟုတ်"

ရဲတပ်ကြပ်ကြီးသည် အဆင်သင့်ပါလာသော ခလုတ်နှင့်ဓားကိုဖွင့်လျက် ပထမအမွေးဖွားဖွားလေးနှင့် အမြင့် ၁၀ လက်မ အလျား ၂ ပေခန့်ရှိ ခွေးရုပ်လှလှလေး၏ရင်ကို ခွဲလိုက်လေ၏။

"ကဲ . . တွေ့လား ငါထင်တဲ့အတိုင်းပဲ"

အဖြူရောင်၊ ပန်းရောင် ဆေးပြားများ၊ မုံညင်းစေ့ပမာဏရှိ အစေ့အိတ်များ၊ ပလတ်စတစ်အိတ်များဖြင့် ထုတ်ထားသည့် အိတ်များစွာကို တွေ့ရတော့၏။

နောက်ထပ် ဒုတိယရာဘာမြင်းရုပ်ကို ခွဲလိုက်ပြန်သော် ကွမ်းယာထုတ်သည့် ပလတ်စတစ်အရွယ်အိတ်များဖြင့်ထည့်ထားသည့် အဖြူရောင် မူးယစ်ဆေးဝါးများဖြစ်၏။

ရဲအုပ်နေစိုးနှင့်တကွ အဖွဲ့သားများအားလုံး စီစဉ်စရာဆောင်ရွက်စရာများကို လုပ်ဆောင်နေကြ၏။

"ဦးတင့်ကိုကို . . ခင်ဗျားလည်း ဌာနဆိုင်ရာတာဝန်ကို ဆောင်ရွက်လို့ရပါပြီ"ဟု ရဲအုပ်နေစိုးက လဝကမှူးအား ပြောကြားလိုက်သဖြင့် သိမ်းယူထားသော မှတ်ပုံတင်ကတ်ပြားများကို ကိုင်ဆောင်လျက် စစ်ဆေးပါတော့သည်။

"ကဲ . . နာမည်ခေါ်မယ်၊ ဝိုင်းပုညဆိုတာ ဘယ်သူလဲ"

ဟု သစ်ပင်ရိပ်အောက်တွင် လက်နှစ်ဖက်လုံး လက်ထိပ်ခတ်ထားသည့် တရားခံများဘက်လှည့်၍ မေးလိုက်၏။

"ကျွန်တော်ပါ"

"ဖခင် အမည်"

ဝိုင်းပုညဆိုသည့်ခေါင်းဆောင်သည် ခေါင်းကုတ်လျက် ငြိမ်နေ၏။ မျက်နှာတစ်ခုလုံးနီရဲလျက် . .

"ဟေ့ . . မေးနေတယ်လေ"

ရဲအုပ်နေစိုးမှာ မနေသာ၍ ဝင်အော်တော့၏။

ဝိုင်းပုညဆိုသူမှာ ခေါင်းငုံ့၍နေလေသည်။

"ဟေ့ . . သန်းထွန်း . . သန်းထွန်းဟာ သန်းထွန်းပဲ ဝိုင်းပုညလုပ်လို့ မရတော့ဘူး မဟုတ်လား။ သန်းထွန်း အဖေမေးရင် သိမှာပေါ့။ ဝိုင်းပုညအဖေမေးလို့ ဘယ်သိမလဲ"

ရဲအုပ်နေစိုးက မာန်ပါပါချက်ကျကျပြောလိုက်ရာ ဝိုင်းပုညခေါ် သန်းထွန်းသည် အနီးရှိခဲလုံးအား ကန်လိုက်လေသည်။

"ကဲ . . နောက်တစ်ယောက်ဆက်ခေါ်မယ်"

"ဦးအိုက်စံ"

အတူပါလာသူတစ်ယောက်သည် ငေးမိငေးရာ ငေးနေ၏။

"ဦးအိုက်စံ"

"ငေးမြဲငေးလျက် မထူးပါ"

"ဖိုးတင်"

ဟု ခပ်ကျယ်ကျယ်ခေါ်ရာ . .



www.burmeseclassic.com

www.burmeseclassic.com





“ဗျာ”

ဦးအိုက်စံဟုခေါ်တော့မထူး။ ဖိုးတင်ခေါ်မှ “ဗျာ”တဲ့ ထူးလိုက်၏။

လဝကမှူးဦးတင့်ကိုကိုသည် အကြောင်းအရာတို့ကို အကြမ်းရေးမှတ်လိုက်၏။

“ကဲ ‥ နောက်တစ်ယောက်”

“ဒေါ်နန်းခမ်းလှ”

“မထူး ခေါင်းငုံ့မြဲ”

“ဒေါ်နန်းခမ်းလှ”

“အင် ‥ အဲ ‥ ရှင်”

“အဖေနာမည်”

“ဦးအိုက်မောင်”

“မွေးသက္ကရာဇ်”

“ ... ”

“ပြောပါ”

“အဲ ‥ ထောင့်ကိုးရာ၊ ထောင့်ကိုးရာ့ငါးဆယ်”

“ဒါဆို ခင်ဗျားအသက်”

“၃၄ နှစ်”

“ထားပါတော့ဗျာ။ ခင်ဗျားတို့ကတော့ တစ်မှုပေါ် နှစ်မှုသုံးမှုဆင့်ပေါ့ဟု ဦးတင့်ကိုကိုက ညည်းညူပြောပြောလိုက်ရာ ‥

“ဘယ်လိုဗျ ဦးတင့်ကိုကို”ဟု ရဲအုပ်နေစိုးက မေးလိုက်၏။

“ဒီလိုဗိုလ်ကြီးရဲ့ ကျွန်တော်တို့လည်း ဌာနဆိုင်ရာအချင်းချင်း အရေးကြီးရင်ကြီးသလို ဆက်သွယ်မှုတွေရှိပါတယ်။ ဒီလူတွေကအတုတွေဗျ”

“ဒါဆို မှတ်ပုံတင်တွေကို ဦးစီးအရာရှိရဲ့ လက်မှတ်တုနဲ့ တံဆိပ်တု

အင်း...

လောဘသားတွေ၊

အတ္တသမားတွေ၊

ဥပဒေကို

ချိုးဖောက်ကြလို့ပဲ

ဥပဒေရဲ့

အဆုံးအမခံကြရတဲ့

လူတွေလည်းမနည်းဘူး။

တရားလည်းမရကြဘူး။

မတရားရထားတဲ့

စည်းစိမ်ဟာ

အေးချမ်းမလားဗျာ

...



www.burmeseclassic.com

www.burmeseclassic.com



တွေလုပ်ထားတာလား''

''ဒီလိုလည်းမဟုတ်ဘူးဗျ။ သူတို့ကိုင်လာတဲ့ မှတ်ပုံတင်က အစစ်တွေ ကိုင်ဆောင်လာတဲ့လူတွေက ပိုင်ရှင်အတုတွေ။ ဒီလိုဗိုလ်ကြီးရဲ့ ပထမ စိုင်းပုညဆိုတဲ့ ကတ်ပြားကို ကိုင်ဆောင်လာတဲ့ သန်းထွန်းဟာ သေဆုံးပြီးဖြစ်တဲ့ စိုင်းပုညရဲ့ မှတ်ပုံတင်ကတ်ပြားကို သေဆုံးသူရဲ့ ဇနီးထံက ငွေပေးဝယ်လာတာပဲ။ အဲဒီမှတ်ပုံတင်ကတ်နဲ့ လှုပ်ရှားဖို့ပေါ့။ ခု ကြည့် ဖခင်နာမည်မေးတော့ သူ မဖြေနိုင်ဘူး။ ကတ်ပြားသာဝယ်လာပြီး အမှတ်တမဲ့ကိုင်လာတာကိုး။ ဒါကြောင့် ဖခင်နာမည်မသိဖြစ်နေတာပေါ့'

''ဩော် ..ဒီလိုကိုး၊ နောက်နှစ်ယောက်ကလည်း ဒီလိုပဲလား''

''ဟုတ်ပါတယ် ဗိုလ်ကြီး၊ မှတ်ပုံတင်ကတ်သာကိုင်လာတာ။ နာမည်တောင် မှတ်ထားဟန်မတူဘူး။ ဦးအိုက်စံလို့ခေါ်တော့ မထူးဘူးလေ။ သူ့နာမည်အမှန် ဖိုးတင်လို့ခေါ်တော့မှ ထူးတယ်။ မွေးသက္ကရာဇ်ကြည့်ပါဦး ၁၉၄၂ ခုနှစ်က မွေးတာဆိုတော့ ခုပဲ ၂၀၀၀ ပြည့်နှစ်လေ။ သူ့အသက် ၅၈ နှစ်ဗျာ။ ခုမှ ဖိုးတင်ဟာ သုံးဆယ်ဝန်းကျင်ပဲရှိမယ်။ ပြီးတော့ နန်းခမ်းလှဆိုတာက စေ့စပ်တယ်ဗျ။ နာမည်ရော ဖခင်နာမည်ရော အဟုတ်ပဲ။ မွေးသက္ကရာဇ်ကျတော့ မပြောနိုင်တော့ဘူး။ ၁၉၅၀ ခုနှစ်တဲ့ ရမ်းပြောတာ။ သူကိုင်လာတဲ့ကတ်က ၁၉၆၅ ခုနှစ်ဗျ။ သိန်းထွန်းရော၊ ဖိုးထွင်ရော သေဆုံးသူရဲ့ ကတ်ပြားတွေ ဝယ်လာပြီး ဒုစရိုက်တွေ လုပ်နေတာပေါ့ ဗိုလ်ကြီးရယ်''

''အင်း ..ဦးတင့်ကိုကိုရေ၊ လူတွေကတော့ နိုင်ငံတော်ရဲ့ ဥပဒေကို အမျိုးမျိုးလှည့်စားနေကြတော့တာပဲဗျာ။ ဒါပေမဲ့ ဘယ်လိုပဲ ဥပဒေကို မလေးစားကြပေမယ့် တစ်နေ့မှာ အမှန်တရားဟာ ငြိမ်နေပါဘူး။ ပေါ်လာရတာပါပဲ။ အင်း မိဘတွေ ထောင်ထဲရောက်သွားရင် ကလေးတွေ ဘယ်လိုနေကြရှာမလဲဗျာ''

ဟု ဒုရဲအုပ် မင်းသူရက လေးပင်စွာ ပြော၏။

''အဲဒါကြောင့် သူတို့ကို နှစ်မှုသုံးမှုဆင့်တာပဲလို့ ပြောခဲ့တာပါ။ သစ်ပင်အောက်မှာ ကျောက်ခဲလေးတွေနဲ့ ဆော့ကစားနေတဲ့ ကလေးတွေနားသွားပြီး မင်းတို့နာမည်ဘယ်လိုခေါ်လဲလို့ မေးတော့ ကျွန်တော့်ကို ပြူးပြူးလေးတွေနဲ့ ကြည့်နေတယ်။ အငယ်မလေးက အကြီးကောင်လေးကို ဒီလူကြီးက ဘာမေးတာလဲလို့ ရှမ်းလို မေးလိုက်တယ်ဗျ။ ဒီတော့ ကလေးတွေဟာ သူတို့သားသမီးတွေ မဖြစ်နိုင်တာသေချာသိလိုက်လို့ ရှမ်းပြည်မှာ ၄/၅ နှစ်တာဝန်ထမ်းခဲ့ဖူးလို့ ရှမ်းစကားနည်းနည်းပါးပါးတတ်တာနဲ့ ရှမ်းစကားနဲ့ မေးကြည့်တော့ သူတို့မှာ အဖေ၊အမေ မရှိတော့ဘူးတဲ့။ သေနတ်မှန်လို့ သေသွားပြီတဲ့။ သူတို့အဒေါ်က ခေါ်ထားတာတဲ့။ သူတို့အဒေါ်ကို ပိုက်ဆံတွေ

အများကြီးပေးပြီး မုန့်တွေ၊ အင်္ကျီတေ
အများကြီးဝယ်ပေးလိမ့်မယ်။ သူတို့
လိုက်သွားလို့ အဒေါ်ကပြောလို့ လိုက
လာခဲ့တာတဲ့။

ဟု ဦးတင့်ကိုကိုက ရှင်းပြလိုက
သဖြင့် ရဲအုပ်နေစိုးနှင့် ဒုရဲအုပ်မင်းသူ
တို့ တစ်ဦးနှင့်တစ်ဦးကြည့်ပြီး သဂ
ပြင်းမှုတ်ထုတ်လိုက်ကြ၏။

''ဦးတင့်ကိုကိုရေ ..ဒီတရား
တွေကတော့ လွတ်လမ်းမမြင်ဘဲ မှ
ယစ်မှု၊ မှတ်ပုံတင်လိမ်ညာမှု၊ ကလေ
လူကုန်ကူးမှုတွေနဲ့ ကြီးလေးတဲ့အမှုတေ
ပဲဗျာ။ အင်း ..လောဘသားတွေ
အတ္တသမားတွေ၊ ဥပဒေကို ချိုးဖော
ကြလို့ပဲ ဥပဒေရဲ့ အဆုံးအမခံကြရ
လူတွေလည်း မနည်းဘူး။ တရားလည
မရကြဘူး။ မတရားရထားတဲ့ စည်းစိ
ဟာ အေးချမ်းမလားဗျာ။ ခုတော့''

ရဲအုပ်နေစိုးစကားမဆုံးခ
ဆက် သွယ်ခေါ်ယူထားသော ရဲက
၃ စီး ရောက်ရှိလာပြီဖြစ်၏။

ကားများသည် တရားခံများ
သက်သေခံပစ္စည်းများကိုတင်လ
ရွှေမန်းဆီသို့ ဦးတည်လျက် နိုင်ငံ
အား တီးတိုးဖျက်ဆီးနေကြသ
အဖျက်သမားလောဘသား
ကောင်ကို တင်ဆောင်ကာ ..။


မသက်နှံ(ထေ



www.burmeseclassic.com

www.burmeseclassic.com





မောင်ဃဉ်ကျော်

# စုံထောက်ဒိုင်ယာရီ ပြည်တွင်းဖြစ် အချစ်မှုခင်းများ

အမြစ်မရှိတဲ့ သစ်ပင်မရှိသလို အချစ်မရှိတဲ့ လူဆိုတာမရှိ။ မယိုင်မလဲတဲ့ သစ်ပင်မရှိသလို၊ လူတွေမှာလည်း မနိုင်မြဲတဲ့ အချစ်ဆိုတာရှိတယ်။

အချစ်ကို တချို့က အလှူခံပြီး ယူသည်။ တချို့က တယူသန်နဲ့ အနုကြမ်းစီးပြီးယူသလို တချို့က အကြမ်းဖက်ဓားပြတိုက်ယူကြသည်။

အချစ်ကိုဗဟိုပြုပြီး ၃၀၂ နဲ့ လူသတ်မှုတွေဖြစ်ကြ။ ၃၇၆ နဲ့ မုဒိမ်းမှုတွေ၊ ယောနိုးမှုတွေဖြစ်ကြ။ အဲဒီဖြစ်စဉ်ထဲက ကြားသိခဲ့ရတဲ့ အချစ်မှုခင်းတွေကို သတိထားစရာ သိထားစရာအဖြစ် စုစည်းဖော်ပြပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မတော်မတရားလုပ်တာ အော်ရမလားဆိုပြီး ၁၃ နှစ်သမီးလေးကို ဒုတ်ခဲနဲ့ ထုသတ်လိုက်တဲ့ ဖြစ်ရပ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ...ကျေးရွာမှာ ၃-၈-၂၀၁၃ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်လေးပါ။

ရွှေကျင်မြို့နယ်၊ ...ကျေးရွာမှာနေတဲ့ မိခင်တစ်ဦးက ၁၃ နှစ်အရွယ်သမီးလေးကို ဝက်စာတွေယူဖို့ လွှတ်လိုက်ပါသတဲ့။

၃ နာရီကတည်းက လွှတ်လိုက်သည့်သမီး ည ၈ နာရီအထိ ပြန်မလာဖြစ်နေလို့ မိခင်ကြီးက သောကနဲ့ သွားနေကြ လာနေကြနေရာကို အဖော်ခေါ်ပြီး လိုက်ရှာ လိုက်မေးလုပ်တော့ ဘယ်မှရှာမတွေ့တာနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကို သွားပြောပြပြီး ရှာကြပြန်သတဲ့။ နောက်ဆုံး မတွေ့ကြတာနဲ့ သက်ဆိုင်ရာ မင်းလမ်းသံဆိပ်ရဲကင်းကို လူပျောက်သွားတိုင်လိုက်ကြတယ်။

သတင်းရရချင်းဘဲ ရဲကင်းမှူးနဲ့ ဒုရဲအုပ်ထွန်းနိုင်တို့ကတစ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့အဖွဲ့က တစ်ဖွဲ့၊ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ရွာနဲ့ပတ်ဝန်းကျင်ကို စုံစမ်းရှာဖွေကြတော့ နောက်တစ်နေ့ ၄-၈-၂၀၁၃ ရက်နေ့ ညနေ ၄ နာရီခွဲလောက်မှာ ရွာနဲ့ ၂ ဖာလုံခန့်ကွာဝေးတဲ့ ရွှေတွေတူးထားတဲ့ ရွှေတူးကျင်းဟောင်းထဲမှာ ဦးခေါင်းဒဏ်ရာတွေနဲ့ မ ...ရဲ့အလောင်းကို ပြန်တွေ့ကြတော့ အားလုံးရင်ထုမနာပေါ့။

ဒီလိုတွေ့တော့ ဒေါပွတဲ့လူက ဒေါသတွေထွက်၊ ဝမ်းနည်းတဲ့သူက ငိုယိုနေကြပေမယ့် ရဲတွေကတော့ ဒါဘယ်သူ့လက်ချက်လဲဆိုတာ တရားခံရှာ၊ အချိန်မီဖမ်းဆီးဖို့ လုပ်ကြရပြီး သဲလွန်စရှာဖွေကြတာပေါ့။

အခင်းဖြစ်နေရာနားမှာ တွေ့ရတဲ့ ခြေရာနှစ်ခုက အတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့ ရဲတပ်ဖွဲ့ဝင်တွေအတွက် အဖိုးတန်သက်သေပဲ။ ချက်ချင်းပဲ ခြေရာပုံစံတွေယူ ဓာတ်ပုံတွေရိုက်ကြပြီး သုံး ခြေရာကိုကြည့်ကာ သုံးသပ်လိုက်တဲ့အခါ ဒီခြေရာရှင်ဟာ အသက် ၂၀ အရွယ်ခန့်လို့ ခန့်မှန်းပြီး အုပ်ချုပ်ရေးမှူး အဖွဲ့တွေနဲ့ တိုင်ပင်စဉ်းစားကြတာပေါ့။ ဒီရွာထဲမှာ လူငယ်တွေအကြောင်းနဲ့ အကျင့်စရိုက်တွေကို မေးကြ၊ တွေးကြလုပ်တော့ ရွာသတင်းအရ အနီးစပ်ဆုံး သုံးသပ်လိုက်ကြတော့ သံသယဖြစ်စရာ လူငယ်တစ်ယောက် ပေါ်လာတယ်။ သူက ဒီရွာသား နေလှိုင်(၁၈)နှစ်ဆိုတာပဲ။

ရဲ တွေးကြံဆတဲ့ သံသယဆိုတာ မှားခဲတယ်။ ဒါကြောင့် နေလှိုင်ဆိုတဲ့ လူငယ်ကိုခေါ်ပြီး မေးကြစစ်ကြတယ်။ ဒီလူငယ်ကလည်း အဖြစ်ကို ခုလိုပြောပြပါထယ်။

တစ်ယောက်တည်း ဝက်စာလိုက်ယူနေတဲ့ မ...ကို တွေ့လိုက်တော့ စိတ်တွေဖောက်ပြန်ပြီး သူ့ကိုဆွဲအတင်းပဲကြိုးစားတော့ သူက အော်ဟစ်ပြီး ရုန်းကန်နေလို့ အနားမှာတွေ့ရတဲ့ ဂဝံအုတ်နဲ့ ထုသတ်လိုက်တာတဲ့။ သက်သေခံဂဝံကျောက်တုံးကိုလည်း ပြတယ်။ ဒီအဖြစ်ကို သိရတော့ တစ်ရွာလုံး ဒေါပွဒေါသထွက်ကြတယ်။

ရဲတပ်ဖွဲ့ဝင်တွေက နေလှိုင်ကို ဖမ်းဆီးပြီး ရွှေကျင်မြို့မရဲစခန်းကို (ပ) ၁၈၁/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂ နဲ့အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်ကြ၊ အမျိုးနဲ့ ရွာကလူတွေက နာရေးဆောင်ရွက်ကြနဲ့ပေါ့။

ဒီဖြစ်စဉ်ကို သုံးသပ်ပြရရင် စေခိုင်းသူနဲ့ သွားလုပ်ရသူက အဓိက။ သားသမီးဆိုတာ မိဘကခိုင်းရင်လုပ်ရမှာပဲ။ အဲဒီတော့ ခိုင်းတဲ့လူက ဒီအရွယ်နဲ့ တစ်ယောက်တည်း သွားရမယ့်နေရာတွေကို အန္တရာယ်ကို ကြိုကာတဲ့အနေနဲ့ သမီးကို လိုတာတွေ ကြိုပြောပြီးလွှတ်ရမယ်။ လုပ်နေကျအလုပ်ဆိုရင်လည်း လုပ်နေကျအချိန်ထက် ကွာဟတာနဲ့ စုံစမ်းသင့်တယ်။ ခုဟာက အချိန်အရမ်းနှောင်းမှ လိုက်ဖြစ်တော့ ရှာချိန်နောက်ကျသွားတာလည်း ပါတာပေါ့။

သမီးမိန်းကလေး မွေးထားပြီး ခိုင်းတော့မယ်ဆိုရင် ကိုယ်ဖြစ်ချင်တာချည်းဘဲ မကြည့်ဘဲ ခုလိုဖြစ်တတ်တာလေးတွေ သတိထားဆင်ခြင်စေချင်လို့ မှုခင်းကြိုကာသဘောပြောချင်တာပါ။

**အစ်မကိုယူ ပစ်ထားပြီး နောက်မယားနဲ့ အချစ်ပွားနေတဲ့ ယောက်ဖကို မကျေနပ်လို့ အသေသတ်မယ်ဆိုပြီး ပေါက်ပြားနဲ့ ခုတ်တဲ့မောင်**

ဒီဖြစ်ရပ်လေးက မောင်တွေ..အစ်ကိုတွေရှိတဲ့ အမျိုးသမီးကိုယူပြီး ဖောက်ပြန်တာတို့၊ ပြစ်ထားတာတို့၊ အနိုင်ကျင့်တာတို့ရှိလို့ သိသွားရင် မောင်တွေအစ်ကိုတွေက မခံနိုင်လို့ ဖြစ်တတ်တဲ့သဘောပါ။

တချို့အမျိုးသမီးတွေဟာ ကြိမ်းဝါး

တတ်ပါတယ်။ အစ်ကိုတွေမောင်တွေ သိရင်သေမှာ။ သူတို့သိရင် ပြဿနာ ဖြစ်မှာစိုးလို့ သည်းခံနေတာဆိုတဲ့ စကားသံတွေ ကြားဖူးမှာပေါ့။ ခုလည်း ဒီလိုဖြစ်သွားတာ ..

ဒိုက်ဦးမြို့နယ်၊ ကမာဖရုံကျေးရွာ မှာနေတဲ့ ခိုင်စိုး(၃၈)နှစ်က ဆက်သွယ်ရေးလမ်းမှာ စုပေါင်းပြီး လမ်းခင်းနေကြတဲ့နေရာကို ဆိုင်ကယ်နဲ့ ဂဝံကျောက်တွေသွားပို့ပြီး ရွာကိုပြန်လာတုန်း ရွာထဲက ဦးမောင်လှိုင်ဆိုတဲ့လူရဲ့ အိမ်ရှေ့အရောက်မှာ အရင်ပထမ ဖနီးရဲ့မောင် ဖြိုးဇော်စောင့်နေပြီး ပေါက်ပြားနဲ့ခုတ်သတ်လိုက်ပါသတဲ့။

ဒီလိုရုတ်တရက် ပေါက်ပြားနဲ့ အခုတ်ခံလိုက်ရတဲ့ ခိုင်စိုးက မြေကြီးပေါ်လဲကျသွားပြီး ဒဏ်ရာတွေနဲ့ သူ့ကို ပြုစုပြီး ည ၈ နာရီလောက်မှာ သက်ဆိုင်ရာကိုသွားအကြောင်းကြားပြီး တိုင်တော့ ဒိုက်ဦးရဲစခန်းက (ပ)၃၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၆ နဲ့ အမှုဖွင့်ပေးပြီး ဒဏ်ရာရတဲ့လူနာကို ဆေးစာရေးပြီး ဆေးရုံပို့တဲ့လူကပို့ပြီး တရားခံကို သွားရှာဖမ်းတဲ့လူက ဖမ်းလိုက်ကြတယ်တဲ့။

သက်ဆိုင်ရာ စခန်းမှူးနဲ့အဖွဲ့က အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးကြကာ ရဲလုပ်ငန်းတွေ ဆောင်ရွက်ကြပြီး စစ်မေးတော့ သူ့အစ်မကို ယူတုန်းက ချစ်လှပါချည်ရဲ့ဆိုပြီး ခဏခဏပြောပြီး ခုတော့ သူ့အစ်မကို ပစ်ထားပြီး စိတ်ဒုက္ခပေးထားလို့ ဒေါပွပြီး လမ်းမှာတွေ့တုန်း ရှိတာနဲ့ လုပ်လိုက်တာလို့ပြောပြီး ဝန်ခံတယ်။ ပြီးတော့ သူ ပြစ်မှုကျူးလွန်ခဲ့တဲ့ ပေါက်ပြားကိုလည်း ယူပေးလို့ သက်သေခံပစ္စည်းအဖြစ် သိမ်းလိုက်တယ်။ နောက်ဆုံးကြတော့ ..

ဒီလိုကိစ္စမျိုးမှာ အစ်မကို ပစ်မထားဖို့၊ တစ်ယောက်နဲ့တစ်ယောက် ထောက်ထားကြဖို့ ညှိရမယ့်ကိစ္စကို ပေါက်ပြားနဲ့ခုတ်တော့ အားလုံးအလုပ်ရှုပ်ပြီး ဆေးရုံရောက်တဲ့လူနဲ့ ရဲစခန်းရောက်တဲ့လူတွေ ဖြစ်ကုန်ကြတာ သင်ခန်းစာယူသင့်တာပေါ့။

**မုန့်ဖိုး ၁၀၀ ပေးပြီး ၁၂ နှစ်သမီးလေးကို အဓမ္မကာမရယူလိုက်တဲ့ အိမ်ရှင်ဆိုက်ကားသမား**

စီးပွားရေးကျပ်တည်းလို့ အရပ်ထဲမှာ အိမ်ဖော်အဖြစ် သွားလုပ်နေရာမှ သစ္စာမဲ့ပြီး သားသမီးချင်းကိုယ်ချင်း မစာမနာ ပြုမူလိုက်တဲ့ ဖြစ်ရပ်တစ်ခုပါ။

ဖြစ်စဉ်က ဒီလိုပါ ..

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ... ရပ်ကွက်၊ ... လမ်းမှာနေတဲ့ ၁၂ နှစ်အရွယ် မ ...က ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ သစ္စာလမ်းမှာရှိတဲ့ ဆိုက်ကားနင်းသူ ဦး ...(၄၅)နှစ် အိမ်မှာ အိမ်ဖော်အဖြစ်သွားရောက်လုပ်ကိုင်နေစဉ် အဲဒီနေ့က အိမ်ရှင်ဆိုက်ကားဆရာကြီးက မီးဖိုချောင်ထဲ ဝင်ရောက်လာပြီး မ ... ကို မုန့်ဖိုးငွေ တစ်ရာပေးပြီး အနောက်ဘက်ကနေ သိုင်းဖက်ကာ မဖွယ်မရာပြုလုပ်ပြီး ကြမ်းပြင်ပေါ် တွန်းလှဲကာ အဓမ္မကိ လေသာဓားပြတိုက်ယူလိုက်ပါသတဲ့။

ဒီဖြစ်ရပ်ကို မ ...က ညနေ ၆ နာရီလောက်မှာ အဒေါ်ဖြစ်သူထံ ငိုယိုပြီး အဲဒီအကြောင်းကို ပြောပြလိုက်တော့ အဒေါ်ဖြစ်သူမှာ ရင်တုန်ဒေါသထွက်ကာ မ ...ကို စစ်ဆေးလိုက်တဲ့အခါ သားမယားအဖြစ် ပြုကျင့်ခံထားရတဲ့ လက္ခဏာကို တွေ့ရတော့ ရှက်လည်းရှက် ဒေါသလည်းထွက်ကာ အသက်မပြည့်သေးတဲ့ မ ... ကို လက်ဆွဲခေါ်ပြီး သက်ဆိုင်ရာ သွားရောက်တိုင်တန်းလိုက်တယ်။

ကလေးကို မတရားအနိုင်ကျင့်တဲ့ အဓမ္မသမားကို အရေးယူပေးပါတဲ့။ ကြားရတဲ့သူတွေကလည်း ဒေါသထွက်၊ ပြောကြဆိုကြနဲ့ပေါ့။

ဒီဖြစ်စဉ်ကို ဆိပ်ကမ်းမြို့နယ်၊ မြို့မရဲစခန်းက (ပ)၃၃၈/၂၀၁၃ ပြစ်မှုပုဒ်မ ၃၇၆ နဲ့ အရေးယူဆောင်ရွက်နေဆဲဆိုတာ သိရပါတယ်။

အရွယ်မရောက်သေးတဲ့ သမီးလေးတွေကို ပိုက်ဆံရဖို့ တစ်ခုတည်းသာကြည့်ပြီး အန္တရာယ်ကိုကြိုမတွေးကြတဲ့ မိဘတွေအတွက် သင်ခန်းစာယူစရာတစ်ခုပါ။

ဒီလတော့ ဒီမျှနဲ့ နားဦးမယ်။
စုံထောက်ဖတ်သူအားလုံး ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေ။
မောင်ဃဉ်ကျော်



www.burmeseclassic.com

## ရာဇဝင်ထဲက အရှုံး

အမှန်တကယ်တော့
အရာအားလုံး ပုံမှန်စီးဆင်း
လည်ပတ်နေတဲ့ ကမ္ဘာကြီးမှာ
ငါတစ်ယောက်တည်း ရာသီဥတု
ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့တာပါ ..။

ငါဟာ နွေခေါင်ခေါင်မှာ အေးစေချင်ပြီး
မိုးရာသီမှာ နှင်းကျစေချင်ခဲ့တာပါ
ဟိုးအဝေး မိုးကုပ်စက်ဝိုင်းကို
မျှော်ငေးပြီး ကောင်းကင်နဲ့မြေပြင်ရဲ့
ထိစပ်နေတဲ့နေရာကို
လိုက်ရှာနေမိခဲ့တာပါ ..။

ပြတ်ထွက်သွားပြီးတဲ့ ကြိုးနှစ်ချောင်းရဲ့
ဆက်ထားတဲ့ ဆက်ထုံးကိုလည်း
ဖျောက်ဖျက်ချင်မိတယ် ..။

ဘယ်ဘဝရဲ့ ဝဋ်ကြွေးများလဲ
ကျိန်စာသင့်နေတဲ့ နှလုံးသားကို
ပိုင်ဆိုင်ထားတဲ့ ငါ
အခုတော့ ဒီဇာတ်လမ်းမှာ
ငါမဖြစ်ချင်ဆုံး ဒသဂီရိအဖြစ်
ရာဇဝင်ထဲကလို
အရှုံးများ ရင်မှာပိုက်ရင်း
ဇာတ်လမ်းပြီးဆုံးတဲ့အထိ
ကပြတင်ဆက်နေရပြီလေ ..။

ဖူးပြည့်စုံ(ဥပဒေ)




www.burmeseclassic.com

## ပါးမို့မို့လေးအား သက်ဝင်ယုံကြည်ခြင်း

အဲဒီ ဆေးဆိုးပန်းရိုက်ကင်းစင် နယ်မြေလေး
နှင်းပွင့်တစ်ထွေးကြီးလို
ရှက်သွေးဖြာ မို့မို့လေးမှာ
ငါ့ တစ်ဘဝစာ အိပ်မက်နန်းတော်ရှိတယ်။

ရေဘူးမလိုဘူး
ဖိနပ်မလိုဘူး
ပါးမို့မို့လေးနဲ့ ဧဋ္ဌတစ်ရာဖြတ်မယ်။

ငါက
ကြည်ကြည်နူးနူးကို ရှုံးနေတာပါကွယ်။

သတိရစိတ် ပန်းလိုပွင့်တိုင်း
ရင်ခုန်သံ ထထမြည်နေတာ
ဖြစ်နိုင်ရင်
ဝေးကွာခြင်းဆိုတာ ဖယ်ပြီး
အတူနီးစပ်ခြင်းပဲ
အပိုင်ဝယ်ထားချင်ပြီ။




လင်းနိုင်

---

## အမှတ်စဉ်(၁၃၆) ဖေဖော်ဝါရီလအတွက်

### ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | ရဲမြင့်နောင် | - | တိမ်ဆပ်ကပ် |
| ၂။ | ကိုဘချော | - | နေကြာပန်း |
| ၃။ | နီမျိုးထက် | - | ငါးတွေ |
| ၄။ | လမင်းသစ္စာ | - | ဈေး |
| ၅။ | မျိုးမောရ | - | ထမင်းစားရေသောက် ကိစ္စများ |
| ၆။ | မောင်ချောပွင့်(မန္တလေး) | - | ပြင်ဦးလွင် |
| ၇။ | ကောင်းကင်မိုး | - | သစ်မြဲအဟောင်း |
| ၈။ | သူရ(ကလေး) | - | ရထားဟာ ရထားတို့ သဘာဝအတိုင်း |
| ၉။ | ကျော်မြင့်ကျော် | - | ဒဿန |
| ၁၀။ | လင်းထူးဇော်(သန်လျင်) | - | အတ္တစိတ်ကူးများ |




www.burmeseclassic.com

## ဆောင်းအရိပ်မှာ နေခဲ့ပါ

ဝေးတစ်သက် ဆွေးရမှာမို့
သံယောဇဉ်အငွေ့ဓာတ်ကို
ထွေးဖက်မထားပါနဲ့
ချစ်မေတ္တာမကုန်ပေမယ့်
စွန့်လွှတ်ကာ ကြင်နာသွားရမှာမို့
ရှေ့ခရီးတွင်စေကာ
မေ့ပြီးလျှင် သူပျော်ရွှင်ဖို့
ရွှေရင်စို့ကာ ကျောခိုင်းသွားပါရစေ။

ပန်သစ္စာကတိတွေလည်း
ချန်ရစ်ကာ မေ့သွားပါတော့
ရင်အပူတွက် အေးစေဖို့
ကြင်သူတစ်သက် ဝေးပြီမို့
ဆွေးမြည့်ကာ မနေစေချင်
ပျော်ရွှင်စွာနေခဲ့ပါတော့။

ထားခဲ့တာတော့ မဟုတ်ပါကွယ်
ကိုယ်လျှောက်မယ့်ခရီးကြမ်း
အတူမလှမ်းစေချင်လို့
နှောင်းအတိတ်ကိုမေ့ပြီး
အချစ်ရယ်
ဆောင်းအရိပ်မှာပဲ နေခဲ့ပါတော့။ ။



မိုင်းရင့်ဝေ(အပျော်)

## လျှောင်အိမ်တံခါး ဖွင့်လိုက်ပြီ

မိုးသောက်နံနက် အရုဏ်တက်ချိန်
လှောင်ချိုင့်အိမ်က ချိုမြိန်သံစဉ်
တေးသီလွင်သည့် အိုငှက်ငယ် ..။

တစ်ကိုယ်တည်းမို့
အလွမ်းပျို့လျက် အိပ်တန်းထက်မှာ
ခုန်တက်ခုန်ဆင်း အဖော်တစ်သင်းနဲ့
လေဟုန်စီးဖို့ ထွက်ပေါက်ရှာ ..။



နှုတ်သီးချွန်ကွေး
အမောက်သွေးနီ
လည်ရွှေရည်ဆင်း
တောင်ပံဝင်းဝါ
မြီးစင်းပြာပြာ
ခြေပန်းဝါနှင့်
ဝဥ္စာထဲတွင် အလှဆင် ..။

အိုငှက်ငယ်
ကြင်သူမဲ့ရ
မင်းဘဝလည်း
ငါလိုပဲကွယ်
အချစ်ဘယ်ဆီ
မှန်းမျှော်ရည်လျက်။

အိုငှက်ငယ်
ဒီစံအိမ်မှာ
ငါလည်း မင်းလို
မင်းလည်း ငါ့လို
တစ်ကိုယ်တည်းလေ။

အိုငှက်ငယ်
တို့နှစ်ယောက်လေ
ကွာနေဘဝ အတူနေမရပြီ
မင်းအတွက် လှောင်အိမ်တံခါးကို
ငါ ဖွင့်ဟထားတယ်
သွားလိုရာကို သွားတော့ကွယ်။

ချစ်ယဉ်လှိုင်


www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ၁၃၈
Cover Story မှ စာဆက်

ထို့နောက် အခင်းဖြစ်ရာနေရာတွင် ညွန့်ဝင်းမှစတင်၍ သေဆုံးသူမိန်းကလေးကို သားမယားအဖြစ် အဓမ္မပြုကျင့်၏။ ထို့အတူ ဘောဂနှင့် စိုးနိုင်တို့ကလည်း သားမယားအဖြစ် အဓမ္မပြုကျင့်ကြ၏။ အသက်အရွယ်နှင့်မမျှအောင် အဓမ္မပြုကျင့်ခံရ၍ သတိကင်းလွတ်နေသော မထက်ထက်အောင်၏ ဂါဝန်ကို ဘောဂမှ စုတ်ဖြဲ၍ လည်ပင်းကိုရစ်နှောင်ပြန်၏။ ညွန့်ဝင်းမှလည်းသတိလစ်နေသောမိန်းကလေး၏ လည်ပင်းကိုချိုးလိမ်၏။ ထို့နောက် ၎င်းတို့သုံးဦးလည်း ထိုနေရာမှ လမ်းခွဲခဲ့ကြကြောင်း ပြစ်မှုကျူးလွန်သူ ဘောဂ(ခ)ညွန့်စန်းမှ စုံထောက်စံထူးအား ဝန်ခံထွက်ဆိုခဲ့ပါသည်။ ဘောဂ၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

"ညွန့်ဝင်းဆိုတာ အခု ရွာကနေ တိမ်းရှောင်နေတဲ့ မသဲဖြူရဲ့အဖေမ ဟုတ်လား"

"ဟုတ်ပါတယ်"

"စိုးနိုင်ဆိုတာက အခု ညောင်ပင်သာကျောင်းမှာ ဘုန်းကြီးဝတ်နေတဲ့ ဦးတင်အောင်ရဲ့သားလား"

## အခန်း(၁၂)

### "ဟုတ်ပါတယ် ခင်ဗျ"

ဘောဂ၏ ထွက်ဆိုချက်ကြောင့် စုံထောက်စံထူးနှင့် ရဲစခန်းမှူးတို့သည် ညောင်ပင်စုကျေးရွာ၊ ညောင်ပင်သာကျောင်းသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အပြေးတက်ရပါ၏။ ညောင်ပင်သာကျောင်းအရောက် ကျောင်းထိုင်ဆရာတော်အား လျှောက်ထားပြီး သက်ဆိုင်ရာတာဝန်ရှိသူများရှေ့တွင် ပြစ်မှုကျူးလွန်သူစိုးနိုင်ကို လူဝတ်လဲစေပါ၏။ စိုးနိုင်အား ဖမ်းဆီး၍ ရဲစခန်းသို့ ခေါ်ဆောင်လာ၏။ ရဲစခန်းတွင် ချုပ်နှောင်ထားသော ဘောဂကို စိုးနိုင်အားပြသ၍ စစ်ကြောရေးခန်းသို့ သွင်း၏။ အမှုဖြစ်စဉ် စုံစမ်းဖော်ထုတ်မှုနှင့် ဘောဂ၏ ဝန်ခံထွက်ဆိုမှုတို့ကို စိုးနိုင်အား စုံထောက်စံထူးမှ ရှည်လျားစွာ ပြောဆိုပြ၏။ ထို့ကြောင့် မထက်ထက်နိုင်(ခ)မိထက်အား အဓမ္မပြုကျင့်၍ အသက်ဆုံးရှုံးသည်အထိ ပြစ်မှုကျူးလွန်ခဲ့ကြသူများမှာ တစ်ရွာတည်းနေ ညွန့်ဝင်း၊ ဘောဂနှင့် စိုးနိုင်ပင်ဖြစ်ကြောင်း မေးမြန်းရာ စိုးနိုင်က ဟုတ်မှန်ကြောင်း အထက်ပါစကားဖြင့် ဝန်ခံထွက်ဆိုခဲ့ပါသည်။

လက်ရဖမ်းမိခဲ့သော ဘောဂ(ခ)ညွန့်စန်းနှင့် စိုးနိုင်တို့က မိမိတို့၏ ဆန္ဒသဘောထားနှင့်အညီ ဖြောင့်ချက်ပေးလိုကြောင်း တင်ပြလာ၍ သနပ်ပင်မြို့နယ်တရားရုံးသို့ တင်ပို့ပေး၏။ မထက်ထက်နိုင်(ခ)မို့ထက် သေဆုံးမှုတွင် ပြစ်မှုကျူးလွန်သူသုံးဦးအနက် ဘောဂ(ခ)ညွန့်စန်းနှင့် စိုးနိုင်တို့၏ တရားဝင်ဝန်ခံဖြောင့်ဆိုမှုကြောင့် အမှောင်တွင်းရောက်နေသောအမှုမှာ အလင်းသို့ရောက်လာခဲ့ပါ၏။ ထို့ကြောင့် စုံထောက်စံထူးသည် ပြစ်မှုကျူးလွန်သူနှစ်ဦးကို မူလအမှုစစ်အရာရှိ ရဲစခန်းမှူးထံအပ်နှံ၍ မိခင်တပ်ဖွဲ့သို့ ပြန်လည်ချီတက်ခဲ့ပါတော့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှ အမှုစစ်အရာရှိသည် စုံထောက်စံထူး စုံစမ်းဖော်ထုတ်ပေးခဲ့သောအမှုကိုဆက်လက်အကောင်အထည်ဖော်၏။ ပြီးပြည့်စုံသော အမှုတွဲနှင့်အတူ ပြစ်မှုကျူးလွန်သူတရားခံ ညွန့်ဝင်း(၄၈)နှစ်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၇၆ ကျင့် ၅၁၂ အရလည်းကောင်း၊ တရားခံစိုးနိုင် (၃၈)နှစ်နှင့် ဘောဂ(ခ)ညွန့်စန်း(၃၀)နှစ်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၇၆ တို့အရ ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို မြို့နယ်ရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုကြောင့် တရားစွဲတင်ပို့ပြီး နှစ်လခန့်အကြာ ထွက်ပြေးတိမ်းရှောင်နေသော တရားခံညွန့်ဝင်းကို ဖမ်းမိခဲ့၏။ တရားစွဲအဖွဲ့အစည်းမှ စုံစမ်းစစ်ဆေးပေါ်ပေါက်၍ တရားစွဲတင်ပို့လာသော အမှုအခင်းများကို တရားစီရင်ရေးအဖွဲ့အစည်းမှ စစ်မေးရပါ၏။ တရားရုံးမှ စစ်မေးပေါ်ပေါက်မှုအရ ပြစ်မှုကျူးလွန်သူကို တရားစီရင်ရေးအဖွဲ့မှ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ပေးရပါ၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ဘယ်သူမပြု မိမိမှုသာ ဖြစ်ပါ၏။

ခရိုင်တရားရုံး၏ ချမှတ်သော ပြစ်ဒဏ်မှာ ပြစ်မှုကျူးလွန်သူတရားခံများဖြစ်ကြသော ညွန့်ဝင်း၊ စိုးနိုင်နှင့် ဘောဂ(ခ)ညွန့်စန်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ သေဒဏ်နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး ပြစ်ဒဏ်နှစ်ရပ်လုံးကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းပြီးဆုံးတိုင်း ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းရင်း (MOTIVE) ကို သုံးသပ်ရပါ၏။ ယခုအမှုတွင် ပြစ်မှုကျူးလွန်သူများမှာ ငယ်ရွယ်သူများ မဟုတ်ကြပါ။ အသက် ၃၀ ကျော် ၄၀ နီးပါးနှင့် အသက် ၄၀ ကျော် ၅၀ ဝန်းကျင်တို့ ဖြစ်ကြပါ၏။ မိမိတို့၏ အသက်အရွယ်နှင့် နှိုင်းစာလျှင် သေဆုံးသူမိန်းကလေးသည် ၎င်းတို့၏ သမီးအရွယ်၊ မြေးအရွယ်ဖြစ်ပါ၏။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်၍ ကြီးသူကိုရိုသေ၊ ရွယ်သူကို လေးစား၊ ငယ်သူကို သနားကြင်နာရမည်မှာ မြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုဖြစ်ပါ၏။ လူစင်စစ်ကေန်ဖြစ်လျှင် ယဉ်ကျေးမှုရှိရပါ၏။ ယဉ်ကျေးမှုကင်းမဲ့သောသူသည် လူ့ဘဝတွင် တည်ရှိနေသော်လည်း မိစ္ဆာဘုံမှ လာကြသူများဖြစ်၏။


ထိုမိစ္ဆာဘုံသားများသည် ရခဲဘိသော လူ့ဘဝတွင် မိမိကိုယ်ကိုလည်း မဆင်ချင်၊ မိမိအနီးအနားရှိသူများကိုလည်း မသက်ညှာ၊ လူစိတ်ပျောက်၍ တိရစ္ဆာန်စိတ်ဖြင့် ရက်စက်ကြမ်းကြုတ်မှုကိုပြုတတ်ပါ၏။ ဤစိတ်ဆန္ဒမျိုးရှိသူသည် အမှားအမှန်ကို ဝေခွဲမရအောင်ဖြစ်စေသည့် သေရည်အရက်ကို မှီဝဲလိုက်သောအခါတွင် လုံးဝလူစိတ်ကင်း၍ သူရဲ တစ္ဆေ ဘီလူးစသောမကောင်းဆိုးဝါးသတ္တဝါဖြစ်သွားခဲ့ပါ၏။ ထိုမကောင်းဆိုးဝါးများ၏ ရက်စက်ယုတ်မာမှုကို စီအိုင်ဒီမှ စုံထောက်စံထူးက ကျရောက်လာမည့် အန္တရာယ်အသွယ်သွယ်ကို မကြောက်မရွံ့ဘဲ အောင်မြင်စွာ စုံစမ်းဖော်ထုတ်ခဲ့ပါ၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူများသည် မရဏလမ်းသို့ မြန်းခဲ့ကြပါ၏။

ဤသည်မှာ **စုံထောက်စံထူးနှင့် ရမ္ဘက်ဘီလူးများ၏ မရဏတမန်"** ပင်ဖြစ်ပါတော့သည်။

စုံထောက်မောင်ရှေခဲ

ညွန်းဖွဲ့.

ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော
မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)မှ
အမှုစစ်စုံထောက်အရာရှိတစ်ဦးအား
ရည်ညွှန်း၍ စုံထောက်စံထူးဟု
ကမ္ဘည်းပြုရေးသီညွှန်းဆိုခဲ့ပါကြောင်း။




ပြစ်မှုကျူးလွန်သူ တရားခံ စိုးနိုင်နှင့် ဘောဂ(ခ)ညွန့်စန်း

www.burmeseclassic.com


စာမျက်နှာ ၅၁
လှမိုး(ပညာရေး)မှ စာဆက်

ထိုစက်ဖြင့် ပေးပို့သည့်သတင်းများအား မည်သည့်နိုင်ငံမှ ထုတ်ဖော်နိုင်ခြင်းမရှိဟူ၍လည်း မှတ်တမ်းများအရ သိရသည်။ ဤတွင် အမေရိကန်ပြည်ထောင်စုမှ ထိပ်သီးအာဏာပိုင်များ၊ အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖက်ဆစ်ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများကလည်း နာဇီဂျာမန်တို့၏ Enigma စက်နှင့်သတင်းပေးပို့သည့်နည်းစနစ်ကို ရရှိအောင် ကြိုးစားခဲ့ကြသည်။ ပိုလန်အစိုးရ ထောက်လှမ်းရေးအဖွဲ့၏ ကြိုးပမ်းမှုနှင့် အထက်ဖော်ပြပါ Enigma သတင်းပေးပို့သည့် စက်တစ်လုံးအား ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ရရှိပြီး ထိုစက်ဖြင့် ပေးပို့သော သတင်းများ၏ လျှို့ဝှက်ချက်များကို သိရှိရန် လျှို့ဝှက်သင်္ကေတစနစ်ကို ဖော်ထုတ်သည့် နည်းစနစ်ကိုလည်း ကြိုးစားခဲ့ကြသည်။ သို့ဖြစ်၍ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့နှင့် ပြင်သစ်အမျိုးသားထောက်လှမ်းရေးအဖွဲ့ အမှတ်(၂)တို့သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် နာဇီဂျာမနီနှင့် မဟာမိတ်နိုင်ငံများ၏ စစ်ရေးလျှို့ဝှက်ချက်များကို သိရှိထားခဲ့ကြ၏။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုရှိ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အမျိုးသမီးသူလျှိုများတွင် အသက် ၂၇ နှစ်အရွယ်ရှိ အမေရိကန်ပြည်ထောင်စုသူ စင်သီယာမှာ ထိပ်တန်းအမျိုးသမီးသူလျှိုတစ်ဦးဖြစ်သည်။ ရုပ်ရည်ချောမောလှပ၍ ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်နိုင်သော အပြောအဆို ဟန်ပန်အမူအရာရှိသူဖြစ်သည်။ စင်သီယာ၏ အမည်ရင်းမှာ အယ်(လ်)ဇဘက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု မင်နီယာပေါ(လ်)လစ်တွင် ဖွားမြင်ခဲ့သူဖြစ်၏။ ဖခင်မှာ အမေရိကန်ပြည်ထောင်စု ကမ်းခြေတက်တပ်ဖွဲ့ တပ်ကြပ်ကြီးတစ်ဦးဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်တွင် ဗြိတိသျှနိုင်ငံခြားရေးဌာနမှ အရာရှိ အာသာပက်(စ်)နှင့် လက်ထပ်ခဲ့သည်။ ဤတွင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့သည် စင်သီယာအား အဖွဲ့ဝင်တစ်ယောက်ဖြစ်ရန် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ စင်သီယာကလည်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ တာဝန်ပေးချက်အရ ဝါရှင်တန်ရှိ အီတလီသံရုံးမှ အီတလီရေတပ်မတော်၏ စစ်သံမှူးကို ပစ်မှတ်အဖြစ်ထားခဲ့သည်။ စစ်သံမှူးကြီး အယ်(လ်)ဘာတိုလေယက်(စ်)မှာ အိမ်ထောင်ရှိသော်လည်း အမျိုးသမီးများ



www.burmeseclassic.com



နှင့် ဆက်ဆံရေးကြဲသူဖြစ်သည်။

ထိုသူအား စင်သီယာသည် ညွှတ်ကွင်းဝင်ရောက်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ရာ စစ်သံမှူးကြီး အယ်(လ်)ဘာတိုလေယက်(စ်)မှာ စင်သီယာ၏ တိတ်တခိုးချစ်သူဖြစ်လာသည်။ ဤတွင် စင်သီယာသည် လေယက်(စ်)ထံမှ Enigma လျှို့ဝှက်စကားဖြင့်သတင်းပေးပို့သည့်စနစ်ကို ခိုးယူရရှိခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။

**နာဇီ ဂျာမန် ရေငုပ်သင်္ဘောများနှင့် အီတလီ ရေတပ်မတော်တို့မှာ ကြီးစိုးခဲ့သည်ဟု သိရ၏။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သော ဗြိတိသျှတို့၏ ရေတပ်မတော်ကြီးမှာ နာမည်ပျက်ခဲ့ရသည်**

• • •

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ စစ်သံမှူးကြီး အယ်(လ်)ဘာတိုလေယက်(စ်)မှာ အီတလီရေတပ်မတော်မှ ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ပြီး ၁၉၄၂ ခုနှစ်အထိ ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများဖြစ်သော နာဇီဂျာမနီ၊ ဖက်ဆစ်အီတလီနှင့် ဖက်ဆစ်ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်အား အောင်မြင်နိုင်သော အခြေအနေဖြစ်နေပြီး စစ်ဒီရေသည် ဝင်ရိုးတန်းမဟာမိတ်တို့ဘက်မှ မြင့်တက်နေသည်။ မြေပြင်နှင့် ဝေဟင်တို့တွင်သာမက အတ္တလန္တိတ်သမုဒ္ဒရာပြင်တိုက်ပွဲများတွင် ဗြိတိသျှနှင့်မဟာမိတ်နိုင်ငံများမှာ အရှုံးနှင့်ရင်ဆိုင်နေရသည်။

အတ္တလန္တိတ်သမုဒ္ဒရာရေပြင်တွင် မဟာမိတ်နိုင်ငံများမှ စစ်သားတင်သင်္ဘောများ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ စစ်ရိက္ခာတင်သင်္ဘောများ၊ လူစီးကုန်တင်သင်္ဘောပေါင်းများစွာတို့မှာ နာဇီဂျာမန်ရေတပ်မတော်၏ ရေငုပ်သင်္ဘောများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနစ်မြုပ်ခဲ့ရ၏။ သာဓကအားဖြင့် ၁၉၄၀၊ စက်တင်ဘာလတွင်မှု ၆၁ စင်းနစ်မြုပ်ခဲ့ရာ မဟာမိတ်နိုင်ငံများအဖို့ အထိနာခဲ့သည်။

မြေထဲပင်လယ်တွင်လည်း နာဇီဂျာမန်ရေငုပ်သင်္ဘောများနှင့် အီတလီရေတပ်မတော်တို့မှာ ကြီးစိုးခဲ့သည်ဟု သိရ၏။ သမိုင်းအစဉ်အလာကြီးမားခဲ့သော ဗြိတိသျှတို့၏ ရေတပ်မတော်ကြီးမှာ နာမည်ပျက်ခဲ့ရသည်။ သို့ဖြစ်၍ ဗြိတိသျှတို့သည် မြေထဲပင်လယ်အတွင်းရှိ ဖက်ဆစ်အီတလီရေတပ်မတော်အား အပြီးသတ်ချေမှုန်းရန် စီစဉ်ဆောင်ရွက်ခဲ့ရသည်။ မြေထဲပင်လယ်အတွင်း လှုပ်ရှားနေသော အီတလီရေတပ်စုများ၏အင်အားပါဝင်သည့် တိုက်သင်္ဘော၊ ဖျက်သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောများ၏ ရွေ့လျားမှုအခြေအနေအရပ်ရပ်တို့၏ လျှို့ဝှက်သတင်းကို ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် Enigma စက်မှ ဖမ်းယူရရှိထားပြီး အီတလီရေတပ်မတော် လှုပ်ရှားနေသည့် နေရာအတိအကျကို သိရသည်။

ဗြိတိသျှဘုရင့်ရေတပ်မတော်သည် ကြိုတင်သတင်းရထားသည့်အတိုင်း အီတလီရေတပ်မတော်မှ သင်္ဘောများအား "မာတ်ပင်အငူအနီးတွင် အလစ်စီးနင်းဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် အီတလီရေတပ်မတော်များ အဆုံးအရှုံးအများနှင့် ရင်ဆိုင်ခဲ့ရပြီး မြေထဲပင်လယ်ရေပြင်တွင် ဗြိတိသျှနှင့် မဟာမိတ်ရေတပ်များက ကြီးစိုးခဲ့တော့သည်။

ဤဖြစ်ရပ်ကို စာရေးဆရာ မွန်ဂိုမာရီဟိုက်က ရေးသားဖော်ပြခဲ့ရာမှ တရားစွဲဆိုခြင်းခံရခြင်းဖြစ်သည်။ ဤအမှုအခင်းကြီးအား သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းခဲ့သဖြင့် ကြေအေးခဲ့ကြသည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)
ကျမ်းကိုး
Enigma By Hss-Montefre

www.burmeseclassic.com



## ၇ ရက်သားသမီးများအတွက်

## ကံကြမ္မာစုံထောက်

၂၀၁၄ ခု၊ ဇန်နဝါရီ

**တနင်္ဂနွေသားသမီးများ**

ဒီလအတွင်းမှာ **တစ်ရွာမပြောင်း သူကောင်းမဖြစ်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ခရီး၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သံပုရည်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။

– အပြာရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သပြေ ၆ ညွှန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ပ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ အုန်းရေလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၆ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွှန့် ၆ ညွှန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**တနင်္လာသားသမီးများ**

ဒီလအတွင်းမှာ **မိုးရွာတုန်းရေခံ** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ငွေ၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား ... စတာတွေမှာ အခွင့်အရေးကောင်းတွေ ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ကျောက်ကျောကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို အခေါက် ၂၀ ရွတ်သွားပါ။

– အဖြူရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ကံ့ကော် ၂ ညွှန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် အိတ်အဟောင်းတစ်လုံးမှာ (သ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ဗုဒ္ဓဟူးထောင့်မှာ သောက်တော်ရေ ၄ ခွက်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၂ အစ၊ ၅ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွှက်လှညွှန့် ၄ ညွှန့်နဲ့ ၁၇ ချက် ရိုက်ပါ။

BURMESE CLASSIC .com

**အင်္ဂါသားသမီးများ**

ဒီလအတွင်းမှာ **စိတ်ထောင်းတော့ ကိုယ်ကြေ** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ စိတ်နှစ်ခွ ဖြစ်စရာတွေ၊ မတင်မကျ ကိစ္စတွေ များတတ်တဲ့အတွက် ဘာမဆို စိတ်ရှည်ခေါင်းအေးရန် အရေးအကြီးဆုံး အချိန်ပါပဲ။ အမှားအယွင်းတွေများတတ်တာကို သတိပြုပါလေ။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပါ။ အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော်ကို အခေါက် ၇၀ ရွတ်သွားပါ။

– အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီ ၇ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် သရက်သီးတစ်လုံးမှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ စံပယ် ၃၄ ကုံးလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကံကော်ညွှန့် ၂ ညွှန့်နဲ့ ၁၅ ချက်ရိုက်ပါ။

**[illegible]ူးသားသမီးများ**

ဒီလအတွင်းမှာ **အနာခံပြီး အသာစံ** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ဘာမဆို ပြင်းပြင်းထန်ထန် ယှဉ်ပြိုင် တိုက်ခိုက်ပြီးမှ အောင်မြင်တတ်ပါတယ်။ အန္တရာယ်များလွန်းတာကို သတိပြုပါ။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ အုန်းရေကပ်လှူပြီး ဆုတောင်းပါ။ အရဟံဂုဏ်တော်ကို ၁၀ ခေါက်ရွတ်သွားပါ။

– အနီရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေ ဝတ်ဆင်သုံးစွဲပါ။ အုန်းညွှန့် ၆ ညွှန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် မိမိရဲ့အဝတ်ဟောင်းတစ်ထည်ပေါ်မှာ (န) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ မေမြို့ပန်း ၅ ပွင့်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၁ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီပန်း ၇ ပွင့်နဲ့ ၁၀ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကြာသပတေးသားသမီးများ**

ဒီလအတွင်းမှာ လေထဲတိုက်အိမ်ဆောက် ဆိုတဲ့ကိန်းမျိုး ကြုံနေရတတ်ပါတယ်။ ထင်ထား၊ တွက်ဆထားတာတွေကတစ်ခြား၊ လက်တွေ့ကြုံရတာတွေကတစ်ခြားဖြစ်နေပြီ စိတ်ဓါတ်ကျ၊ အားငယ်ရတာမျိုး၊ စိတ်ကြောင့်ကျန်းမာရေးထိခိုက်တာမျိုးတွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ဆီးယိုကပ်လှူပြီး ဆုတောင်းပါ။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။

– အညိုရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃ ကုံး ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ကျောက်ခဲတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ စံပယ် ၅ ကုံးလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၃ အစ၊ ၆ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန်စွန်း ၂၃ ညွှန့်နဲ့ ၂၃ ချက် ရိုက်ပါ။

**သောကြာသားသမီးများ**

ဒီလအတွင်းမှာ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မျက်နှာလည်းပွင့်၊ ကံလည်းပွင့်၊ လာဘ်လည်းပွင့်မယ့်အချိန်မိပါပဲ။ မအောင်မြင်ခဲ့တဲ့အလုပ်တွေကို ပြန်ပြီး ကြိုးစားသင့်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ရေခဲမုန့်ကပ်လှူပြီး ဆုတောင်းပါ။ လောကဝိဒူဂုဏ်ပေ [illegible] အခေါက် ၄၀ ရွတ်သွားပါ။

– အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြု[illegible]ဝတ်ဆင်သုံးစွဲပါ။ ရွှေပန်း ၄ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စာရွက်တစ်ရွက်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ [illegible]ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ စံပယ် ၂၃ ကုံးလှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၄ အစ၊ ၁ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဖော်စိမ်း ၅ ညွှန့်နဲ့ ၂၃ ချက် ရိုက်ပါ။

**စနေသားသမီးများ**

ဒီလအတွင်းမှာ သိကြားမကိန်း ဆိုက်ချိန် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မိတ်ဆွေကောင်း ဆရာကောင်းတို့ရဲ့ အကူအညီကောင်းတွေ ပေါ်လာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတ[illegible]ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ပေါင်မုန့်ကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။

– အဝါရောင်၊ ရွှေရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ ဝတ်ဆင်သုံးစွဲပါ။ မေမြို့ပန်း ၅ ပွင့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (ဝ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အ[illegible]ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ တနင်္ဂနွေထောင့်မှာ အုန်းညွှန့် ၆ ညွှန့်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၅ အစ၊ ၂ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၁၀ ပွင့်နဲ့ ၁၀ ချက် ရိုက်ပါ။

BURMESE CLASSIC .com

ဒီလအတွက် ယတြာလက်ဆောင်

**အိမ်ဝယ်အိမ်ရောင်း၊ အောင်စေကြောင်း**

အိမ်ဝယ်ချင်လို့လား ..၊ ဒါမှမဟုတ် အိမ်ရောင်းချင်လို့လား...၊

အိမ်ဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ

သံပုရာရည်သောက်ပြီး ဆုတောင်းလိုက်မယ်ဆိုရင်

ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။ အိမ်မှမဟုတ်ပါဘူး။

အိုး၊ အုတ်၊ အင်း၊ ဥ၊ အအေး .... စတဲ့ တနင်္ဂနွေနံကိစ္စအားလုံး

ရောင်းခါနီး ဝယ်ခါနီးလေးမှာ ဒီနည်းကို အသုံးပြုနိုင်ပါတယ် ...။

ဤ

သဒ္ဓမ္မမွာ

ဖင်ယော်နီ



www.burmeseclassic.com